# ပျူ မွန် ယောမြေ သမိုင်းအမွေ

ဦးမြင့်အောင်



လမ်းစဉ်သတင်း၊ ငွေတာရီမဂ္ဂဇင်း၊ တက္ကသိုလ်ပညာ ပဒေသာစာစောင်နှင့်
အခြား ပြည်နယ် မြို့နယ် စာစောင် မဂ္ဂဇင်းများတွင်
ရေးသားဖော်ပြခဲ့ဖူးသည့် သုတေသနဆောင်းပါးများ

# ပျူ မွန် ယော မြေသမိုင်းအမွေ

(ဦးမြင့်အောင်)

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၈၅၀၆၁၀

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ - ၁၀၀

**မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ**

M K

**ထုတ်ဝေသူ**

ဦးအေးမြင့်(ရှေးဟောင်းသုတေသန)

**အတွင်းဖလင်**

အေဇက်

**မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင်**

ဝဏ္ဏ

**တန်ဖိုး**

၁၅၀၀ ကျပ်

**စီစဉ်သူ**

မြမာလာ

SAN Media

၀၉-၅၁၆-၁၈၆၀၊ ၀၉-၅၁၂-၈၅၀၃

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | က၊ခ၊ဂ |
| | ဓာတ်ပုံနှင့်ပုံဆွဲများ | ဃ၊င |
| အခန်း-၁ | မြန်မာ့ရှေးဟောင်းသုတေသနသမိုင်း | |
| (၁) | ရှေးဟောင်းသုတေသန၏အစ | ၁ |
| (၂) | ကိုလိုနီခေတ် မြန်မာ့ရှေးဟောင်းသုတေသန | ၅ |
| (၃) | စစ်ကြိုခေတ် ရှေးဟောင်းသုတေသန | ၁၁ |
| (၄) | စစ်ကိုမုန်း၍ မြေအောင်းခဲ့သည့် ရှေးဟောင်းများ | ၁၆ |
| (၅) | စီမံကိန်းနှင့်အကောင်အထည်ဖော်ချက် | ၂၂ |
| (၆) | ဖွံ့ဖြိုးလာသော ရှေးဟောင်းသုတေသန | ၂၈ |
| (၇) | ရှေးဟောင်းသုတေသန၏ယနေ့လုပ်ငန်း | ၃၃ |
| (၈) | ဗိသာဏိုးမှစခဲ့ပြီး ၁၈နှစ်အကြာ | ၄၂ |

အခန်း-၂ ဟန်လင်းအထောက်အထား

(၁) ဟန်လင်း ပျူတို့၏နယ်မြေ ၅၀

(၂) ဟန်လင်း ရှေးဟောင်းပစ္စည်းများ ၅၆

(၃) ဟန်လင်း မူလထိုးကျောက်စာများ ၆၃

(၄) ဟန်လင်း ရွှေသိမ်တော် မော်ကွန်း ကျောက်စာ ၇၀

(၅) ဟန်လင်းရွှေတောင်ဦးနှင့် ရွှေဂူကြီး ခေါင်းလောင်းစာများ ၇၉

(၆) ဆင့်ထိုးစပ်ထိုးကျောက်စာများနှင့် ဟန်လင်း ၈၆

(၇) ဟန်လင်းရွာဆားလုပ်ငန်းမှ မွန်ဝေါဟာရအချို့ ၉၃

အခန်း-၃ သုဝဏ္ဏဘူမိ အထောက်အထား

(၁) သုဝဏ္ဏဘူမိ နှင့် တနင်္သာရီတိုင်းမှ ကျောက်ခေတ် သစ်အထောက်အထား ၁၀၀

(၂) မွန်ပြည်နယ် ရှေးဟောင်း အမွေအနှစ် ၁၀၈

(၃) သုဝဏ္ဏဘူမိမြို့ဟောင်းသမိုင်း အထောက်အထား ၁၂၂

(၄) သုဝဏ္ဏဘူမိတူးဖော်မှုကို ခေတ်ခွဲခြင်း ၁၃၂

(၅) သုဝဏ္ဏဘူမိ ဝင်ယဉ်ကျေးမှု ၁၃၉

(၆) သုဝဏ္ဏဘူမိမှ အုတ်ခွက် ၁၄၇

အခန်း-၄ ယောဒေသအထောက်အထား

(၁) ယောနယ်နှင့်ကျောက်ခေတ် ၁၅၃

(၂) လောင်းပိုင်ယ်နှင့်လောင်းပိုကြီး ၁၆၂

(၃) ယောနယ် ကျေးရွာအုပ်ချုပ်ရေး ၁၆၇

(၄) ရွှေကွန်အုပ်နှင့် ယော ၁၇၄

(၅) ဂန့်ဂေါအတိတ် တခေတ်တခေါင်း ၁၈၉

## စာရေးသူ၏အမှာ

စာရေးသူ၏ယခုစာအုပ် "ပျူ မွန် ယောမြေ သမိုင်းအမွေ"သည် လမ်းစဉ်သတင်း၊ ငွေတာရီမဂ္ဂဇင်း၊ တက္ကသိုလ်ပညာပဒေသာစာစောင်နှင့် အခြားပြည်နယ် မြို့နယ်စာစောင်မဂ္ဂဇင်းများတွင် ရေးသားခဲ့ဘူးသော သုတေသနဆောင်းပါးများကိုစာအုပ်အဖြစ် စုပေါင်းပုံနှိပ်လိုက်ခြင်းဖြစ်ပါသည်။ ဤသို့ပုံနှိပ်ရခြင်းသည် စာရေးသူရေးပြီးသမျှ သုတေသနဆောင်းပါးများ ပြန့်ကျဲနေကြသည်ကို စိတ်ဝင်စားသောစာရှုသူများအတွက် အမျိုးတူရာစုပြီး တစ်အုပ်တည်းနှင့်အတော်အတန်ပြည့်ပြည့်စုံစုံ ဖတ်ရှုစေလိုသောဆန္ဒကြောင့်ပင် ဖြစ်ပါသည်။

ဆောင်းပါးများပြန့်ကျဲဖြစ်နေကြသည်ကို ကြားဆရာ-မြန်မာပညာရှင်ကြီးတစ်ဦးက -----

"ကိုမြင့်အောင် ဆောင်းပါးတွေ ဆရာဖတ်တော့ဖတ်ဖူးတယ်ကွာ၊ ဒါပေမဲ့ သုံးမယ်လို့စိတ်ကူးလိုက်တိုင်း ဘယ်ထဲမှာပါလို့ဘယ်လို ရှာရမှန်းမသိဘူး"ဟု ပြောဆိုမှတ်ချက်ချဘူးသည်။

မှန်ပါသည်၊ ထိုပညာရှင်ကြီးပြောသကဲ့သို့ စာတစ်စောင်ပေတစ် ဖွဲ့အဖြစ်ရေးထုတ်နိုင်ရန် အခွင့်အလမ်း နည်းပါးခဲ့သောကြောင့်၊ ကြုံရာစာစောင်မဂ္ဂဇင်းများတွင် အလျဉ်းသင့်သလိုပါဝင်ရေးသားခဲ့ရပါသည်။ ထို့ကြောင့်လည်း စာရေးသူ၏သုတေသန ဆောင်းပါးများသည် ယခုကဲ့သို့ ပြန့်ကျဲ ဖြစ်နေခဲ့ကြ



ရခြင်းဖြစ်ပါသည်။

ယခု"ပျူ မွန် ယောမြေ သမိုင်းအမွေ"တွင် ဆောင်းပါးစုစုပေါင်း(၂၆)ပုဒ်ကို စုပေါင်းပုံနှိပ်ရာ၌ ၁၉၇၆ခုနှစ် လောက်ကစ၍ ၁၉၈၀ခုနှစ်ခန့်အထိ ရေးသားခဲ့သောသုတေသနဆောင်းပါးများကို ထည့်သွင်းထားပါသည်။

စာအုပ်အမည်တွင် ဖော်ပြပါရှိသကဲ့သို့---

- ပျူတို့နယ်မြေ-ဟန်လင်းပတ်ဝန်းကျင်၊
- မွန်တို့နယ်မြေ-သုဝဏ္ဏဘူမိတည်ရှိရာဟု အစဉ်အလာမှတ်ယူခဲ့ကြသော ဘီးလင်းမြို့နယ်၊ ကေလာသတောင်ခြေရှိဝင်းကနှင့်အရက်သည်မရွာများနှင့်
- ယောနယ်တကြောရှိ မူရင်းရှေးဟောင်းသုတေသနအထောက်အထားများအကြောင်းကို------

ကိုယ်တိုင်ကွင်းဆင်းရှာဖွေစုဆောင်းခဲ့၊ တွေ့ရှိခဲ့သမျှရေးသားထားခြင်းဖြစ်ပါသည်။

ထို့အပြင် ရှေးဟောင်းသုတေသနလုပ်ငန်း သမိုင်းအကြောင်းကိုလည်း စာအုပ်၏အခန်း(၁)တွင် ထည့်သွင်းထားပါသည်။

ဤသို့စုဆောင်းထည့်သွင်းရာတွင် ဆောင်းပါး တစ်ပုဒ်ဆုံးတိုင်း မူရင်းမည်သည့်စာစောင်တွင် ပါခဲ့ပြီးဖြစ်ကြောင်းရည်ညွှန်းဖော်ပြပေးထားပါသည်။ ဤသည်မှာ စာဖတ်သူအတွက် ဆောင်းပါးပါရှိသောမူရင်းစာစောင်နှင့် တိုက်ဆိုင်ညှိနှိုင်းရန်ဖြစ်ပါသည်။ သို့သော် ယခုအစာအုပ်အသွင်ဖြင့်


ပြန်လည်ပုံနှိပ်ရာတွင် စာလုံးပေါင်းအချို့ကိုမူ လက်ရှိ အသုံးပြုနေသော စာလုံးပေါင်းသတ်ပုံနှင့်အကိုက်ညီဆုံးဖြစ်အောင် ပြုပြင်ထည့်သွင်းထားပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် -

- စာရေးသူအားတိုက်တွန်းအားပေးကူညီသူ စာရေးဆရာ အောင်ဇင်(ကွယ်လွန်)နှင့်
- စာမူကိုလက်နှိပ်စက်ဖြင့်အချောရိုက်ကူးပေးသူ မကြူကြူမာ(ယခင် နိုင်ငံသမိုင်းသုတေသနဌာန)


စာရေးသူ








မွန်ပြည်နယ်မှ ရှေးဟောင်းဂဝံကျောက်လက်ရာများ





မွန်ပြည်နယ်မှ ရှေးဟောင်းဂဝံကျောက်လက်ရာများ

## အခန်း ၁

# မြန်မာ့ရှေးဟောင်းသုတေသနသမိုင်း

### (၁) ရှေးဟောင်းသုတေသန၏အစ

မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစ၍ ရှေးဟောင်းသုတေသနပညာ ပေါ်ထွန်းခဲ့သည်ဟု ပြောဆိုရန် ခက်ခဲပေသည်။ အမရပူရမြို့တည်နန်းတည် ဘိုးတော်ဘုရား(အေဒီ ၁၈၇၂-၁၈၁၉)လက်ထက် မင်းမြေနှင့်သာသနာ့မြေကို ခွဲခြားသိရှိရန် မြန်မာပြည်အနှံ့ရှိ ရှေးဟောင်းကျောက်စာများကို စုဆောင်းခဲ့ခြင်း၊ ဖတ်ရှုခဲ့ခြင်း၊ ကျောက်စာအသစ်များ ရေးထိုးခဲ့ခြင်းစသောလုပ်ငန်းများနှင့် ရှေးဟောင်းသက္ကတ ဘာသာဖြင့် ရေးသားထားသော ပညာရပ်အသီးသီးတို့အတွက် ကျမ်းအဆူဆူတို့ကို မြန်မာဘာသာသို့ပြန်ဆိုခဲ့သည့် ဘာသာပြန်မြန်မာမှုပြုသောလုပ်ငန်းများကို ရှေးဟောင်းသုတေသနပညာ ပေါ်ထွန်းမှုအတွက် ရှေ့ပြေးဆောင်ရွက်ချက်များဟု ယူသော် ရကောင်းမည် ထင်သည်။

## ဘိုးတော်ဘုရားလက်ထက်

ဘိုးတော်ဘုရားလက်ထက်တွင် ထိုသို့ကျောက်စာများကိုစုဆောင်းလေ့လာခဲ့သည့်အတွက် လွန်စွာ အကျိုးများခဲ့သည်။ ထိုစဉ်က ကျောက်စာလေ့လာမှုကို တာဝန်ယူခဲ့ရသော(ဝါ) ကျောက်စာဝန်ဝတ္တရားများကို ဆောင်ရွက်ခဲ့ရသော တွင်းသင်းမင်းကြီးဦးထွန်းညိုသည် မိမိလေ့လာဆည်းပူးရရှိသည့် ကျောက်စာပညာဖြင့် သမိုင်းဟောင်းများကို ဆန်းစစ် နိုင်ခဲ့သည်။ ကျောက်စာများကိုကိုးကား၍ ရာဇဝင်သစ်တစ်စောင် ကိုလည်း ပြုစုနိုင်ခဲ့သည်။ ယင်း ရာဇဝင်ကို "တွင်းသင်းရာဇဝင်သစ်" ဟု ခေါ်တွင် လူသိများခဲ့သည်။

အင်္ဂလိပ်မြန်မာ ပထမအကြိမ်စစ်ပွဲ ပြီးဆုံးသွားပြီးနောက် ၁၈၂၆ ခုနှစ်၌ချုပ်ဆိုသော ရန္တပိုစာချုပ်၊ သတ္တမပိုဒ်ပါ အချက်များအရ မြန်မာကိုယ်စားလှယ်အဖြစ် အိန္ဒိယသို့ စေလွှတ်ခြင်းခံရသော မင်းကြီးမဟာစည်သူဦးရွှဲ ဦးဆောင်သည့် သံကိုယ်စားလှယ်အဖွဲ့သည် ဗုဒ္ဓဂါယာရှိ မဟာဗောဓိဘုရားကို ၁၈၃၃ ခု ဇန်နဝါရီလအတွင်းက ရောက်ရှိ ဖူးမြော်ခဲ့ကြ၏။

ဤသို့ရောက်ရှိသဖြင့် ဗုဒ္ဓဂါယာတွင် စိုက်ထူထားသည့် မြန်မာကျောက်စာတစ်ချပ်ကို မင်ကူးယူဆောင်ကြပြီး ကာလကတ္တားမြို့၌ လေ့လာကြ၏။ ယင်းနောက် မှန်နန်းရာဇဝင် တော်ကြီးကို ပြုစုခဲ့ကြသည့် ပညာရှိကြီးများကလည်း ဝိုင်းဝန်း လေ့လာခဲ့ကြသည်။ နောက်ဆုံးတွင် အသောက ကျောက်စာများကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ကြသော ဂျိမ်းစ် ပရင်းဆက်နှင့် ရတနာ



ပေါလတို့က အဆိုပါကျောက်စာကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ကြသည်။ ဤအချိန်မှာပင် ရန္တပိုစာချုပ်ကြောင့် မြန်မာနိုင်ငံ အင်းဝမြို့တော်၌ အင်္ဂလိပ်သံကိုယ်စားလှယ်အဖြစ် လာရောက်အမှုထမ်းနေခဲ့သော ကာနယ်ဘားနေးသည်လည်း မြန်မာမှုများကို လိုက်စားကာ အာရှဆိုင်ရာ သုတေသနစာစောင်များတွင် စာတမ်းများ ပါဝင်ရေးသားခဲ့ကြောင်း သိရှိရသည်။

## မင်းတုန်းမင်းလက်ထက်

မင်းတုန်းမင်းလက်ထက် ၁၈၅၅ ခုနှစ်၌ ဆာအာသာ ဖယ်ရာခေါင်းဆောင်သည့် အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့သည် အမရပူရမြို့တော်သို့ရောက်ရှိလာခဲ့သည်။ ယင်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဟင်နရီယူး ပြုစုသည့် မှတ်တမ်းစာအုပ်တွင် ပုဂံမြို့ဟောင်း၌ သံအဖွဲ့ ခေတ္တရပ်နားသည့် ငါးရက်တာအတွင်း ပုဂံမြို့ရှိ ရှေးဟောင်းအဆောက်အအုံများအနက် အချို့ကို တိုင်းတာ မှတ်တမ်းတင်သွားနိုင်ခဲ့ကြသည်။

ယင်းနောက် အောက်မြန်မာနိုင်ငံ၌ ပထမဆုံး ဝန်ရှင်တော်မင်းကြီးအဖြစ် အမှုထမ်းရသူ ဆာအာသာ ဖယ်ရာသည် မြန်မာနိုင်ငံ ရခိုင်၊ ပဲခူးဒေသတို့မှ စုဆောင်းရရှိသည့် ဒင်္ဂါးများအကြောင်းစာအုပ်နှင့် မြန်မာနိုင်ငံသမိုင်း စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ အထက်အောက် မြန်မာနိုင်ငံ နှစ်ရပ်စလုံးကို အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့ပြီးနောက် ပြုစုထုတ်ဝေခဲ့သော ဂေဇက်တီးယား စာအုပ်များတွင်လည်း ဒေသဆိုင်ရာ ရှေးဟောင်း

သုတေသနအကြောင်းရပ်များကို စာရေးသူများက ထည့်သွင်း ရေးသားခဲ့ကြသည်။

## ကိုလိုနီခေတ်ဦး ရှေးဟောင်းသုတေသန လုပ်ငန်းများ အခြေအနေ

အထက်ပါအတိုင်း မြန်မာပညာရှိများနှင့် နိုင်ငံခြားသား သုတေသီများ အချိန်ရသလောက် လေ့လာလိုက်စားခဲ့ကြ သမျှသည် မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနပညာ တစ်ရပ် စနစ်တကျပေါ်ထွန်းလာရန်အတွက်လည်းကောင်း၊ ရှေးဟောင်းသုတေသနဌာန ဖြစ်ပေါ်လာရန်အတွက် လည်း ကောင်း များစွာ ကျေးဇူးပြုခဲ့သည်ဟု ယူဆသော် ရကောင်းမည် ထင်သည်။

၁၈၈၁ ခုနှစ်တွင် အောက်မြန်မာနိုင်ငံ၌ ရှေးဟောင်း သုတေသနလုပ်ငန်းများကို ဦးစီးဆောင်ရွက်ရန် ရန်ကုန် ကောလိပ် ပါဠိပါမောက္ခဒေါက်တာအီးဖော့ခင်မာ ဆိုသူ ဂျာမန်ပညာရှိကြီးတစ်ဦးကို အစိုးရ ရှေးဟောင်းသုတေသန ပညာရှင်အဖြစ် ခန့်ထားခဲ့သည်။ ဖော့ခင်မာသည် မြားမြောင် လှသည့် တာဝန်များအကြားမှ ကြိုးစားအမှုထမ်းခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ရွှေတိဂုံဘုရားအကြောင်း မှတ်စု၊ ပုဂံ ကျောက်ဂူလိုဏ်ဂူအကြောင်းမှတ်စု၊ ရခိုင်အကြောင်းမှတ်စု စသည်တို့ကို ရေးသားပြုစုခဲ့သည်။



### ကျောက်စာစာအုပ်

ရောက်ရာအရပ်တွင် တွေ့သမျှကျောက်စာများကိုလည်း မင်ကူး ယူဆောင်သိမ်းဆည်း ထားရှိခဲ့၏။ နောင် ထိုမင်းကူးများ ကိုအက္ခရာပြန်ဆိုပြီး စာအုပ်ထုတ်ဝေရာ ကျောက်စာ စာအုပ် ကြီးပေါင်း ခြောက်အုပ်ရရှိခဲ့သည်။ ဒေါက်တာ ဖော့ခင်မာ ရေးသားပြုစုခဲ့သော အထက်ပါ ရှေးဟောင်း မှတ်စုများမှာ ယခု အခါ အလွန်ပင် ရှားပါးလှပြီဖြစ်သည်။ အချို့ကို အထက်တန်း ပညာဦးစီးဌာနမှ ပြန်လည်ပုံနှိပ်ထားရှိ၍ အချို့ကို ရန်ကုန်ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် ဗဟိုစာကြည့်တိုက်မှ ဓာတ်ပုံရိုက်ကူးကာ စာအုပ် အဖြစ် ချုပ်လုပ် သိမ်းဆည်းထားရှိကြောင်း တွေ့ရှိရသည်။

၁၈၉၀ ပြည့်နှစ်တွင် ဒေါက်တာဖော့ခင်မာ ကွယ်လွန် သည်။ သူ ကွယ်လွန်ပြီးနောက် ၁၈၉၉ ခုနှစ်တိုင်အောင် ရှေးဟောင်း သုတေသနပညာရှင်ရာထူးတွင် လူစား မရှိပဲ ဖြစ်ခဲ့ ရသည်။

(လမ်းစဉ်သတင်း၊ တွဲ ၁၁၊ မှတ်-၁၀၊ ၁၅-၅-၇၇)

## (၂) ကိုလိုနီခေတ် မြန်မာ့ရှေးဟောင်းသုတေသန

ဒေါက်တာဖော့ခင်မာကွယ်လွန်ခဲ့သည့် ၁၈၉၀ ပြည့်နှစ် မှ ၁၈၉၉ ခုနှစ်အထိ ရှေးဟောင်းသုတေသန ပညာရှင်ရာထူးတွင် လူစားခန့်အပ်ခြင်း မရှိခဲ့ချေ။ ထိုအချိန်၌ ရေနံချောင်းမြို့၊ အစိုးရ ရေနံတွင်းများအကြောင်း လေ့လာ၍ အစီရင်ခံစာ ပြုစုနေသူ ဂျာမန်လူမျိုး ဘူမိဗေဒပညာရှင်ဒေါက်တာဖရစ်ဖွန်နိုတလင်း

ဆိုသူသည် အားလပ်သည့်အချိန်များ၌ ပုဂံမြို့ဟောင်းသို့ သွားရောက်ပြီး ရှေးဟောင်းဘုရားများရှိ စဥ့်ကွင်းရုပ်များ၊ ကျောက်၊ ကြေးနှင့်သစ်သား ဆင်းတုများကို ဖြတ်တောက်ယူငင်ပြီးနောက် ဂျာမနီနိုင်ငံ၊ ဘာလင်ပြတိုက်သို့ ပို့ဆောင်ခဲ့သည်။

ဤနေရာတွင် အံ့သြဖွယ်ကောင်းသော အချက်တစ်ချက်မှာ ထို နို့တလင်းဆိုသူပင်လျှင် ရေနံချောင်းတစ်ဝိုက်မှ တွေ့ရှိစုဆောင်းခဲ့သည့် မြန်မာ့ ကျောက်ခေတ်သုံး ကျောက်လက်နက်ပစ္စည်းများအကြောင်းကို အိန္ဒိယဘူမိဗေဒမှတ်တမ်းစာစောင်များတွင် ၁၈၅၄ခုနှစ်မှစ၍ ရေးသားဖော်ထုတ်ခဲ့၏။ သူ၏ရေးသားမှုကြောင့်မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုများအကြောင်း အခြားနိုင်ငံများက စိတ်ဝင်စားခဲ့သည်။

## ပုဂံပြတိုက်အစ

၁၈၈၉ခုနှစ်တွင် ဟန်းဘော့မြို့၊ လူမျိုးများ ဆိုင်ရာ ပြတိုက်အတွက် ဒေါက်တာထောမန်းဆိုသူ လုံလိမ်တစ်ဦးသည် ပုဂံမြို့ဟောင်းသို့ ရောက်ရှိလာပြီး ရှေးဟောင်းပစ္စည်းများကို ခိုးယူပြန်သည်။ ဤအကြိမ်တွင် ပုဂံနယ်ပိုင်ဝန်ထောက်မင်း ဦးတင် (မြန်မာပညာရှိ)နှင့်ဖွားစောရွာသူကြီးဦးထွန်းဦးတို့၏ လုံ့လကြောင့် ထောမန်းတို့လူစုကို ဖမ်းဆီးရမိသည်။ ဖမ်းမိ သူတို့အား အရေးယူကာ ပြည်နှင်ဒဏ်ပေးခဲ့သည်။ သို့သော် ထောမန်းတို့ထံမှ ပြန်လည်သိမ်းဆည်းရမိလိုက်သော ရှေးဟောင်းပစ္စည်းများကို နေရာတကျ ပြန်လည်ထားရှိရန် မဖြစ်နိုင်တော့ချေ။



ထို့ကြောင့် အာနန္ဒာဘုရားကြီး၊ မြောက်ဘက် စောင်းတန်းဘေးတွင် ရုံငယ်တစ်ခု ဆောက်လုပ် ထိန်းသိမ်းထားခဲ့ရသည်။ ထိုရုံငယ်ပင်လျှင် ၁၉၀၄ခုနှစ်မှစပြီး ပုဂံပြတိုက်အဖြစ် အထက်ဖော်ပြပါ အခြေအနေများကြောင့် ဗြိတိသျှအစိုးရ အနေဖြင့် ရှေးဟောင်း သုတေသနဌာနကို ဖွဲ့စည်းပေးရန် သဘောပေါက်လာလေသည်။ ထို့ကြောင့် ၁၈၈၉ခုနှစ်တွင် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်က မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနဌာနဖွဲ့စည်းတည်ထောင်ရန် အမိန့်တစ်ရပ် ချမှတ်ပြဋ္ဌာန်းပေးလေသည်။ ဤအမိန့်အရ ရှေးဟောင်းသုတေသနဌာနကို စတင် တည်ထောင်လိုက်ကြသည်။ ပထမဆုံး ကျောက်စာဝန် (သုတေသနဝန်)အဖြစ် ဖော့ခင်မာ၏ တပည့်ဖြစ်သူ မစ္စတာတော်စိန်ခိုအား ခန့်ထားခဲ့သည်။ တော်စိန်ခိုမှာလည်း အတွင်းဝန်ကလေး အလုပ်တစ်ဖက်၊ တရုတ်ရေးရာအကြံပေး အလုပ်နှင့် တရုတ်ဘာသာ စာစစ်အရာရှိ အလုပ်တစ်ဖက် တို့ကြောင့် ကနဦးတွင် ရှေးဟောင်းသုတေသန လုပ်ငန်းများကို ကောင်းစွာ မဆောင်ရွက်နိုင်ခဲ့ချေ။

ထိုအတောအတွင်း ၁၉၀၁ခု၊ ဒီဇင်ဘာလတွင် အိန္ဒိယဘုရင်ခံဖြစ်သူ လော့ဒ်ကာဇင်သည် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်လာရာ ပုဂံမြို့ဟောင်းနှင့် မန္တလေးမြို့များသို့ ရောက်ရှိခဲ့၏။ ဤတွင် လျစ်လျူရှုထားခြင်းခံရသော ရှေးဟောင်းအဆောက်အအုံနှင့် ပစ္စည်းများကိုတွေ့ရသောအခါ အစိုးရ၏ တာဝန်မကင်းပုံကို ကာဇင်ကိုယ်တိုင် သဘောပေါက်ခဲ့သည်။

ထို့အပြင် လော့ကာဇင်သည် သူကိုယ်တိုင်ကလည်း ရှေးဟော အမွေအနှစ်များကို စိတ်ဝင်စားသူဖြစ်ရုံမျှမက အိန္ဒိယနိုင် တွင်လည်း ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရ ကြိုးပမ်းနေသည့် ပုဂ္ဂိုလ်လည်းဖြစ်ပေသည်။ ထို့ကြောင့် မြန်မ နိုင်ငံ ရှေးဟောင်းသုတေသနလုပ်ငန်းများကို စနစ်တက ဆောင်ရွက်နိုင်စေရန် ၁၉၀၂ခုနှစ်တွင် ရှေးဟောင်းသုတေ သနဌာနအား ကျနစွာ ဖွဲ့စည်းစေခဲ့သည်။

ထိုစဉ်က ရှေးဟောင်းသုတေသနလုပ်ငန်း အစီအစဉ် များမှာ အထက်မြန်မာပြည်အရပ်ရပ်တွင် တွေ့ရှိရသော ကျောက်စာများကို ဖတ်ရှု အက္ခရာပြန်ဆိုခြင်း၊ ပုဂံရှေးဟောင်း သုတေသနနယ်ပယ်တွင် ကွင်းဆင်းလေ့လာရန် အချက် အလက်များ စုဆောင်းခြင်း၊ ပုဂံရှေးဟောင်းသုတေသန မြေပုံ ရေးဆွဲရန် စီစဉ်ခြင်း၊ ပုဂံဘုရားများကိုနံပါတ် ရေးထိုး သတ်မှတ် ခြင်း တည်းဟူသောလုပ်ငန်းများ ဖြစ်ကြသည်။

ယင်းနောက် ဖော့ခင်မာလက်ထက်က စုဆောင်းခဲ့သော ကျောက်စာ မင်ကူးမှု အများအပြားကို အက္ခရာပြန်ဆိုပြီး စာအုပ်ကြီး ၆ အုပ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပုံနှိပ်ထုတ်ဝေသော ခုနှစ်မှာ ၁၈၉၂ခုနှစ်မှစတင်၍ ၁၉၁၃ခုနှစ်တွင် ၆အုပ် အပြီး တိုင်သည်။

တော်စိန်ခိုလက်ထက် ဆောင်ရွက်ချက်များအနက် ရှေးဟောင်းအဆောက်အအုံများကိုစာရင်းကောက်ယူ၍ ထိန်းသိမ်းပြုပြင်ရန် အစီအစဉ်ရေးဆွဲခြင်း၊ အိန္ဒိယ ရှေးဟောင်း



သုတေသနအစီရင်ခံစာ၊ အာရှတိုက် တော်ဝင်အသင်း ဂျာနယ် စသည်တို့တွင် ဆောင်းပါးစာတမ်းများ ပါဝင်ရေးသားခြင်း၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး မြို့ဟောင်းရာများတွင် စမ်းသပ်တူးဖော်ခြင်း၊ ရန်ကုန်မြို့ ဖယ်ရာပြတိုက်တွင် စုဆောင်း ထားသော ဒင်္ဂါးများအကြောင်း ကတ်တလောက်စာအုပ် ပြုစု ခြင်း၊ မန္တလေးနန်းတော်ကြီး၏ ဗိသုကာလက်ရာများကို အသေးစိတ် တိုင်းတာပုံဆွဲခြင်းများပင် ဖြစ်ကြသည်။ တော်စိန်ခို သည် မြန်မာနိုင်ငံ ကမ္ပည်းကျောက်စာဝန် (ရှေးဟောင်းသုတေ သနဝန်) အဖြစ်မှ ၁၉၁၉ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အငြိမ်းစားယူသွားလေသည်။

တော်စိန်ခို အငြိမ်းစားယူပြီးသည့်နောက် ကျောက်စာ ဝန်အဖြစ် ပြင်သစ်လူမျိုး မစ္စတာ ဒူရွိုင်ဇယ် ဆက်ခံသည်။ ဒူရွိုင်ဆယ်သည် တော်စိန်ခိုလက်ထက်ကပင် ကျောက်စာဝန် ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ ဒူရွိုင် ဆယ်အား ကျောက်စာဝန်အဖြစ် ခန့်ထားခြင်းသည် ရှေးဟောင်း သုတေသနအတွက် များစွာ အကျိုးရှိစေခဲ့၏။

ဒူရွိုင်ဇယ်သည် မြန်မာပြည်အနှံ့ရှိ ရှေးဟောင်း ကျောက်စာများကို များစွာ စိတ်ဝင်စားသူ ဖြစ်သည်။ယင်းနှင့် အညီ အဆိုပါကျောက်စာများမှ ဘာသာဝေါဟာရ၊ သမိုင်း၊ လူမှု ရေးနှင့် ဘာသာရေး အထောက်အထားများကို ထုတ်နုတ် ရယူ နိုင်ရန် တစ်ဖက်မှ လေ့လာရင်း မြန်မာနိုင်ငံ ကမ္ပည်း ကျောက် စာ စာအုပ်များကို အတွဲ ၁၊ အပိုင်း ၁ (၁၉၁၉)မှစ၍ အတွဲ ၃၊

အပိုင်း ၂ (၁၉၂၈)ထိအောင် ပုံနှိပ်ထုတ်ဝေသည်။ ဤဆောင်ရွက်ချက်များမှာ ဒူရှိုင်ဇယ်လက်ထက် ကျောက်စာ သုတေသနနှင့်ပတ်သက်၍ အကြီးမားဆုံးသော ဆောင်ရွက်ချက်များပင် ဖြစ်ကြသည်။

ကွင်းဆင်းလုပ်ငန်းနှင့်ပတ်သက်၍ ဒူရှိုင်ဆယ် လက်ထက်တွင် သရေခေတ္တရာမြို့ဟောင်း မော်ဇာ ဦးခင်ဘကုန်းတူးဖော်မှုမှာ လွန်စွာ အရေးပါအရာရောက်သည်။ ဤတူးဖော်မှုကြောင့် သရေခေတ္တရာ၌ ထွန်းကားခဲ့သော ပျူယဉ်ကျေးမှု၏ ဘာသာရေး၊ လူမှုရေး၊ သမိုင်းရေး အင်္ဂါရပ်များကို စုံလင်အောင် ဖော်ထုတ်နိုင်သည့် အကျိုးကျေးဇူးများ တိုင်းပြည်အတွက် ရရှိခဲ့သည်။

ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းမှုတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၈၈ ခုထိအောင် ပြင်ဆင်နိုင်ခဲ့သည်။ ဤသို့ ထိန်းသိမ်းပြင်ဆင်ရာတွင် အိန္ဒိယ ရှေးဟောင်းသုတေသနဌာနက ချမှတ်ထားသော ထိန်းသိမ်းပြင်ဆင်မှု မူဝါဒများနှင့် အတော်ပင်ကိုက်ညီအောင် ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုစဉ်က ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်း ပြင်ဆင်ရန် ဦးစားပေး ခံခဲ့ရသောဒေသများမှာ မန္တလေးနှင့် ပုဂံမြို့ဟောင်းတို့ ဖြစ်ကြသည်။

ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများတွင် မန္တလေးနန်းတော်လမ်းညွှန်၊ မင်းတုန်းမင်းတရားကြီး ထွက်တော်မူခန်း၊ ပုဂံ အာနန္ဒာလိုဏ်ဂူ၊ ရှေးဟောင်းသုတေသနဆိုင်ရာ ဓာတ်ပုံ



ဖလင်မူများစာအုပ် စသော စာအုပ်စာတမ်းပေါင်း ၉၀ ဖြစ်ကြသည်။ ရိုက်ကူးထိန်းသိမ်းထားရှိသော ဓာတ်ပုံဖလင်မူများမှာ ၄၅၀၀ကျော်၊ ဗိသုကာနှင့် ပန်းချီဆွဲ ပုံပေါင်း ၉၀၀ နီးပါးတို့ကိုလည်း စုဆောင်းထိန်းသိမ်းထားရှိခဲ့သည်။

ဤဆောင်ရွက်ချက်များကို ဆက်ခံသော ကျောက်စာဝန်များလက်ထက် ကြိုးပမ်းချက်များနှင့် ချိန်ထိုးလျှင်သော်လည်းကောင်း၊ ကနဦးဆောင်ရွက်သွားကြသော ကျောက်စာဝန်များ၏ လုပ်ဆောင်ချက်များနှင့် နှိုင်းယှဉ်လျှင်သော် လည်းကောင်း များစွာ ထူးခြားတိုးတက်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဒူရှိုင်ဇယ်လက်ထက် မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်းများမှာ သူ့ခေတ်သူ့အခါအနေဖြင့် အဖွံ့ဖြိုးဆုံးဟု ဆိုသင့်သည်။

(လမ်းစဉ်သတင်း၊ တွဲ-၁၃၊ မှတ်-၁၁၊ ၁-၆-၇၇)

## (၃) စစ်ကြိုခေတ် ရှေးဟောင်းသုတေသန

ကျောက်စာဝန်ဒူရှိုင်ဇယ်လက်ထက် ၁၉၁၉မှ ၁၉၃၀ ပြည့်ခန့်အထိကာလသည် မြန်မာနိုင်ငံရေးသမိုင်းတွင် ဒိုင်အာခီအုပ်ချုပ်ရေးခေတ် ဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးသဘောအရ မြန်မာပြည်သည်အိန္ဒိယပြည်ကြီး၏ ပြည်နယ်တစ်ခုသာ ဖြစ်ခဲ့သည်။ ထို့အတူ ရှေးဟောင်းသုတေသန လုပ်ငန်းများတွင် လည်း မြန်မာနိုင်ငံကမူလည်းကျောက်စာဝန်ရုံးသည် အိန္ဒိယ ရှေးဟောင်းသုတေသနကြီး၏ လက်အောက်ခံ တိုင်းရုံးတစ်ရုံး အဆင့်သာ

ရှိသည်။ ထို့ကြောင့် အိန္ဒိယ ရှေးဟောင်းသုတေသန ဌာနကြီး အတွက် ချမှတ်ပေးသော မူဝါဒများကို လိုက်နာခဲ့ရသည်။

## အိန္ဒိယလက်အောက်ခံ

ဤတွင် ထိုစဉ်က အိန္ဒိယ ရှေးဟောင်းသုတေသန ဌာနကြီး၏မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ချက်များကို အကျဉ်းမျှ ဖော်ပြရလျှင် ဒူရှိုင်ဇယ်တို့လက်ထက် ဆောင်ရွက်ချက်များကို ပိုမိုသဘောပေါက်နိုင်စရာ ရှိပေသည်။

အိန္ဒိယဘုရင်ခံ လော့ဒ်ကာဇင်အနေဖြင့် ၁၉၀၀ ပြည့်နှစ်ကပင် "ကျွန်ုပ်၏ဆုံးဖြတ်ချက်တွင် တူးဖော်ရှာဖွေခြင်း၊ မှိုးမှည်ခွဲခြားခြင်း၊ သရုပ်ဖော်လေ့လာခြင်း၊ အက္ခရာပြန်ဆို ထိန်းသိမ်းခြင်းများကို ပြုလုပ်ရန် ကျွန်ုပ်တို့၏တာဝန်ပင် ဖြစ်ကြောင်း ခံယူသည်"ဟု ရှေးဟောင်းသုတေသန လုပ်ငန်း များနှင့်ပတ်သက်၍ ဆိုထားသမျှသည် ထိုစဉ်က အိန္ဒိယ ရှေးဟောင်းသုတေသနလုပ်ငန်းများအတွက် ချမှတ်ပေးလိုက် သည့် မူဝါဒများပင် ဖြစ်ကြသည်။

ဤမူဝါဒများကို လက်တွေ့လုပ်ငန်းစဉ်များဖြင့် အကောင် အထည်ဖော်သူမှာ မစ္စတာဂျွန်မာရှယ်(နောင် ဆာဘွဲ့ရ) ဖြစ် သည်။ ဂျွန်မာရှယ်ကို အိန္ဒိယရှေးဟောင်း သုတေသန ညွှန်ကြား ရေးမှူးချုပ်ရာထူးတွင် ခန့်အပ်ပြီးသည်နှင့်တစ်ပြိုင်နက် မာရှယ် သည် တူးဖော်သုတေသနပြုမှု၊ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြင်ဆင်မှုနှင့် ပြတိုက်များဆိုင်ရာ အခြေခံ စည်းမျဉ်း



များကို ရေးဆွဲခဲ့သည်။ အစိုးရကလည်း ရှေးဟောင်း အဆောက် အအုံများ ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။

ယင်းပြဋ္ဌာန်းချက်များနှင့်အတူ အိန္ဒိယ ရှေးဟောင်း သုတေသနဌာနကြီးကို အမြဲတမ်းဌာနကြီးအဖြစ် မြန်မာပြည် တိုင်းရင်းနှင့်တကွ အခြားတိုင်းရင်းများပါ ပါဝင်စေပြီး ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ၁၉၁၅ခုနှစ်တွင် မာရှယ်သည် ရှေးဟောင်း သုတေသနလုပ်ငန်းများကို ပြန်လည်စိစစ်ပြီးနောက် အိန္ဒိယ ရှေးဟောင်းသုတေသနမူဝါဒကို ရေးဆွဲတင်ပြခဲ့သည့်အတိုင်း အစိုးရက အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

ဤဝါဒစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည့် အလျောက် ကြက္ခမြစ်ဝှမ်း ဟာရပ္ပနှင့် မိုဟန်ဂျိုဒါရိုယဉ်ကျေးမှု ဒေသများကို အာရုံစူးစိုက်ခဲ့ရာမှ ဤအချိန်မှစ၍ ဟာရပ္ပ မိုဟန်ဂျိုဒါရိုမြို့ဟောင်းကြီးများ ဖော်ထုတ်ရေးတွင် အိန္ဒိယ ရှေးဟောင်းသုတေသနဌာန၏အင်အားကို ပိုမိုသုံးစွဲခဲ့သည်။ သိန္ဓုနှင့်ဘလူချစ္စတန်နယ်များအတွင်း ကျယ်ပြန့်စွာ ကွင်းဆင်း စူးစမ်းမှုများကို ပြုလုပ်ခဲ့ကြသည်။ ဤသို့ ဇောက်ချဆောင်ရွက် နိုင်မှုများကြောင့် ဟာရပ္ပ-မိုဟန်ဂျိုဒါရို ယဉ်ကျေးမှုများ ထွန်းကားရာဒေသများကို ရှာဖွေတွေ့ရှိ မှတ်တမ်းတင် နိုင်ခဲ့ ကြ၏။

သို့ရာတွင် ဂျွန်မာရှယ်လက်ထက် အိန္ဒိယ ရှေးဟောင်း သုတေသနလုပ်ငန်းများ၌ ကျောက်ခေတ်လေ့လာမှုကို လည်း ကောင်း၊ ဒေသအလိုက်ထွန်းကားခဲ့သော ယဉ်ကျေးမှုများ

အတွက် အညွှန်းဇယားများကိုလည်းကောင်း ပြုလုပ်နိုင်ခြ မရှိခဲ့ချေ။ လွန်မာရှယ်နှင့်ခေတ်ပြိုင် ဒူရွိုင်ဇယ်ကလည်း အိန္ဒိယ ရှေးဟောင်းသုတေသနဌာနကြီး၏ မြန်မာပြည်ဆိုင်ရာ တိုင်း ကို ဦးဆောင်လုပ်ကိုင်ခဲ့သည်။

### ကျောက်စာဝန် ဦးမြ

၁၉၃၁ ခုနှစ်တွင် မစ္စတာဒူရွိုင်ဇယ်သည် အစိုးရ အလုပ်မှ အငြိမ်းစားယူသွားသောအခါ ကျောက်စာဝန်ရာထူးတွင် ဦးမြက ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဦးမြသည် ဒူရွိုင်ဇယ် လက်ထက်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို အလျဉ်မပြတ် ဆောင်ရွက်ခဲ့သည်။

ကျောက်စာသုတေသနတွင် မြန်မာနိုင်ငံ ကျောက်စာစာအုပ် အတွဲ-၄ ကို ဆက်လက်ထုတ်ဝေသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော ဗုဒ္ဓခြေတော်ရာများစာတမ်း၊ မတွေ့ရသေးသော အချို့ဒင်္ဂါးများစာတမ်း၊ နန်းဘုရားတွင် ပြဟ္မာ ရုပ်များအကြောင်း မှတ်စုစာတမ်းစသည်တို့မှာ ထိုစဉ်က ဦးမြ ကြီးမှူးသော ရှေးဟောင်းသုတေသနဌာန၏ အရေးပါသော ဆောင်ရွက်ချက် အချို့ပင် ဖြစ်သည်။ သို့သော် ထိုစဉ်က ကြုံတွေ့ရသည့် ကမ္ဘာ့စီးပွားပျက်ကပ်ကြီးကြောင့် ဌာနဆိုင်ရာ ရန်ပုံငွေ ချို့တဲ့ ရှားပါးသဖြင့် ဦးမြသည် ရှေးအစဉ်အလာကို ထိန်းသိမ်းရုံသာ ထိန်းသိမ်းထားရှိနိုင်ခဲ့ ဟန်တူသည်။ တိုးချဲ့ ဆောင်ရွက်မှုများကို များများစားစား မတွေ့ရချေ။



### ဦးလူဖေဝင်း

၁၉၃၅ ခု၊ နိုဝင်ဘာလတွင် ဦးမြ မကျန်းမမာဖြစ်၍ အလုပ်မှ အငြိမ်းစားယူလိုက်ရပြီးနောက် ၁၉၃၆ ခု၊ မတ်လတိုင်အောင် ရှေးဟောင်းသုတေသနလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်မည့်သူမရှိဘဲ ဖြစ်ခဲ့ရသည်။ ထိုစဉ်မှာပင် ဦးလူဖေဝင်းအား ကမ္ပည်းကျောက်စာဝန်ထောက်ရာထူးတွင် ယာယီခန့်ထား၍ ကျောက်စာဝန်ရာထူးသို့ တိုးမြှင့် ခန့်ထားနိုင်ရန် ဒူရွိုင်ဇယ်ကိုပင် အငြိမ်းစားယူထားရာမှ ပြန်လည်ခေါ်ယူပြီး ဦးလူဖေဝင်းအား ရှေးဟောင်းသုတေသနပညာရပ်များကိုသင်ကြားပေးစေခဲ့သည်။ သို့ဖြင့် ဦးလူဖေဝင်းသည် ၁၉၃၉ ခု၊ မတ်လ ၁ ရက်နေ့နံနက်ပိုင်းမှစတင်ပြီး ကမ္ပည်းကျောက်စာဝန် (နောင်တွင် ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်)ရာထူးတွင် ထမ်းဆောင်ခဲ့ရာ ၁၉၅၇ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့အထိပင် ဖြစ်သည်။

ဦးလူဖေဝင်းလက်ထက်မတိုင်မီ ၁၉၃၇ ခု၊ ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ကာ သီးသန့်တိုင်းပြည်အဖြစ် ထားရှိခဲ့ပြီး ၉၁-ဌာန အုပ်ချုပ်ရေး ပေးခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနသည်လည်း သီးခြားဌာနတစ်ခု ဖြစ်ခဲ့သည်။ ဦးလူဖေဝင်း လက်ထက်တွင် ရန်ကုန်မြို့၊ တံတားကလေး၌ တူးဖော်စူးစမ်းမှု၊ သရေခေတ္တရာမြို့ဟောင်း မှော်ဇာ ဦးခင်ဘကုန်းတူးဖော်မှုမှ ရရှိခဲ့သော ရွှေပေချပ် ၂၀ ပါ ပါဠိကျမ်းဂန်များကို အက္ခရာ ဖလှယ်၍

ဖတ်ရှုခဲ့ခြင်း၊ ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင် ထိန်းသိမ်းမှု၊ စူးစမ်းရှာဖွေမှုနှင့် မှတ်တမ်းတင်မှုများကို အရှိန်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ၁၉၄၀ ခုနှစ် အထိ စုဆောင်းခဲ့သော ပန်းချီပုံဆွဲပေါင်းမှာ ၈၆၂ ခု၊ ဓာတ်ပုံပေါင်းမှာ ၄၅၄၀ ခုတို့ ဖြစ်ကြသည်။

(လမ်းစဉ်သတင်း၊ အတွဲ-၁၃၊ မှတ်-၁၂၊ ၁၅-၆-၇၇)

### (၄) စစ်ကိုမှန်း၍ မြေအောင်းခဲ့သည့် ရှေးဟောင်းများ

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနလုပ်ငန်းများ အကြောင်း တင်ပြရာ၌ ရှေးဟောင်းသုတေသနဌာနမှ ဆောင်ရွက်ချက်များကိုသာမက အခြားပညာရှင်နှင့် အဖွဲ့ အစည်းများ၏ ဆောင်ရွက်ချက်များကိုပါ ဖော်ပြနိုင်ပါမှ ပိုမို ပြည့်စုံမည် ဖြစ်ပေသည်။ ထို့ကြောင့် အောက်ပါတို့ကို ရေးသား ဖော်ပြရပါသည်။

ဖာနီဗယ်

၁၉၁၀ပြည့်နှစ်က မစ္စတာ ဂျေအက်စ် ဖာနီဗဲလ်သည် မြန်မာနိုင်ငံသုတေသနအသင်းကို တည်ထောင်ခဲ့၏။ အသင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် ယင်း၏ ကျောနိုင်းနံစပ်နိုင်ငံများ၏ ယဉ်ကျေးမှု၊ အနုပညာ၊ သိပ္ပံပညာ၊ စာပေပညာ စသည်တို့ကို လေ့လာစုံစမ်းရှာဖွေရန်နှင့် အထူးသဖြင့် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော သုတေသနလုပ်ငန်းများကို အားပေးရန် ဖြစ်လေ



သည်။

မြန်မာနိုင်ငံသုတေသနအသင်းတုတ် ဂျာနယ်များတွင် ပညာရှင်အသီးသီးတို့က စာပေ၊ ဘာသာစကား၊ သမိုင်း၊ အရှေ့ပွဲတွဲ၊ ဓလေ့ထုံးစံ၊ ဘောဂဗေဒ၊ ဘူမိဗေဒ၊ ပထဝီဝင်၊ ရုက္ခဗေဒ၊ ပါဏဗေဒ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသန စသော ပညာရပ်များဆိုင်ရာ ဆောင်းပါးစာတမ်းများကို ပါဝင်ရေးသားခဲ့ ဖြစ်ကြသည်။

ဤသို့ပညာရှင်များ၏ သုတေသနပြုချက်များအနက် ထူးခြားသောအချက်မှာ ဂျေ-အေ-စတီးဝပ်၏ ပဲခူးမြို့ဟောင်း တူးဖော်မှုအကြောင်းနှင့် ဂျီ-အိပ်ချ်လုစ်၏ သမိုင်းသုတေသန ဆောင်းပါးများပင် ဖြစ်လေသည်။ ရန်ကုန် တက္ကသိုလ်တွင် မြန်မာစာလေ့လာမှု ကျယ်ပြန့်သည်နှင့်အမျှ မြန်မာ့ ရှေးဟောင်း သုတေသနပညာရပ်နယ်ပယ်သည်လည်း ကျယ်ပြန့်လာခဲ့သည်။ တက္ကသိုလ်ပညာတတ်များကလည်း ရှေးဟောင်းသုတေသန ပညာကို ပိုမို စိတ်သန်ဝင်စားလာကြ၏။

ဒုတိယကမ္ဘာစစ် မတိုင်မီအချိန်ထိ ... ဗိုလ်ချုပ်ဖယ်လက်ထက် ရှေးဟောင်းသုတေသနဌာနက မြန်မာနိုင်ငံ ကမ္ပည်းကျောက်စာစာအုပ်များ ပုံနှိပ်ထုတ် ဝေနိုင်ခဲ့သဖြင့် တိုင်းပြည်အတွက် အကျိုးများခဲ့သလို ရန်ကုန် တက္ကသိုလ်မှ ပါမောက္ခလုစ်နှင့် ဦးဖေမောင်တင်တို့ တည်းဖြတ်ပြီး အောက်စဖို့ဒ်တက္ကသိုလ်မှ ပုံနှိပ်ခဲ့သော တိုင်းရင်းမြန်မာ ကျောက်စာထုပ်ကြီးများ ပေါ်ထွက်လာသည်မှာလည်း သုတေ သန နယ်ပယ်ကို ကြီးမားစွာ အကျိုးပြုပေသည်။

## ကျောက်ခေတ်လေ့လာမှု

သမိုင်းတင်ခေတ်များနှင့်စပ်လျဉ်း၍ ဤသို့ကြိုးပ
နေစဉ်တွင် သမိုင်းမတင်မီ ခေတ်များအကြောင်း (ဝါ) ကျော
ခေတ်ယဉ်ကျေးမှုများအကြောင်းကိုလည်း လေ့လာ လိုက်စ
ခဲ့ကြပေသည်။ ဒေါက်တာဖရစ်ဖွန်နို့တလင်း၊ ဒေါက်တာ တီ
အို မော်ရစ်၊ မစ္စတာ ဂျေ-စီ-မက်ကင်ဇီ၊ ဒေါက်တာဂျေ
ဘရောင်း စသောပညာရှင်များသည် မြန်မာပြည် အလယ်ပိုင်
ဧရာဝတီမြစ်ဝှမ်းဒေသများမှ ကျောက်ခေတ် လက်နက်ကရိယာ
များအကြောင်းနှင့် ယင်းတို့ တွေ့ရှိရာဒေသများ၏ ဘူမိဗေ
ဖြစ်စဉ် အကြောင်းခြင်းရာများကို လေ့လာ မှတ်တမ်းတင်ကြပြီ
နောက် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်များနှင့် အခြား
ဘူမိဗေဒမှတ်တမ်း စာစောင်များတွင် ထည့်သွင်း ဖော်ပြခဲ့ကြ၏။

ဤဆောင်ရွက်ချက်များနည်းတူ အကျိုးဖြစ်ထွန်း
စေသော ဆောင်ရွက်မှုတစ်ရပ်မှာ အိန္ဒိယနိုင်ငံတွင် ရှေးဟောင်း
လူသား၏ယဉ်ကျေးမှုပေါ်ထွန်းခဲ့သော ခုနှစ်သက္ကရာဇ်ကို
ဘူမိဗေဒနည်းများဖြင့် သတ်မှတ်ပေးနိုင်ခဲ့သည့် အချက်ပင် ဖြစ်
သည်။ တစ်ချိန်တည်းမှာပင် ဂျာဗားကျွန်းနှင့် တရုတ်ပြည်တို့၌
တွေ့ရှိရသော ရှေးဟောင်း လူသားရုပ်ကြွင်းများသည် အိန္ဒိယ
ကျောက်ခေတ်ယဉ်ကျေးမှုနှင့် အဆက်အသွယ်ရှိမရှိ သိနိုင်ရန်
အရေးကြီး၏။ တရုတ်၊ ဂျာဗားနှင့်အိန္ဒိယတို့၏ ကျောက်ခေတ်
ယဉ်ကျေးမှုချင်း အဆက်အသွယ်ကိစ္စရပ်မှာ သမိုင်းမတင်မီ
ခေတ်အတွက် ပြဿနာကြီးတစ်ရပ် ဖြစ်ခဲ့ရသည်။ ဤပြဿနာ



ကို ၁၉၃၇ ခုနှစ်အမေရိကန်ပြည်ထောင်စု၊ ဖီလာဒယ်ဖီးယားမြို့၊ သဘာဝသိပ္ပံပညာတံခွန်အသင်းက ကြီးမှူးကျင်းပသော ရှေးဟောင်းလူသားအကြောင်း နှီးနှောဖလှယ်ပွဲတွင် စိတ်ပါဝင်စားစွာ ဆွေးနွေး အဖြေရှာခဲ့ကြသည်။

အထက်ပါဆွေးနွေးပွဲမှ ရရှိခဲ့သော အဖြေတစ်ရပ်မှာ အိန္ဒိယ၊ တရုတ်နှင့် ဂျာဗားကျွန်းတို့၏ သမိုင်းမတင်မီခေတ်ယဉ်ကျေးမှုပေါင်းကူးပြဿနာတွင် ပထဝီဝင်သဘောအရ အချက်အချာကျသောမြန်မာနိုင်ငံက ကောင်းစွာ ဖြေရှင်းပေးနိုင်လိမ့်မည်ဆိုသော အချက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံမှ မကြာခဏတွေ့ရှိကြရသော ကျောက်လက်နက်များ၊ ပလိုင်စတိုဆင်းယုဂ်မြစ်ကမ်းဆင့်များစသော ဘူမိဖြစ်စဉ်များမှာ ယင်းတို့တည်ရှိရာ မြန်မာပြည်၊ ဧရာဝတီမြစ်ဝှမ်းသို့ ကွင်းဆင်းလေ့လာရန် အကြောင်းရင်းတစ်ရပ်အဖြစ် ဖြစ်တည်ခဲ့သည်။

သို့ဖြင့် မြန်မာနိုင်ငံသို့ ကွင်းဆင်းလေ့လာရန် အမေရိကန်ပြည်ထောင်စု၊ ဒဿနိကဗေဒအသင်းနှင့်ကာနေဂျီ ဗိမာန်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ခေါင်းဆောင်ကွင်းဆင်းသူမှာ ဒေါက်တာ အိပ်ချ်-ဒီတားရားနှင့် ဒေါက်တာ မိုးဗီးယပ်စ်(ဂျူနီယာ)တို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံသို့ ၁၉၃၇ ခု၊ နိုဝင်ဘာလမှ ၁၉၃၈ ခု၊ မတ်လအထိ ကြာမြင့်အောင် ကွင်းဆင်းခဲ့ကြ၏။ ထိုကွင်းဆင်းလေ့လာမှုမှ တွေ့ရှိချက်များကြောင့် မြန်မာနိုင်ငံ၊ ဧရာဝတီမြစ်ဝှမ်းတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်သစ်ယဉ်ကျေးမှုများ ထွန်းကားသွားကြောင်း ကမ္ဘာက

သိရှိကြရသည်။ ထို့ပြင် ကျောက်ကြမ်းခေတ်၌ မြန်မာနိုင်ငံ
အိန္ဒိယမြောက်ပိုင်း၊ တရုတ်ပြည်၊ ဂျာဗားကျွန်းတို့ အဆ
အသွယ်ရှိခဲ့ကြောင်း ထင်ရှားလာသည်။ အထက်ပါတို့မှာ မြန်မ
နိုင်ငံ ရှေးဟောင်းသုတေသနဌာန ဖြစ်ပေါ်လာသည်မှစ၍ ဌာ
ဆိုင်ရာ အနေဖြင့်လည်းကောင်း၊ ပြင်ပပညာရှင်များ၊ နိုင
ခြားသား ပညာရှင်များအနေဖြင့်လည်းကောင်း၊ ၁၉၄၂ ခုနှ
ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည့်အချိန်ထိအောင် ဆောင်ရွ
ချက်များကို အကျဉ်းချုံး တင်ပြထားခြင်းသာဖြစ်ပေသည်။

## ဒုတိယကမ္ဘာစစ်

၁၉၄၂ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို
ကူးစက်ရောက်ရှိလာသောအခါ ကျောက်စာဝန်ဦးလူဖေဝင်းနှ
ရုံးအဖွဲ့သားများသည် ရှေးနှစ်ပေါင်း ၅၀ ကျော်က ကြိုးပမ်း
စုဆောင်းထားခဲ့သော ရှေးဟောင်းပစ္စည်းများ၊ ကျောက်စ
မင်ကူးမှုများ၊ စာဟောင်းပေဟောင်း၊ ပုရပိုက်ဟောင်းအမျိုးမျိုး
လက်ရေးစာမူအမျိုးမျိုးနှင့် ရှားပါးသော စာအုပ်စာတမ်းတို့ကို
ပုဂံမြို့ အနော်ရထာမင်းကောင်းမှု ပိဋကတ်တိုက်အဆောက်
အအုံသို့ ပြောင်းရွှေ့ထားရှိခြင်းဖြင့် စစ်ဘေးမှလွတ်ကင်းအောင်
ဆောင်ရွက်ခဲ့ကြသည်။ စစ်အတွင်း ဂျပန်ခေတ်၌လည်း
ဆရာကြီးဦးလူဖေဝင်းသည် စေတနာ့ဝန်ထမ်း ကျောက်စာဝန်
အဖြစ် ဆောင်ရွက်ပေးခဲ့ရသည်။ စစ်ကြီးပြီးဆုံးပြီးနောက်
၁၉၄၆ခု၊ မတ်လ ၁ ရက်နေ့တွင် ရှေးဟောင်းသုတေသနဌာန



ကို ပုဂံမြို့၌ ယာယီဖွင့်လှစ်ခဲ့သည်။ ဇွန်လတွင်မူ ယခင်ရုံးစိုက်ရာ မန္တလေးမြို့သို့ ပြောင်းရွှေ့ခဲ့၏။

## ဦးလူဖေဝင်း၏ကျေးဇူး

ဤသို့ သံယောဇဉ်ကြီးမားစွာ မိမိပိုင် ပစ္စည်းများကဲ့သို့ ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ပေးသော ဆရာကြီး ဦးလူဖေဝင်း၏ကျေးဇူးကို စစ်အတွင်း အစိုးရရုံးတိုင်းလောက် ပျက်စီး ပြုန်းတီးရသောအဖြစ်နှင့် နှိုင်းစာကြည့်လျှင် ဆရာကြီး အား လွန်စွာ ကျေးဇူးတင်ထိုက်ပေသည်။ ဤ လုပ်ဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် သီရိပျံချီ ဘွဲ့ဖြင့် ဆရာကြီးအား ဂုဏ်ပြုခဲ့ကြသည်။

၁၉၄၆ခုနှစ်မှ ဦးလူဖေဝင်းအငြိမ်းစားယူသော ၁၉၅၇ ခုနှစ်အတွင်း စောစောပိုင်းကာလက ရှေးဟောင်းသုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် အရှိန်ယူ ပြင်ဆင်နေကြဆဲဖြစ်၏။ ယင်းအခိုက် မန္တလေးမြို့ကို သောင်းကျန်းသူများ စီးနင်း သိမ်းယူ ခဲ့ကြသည်။ ထိုသောင်းကျန်းမှုမှလည်း ရှေးဟောင်းပစ္စည်းများ လွတ်ကင်းအောင် ဆက်လက် ကြိုးပမ်းကြရပြန်သည်။

၁၉၄၉ခု၊ ဧပြီလကုန်လောက်တွင် မန္တလေးမြို့ကို အစိုးရက ပြန်လည်အုပ်ချုပ်နိုင်ခဲ့သည်။ ထိုစဉ်က ဖြစ်ပေါ် ပြန့်ပွားနေသော ကောလာဟလသတင်းများကြောင့် ပြည်သူ လူထု စိတ်ဓာတ်မပျက်ပြားစေရန်၊ မန္တလေးမြို့ အထူးတိုင်း မင်းကြီး၏အစီအစဉ်ဖြင့် "ရွှေမန်းအောင်စည် သတင်းစာ"

တစ်စောင်ကို ဆရာကြီးဦးလူဖေဝင်းအား ကြီးကြပ်ထုတ်ဝေစေသည်။ ထိုလုပ်ငန်းများကြောင့်တစ်ကြောင်း၊ ပြည်တွင်းဆူပူမှုအန္တရာယ်များကြောင့်တစ်ကြောင်း ရှေးဟောင်းသုတေသနကွင်းဆင်းလုပ်ငန်းများကို မဆောင်ရွက်နိုင်ဘဲ ရှိခဲ့ရသည်။ သို့သော် ကျောက်စာစန်သည် အခွင့်အရေး ရလျှင်ရသလို ရှေးဟောင်းသုတေသနအကျိုးအတွက် နိုင်ငံခြား တိုင်းပြည်များသို့ လှည့်လည်လေ့လာခဲ့၏။

(လမ်းစဉ်သတင်း၊ တွဲ-၁၃၊ မှတ်-၁၃၊ ၁-၇-၇၇)

## (၅) စိမံကိန်းနှင့် အကောင်အထည်ဖော်ချက်

၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက်၊ တိုင်းပြည်၏ဂုဏ်သိန်နှင့်လျော်ညီစွာ ရှေးဟောင်းသုတေသန လုပ်ငန်းများကို ပိုမိုကျယ်ပြန့် ထိရောက်အောင် ဆောင်ရွက်နိုင်စေရန် ရှေးဟောင်းသုတေသနဌာနအား ပြန်လည်တိုးချဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးက ကမ္ဘည်း ကျောက်စာဝန်ကို စိမံကိန်း ရေးဆွဲတင်ပြစေခဲ့သည်။ ထိုသို့ တာဝန်ပေးသည်နှင့် အညီ ကျောက်စာဝန် ဆရာကြီး ဦးလူဖေဝင်းသည် စိမံကိန်းများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးဆွဲတင်ပြခဲ့၏။

ယဉ်ကျေးမှုဝန်ကြီးသည် ထိုမျှသာမက အိန္ဒိယပြည်၊ ကာလကတ္တားတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ အင်၊ အာရေးအား ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုရေးရာများတွင် အကြံပေးရန် ခေါ်ယူခန့်ထား ခဲ့သေးသည်။ ဒေါက်တာရေး



သည် မြန်မာမှုများကို လိုက်စားခဲ့သူဖြစ်သည့်အပြင် မြန်မာပြည်ထေရဝါဒ ဗုဒ္ဓဘာသာ၊ မြန်မာပြည်တွင်တွေ့ရသော ပြာဟ္မဏဝါဒ နတ်ဘုရားများ စသောကျမ်းများကို ပြုစုခဲ့သူ ဖြစ်၏။ ထို့ကြောင့် ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ကာလအပိုင်းအခြားကို မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန ပြန်လည် တိုးချဲ့ဖွဲ့စည်းရန် ကြိုးပမ်းသောကာလဟု သတ်မှတ်နိုင်ပေသည်။

ဦးလူဖေဝင်းနှင့်ရေးတို့၏ အကြံပေးအစီရင်ခံစာ

ဦးလူဖေဝင်းက သူ၏စိမံကိန်းကို "မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာန၏ ရာဇဝင်အကျဉ်းနှင့် အနာဂတ်လုပ်ငန်းစဉ်နှင့် ပြန်လည်ဖွဲ့စည်းရေးအတွက် အကြံပေး အစီရင်ခံစာ"ဟု အမည်ပေးထားသည်။ ဤအစီရင်ခံစာကို ယဉ်ကျေးမှုဝန်ကြီးထံ ၁၉၅၂ ခု၊ ဇူလိုင်လ ၃ ရက်နေ့တွင် တင်သွင်းခဲ့၏။

အစီရင်ခံစာကို (က)၊ (ခ)၊ (ဂ)ဟူ၍ အပိုင်း သုံးပိုင်း ခွဲခြား တင်သွင်းထားကြောင်း တွေ့ရသည်။ အပိုင်း(က) တွင် ဌာန၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ -

"(၁) ကမ္ဘည်းကျောက်စာများကို ရှာဖွေစုဆောင်းခြင်း၊ ဖတ်ကြားလေ့လာခြင်း၊ အက္ခရာပြန်၊ ဘာသာပြန် ပြုစုခြင်း၊ ဆည်းပူးရရှိသော သုတေသနတို့ကို ရေးသားဖြန့်ချိခြင်း။

(၂) ရာဇဝင်နှင့် ရှေးဟောင်းယဉ်ကျေးမှု ဆိုင်ရာ အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အခွန့်

ရှည်စွာ တည်တံ့စေရန် ထိန်းသိမ်းပြင်ဆင်ခြင်း။

(၃) ရှေးမြို့ဟောင်းဒေသတို့တွင် ရှေးဟောင်းမြန်မာ့ လက်ရာများကို စူးစမ်းရှာဖွေခြင်း၊ (တူးဖော်ခြင်းအပါအဝင် မြန်မာလက်ရာ ရှေးဟောင်းဝတ္ထု စုဆောင်းခြင်း၊"ဟူ၍ ဖော်ပြ ထား၏။

အပိုင်း(ခ)တွင် အနာဂတ် လုပ်ငန်းဆောင်တာများ နှင့် ပတ်သက်၍ အကြံပေးချက်များမှာ ကမ္ဘည်းကျောက်စာ သုတေသနအတွက်လည်းကောင်း၊ စူးစမ်းရှာဖွေမှုအတွက် လည်းကောင်း၊ ပြတိုက်လုပ်ငန်းနှင့် အထွေထွေလုပ်ငန်းများ အတွက်လည်းကောင်း အတော်ပြည့်စုံအောင် တင်ပြထားသည် အပိုင်း(ခ)အထွေထွေလုပ်ငန်း ခေါင်းစဉ်အောက်တွင် ထိုစဉ်က တည်ဆဲဥပဒေဖြစ်သော ၁၉၀၄ ခု၊ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်ရေး အက်ဥပဒေကို နိုင်ငံတော်၏ အခြေခံစည်းမျဉ်းများနှင့် လျော်ညီအောင်ပြင်ဆင်ရန် တင်ပြ ထားသည်မှာ ထူးခြားသည်။

အပိုင်း(ဂ)တွင် ဌာနရှိ ကျောက်စာဝန်ရာထူးကို ညွှန်ကြား ရေးဝန် ရာထူးသို့ တိုးမြှင့်၍လည်းကောင်း၊ နောက်ထပ် သုတေ သနနှင့်ကမ္ဘည်းကျောက်စာဝန်ရာထူးများ၊ သုတေသနနှင့် ကျောက်စာဝန်ထောက်ရာထူးများမှစ၍ ရုံးအဖွဲ့၏ အခြေခံ အင်အားကိုပါ တိုးချဲ့ခန့်ထားပေးရန် တင်ပြထား၏။

ဒေါက်တာရေးကလည်း ၁၉၅၃ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့စွဲဖြင့် ငါးနှစ်စီမံကိန်းတစ်ရပ်ကို ဦးလူဖေဝင်း စီမံကိန်း



အား အနည်းငယ် ချဲ့ထွင်ပြင်ဆင်ပြီး တင်ပြလေသည်။ ရေး၏ စီမံကိန်းတွင် နောက်ထပ်ခန့်ထားမည့် သုတေသန ဝန်ထောက် များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံ ထွန်းကားရာ ဒေသ ဖြစ်သော အိန္ဒိယသို့ ပညာသင်စေလွှတ်ရန် ထည့်သွင်း ဖော်ပြ ထား၏။

## ငါးဦးကော်မီတီ၏ အကြံပေးစာ

ရေး၏စီမံကိန်းကို မစ္စတာဖာနီဗယ်ခေါင်းဆောင်သော ယဉ်ကျေးမှုကောင်စီ၏ ပဏ္ဍာမအကြံပေး ငါးဦးကော်မီတီက ပြန်လည်ဆန်းစစ် ပြင်ဆင်ဖြည့်စွက်ပြီး ၁၉၅၄ ခု၊ မေလက တင်ပြခဲ့ကြသည်။ ငါးဦးကော်မီတီ၏ တင်ပြသောစီမံကိန်းတွင် အောက်ပါ အရေးကြီးသောအချက်များ ပါဝင်၏။

ယင်းတို့မှာ မြန်မာပြည်၌ ထွန်းကားသွားခဲ့သော ကျောက် ခေတ်ယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ရန်၊ ချင်းနှင့် နာဂတောင်တန်းများရှိ ကျောက်ခေတ်သစ်နှင့် ကျောက် တုံးကြီးသုံး ယဉ်ကျေးမှုများကို လေ့လာဖော်ထုတ်ရန်၊ ရှမ်းပြည် နှင့် တနင်္သာရီဒေသတို့တွင် ထွန်းကားခဲ့သော ကြေးခေတ် ယဉ် ကျေးမှုများကို ဖော်ထုတ်ရန်၊ ဤနည်းဖြင့် အိန္ဒိယနှင့် အရှေ့ ဖျားနိုင်ငံများ ဆက်သွယ်မှုပြဿနာရပ်ကို မြန်မာနိုင်ငံကပါ ပါဝင်ဖြေရှင်းပေးရန်ဟူသော အချက်တစ်ချက် ထည့်သွင်း ထားသည်မှာ ထူးခြားသည်။ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြင်ဆင်ရေးတွင် ယင်းအဆောက်အအုံများ အ

ကြောင်း စာအုပ်များ ပြုစုရန်ဆိုသောအချက်မှာလည်း ပြည့်
‌ေသာအကြံပေးချက် တစ်ရပ်ပင် ဖြစ်၏။

ကမ္ဘည်းကျောက်စာပိုင်းတွင် နှစ်တို နှစ်ရှည် စီမံကိန်
များ ချမှတ်ဆောင်ရွက်ရန်နှင့် ၁၉၁၃ ခုနှစ်မှစ၍ တွေ့ရှိခဲ့သေ
ကျောက်စာများကို ပုံနှိပ်ထုတ်ဝေရန်၊ ယခင်ကထုတ်ဝေဖူးသေ
ကမ္ဘည်းကျောက်စာ စာအုပ်များကို ဆက်လက်ထုတ်ဝေရန်မျာ
ပါဝင်သည်။ ရှေးဟောင်းပန်းချီနှင့်ပန်းပုလက်ရာများကို ရောင်
ဖလင်များဖြင့် ဓာတ်ပုံရိုက်ကူးထားရှိရန်လည်း အကြံပေးထာ
သည်။ ရှေးဟောင်းသုတေသနဌာနလက်အောက်ရှိ ပြတိုက်မျာ
ကို တိုးချဲ့ပြင်ဆင် အသစ်ဆောက်လုပ်ရန်လည်း တင်ပြထား၏။

အထူးသဖြင့် မွန်ယဉ်ကျေးမှုလက်ရာများအတွက် ပဲခူ
တွင် ပြတိုက်တစ်ခုတည်ထောင်ရန်လည်း အကြံပေးထားသည်။
တူးဖော်စူးစမ်းမှုနှင့်ပတ်သက်၍ ရှေးဦးစွာ အိန္ဒိယပြည်သို့
အရာရှိ နှစ်ဦးထက်မနည်း စေလွှတ်ပြီး နောက်ဆုံးပေါ် တူးဖော်
သုတေသနပြုလုပ်နည်းများကို လေ့လာသင်ကြားရန်လည်း
တင်ပြထား၏။ ဌာနစာကြည့်တိုက်အတွက်လည်း ပညာရပ်
စုံလင်အောင် စာအုပ်စာတမ်းများ ဝယ်ယူစုဆောင်းပြီး စနစ်
တကျတည် ထောင်ထားရှိရန် အကြံပေးထား၏။

ဌာန ပြန်လည်ဖွဲ့စည်းရေးတွင် သုတေသန ဝန်ထောက်
ရာထူး ငါးနေရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဝန်ထမ်းရာထူးနေရာ
များ၊ အင်ဂျင်နီယာ ငါးနေရာနှင့် လက်ထောက်အင်ဂျင်နီယာ
ရာထူးများ၊ စာကြည့်တိုက်မှူး တစ်နေရာ၊ ဓာတုဗေဒအရာရှိ



ရာထူး တစ်နေရာတို့ကိုပါ တိထွင်ပြီး သင့်လျော်သူများကို
ခန့်ထားဆောင်ရွက်ရန်တင်ပြထားသည်။

## အကောင်အထည်ဖော်ခြင်း

ဤစီမံကိန်းများကို စတင်အကောင်အထည် ဖော်နေ
ဆဲ၌ပင် ၁၉၅၇ ခုနှစ်အတွင်း ဆရာကြီးဦးလူဖေဝင်းသည် ရာထူး
မှ အငြိမ်းစားယူသွားလေသည်။ ဦးလူဖေဝင်းနေရာကို အငြိမ်းစား
ယဉ်ကျေးမှုအတွင်းဝန် မြန်မာပညာရှိ ဦးဖိုးလတ်က ဆက်ခံသည်။

ဆရာကြီးဦးဖိုးလတ်လက်ထက်တွင် ငါးနှစ်စီမံကိန်းများ
ကို အကောင်အထည်ဖော်သည့် အနေဖြင့် ကျောင်းထွက်လာ
ကြသော ဘွဲ့ရလူငယ်များကို ရာထူးသစ်များတွင် ရွေးချယ်
ခန့်ထားပေးခဲ့သည်။ ထိုလူငယ်များအပြင် ဌာန၌ ကနဦးကပင်
အမှုထမ်းခဲ့သော သုတေသနဝန်ထောက် ဦးအောင်သော်ကို
အိန္ဒိယနိုင်ငံသို့ ရှေးဟောင်းသုတေသန ပညာသင်ကြားစေရန်
၁၉၅၇-၅၈ ခုနှစ်ကလည်းကောင်း၊ သုတေသနဝန်ထောက်များ
အဖြစ် အသစ်ထပ်မံခန့်ထားသော ဦးမြင့်အောင်(စာရေးသူ)ကို
၁၉၅၈-၅၉ ခုနှစ်ကလည်းကောင်း၊ ဦးစိန်မောင်ဦးကို ၁၉၅၉-
၆၀ ပြည့်နှစ်ကလည်းကောင်း အိန္ဒိယသို့ ပညာသင်စေလွှတ်
ခဲ့သည်။ အစိုးရစာတိုက်ဌာနမှ ပြောင်းရွှေ့လာသော ဦးပိုကေကို
ကမ္ဘည်း ကျောက်စာပညာသင်ကြားရန် ၁၉၆၄ ခုနှစ်က
အိန္ဒိယသို့ ခြောက်လ စေလွှတ်ခဲ့၏။

ဤနည်းဖြင့် နိုင်ငံတော်က ကျွမ်းကျင်သူများအဖြစ်

လေ့ကျင့်သင်ကြားပေးခြင်းအပါအဝင် စီမံကိန်းပါ လုပ်ငန်း လျာထားချက်များကို စတင်အကောင်အထည် ဖော်စေခဲ့သည်

(လမ်းစဉ်သတင်း၊ တွဲ-၁၃၊ မှတ်-၁၄၊ ၁၅-၇-၇၇

## (၆) ဖွံ့ဖြိုးလာသော ရှေးဟောင်းသုတေသန

ရှေးဟောင်းသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများက ရေးဆွဲတင်ပြခဲ့ကြ သော စီမံကိန်းပါ သတ်မှတ်လျာထားချက်များကို ရှေးဟောင်း သုတေသနညွှန်ကြားရေးဝန် ဆရာကြီးဦးဖိုးလတ် လက်ထက် တွင် စတင်အကောင်အထည်ဖော်သည်။ ရှေးဦးစွာဆောင်ရွက် သော ကွင်းဆင်းလုပ်ငန်းမှာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဗိဿနိုး မြို့ဟောင်းကို စနစ်တကျ တူးဖော်ခြင်းပင် ဖြစ်၏။

### ကွင်းဆင်းတူးဖော်ခြင်း

ဗိဿနိုးမြို့ဟောင်းကို ၁၉၅၉ ခု၊ ဇွန်လ ၁၁ ရက်နေ့မှ ၁၉၆၃ ခု၊ ဧပြီလ ၃ ရက်နေ့အထိ စုစုပေါင်း ခြောက်ကြိမ်၊ အုတ်ကုန်းပေါင်း ၂၅ ကုန်းအထိ တူးဖော်ခဲ့ကြသည်။ ဗိဿနိုးကို တူးဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ သရေခေတ္တရာနှင့် ဗိဿနိုး မြို့တို့တွင် ထွန်းကားသွားခဲ့သော ပျူယဉ်ကျေးမှု၏ အတွင်း သရုပ် ဆက်စပ်ပုံသဘောကိုလည်းကောင်း၊ အစဉ်အလာ မှတ်ယူခဲ့ သော သရေခေတ္တရာ ပျူယဉ်ကျေးမှု၏ ခုနှစ်သက္ကရာဇ်သတ်မှတ်



ချက်မှာ ခရစ်နှစ် ငါးရာစုမှ ရှစ်ရာစုအထိ ဖြစ်ပေရာ ယင်းအချက် ကို အတည်ပြုရန်နှင့် ထို့ထက် မည်မျှစောကြောင်းကိုလည်း ဖော်ထုတ်ရန်လည်းကောင်း ဖြစ်ပေသည်။

ယင်းရည်ရွယ်ချက်များကို ပြည့်စုံအောင် ဖော်ထုတ် လုပ် ဆောင်နိုင်ရုံမျှမက ဗိဿနိုးပျူယဉ်ကျေးမှုမှာ ခရစ်နှစ် တစ်ရာစု အထိစောသော ယဉ်ကျေးမှုဖြစ်ကြောင်းကိုပင် ဖော်ထုတ်နိုင်ခဲ့ သည်။ မြို့ပြတည်ထောင်ပုံအချက်၊ လူနေမှုနှင့် စပ်လျဉ်းသည့် အခင်းအကျင်းအနေအထား၊ ဘာသာရေး၊ စီးပွားရေး၊ ကာကွယ် ရေးစသော မြို့ပြတစ်ရပ်၏ အင်္ဂါရပ်များကိုပင် ဖော်ထုတ်နိုင် အောင် အကျိုးထူးခဲ့ပေသည်။

### ဗိဿနိုးနှင့် ဟန်လင်း

ပျူယဉ်ကျေးမှု၏အပြန့်သဘော၊ **တစ်နည်းအားဖြင့်** မည်သည့်အတိုင်းအတာအထိ ပျူယဉ်ကျေးမှုပျံ့နှံ့ခဲ့ ကြောင်းကို ဆက်လက်တူးဖော်ခဲ့ကြသည်။ ဟန်လင်းမြို့ဟောင်းသည် ဝက်လက်မြို့နယ်အတွင်း တည်ရှိသည်။ ၁၉၆၃ ခု၊ ဗိဿနိုးကို တူး၍ မပြီးမီ ဟန်လင်းကို စတင်နိုင်ခဲ့ခြင်း ဖြစ်၏။ ၁၉၆၇ ခု၊ ဖေဖော်ဝါရီလအထိ ငါးကြိမ်၊ ကုန်းပေါင်း ၁၉ ကုန်းအထိ တူးဖော် ခဲ့သည်။

ဟန်လင်းတွင် ပျူယဉ်ကျေးမှု၏အဆက်ကို ဆက်လက် တွေ့ရှိရသည်။ ဗိဿနိုးနှင့်တစ်သဝေမတိမ်းတူသော ယဉ်ကျေး မှု အင်္ဂါရပ်များကို တွေ့ရှိရသည်။ ထူးခြားတိုးတက်သော

လက္ခဏာများအဖြစ် ပျူဘာသာကျောက်စာများ၊ အုတ်ခဲ
အိုးခြမ်းကွဲစာနှင့် ကျောက်တံဆိပ်တုံးလေးများကို တွေ့ရှိကြ
သည်။ လူရိုးအလိုက် မြှုပ်နှံသည့်ဓလေ့ကြောင့် ပျူတို့၏ရုပ်သွ
လက္ခဏာများကို အတော်ပြည့်စုံအောင် လေ့လာနိုင်သ
အချက်မှာ ထူးခြားလှသည်။ သိပ္ပံနည်းများဖြင့်လည်းကော
ရှေးဟောင်းသုတေသန နည်းများဖြင့်လည်းကောင်း ဟန်လင်
ကို ခရစ် နှစ်ရာစုမှ ကိုးရာစု အထိ ခေတ်ခွဲခြားနိုင်ခဲ့ကြသည်
ယဉ်ကျေးမှုသမိုင်းအနေဖြင့် ဆိုရသော် ပျူယဉ်ကျေးမှု၏အစ
ဗိဿဏိုးတွင် တွေ့ရှိကြ၍ ဟန်လင်းတွင် စတင်ဖွံ့ဖြိုး တိုးတ
လာကြောင်းကို ဆက်တွေ့ရှိ ဖော်ထုတ်နိုင်ကြခြင်းပင် ဖြစ်သည်

ဟန်လင်းကွင်းဆင်းလုပ်ငန်းနှင့် မရှေးမနှောင်း ဆော
ရွက်သောလုပ်ငန်းမှာ သရေခေတ္တရာမြို့ဟောင်း တူးဖော်
ပင်ဖြစ်သည်။ ၁၉၆၃ခု၊ ဒီဇင်ဘာလမှ လုပ်ငန်းစတင်ခဲ့ရ
၁၉၇၁ခု၊ မတ်လအထိပင် ဖြစ်သည်။ ကုန်းပေါင်း ၂၄ခုအထ
ဖော်ထုတ်နိုင်ခဲ့ကြ၏။ တွေ့ရှိသော ယဉ်ကျေးမှုအင်္ဂါရပ်များတွ
ဗိဿဏိုး၊ ဟန်လင်းတို့နှင့် အတွင်းသရုပ် ဆက်စပ်မှုရှိကြောင်
သိရသည်။ သို့သော် သရေခေတ္တရာ၏ ယဉ်ကျေးမှုအဆင့်မှ
ပျူတို့အတွက် အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရ၏။ စာပေနှင့်
အနုပညာရပ်များဘက်တွင် အထွန်းကားဆုံး ဖြစ်ခဲ့၍ ခုနှ
သက္ကရာဇ်အတွက်မူ အစဉ်အလာမှတ်သားထားခဲ့သော ခရ
ငါးရာစုမှ ရှစ်ရာစုအထိ ဖြစ်ကြောင်းကိုသာ ဆက်လက်သိရှိကြ
သည်။ ယင်းကို အတည်ပြုနိုင်အောင် အထောက်အထားမျာ



ဆက်လက် ရှာဖွေစုဆောင်းရပေဦးမည်။

## ရှေးဟောင်းပစ္စည်း ထိန်းသိမ်းခြင်း

ကွင်းဆင်းလုပ်ငန်းတွင် ဤသို့ ဆောင်ရွက်ခဲ့ချိန်၌ ရှေးဟောင်းအဆောက်အအုံများထိန်းသိမ်းရေးကိုလည်း လျစ်လျူရှုခဲ့ခြင်း မရှိချေ။ ၁၉၀၄ခုနှစ်က ပြဋ္ဌာန်းအတည်ပြု လိုက်နာခဲ့သော ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေး အက်ဥပဒေကို ရုပ်သိမ်းခဲ့၍ ၁၉၅၇ခုနှစ်၊ ရှေးဟောင်း ပစ္စည်းများ အက်ဥပဒေကို ပါလီမန်က ပြဋ္ဌာန်းပေးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေတွင် ရှေးဟောင်းပစ္စည်း၏အဓိပ္ပာယ်သည် ကျယ်ပြောလာ၏။ ရှေးဟောင်းပစ္စည်းများကို တစ်နေရာမှတစ်နေရာသို့ရွှေ့ပြောင်းခြင်း၊ စောင့်ရှောက်ခြင်း လက်ခံရယူခြင်း အခွင့်အာဏာများ၊ တူးဖော်မှု၊ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြင်ဆင်မှု၊ ရှေးဟောင်းပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံများကို ဖျက်ဆီးမည့်ဘေးမှ ကာကွယ်မှု၊ ဖျက်ဆီးသူများအား အပြစ်ပေး အရေးယူနိုင်ရန် အခွင့်အာဏာများကို ရှေးဟောင်းသုတေသနဌာနသည် ပိုမိုရရှိလာခဲ့၏။ ဤ ဥပဒေနှင့်အညီ ဌာနဆိုင်ရာ အင်ဂျင်နီယာဝန်ထမ်းများ၊ ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းရေး ဝန်ထမ်းများ၏ ကြိုးပမ်းမှုများကြောင့် ၁၉၇၂ခုနှစ် အထိ ရှေးဟောင်းအဆောက်အအုံပေါင်း ၅၄၀ အထိ ပြင်ဆင်ထိန်းသိမ်း ထားနိုင်

ခဲ့သည်။

## ကျောက်စာကူး စာအုပ်ထုတ်

ရှေးဟောင်းကျောက်စာများကို ကူးယူဖတ်ရှု စာအု ထုတ်ဝေရေးနှင့်ပတ်သက်၍ စုဆောင်းမှတ်တမ်းတင်ထားသေ ကျောက်စာတိုင်ပေါင်းမှာ ၁၉၇၂ခုနှစ်ခန့်အထိ ၁၆၃၇ တို ဖြစ်သည်။ ယင်းတို့အနက် မြန်မာသက္ကရာဇ် ၆၀၀ အထိ ရေးထိ သောကျောက်စာများကို စိစစ်ဖတ်ရှု၍ အက္ခရာပြန်ဆိုပြ စာအုပ်ထုတ်ဝေထားနိုင်ပြီ ဖြစ်သည်။ယင်းထုတ်ဝေပြ ကျောက်စာများကို စနစ်တကျ ကပ်ပြားတင်လျက် ဝေါဟာရမျာ စုဆောင်းနေကြ၏။

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး စောင်းတန်း လေးသွယ်ကိစ္စ ပေါ်ပေါက်လာခြင်းကြောင့် ယင်းစောင်းတန်း များတွင် ရေးဆွဲထားသော ရတနာပုံခေတ်ဆိုင်ရာ နံရံ ဆေးရေ များကို ကူးယူရသည့် လုပ်ငန်းရပ် ပေါ်ပေါက်လာခဲ့သည်။ ဤ လုပ်ငန်းကို အတော်အတန်ဖောက်ချ လုပ်ကိုင်လာနိုင်သဖြ ပုဂံမြို့ဟောင်းရှိ ရှေးဘုရားများအတွင်းမှ နံရံဆေးရေးမျာ မန္တလေးနှင့်အမရပူရတစ်ဝိုက်၊ ချောင်းဦးမြို့နယ် ခင်မွ ရွာတစ်ဝိုက်၊ မုံရွာအနောက်ဘက် ဖိုးဝန်းတောင်တစ်ဝိုက်၊ ပုသိ ကြီးမြို့နယ်တစ်ဝိုက်ရှိ ဘုရားများမှ နံရံဆေးရေး ပန်းရေးများကိ စီမံကိန်းချ၍ စနစ်တကျ ကူးယူထားရှိနိုင်ပြီ ဖြစ်သည်။

ပုံနှိပ်ထုတ်ဝေရေးဘက်တွင် ယခင် ဒူရွိုင်ဇယ် လက်ထက်



နှင့် ဦးမြလက်ထက်များက ပုံနှိပ်ခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံ ကျောက်စာစာစောင်များမှ အချို့အတွဲများ၊ မန္တလေးနန်းတော် လမ်းညွှန်စာအုပ်၊ ပုဂံလမ်းညွှန်စာအုပ်၊ ဗိဿနိုးမြို့ဟောင်း တူးဖော်မှုအစီရင်ခံစာ၊ အုတ်ခွက်များသမိုင်း၊ အပယ်ရတနာ၊ မွန်နှင့်မြန်မာကျောက်စာများ၊ သမိုင်းဝင် ရှေးဟောင်းဒေသများ စသော စာအုပ်များအပြင် တက္ကသိုလ်ပညာပဒေသာစာစောင်၊ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ ပြည်ထောင်စု မြန်မာ နိုင်ငံ စာပေနှင့်လူမှုရေးသိပ္ပံဂျာနယ် အစရှိသော စာနယ်ဇင်း များတွင် ဌာနဆိုင်ရာအရာရှိများက တတ်အားသမျှ ပါဝင် ရေး သားပြီး၊ ရေးသားဆဲ ဖြစ်ကြသည်။

ပုံနှိပ်ထုတ်ဝေရန် အဆင်သင့်ပြုလုပ်ထားသော စာမူ စာရင်းများတွင် သုတေသနမှူး ဦးဗိုကေပြုစုသည့် ပုဂံအကြောင်း စာမူ၊ သုတေသနမှူး ဦးနိုင်ပန်းလှ၏ အာနန္ဒာစဉ့်ကွင်းများ အကြောင်းစာမူ၊ သုတေသနမှူး ဦးမြင့်အောင်၏ ဟန်လင်း တူးဖော်မှု အစီရင်ခံစာများ ပါဝင်ကြပေသည်။

(လမ်းစဉ်သတင်း၊ တွဲ- ၁၃၊ မှတ်-၁၈၊ ၁၅-၉-၇၇)

## (၇) ရှေးဟောင်းသုတေသန၏ ယနေ့လုပ်ငန်း

ရှေးဟောင်းသုတေသနလုပ်ငန်းများတွင် ကွင်းဆင်း လုပ်ငန်းသည် ပဓာနကျ၏၊ လွတ်လပ်ရေးခေတ် ရှေးဟောင်း သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် စီမံလျာထား စဉ်အခါက ကွင်းဆင်းလုပ်ငန်းကို အတော်အလေးပေး ဖော်ပြခဲ့

ကြောင်း ရေးသားခဲ့ပြီး ဖြစ်သည်။ ယင်းနှင့်အညီ ကွင်းဆ
လုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခဲ့ကြရာ သမိုင်းကြိုခေတ်
သက်ဆိုင်သော ဗိဿဏိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ
ဟောင်း တို့ကို မြေလွှာအောက်မှ ဖော်ထုတ်ပေးခဲ့၍ မြန်မ
သမိုင်းကို ခရစ် တစ်ရာစုအထိ ဆန့်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ပျူယဉ်ကျေးမှုပြီးလျှင် မွန်ယဉ်ကျေးမှု ဖော်ထုတ်ရ
စီမံလျာထားပြီးဖြစ်သည်နှင့်အညီ ယခုအခါ သုဝဏ္ဏဘူမိမြ
ဟောင်းကို သုံးကြိမ် တူးဖော်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းကိုတူးဖေ
ရာတွင် အုတ်တိုက်အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းမျာ
ပေါ်ပေါက်တွေ့ရှိဆဲ ဖြစ်သည်။ မြေပေါ်တွင်တွေ့ရှိရသော ဂ
ကျောက်လက်ရာများကိုလည်း မှတ်တမ်းတင်ဆဲပင် ဖြစ်၏။

သမိုင်းမတင်မီ ကျောက်ခေတ်ယဉ်ကျေးမှုနှင့် ပတ်
သက်၍ ပြဒါးလင်းကျောက်ခေတ်ယဉ်ကျေးမှု၊ လက်ပံ ခြေပေါ်
ကျောက်ခေတ်သစ်၊ တောင်သမန်အင်းပတ်ဝန်းကျင်ရှိ ကျောက်
ခေတ်ကျေးရွာများအကြောင်းတို့ကို ဖော်ထုတ်ပြီး ဖော်ထုတ်ဆဲ
ဖြစ်၏။ ယခုအခါ ကျောက်ခေတ်သစ် လူနေမှုကားချပ်ကို
ပိုမိုပီပြင်စေရန်အတွက် တောင်သမန်အင်းနှင့် ပထဝီ အနေ
အထားချင်း ဆက်စပ်နေသော အမရပူရမြို့နယ်နှင့် ပုသိမ်ကြီး
မြို့နယ်တို့တွင် အနံ့အစပ်ကွင်းဆင်းမှု ပြုလုပ်လျက်ရှိသည်။

ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုအကြောင်း လေ့လာ
ဖော်ထုတ်ရေးနှင့်စပ်လျဉ်း၍ ဧရာဝတီမြစ်ကမ်းဆင့်များရှိရာ
ချောက်မြို့နယ်၊ ယောနယ်တစ်ဝိုက်နှင့် ကောလင်းမြို့နယ်



အတွင်းရှိ မူးမြစ်ဝှမ်းဒေသများသို့လည်း ကွင်းဆင်းလေ့လာ
နိုင်ပြီဖြစ်သည်။

မြန်မာ့ကြေးခေတ်လက်နက်ပစ္စည်းများမှာ နိုင်ငံခြား
ပြတိုက်များသို့ မည်မျှပင် ရောက်နေစေကာမူ ပြည်တွင်း၌
ကျန်ရှိသမျှ ကျန်ရှိသေးသည်ကို ဖော်ထုတ်စုဆောင်းလျက် ရှိ
သည်။ ယခု ရှေးဟောင်းသုတေသနဌာနလက်ဝယ် ကြေးမိုးကြိုး
သွားခေါ် ကြေးခေတ်လက်နက် ၁၀ ခုမျှ စုဆောင်းထားရှိနိုင်ပြီ
ဖြစ်သည်။ ယင်းတို့တွင် ပုဆိန်သွား ခုနစ်ခုနှင့် လှံသွား သုံးခုတို့
ပါဝင်ကြသည်။

## ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြင်ဆင်မှု

ရှေးဟောင်းသုတေသနဌာနက စောင့်ရှောက်ပြုပြင် ထား
ရှိသော ရှေးဟောင်းအဆောက်အအုံများ၊ တူးဖော်ထားရှိသော
အဆောက်အအုံများ၊ မြို့ရိုးဟောင်းများမှာ ၁၉၇၅ခုနှစ် စာရင်း
အရ ၅၆၇ ခုရှိပြီဖြစ်သည်။ ယင်းတို့ကိုပြုပြင် ထိန်းသိမ်းမှု
အကြောင်း ယခင်က လမ်းစဉ်သတင်းပရိသတ်သို့ တင်ပြခဲ့ဖူးပြီ။
ယခု ပုဂံမြို့ဟောင်းတွင် ၁၉၇၅ခု၊ ဇူလိုင်လ ၈ ရက်နေ့ ညနေက
တုန်လှုပ်သွားသော ငလျင်ကြီးနောက် ဆောင်ရွက်ပုံတို့ကို
အကျဉ်းမျှ တင်ပြလိုပါသည်။ ငလျင်ဒဏ်ကြောင့် ပျက်စီး
ယိုယွင်းသွားသော အဆောက်အအုံဘုရားပုထိုး များကို ပြုပြင်
နိုင်ရန် နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်နှင့်
အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခေါင်း

ဆောင်၍ ဌာနအသီးသီးနှင့် တက္ကသိုလ်များမှ ပညာရှင်များ
ပါဝင်သော အကြံပေးပညာရှင်အဖွဲ့၊ အထူး ပုံထုတ်အဖွဲ့နှ
အထူးလုပ်ငန်းရှင်အဖွဲ့ကို ဖွဲ့စည်းကာ နိုင်ငံတော်မှ ဦးဆော
မတည်၍ လုပ်သားပြည်သူအများ၏ ထည့်ဝင် လှူဒါန်းသေ
ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည်။

လျှင်ဒဏ်ခံရသော ပုဂံမြို့ဟောင်းရှိ ရှေးဟောင်
အဆောက်အအုံ အနုလက်ရာများမှာ အမျိုးသားအမွေ ဖြစ်ရုံမ
မက နိုင်ငံတကာနှင့်ပါ သက်ဆိုင်နေရကား ကမ္ဘာ့အဖွဲ့အစည်
တစ်ရပ် ဖြစ်သော ယူနက်စကိုမှ အကူအညီပေးရန် ကမ်းလှမ်
လာသည့်သတင်း၊ ပြင်သစ်အစိုးရထံမှ ကူညီလာသည့် သတင်
များကို ကြားသိရပြီး ဖြစ်သည်။ များမကြာမီက ဂျပန် အစိုးရ၏
အကူအညီများကိုမူ လက်ခံရရှိကြပြီ ဖြစ်သည်။

လျှင်ဒဏ်ခံ ပုဂံဘုရားများကို ပြုပြင်ရာ၌ နှစ်ရှည်နှစ်တို
စီမံကိန်းများအရ ရှေးဦးစွာ ဦးစားပေး ရွေးချယ် ဆောင်ရွက်ကြ
သည်။ အချို့ကို နိုင်ငံတော်အစိုးရက လုံးဝတာဝန်ယူရန်
အချို့ကို ဘုရားဂေါပကအဖွဲ့များမှ တာဝန်ယူရန်နှင့် အချို့ကို
အစိုးရနှင့်ဂေါပကတို့ပူးပေါင်းဆောင်ရွက်ရန် မူများချမှတ်
ထားသည်။ ဂေါပကအဖွဲ့များအား လုပ်ပိုင်ခွင့်ပေးရာတွင်
ယဉ်ကျေးမှုဝန်ကြီးဌာနက ချမှတ်ပေးသောမူများနှင့်အညီ
ဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်း ထား၏။

အကြံပေးပညာရှင်များအဖွဲ့အစည်းအဝေးများတွင်
ဆွေးနွေးချက်များအရ ရွှေစည်းခုံဂေါပကအဖွဲ့မှ အစိုးရသို့



ငွေကျပ်တစ်သိန်း လွှဲအပ်၍ အစိုးရမှပင် တာဝန်ယူကာ
ရွှေစည်းခုံဘုရားကြီးအား ပြုပြင်ပေးရန်နှင့် အာနန္ဒာဘုရားကြီး
အတွက်လည်း အလားတူဆောင်ရွက်ပေးရန် သက်ဆိုင်ရာ
ဂေါပကအဖွဲ့မှ အစိုးရသို့ တင်ပြလာကြောင်းသိရသည်။

ရှေးဟောင်းအဆောက်အအုံများကို လက်တွေ့ ပြုပြင်
ရာတွင် လိုက်နာကြရမည့်မူမှာ ရှေးမူမပျက် လက်ရှိ အနေ
အထားအတိုင်း ပြန်လည်ပြုပြင်ရန်ပင် ဖြစ်သည်။ ဤမူကို
အကောင်အထည်ဖော်ရာတွင် ဓာတ်ပုံ၊ ပုံဆွဲများ ရိုက်ကူး ရေးဆွဲ
ပြီးရှိသော အဆောက်အအုံများအတွက် ယင်းအထောက်
အထားများကို ကိုးကားရန်၊ ယင်းသို့မရှိသော အဆောက်အအုံ
များအတွက် အထူးပုံထုတ်အဖွဲ့မှ ပုံစံများရေးဆွဲပြီး သက်ဆိုင်ရာ
အထက်အဖွဲ့အစည်းများ၏ သဘောတူ ခွင့်ပြုချက် ရယူ၍
အထူးလုပ်ငန်းအဖွဲ့မှ ဆောင်ရွက် အကောင်အထည် ဖော်ရန်
ဟူ၍ လုပ်နည်းလုပ်ဟန်များ ချမှတ်ထားရှိသည်။

ဤတွင် ပေါ်လာသောအခက်အခဲတစ်ရပ်မှာ အသေး
စိတ်ပုံစံများ မရှိခြင်း၊ ပြန်လည်တည်ဆောက်ရမည့် အစိတ်
အပိုင်းအချို့အတွက် ရှေးဟောင်းလက်ရာ ဆောက်လုပ်မှုပုံစံ
များ လိုနေခြင်း တည်းဟူသောအခက်အခဲ ဖြစ်သည်။

ဤအခက်အခဲကို တစ်နည်းတစ်လမ်း ဖြေရှင်းနိုင်ရန်
ပြင်သစ်အစိုးရမှ အကူအညီပေးလာသည်ကို နိုင်ငံတော်အစိုးရ
ကလက်ခံယူ၍ ပုဂံရှိ ဓမ္မရံကြီး၊ ထီးလိုမင်းလို၊ မင်္ဂလာ စေတီ၊
ဓမ္မရာဇိက၊ စူဠာမဏိ၊ စေတနာကြီး၊ နဂါးရုံ၊ စိုးမင်းကြီး၊

စိမ်းညက်ညီမ၊ တရုတ်ပြေးမင်း၊ နန်းဘုရား၊ သမ္ဗျုလ၊ ရွှေဂူကြီး၊ အာနန္ဒာ၊ မဟာဗောဓိ၊ သဗ္ဗညုနှင့် မြင်းပြဂူတို့ကို မြေပြင်ဓာတ်ပုံ တိုင်းစနစ်ဖြင့် စကေးကိုက်ဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်၍ လက်တွေ့ပြင်ဆင်ရာတွင် ယင်းဓာတ်ပုံတို့ကို မှီငြမ်းအခြေပြုရန် စီစဉ်ခြင်းပင် ဖြစ်သည်။

လျှောင်ဒဏ်ခံ ဘုရားများကို ပြုပြင်ရာတွင် ထူးခြားသော လုပ်ဆောင်ချက်တစ်ရပ်မှာ ပြုပြင်ရသည့် အကြောင်းနှင့် ပြုပြင်သည့်အစိတ်အပိုင်းတို့ကို ကြေးပြားများပေါ်၌ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် မော်ကွန်းရေးထိုး၍ သက်ဆိုင်ရာ ပြုပြင် ရေးဟောင်းအဆောက်အအုံတွင် တပ်ဆင်ထားရှိရန် အချက် ပင်ဖြစ်သည်။ ဤအစီအစဉ်မျိုးကို ရှေးယခင်က မဆောင်ရွက် ဖူးသေးချေ။ ထို့အပြင် ပြုပြင်မှုမှတ်တမ်း အပြည့်အစုံ တစ်ရပ်ကို လည်း ပြုစုထားရှိရန် ရည်မှန်းလျာထားကြသည်။

## သုတေသနမှတ်တမ်းတင်မှုများ

ရှေးဟောင်းသုတေသနဌာနတွင် ရေးဆွဲ စုဆောင်း သိုမှီး ထားရှိပြီးဖြစ်သော မြန်မာ့ရှေးရာပန်းချီကားများမှာ ချပ်ရေ ၁၀၀၀ ကျော်ရှိနေပြီ ဖြစ်သည်။ ၁၉၆၂ခုနှစ်၊ မန္တလေး မဟာ မြတ်မုနိ စောင်းတန်းလေးသွယ်ပြဿနာ ပေါ်ပေါက်ခဲ့သည်မှ စ၍ ရှေးဟောင်းဘုရားများရှိ ရှေးရာပန်းချီကားများကို ပုံတူ ကူးရေးဆွဲခဲ့ရာမှ ပုဂံနယ်မှ ဘုရားပေါင်း ၁၉ ဆူ၊ စလေမှ တစ်ဆူ၊ စစ်ကိုင်းမှ တစ်ဆူ၊ အမရပူရမှ လေးဆူ၊ မုံရွာမှ သုံးဆူ၊



မန္တလေးမှ တစ်ဆူတို့တွင် လုပ်ငန်းဆောင်ရွက် ပြီးစီးခဲ့သည်။ မုံရွာနှင့် အမရပူရမြို့နယ်တို့တွင် ရှေးရိုးပန်းချီမှုသာမက ရှေးဟောင်းပိဋကတ လက်ရာများကိုပါ တိုင်းတာရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းနှင့် အတွင်းရှိနံရံဆေးရေးစာများကိုပါ ဖတ်ရှု မှတ်တမ်းတင်ဖြစ်သောကြောင့် ရှေးဟောင်းအဆောက်အအုံ များကို အခြေခံလေ့လာခြင်းဟုပင် ခေါ်ဆိုနိုင်ပေသည်။

ရှေးဟောင်းအဆောက်အအုံ၊ ပစ္စည်း၊ ပန်းချီ၊ တူးဖော်မှု လုပ်ငန်းနှင့် အခြားသိပ္ပံနည်းကျထိန်းသိမ်းမှုလုပ်ငန်း စသည်တို့ အတွက် ရိုက်ကူးခဲ့သောဓာတ်ပုံဖလင်မှုများမှာ ၁၈၂၄၀ ခုမျှရှိပြီ ဖြစ်ကြောင်း တွေ့ရသည်။ ယင်းတို့တွင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ရိုက်ကူးထားရှိခဲ့သော မှန်ဖလင်မှုများပါ ပါဝင် ကြ၏။ ဖလင်မှုများအားလုံးကို ရန်ကုန်ကဲ့သို့ မိုးနှင့်အစိုဓာတ် များပြားသောဒေသတွင် မပျက်မစီးရလေအောင် လေအေး ပေးစက်အခန်း သီးခြားထားရှိ ထိန်းသိမ်းရပေသည်။

ရှေးဟောင်းသုတေသနလုပ်ငန်းများအတွက် ထောက်ကူပြု ဌာနခွဲများ မရှိလျှင်မဖြစ်ချေ။ ထို့ကြောင့် စာကြည့်တိုက် တစ်ခုကို စနစ်တကျတည်ထောင်ရန် စီမံကိန်းများ ရေးဆွဲစဉ်က ပင် ထည့်သွင်းလျာထားခဲ့သည်။ ယင်းနှင့်အညီ ဖွဲ့စည်းဆောင် ရွက်ခဲ့ရာ ယခုအခါ စာအုပ်စာတမ်းပေါင်း ၁၀၀၀၀ ကျော်၊ လက်ရေးမူ၊ ပေ၊ ပုရပိုက်၊ မြေပုံစသည်တို့ကို သီးခြားစုဆောင်း ထိန်းသိမ်းထားရှိကာ ကပ်ပြားတင်ထားသည်။

စုဆောင်းထားရှိသော စာအုပ်စာတမ်းများကို ရှေးဟောင်းသုတေသန၊ မနုဿဗေဒ၊ သမိုင်း၊ ဘာသာ စကား၊ လေ့ထုံးတမ်း၊ ဘူမိဗေဒ၊ ကျောက်ခေတ်သုတေသန၊ ဘာသာရေး ဗိသုကာ၊ အနုပညာ၊ ကျောက်စာပညာ၊ စာပေ၊ ပုံမြင်များ၊ မြေတိုင်းပညာ၊ ရှေးဟောင်း အဆောက်အအုံနှင့် ပစ္စည်းများကို ဓာတ်ခွဲ လေ့လာထိန်းသိမ်းရေးနှင့် စပ်လျဉ်းသော ရူပဗေဒနှင့် ဓာတုဗေဒပညာ၊ ဓာတ်ပုံပညာစသည်ဖြင့် မျိုးခွဲထားရှိသည်။ စုဆောင်းထားရှိသော စာအုပ်စာတမ်းများ မပျက်စီးရအောင် ပိုးသတ်ဓာတ်ဆေးများ အသုံးပြု၍ ဓာတ်ငွေ့ဖြင့် မကြာခဏ ပေါင်းတင် ထိန်းသိမ်းပေးသည်။

## သိပ္ပံနည်းကျဆောင်ရွက်ရန် ကြိုးပမ်းချက်များ

ရှေးဟောင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမားရိုးကျနည်းများကို ကမ္ဘာနှင့်အဝန်း အသုံး မပြုတော့ချေ။ သိပ္ပံပညာ၏အကူအညီကို တဖြည်းဖြည်း ရယူဆောင်ရွက်လာကြပြီ ဖြစ်သည်။

မြန်မာ့ရှေးဟောင်းသုတေသနတွင်လည်း ဗိဿနိုးနှင့် ဟန်လင်းတူးဖော်မှုများမှ မီးသွေးများကို ဓာတ်ခွဲ၍ ခုနှစ်သတ်မှတ်ခြင်း၊ အရိုးစုများကို ခန္ဓာဗေဒနည်းများဖြင့် လေ့လာဖော်ထုတ်ခြင်း၊ ကျောက်ခေတ် ယဉ်ကျေးမှုဆိုင်ရာဒေသ တူးဖော်ရာမှ ရရှိသော မြေဆီလွှာများကို ဓာတ်ခွဲ၍ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်အနေအထား ခန့်မှန်းဖော်ထုတ်ခြင်း၊



ပျူဒင်္ဂါးနှင့်ကြေးမိုးကြိုးသွားတို့ကို ရူပဗေဒနည်းဖြင့်လေ့လာ၍ သတ္တုအမျိုးအစားခွဲခြင်း၊ အိုးခြမ်းကွဲမှအဏုမြူများကို ခုနှစ်တွက်ချက်ခြင်းစသော လေ့လာမှုတို့ကို ပြည်တွင်းပြည်ပ အကူအညီများဖြင့် တိုးချဲ့ လုပ်ဆောင်လျက်ရှိသည်။

အထူးသဖြင့် အိန္ဒိယအစိုးရထံမှ ကိုလံဘိုစီမံကိန်းအရ ပေးပို့ကူညီလာသော အခြေခံ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ နိုင်ငံခြားမှ မှာယူတင်သွင်းသောဓာတ်ခွဲပစ္စည်းများဖြင့် ဓာတုဗေဒ ဌာနခွဲတစ်ခုကို ဖွဲ့စည်းတည်ထောင်လျက်ရှိရာ ယခုအခါ ပုဂံဘုရားများရှိ ရှေးဟောင်း ပန်းချီလက်ရာများကို အတော်အတန် ထိန်းသိမ်းနိုင်သောအခြေသို့ ရောက်ရှိလာပြီဖြစ်သည်။

အထူးသဖြင့် အိန္ဒိယအစိုးရထံမှ ကူညီလာသော မြေပြင် ဓာတ်ပုံတိုင်းနည်း အကူအညီများဖြင့် ရှေးဟောင်းအဆောက်အအုံများကို မှတ်တမ်းတင်နိုင်လျှင် မြေပြင်၌ ကွင်းဆင်း တိုင်းတာရသော ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းမှု လုပ်ငန်းကို ပိုမိုလွယ်ကူ အကျိုးရှိစေမည်ဖြစ်သည်။

ဂျပန်အစိုးရမှ အကူအညီပေးလာသော မြေတိုင်း ကိရိယာများ၊ ဓာတ်ခွဲခန်းသုံး အဏုရုပ်မှန်ဘီလူး၊ မီးအားပေးစက်၊ အစိုဓာတ်စုတ်ယူသည့်စက်၊ လေအေးစက်၊ ဓာတ်ပုံရိုက် ကိရိယာများ၊ ဓာတ်ဆေးများ၊ သတ္တု ခေါက်လှေကားနှင့် ပြတိုက်ဗီရိုများကို လက်ခံရရှိလာပြီဖြစ်ရာ ဆောင်ရွက်ဆဲဖြစ်သော ကွင်းဆင်းလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းမှုလုပ်ငန်း၊ ဌာနဆိုင်ရာ ပြတိုက်လုပ်ငန်းများကို ယခုထက် ပို၍

လုပ်ဆောင်နိုင်တော့မည် ဖြစ်ပါသည်။

(လမ်းစဉ်သတင်း၊ တွဲ-၁၃၊ အမှတ်-၂၈၊ ၁၅-၁၀-

## (ဂ) ဗိဿနိုးမှ စခဲ့ပြီး - ၁၈ နှစ်အကြာ

၁၉၇၅ ခုနှစ် ဗိဿနိုးမြို့ဟောင်းကို စတင်တူးဖော်သည့် မှ ယနေ့အထိ ကွင်းဆင်းတူးဖော်မှုလုပ်ငန်းသက်တမ်း သည် ၁၈ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဤမျှအထိ ဆယ်စုနှစ် နှစ်ခု နီးပါးနီး ကြာမြင့်လာပြီဖြစ်သော လုပ်ငန်းတစ်ရပ်အတွက် အောင် မြင်ပြီးစီးခဲ့သမျှကို အကြမ်းသဘော ပြန်လည် သုံးသပ် ရွေးချယ်ရှိ စီမံကိန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် အရေးကြီး သည်။ ဤတွင် မြန်မာ ရှေးမြို့ဟောင်းတစ်မြို့ကို မည်သည့် အတိုင်းအတာအထိ တူးဖော်သင့်သနည်းဟူသော အမေး တစ်ရပ် ပေါ်ပေါက်လာ၏။

### တူးဖော်မှုအစ

စစ်ပြီးခေတ် တူးဖော်မှုလုပ်ငန်းများကို စတင်ခဲ့ကြသည့် ၁၉၅၉ ခုနှစ်ပတ်ဝန်းကျင်က တူးဖော်အဖြေရှာဖွေရန် သမိုင်း ရေးပြသနာ အမြောက်အမြားရှိခဲ့သည်။ ကျောက်ခေတ် ယဉ်ကျေးမှုများ ကြေးခေတ်ရှေးပြသနာ၊ ကြေးခေတ်ဆိုင်ရာ မိုးကြိုးသွားများပြသနာ၊ မြို့ရိုးတံတိုင်းများဖြင့် ခမ်းနားသည့် ရှေး နေရာမှိုကြသည့် ပျူမြို့ဟောင်းများနှင့်မြို့ဟောင်းများ ရခိုင်မြို့ဟောင်းများပြသနာ၊ ပျူ မြို့ နှင့်ရှေးဟောင်း ရှုခင်



ခေတ်များမှ ပုဂံခေတ်သို့ အသွင်ကူးပြောင်းသွားသည့် သမိုင်း ခေတ်များမှ ပြသနာများအပြင် အထက်ပါ ခေတ်အဆက်ဆက်၌ ရေး ပြသနာများအပြင် နိုင်ငံခြားယဉ်ကျေးမှုများနှင့် ဆက်ဆံနွှယ်ခဲ့ပုံ ပြသနာများ ပေါ်ပြီး ရှုပ်ထွေးခဲ့သည်ကို တွေ့ကြရသည်။

သမိုင်းရေးပြသနာများသည် အမယ်တုတ်၏ချည်ခင် သဖွယ်ရှုပ်နေချိန်တွင် ရှေးဟောင်းသုတေသနစီမံကိန်း ကွင်းဆင်း တူးဖော်မှုလုပ်ငန်းကို ရှေးဟောင်းသုတေသန စီမံကိန်းများနှင့် အညီ စတင်ခဲ့ကြရသည်။ ထိုစဉ်က ကျွမ်းကျင်သူ ဝန်ထမ်း မရှိ သလောက်နည်းနေခဲ့၏။ ငွေကြေးအခြေအနေမှာလည်း အားရဖွယ် မရှိခဲ့ချေ။ နယ်မြေများ လုံခြုံမှုမရှိသည်နှင့်အမျှ ကွင်းဆင်းလုပ်ငန်းကို တစ်နှစ်မှသည် နောက်တစ်နှစ်သို့ ကြိမ်ဖန် များစွာ ရွှေ့ဆိုင်းခဲ့ကြရ၏။ ကြာသော် ဌာနဆိုင်ရာ ကွင်းဆင်း တူးဖော်မှုလုပ်ငန်း အသုံးစရိတ် ခေါင်းစဉ်ငယ်အောက်၌ နှစ်စဉ် လျာထားပေးမြဲဖြစ်သော ကုန်ကျစရိတ်များကို ထိုစဉ်နှစ်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက မပေးဘဲ ရပ်ဆိုင်းထားခဲ့ သည့်အခြေအနေမျိုးနှင့် ရင်ဆိုင်တိုးခဲ့ကြရသည်။ တစ်နည်း အားဖြင့် ဗိဿနိုးတွင် လုပ်ငန်းစဉ်က ကွင်းဆင်းတူးဖော်မှု အသုံးစရိတ် ခေါင်းစဉ်ပင် ပျောက်နေသော အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်။

ဤသို့ ငွေကြေးမရှိဘဲ အဘယ်ပုံ လုပ်ငန်းစတင်ခဲ့ကြ သနည်းဟု မေးဖွယ်ဖြစ်လာသည်။ ဤအမေး၏အဖြေသည် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်ဆောင်ရန် ရန်ပုံ

ငွေပင် ဖြစ်၏။ နှစ်စဉ် လျာထားမြဲဖြစ်သော ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းပြုပြင်ရန် ရန်ပုံငွေခေါင်းစဉ် အောက်မှ အကြောင်းကြောင်းကြောင့် အသုံးမပြုနိုင်ဘဲ ပိုလျှံမည့် ငွေကြေးပမာဏကို သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုချက်ဖြင့် ခေါင်းစဉ်ပြောင်း၍ တူးဖော်မှုတွင် အသုံးပြုခဲ့ကြရသည်။

ဤသို့တစ်ကြိမ်နှစ်ကြိမ် ခေါင်းစဉ် လွှဲပြောင်း သုံးစွဲခဲ့ရပြီးနောက် ၁၉၆၀-၆၁ ခုနှစ်လောက်ရောက်မှတူးဖော်မှု ရန်ပုံငွေ ကျပ်တစ်သောင်း စတင်ရရှိလာနိုင်ခဲ့ပေသည်။ ယင်းနောက် တော်လှန်ရေးကောင်စီလက်ထက် သက်ဆိုင်ရာ အစိုးရ၏ အားပေးချီးမြှင့်မှုများနှင့်အညီ ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လုပ်ဆောင်ခဲ့ကြရာ ယနေ့တိုင်အောင်ပင် ဖြစ်ပေသည်။

## လုပ်ငန်းတိုးတက်မှု

ဗိဿနိုးမှ စတင်၍ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း၊ ပြဒါးလင်း၊ တောင်သမန်အင်းစောင်း၊ လက်ပံခြေပေါ်၊ ပိုင်းတောင်ကြီးကျေးရွာ၊ ထောက်မကုန်း၊ မြို့ကုန်း၊ သုဝဏ္ဏဘူမိစသည့် သမိုင်းမတင်မီခေတ်များဆိုင်ရာ ကွင်းဆင်းတူးဖော်မှုများဆောင်ရွက်ခဲ့ကြရာ ကနဦး စီမံလျာထားခဲ့သော ပျူယဉ်ကျေးမှုဖော်ထုတ်ရေးစီမံကိန်းသည် အဘယ်မျှအထိ ပြည့်မီပြီနည်းဟု ဆန်းစစ်ကြည့်ရန် လိုအပ်လာပေသည်။



ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ သုံးမြို့ကို ပျူတို့၏ မူလအခြေချ မြို့တော်များအဖြစ် သတ်မှတ်လျာထား တူးဖော်ခဲ့သည်နှင့်အညီ ယင်းသုံးမြို့စလုံး၌ မြို့ရိုး၊ ကျုံးမြောင်း၊ တံခါးပေါက်၊ နန်းတော်ရာ သင်္ချိုင်းဂူ၊ သို့မဟုတ် ထုံးခလေ့ဆိုင်ရာအဆောက်အအုံနှင့် ရေမိုးအတွက်ဆောက်လုပ်ထားခဲ့သော တစ်ဖက်ဆည် ကန် အစရှိသည့် အဆောက်အအုံများကို ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်၏။

မြို့ရိုးများကို ဆောက်လုပ်ရာတွင် အုတ်နှင့်မြေသရွတ်ကို အသုံးပြုခဲ့သည့်အချက်၊ မြို့ရိုးမှ အတွင်းသို့ ပြေပြေချိုးဝင်အောင် အပေါက်ဖောက်လုပ်ခဲ့သည့်အချက်၊ မြို့ဝင်ပေါက်များ၏အကျယ်အဝန်းမှာ ၁၅ ပေကျော်ရှိသည့်အချက်၊ မြို့ပေါက်များကို ဆုံလည်တံခါးများ တပ်ဆင်ထားသည့်အချက်၊ မြို့ရိုးအထက်တွင် ပြာသာဒ်မုခ်ကူးများရှိသည့် အချက်များကို သုံးမြို့စလုံး၌ တူးဖော်တွေ့ရှိကြရပြီး ဖြစ်သည်။မြို့ကို ရေကျုံး ပတ်ရံသည့် အချက်ကို ဟန်လင်းနှင့်သရေခေတ္တရာတွင် အထင်အရှားတွေ့ရပြီး ဗိဿနိုးတွင်မူ ကျုံးဟူ၍ မည်မည်ရရ မတွေ့ရချေ။

မြို့တွင်း အခင်းအကျင်းအရာ၌ နန်းတော် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ မြို့ပြ စုပေါင်းအဆောက်အအုံကို မြို့၏ အလယ်ဗဟို၌ တည်ထားဆောက်လုပ်သည့်အချက်တွင်လည်း မြို့ သုံးမြို့စလုံး၌ တွေ့ရှိကြရပြန်သည်။ ထူးခြားသည်မှာ ဟန်လင်း၌ သစ်သားတိုင်ပေါင်း ၈၀ ကျော်ပါရှိသည့် စည်းဝေးခန်းမကြီးတစ်ခုကို မြို့အလယ် နန်းတော်ကုန်း အနီးတွင် တွေ့ရှိ

ရခြင်း ဖြစ်သည်။

သရေခေတ္တရာကုန်းအမှတ် ၃၊ ၁၀၊ ၁၁၊ ၁၄၊ ၁၈နှင့်
တို့သည် စတုဂံပုံရှိကြသော အုတ်အဆောက်အအုံများဖြစ်ကြ
ယင်းတို့မှ အရိုးအိုးအမြောက်အမြား တူးဖော်ရရှိခဲ့သည်
ဗိသုကာပုံစံသဘောအရ ယင်းတို့သည် ဗိဿနိုးကုန်းအမှတ်
၁၀၊ ၁၁တို့နှင့်လည်းကောင်း၊ ဟန်လင်းကုန်းအမှတ် ၉နှ
လည်းကောင်း ဆင်တူကြသည်။ ဟန်လင်းကုန်းအမှတ်
စည်းဝေးခန်းမကြီးမှ အရိုးအိုး မရခဲ့ချေ။

တစ်ဖန် သရေခေတ္တရာကုန်းအမှတ် ၁၇ ၏ပုံစံမှ
ဗိဿနိုးကုန်းအမှတ် ၁၂နှင့်လည်းကောင်း၊ ဟန်လင်းကုန်
အမှတ် ၅ နှင့်လည်းကောင်း ဆင်တူသည်။ ယင်းတို့အားလုံး
လည်း အရိုးအိုးများ ရရှိခဲ့၏။ ပန္နက်ပုံစံအားဖြင့် စတုရန်
ပုံသဏ္ဌာန် ရှိကြသည်။

အတွင်းစတုရန်းအုတ်ခုံကို အပြင်ဘက်မှ စတုရန်းတံတိုင်
လေးဖက် ကာရံထားရှိ၍ တံတိုင်းတစ်ဖက်တည်းတွင် အုတ်ရှ
နှစ်တန်း ထုတ်ယူဆောက်လုပ်သော သချိုင်းဂူတစ်မျိုးကို သရေ
ခေတ္တရာ၌ တွေ့ရသည်။ ဗိဿနိုးနှင့် ဟန်လင်းတို့တွင်လည်
ဤသဘောဆန်သော ဗိသုကာပုံစံများကို တူးဖော်တွေ့ကြရ၏
ဗိဿနိုးအမှတ် ၇၊ ၁၄ နှင့် ၁၈ သည်လည်းကောင်း၊ ဟန်လင်
အမှတ် ၁၂ နှင့် ၁၃ သည်လည်းကောင်း ဤပန္နက်ပုံစံမျိုးရှိကြ
သည်။ သို့သော် ခြွင်းချက်မှာမူ ဗိဿနိုးနှင့် ဟန်လင်းတွ
အတွင်းအုတ်ခုံများသည် စက်ဝိုင်းပုံ ဖြစ်၍ သရေခေတ္တရာတွ



ကား လေးထောင့်ပုံ ဖြစ်နေ၏။

## တူညီသောယဉ်ကျေးမှု၏ အဆုံးအဖြတ်

ဗိဿနိုးတွင် ခြောက်ကြိမ် အုတ်အဆောက်အအုံ ပေါင်း ၂၅ ခု၊ ဟန်လင်းတွင် ငါးကြိမ် အုတ်အဆောက်အအုံ ပေါင်း ၁၉ ခုနှင့် သရေခေတ္တရာတွင် ခုနစ်ကြိမ် အုတ်အဆောက်အအုံပေါင်း ၂၄ ခုတို့ကို တူးယူဖော်ထုတ်ပြီး ခဲ့ကြပြီဖြစ်သည်။ ယင်းလုပ်ဆောင်ချက်များ၏ ရလဒ်အနေဖြင့် ပျူတို့၏ တူညီသော ယဉ်ကျေးမှု အင်္ဂါရပ်များကို ဖော်ထုတ်ပေးနိုင်ခဲ့ပေပြီ။

ကုန်းတစ်ကုန်း တူးလိုက်တိုင်း လေးထောင့်ထဲ၌ အဝိုင်း အရိုးအိုး၊ နောက်တစ်ကုန်းလည်း ဤနည်းနှင်နှင် အဖြစ်မျိုးကို သုံးမြို့စလုံး၌ ရင်ဆိုင်တိုးခဲ့ရပေသည်။ ထို့ကြောင့် ယဉ်ကျေးမှု လက္ခဏာ ထွေပြားမှုမရှိလျှင် ပြည်သူ့ငွေသုံးစွဲမှု၌ နောက်ထပ် မသုံးစွဲသင့်ဟု တူညီသောသဘောထားတစ်ရပ် တူးဖော်သူတို့၏ စိတ်ဝယ် ချမှတ်ထားလိုက်မိကြသည်။

တစ်နည်းအားဖြင့်လည်း ရှေးဟောင်းမြို့ပြ တစ်ခုကို တူးဖော်ရာတွင် တစ်နေရာတစ်ဒေသတည်း နှစ်ပေါင်း ၂၀၊ ၂၅ နှစ်ကြာအောင် ဇောက်ချတူးဖော်ရန် တိုင်းပြည်က ခွင့်ပြုနိုင်သော ငွေအင်အားပမာဏလည်း မရှိသေး၊ မချမ်းသာမကြွယ်ဝသေး၊ ပစ္စည်းအင်အား၊ လူအင်အားမှာလည်း မပြည့်စုံမကုံလုံသေးသည်နှင့်အမျှ တစ်မြို့လုံး ဥသုံဖော်ထုတ်ရေးတာဝန်ကို ထမ်းဆောင်ရန် ခဲယဉ်းလှပေသည်။

ဗိဿနိုးကို နှစ် ၂၀၊ ၂၅ နှစ်ကြာအောင် တူးသင့် မတူးသင့်ဆိုသော ပြဿနာ၏ အဖြေမှာ အခြားတွင် ရွှေ့ရှ နေသည်ထက် ဟန်လင်း၊ သရေခေတ္တရာတည်းဟူသော ခေတ်ပြိုင် မြို့ပြတို့ကို တူးဖော်ရဦးမှာပါလားဟူသည့် သမိုင်းရေး ပြဿနာက အထက်ပါအမေးကို အဖြေပေးနေပေသည်၊ ထို့ကြောင့် ကနဦး ပျူယဉ်ကျေးမှုရုပ်ပုံကြမ်းနှင့် ခုနှစ် သက္ကရာဇ်ကို ရရှိရန်သည် တူးဖော်သူများအတွက် အရေးတကြီးပြဿနာ ဖြစ်ခဲ့ပေသည်။ ပျူပြီးလျှင် မွန်၊ မွန်ပြီးလျှင်ရခိုင် တည်းဟူသော ဆင့်ကဲသမိုင်းရေးပြဿနာများအတွက် သင့်လျော်သောကာလ သင့်လျော်သော တိုင်းပြည်၏ခွင့်ပြုငွေပမာဏ စည်းဘောင် အတွင်း လုပ်ငန်းဆောင်ရွက်မှသာလျှင် နည်းနည်းနှင့် ကျဲကျဲ ဝိုင်းရာကျမည်။ တိုင်းပြည်၏ သမိုင်းရေးလိုအပ်ချက်နှင့် ကိုက်ညီ တိုက်ဆိုင်မည်။ ပြဿနာ၏အဓိကအချက်ကို တိုက်ရိုက် ဖော်ဆောင်ရာလည်းကျမည်။ ထို့ကြောင့် ရှေးမြို့ဟောင်း တစ်မြို့ကို တစ်မြို့လုံးအနှံ့ မြေလှန်အောက်မှ ဖော်ထုတ်ရန် လက်ရှိအခြေအနေတွင် မမျှော်မှန်းသာသေးချေ။

ထို့ပြင် ယခုတူးဖော်တွေ့ရှိရသော အထောက်အထား များနှင့်စပ်လျဉ်း၍ ဆန်းစစ်လိုသူ၊ မှန်မမှန် စိစစ်လိုသူ ခေတ်ပြိုင် သို့မဟုတ် အနာဂတ် ရှေးဟောင်းသုတေသီများ အတွက်လည်း အချို့အုတ်ကုန်းများကို မတူးဘဲ တမင်ချန်လှပ် ထားပေးရန် ပညာပိုင်းဆိုင်ရာလိုအပ်ချက်ကိုလည်း ဖြည့်ဆည်း ပေးရဦးမည့် တာဝန်တစ်ရပ်ကျန်ရှိနေပေသေးသည်။ ထိုအချက်



ကြောင့်လည်း မြို့ဟောင်းတိုင်းကို လုံးဝပေါ်လာသည်အထိ မတူးသေးဘဲ ချန်လှပ်ထားရပေသတည်း။ ။

(လမ်းစဉ်သတင်း။ တွဲ - ၁၃၊ မှတ် - ၂၂၊ ၁၅-၁၁-၇၇)

## အခန်း ၂

# ဟန်လင်းအထောက်အထား

### (၁) ဟန်လင်း ပျူတို့၏နယ်မြေ

ဒေါက်တာ ဖာနီဗဲလ်နှင့် ဒေါက်တာ ဖေမောင်တင် တို့ တည်းဖြတ်ကြပြီး မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၆၀ ခုနှစ်တွင် ထုတ်ဝေသော ဇမ္ဗူဒီပ ဥဆောင်းကျမ်း စာမျက်နှာ(၁၆)တွင်-

"ဟန်လင်းနယ်ကား အရှေ့ကိုလားသော် တီးတုတ်ပင်ကြီး၊ တောင်ကိုလားသော် ကျောက်ဖြူကန်ကြီး။

အနောက်ကိုလားသော် ညောင်သများ၊ မြောက်ကိုလားသော် မုဆိုးခြုံဖိုမ"ဟူ၍ ဟန်လင်းနယ်နိမိတ်ကို သတ်မှတ်ပိုင်းခြား ဖော်ပြထားသည်။

ဤသတ်မှတ်ချက်ကို မျက်မှောက်ခေတ် တွင်းဆင်းလေ့လာကြည့်ရှုသောအခါ အရှေ့ဘက်တွင် တီးတုတ်ပင်ကြီး ရှိမရှိ စုံစမ်း၍မရချေ။ စဥ့်ကူးနယ် ဆီသည်ရွာအရှေ့ဘက်တွင် တီးတုတ်ကုန်းဟူ၍ ရှိကြောင်းသိရ၏။ ဟန်လင်းမြို့ကြီး

ပျက်စီး၍ ပြုံးမင်း၏ မိဖုရားနှင့်သားတော်၊ မှူးမတ်ဗိုလ်ပါတို့ ထွက်ပြေးတိမ်းရှောင်သောအရပ်သည် ဧရာဝတီမြစ် အရှေ့ စဥ့်ကူး မတ္တရာနှင့် မန္တလေးဘက် ဖြစ်ကြောင်း စည်သူ ကျော်ထင်ဘွဲ့ခံ ဟန်လင်းရွာစား သာချင်းဆရာ ဦးအောင်ဖြိုးက "ဟန်လင်းသမိုင်းလင်္ကာ" ပိုဒ်ရေ(၂၄)တွင် အောက်ပါအတိုင်း ဖွဲ့ဆိုထား၏။

"ပြုံးမင်းမြတ်ဖျား၊ မိဖုရားနှင့်၊ သားတော်ရင်သွေး၊ မင်းသားလေးကို၊ မြတ်လေးရတနာ၊ မတ်တစ်ရာ၊ တို့ချမ်းသာရစေ၊ ဝှက်ထားပေ၏၊ ထားလေမှန်စွာ၊ ထိုရပ်သာကို၊ ခုခါမည်ပေး၊ မန္တလေးတည့်၊ ရန်မြေးပယ်ဖြုတ်၊ သုတ်သင်တတ်သား၊ အမတ်တစ်ရာ၊ နေရပ်သာကို၊ သြဘာနိမိတ်၊ ဟိတ်နှင့်ညီစွာ၊ မတ်တစ်ရာဟု၊ သညာမှတ်ပိုက်"ဟူ၍ ဖြစ်သည်။

ဟန်လင်းကြီး၏တောင်ဘက်တွင် ကျောက်ဖြူကန်ဟူ၍မရှိဘဲ ကျောင်းဖြူကန် ဟူသောအမည်ဖြင့် ကန်ကြီးတစ်ကန်သည် ခက်ခအရှေ့မြောက်၊ မန္တလေး-မြစ်ကြီးနားမီးရထားလမ်း အရှေ့ဘက်တွင် ရှိသည်။

စစ်ကိုင်းခရိုင်အတွင်းရှိ ပဒူနှင့် ခက်ခသည် အလှမ်းမကွာသော ကျေးရွာနှစ်ရွာဖြစ်ကြသည်။ ပဒူ-ခက်ခဟူ၍ ယှဥ်တွဲသုံးနှုန်းတတ်ကြသည်။ ၁၉၆၀-၆၁ ခုနှစ်ခန့်က ပဒူကျေးရွာ တောရကျောင်းအနီး ရွှေစည်းခုံစေတီပျက်မှ ပုဂံခေတ် အနော်ရထာမင်းလက်ထက်နှင့် သက်ဆိုင်သော ရှေးဟောင်းအုတ္တကူ ကျောက်ရုပ်ကြွများ ရရှိဖူးကြသည်။



ထို့ကြောင့် အထက်ပါ ဟန်လင်းပျူတို့နယ် အကျယ်အဝန်းသတ်မှတ်ချက်အရ တောင်ဘက်တွင်ရှိသော ကျောက်ဖြူကန်နှင့် ခက်ခရွာ-ပဒူရွာတို့မှ ပျူခေတ်ဆိုင်ရာ အထောက်အထားများ မရရှိသေးစေကာမူ ပုဂံခေတ် ရှေးဟောင်းပစ္စည်းများ ရရှိသည်ကိုထောက်၍ ရှေးဟောင်းယဥ်ကျေးမှု ပျံ့နှံ့မည့်သဘောကို ခန့်မှန်းချင့်တွက်နိုင်ပေသည်။

ဟန်လင်းမြောက်ဘက်တွင် ရှိသည်ဆိုသော မုဆိုးခြုံဖိုမကိုလည်း စုံစမ်း၍ မရသေးချေ။ ဟန်လင်းအနောက်ဘက် ၅ မိုင်ခန့်အကွာ မီးရထားလမ်းပေါ်ရှိ မျက်မှောက်ခေတ်အခေါ် မုဆိုးခြုံကျေးရွာမှာ ထင်ရှားသိသာလွယ်သည်။ သို့သော် ဟန်လင်းအနောက်မြောက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည့် ရွှေဘိုမြို့၏ရှေးအမည်မှာ မုဆိုးဘိုဖြစ်သဖြင့် အမည်၏ရှေ့တွင် မုဆိုးပါသောကျေးရွာများသည် ဟန်လင်းမြောက်ဘက် ရွှေဘိုမြို့နယ်အတွင်း နောက်ထပ်မရှိဟု မဆိုသာချေ။ ဖော်ထုတ်ရန်သာ လိုအပ်၏။ တစ်နည်းအားဖြင့် မုဆိုးခြုံနှင့် မုဆိုးဘိုပင် မုဆိုးခြုံဖိုမဟု ယှဥ်တွဲခေါ်ဝေါ်သလောဟု တွေးတောနိုင်သည်။

ဇမ္ဗူဒီပဥဆောင်းကျမ်းအလိုအရ ဟန်လင်း အနောက်ဘက်တွင် ညောင်သများ ရှိသည်ဟု သိရ၏။ ယင်းအမည်ပါ ကျေးရွာကို ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း တစ်နေရာတွင် သွားတွေ့ရသည်။ လက်ရှိအမည်မှာလည်း ညောင်သများပင် ဖြစ်သည်။

အထက်ပါ နယ်နိမိတ်အညွှန်းများအရ ဟန်လင်း ပျူ

ယဉ်ကျေးမှုသည် ဧရာဝတီမြစ်အရှေ့ဘက်မှ အနောက်ဘက် ချင်းတွင်းမြစ်တိုင်အောင် ရောက်ရှိ ပျံ့နှံ့ကြောင်း သိရှိလာရသည်။ ဤသို့ပျံ့နှံ့သော ပျူယဉ်ကျေးမှုနယ်ပယ်ကို ဟန်လင်းမြို့ဟောင်းသည် ကိုယ်စားပြု ရပ်တည်ခဲ့ဟန်တူ၏။

ဖိုးဝင်းတောင်သမိုင်းအလိုအားဖြင့် ပျူယဉ်ကျေးမှုသည် ချင်းတွင်းမြစ်ကိုကျော်၍ အနောက်ဘက် ယင်းမာပင်မြို့နယ် ဖိုးဝင်းတောင်အထိ ပျံ့နှံ့သည်ဟုသိရ၏။ ဤအချက် မည်မျှမှန်ကန်ကြောင်း မစူးစမ်းရသေးချေ။

သို့သော် မုံရွာမြို့အရှေ့ဘက် အရာတော်မြို့နယ် အတွင်းမှ ပျူဒင်္ဂါးများနှင့်ရုပ်ကြွများ ထုလုပ်ထားသော အံ့စာပုံ ရွှေပုတီးစေ့ ၁ လုံး ရရှိခဲ့ဖူးသဖြင့် ပျူယဉ်ကျေးမှုသည် မူးမြစ်အနောက်ဘက်ကို ကျော်လွန်အောင် ပျံ့နှံ့ခဲ့ကြောင်း ထင်ရှားသည်။

အရာတော်မြို့နယ်၊ အင်ကြင်းရွာမှ စုဆောင်းရရှိခဲ့သော အံ့စာပုံရွှေပုတီးစေ့သည် အလျား ၁ လက်မနှင့် အနံ၁/၂ လက်မ ရှိ၍ မျက်နှာ ၄ ဖက်ရှိသည်တွင် တစ်ဖက်စီ၌ ဂဠုန်၊ ခြင်္သေ့၊ ဆင်နှင့် နွားရုပ်များ အကြွထုလုပ်ထားရှိကြောင်း တွေ့ရ၏။ ပုတီးစေ့ဖြစ်သဖြင့် ကြိုးလျှိုရာ တိုးလျှိုပေါက်တစ်ပေါက် ပါရှိသည်။ အပေါက်၏ ထိပ်တစ်ဖက်တစ်ချက်တွင် ကြာပန်းသဏ္ဌာန် အကြွထုလုပ်ပေးထားသည်။ လက်ရာကို လေ့လာလျှင် ဟန်လင်း တူးဖော်မှုမှ စုဆောင်းရရှိသော ရွှေပုတီးစေ့များနှင့် ပြုလုပ်ပုံချင်း တူညီသည်ကို တွေ့ရသည်။



အင်ကြင်းရွာမှ ပျူဒင်္ဂါးများမှာ (၁၀)ခု ဖြစ်သည်။ အလတ်စားများ ဖြစ်ကြ၏။ မျက်နှာဘက်တွင် သိရိဝစ္ဆ အတွင်း အစက် သုံးစက် ဒေါင်လိုက်တန်းလျက် ပါရှိသည်။ သိရိဝစ္ဆ၏ လက်ယာဘက်ဘေးတွင် စကြာနှင့် လက်ဝဲဘက်ဘေးတွင် ဘဒ္ဒပီဌ ပုံများ ထုလုပ်ထားရှိ၏။ ကျောဘက်တွင် တက်နေဝန်းပုံ ပါရှိသည်။

ဤဒင်္ဂါးမျိုး ဟန်လင်းတူးဖော်မှုမှ (၁၃)ပြား ရရှိသည်ကို ထောက်၍ ယင်းကို ဟန်လင်းဒင်္ဂါးဟု ခေါ်ဝေါ်ကြခြင်းပင် ဖြစ်သည်။

ဟန်လင်း၏ တောင်ဘက်နယ်နိမိတ်အပိုင်းအခြား အကြောင်း ပြန်ကောက်လိုပါသည်။ အထက်တစ်နေရာတွင် တောင်ကိုလားသော် ကျောက်ဖြူကန်ရှိရာ ပဒူ-ခက်ခရွာများဟု ဖော်ပြခဲ့သည်။ ဤမျှမက ဟန်လင်းပျူယဉ်ကျေးမှု နယ်ပယ်သည် ဧရာဝတီနှင့်မူးမြစ်ဆုံရာတွင်ရှိသော မြင်းမူမြို့နယ်အထိ ကျယ်ဝန်းကြောင်း ထပ်မံတွေ့ရှိရသည်။ တွေ့ရှိပုံမှာ မြင်းမူမြို့နယ် မလဲရွာအပိုင် ဦးနှောင်းကုန်းမှ ပျူစာပါရှိသော ငွေဖလား၊ နဂါးခေါင်းသဏ္ဌာန်အကြွထုလုပ်ထားသော လက်ကျပ်၊ လက်စွပ်နှင့် လက်ဝတ်ရတနာများကို တွေ့ရသောကြောင့်ပင် ဖြစ်သည်။ ထို့အပြင် ယင်းမြို့နယ် ပဲကူရွာမှလည်း ပျူအရိုး အိုးများ တွေ့ရှိရကြောင်းသတင်းတစ်ရပ် ထပ်မံရရှိထားသေးသည်။

အချုပ်ဆိုရသော် ဟန်လင်းပျူယဉ်ကျေးမှု ပျံ့နှံ့ရာ အကျယ်အဝန်းသည် အရှေ့ကိုလားသော် ဧရာဝတီ မြစ်ကို ကျော်၍ စဉ့်ကူး၊ မတ္တရာနယ်အထိ ရောက်ရှိဟန်တူသည်။

အနောက်ကိုလားသော် ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်မြို့နယ်အထိ ရောက်ရှိကြောင်း အဆိုရှိသော်လည်း ရှေးဟောင်းအထောက်အထားများအရ အရာတော်မြို့နယ် အထိ ကျယ်ဝန်းကြောင်း သိသာထင်ရှားသည်။

မြောက်ဘက်နယ်နိမိတ်ဖြစ်သော မုဆိုးခြုံဖို့မ အကြောင်း အသေအချာ မသိရသေးချေ။ တောင်ဘက်တွင်မူ မြင်းမူမြို့နယ်အထိ ကျယ်ဝန်းကြောင်း အထောက်အထားများ တွေ့ရ၏။ ထို့ကြောင့် ဟန်လင်းပျူတို့နယ် အကျယ်အဝန်းကို လက်ရှိမြို့နယ်များဖွဲ့စည်းပုံ အရွယ်အစားနှင့်နှိုင်းယှဉ်လျှင် ဝက်လက်မြို့နယ်တစ်ခုလုံး၊ အရှေ့ဘက်တွင် စဥ့်ကူးမြို့နယ်အတွင်း အနည်းငယ်ရောက်ရှိဟန်တူ၍ အနောက်ဘက်တွင် အရာတော်မြို့နယ်အစပ်၊ တောင်ဘက်တွင် မြင်းမူမြို့နယ်အထိ ကျယ်ဝန်းကြောင်း ထင်ရှားသိသာရကား ဧရိယာအားဖြင့် မြို့နယ် ၃ ခုစာလောက်ရှိမည်ဟု ခန့်မှန်းနိုင်ပေသည်။

(ငွေတာရီမဂ္ဂဇင်း၊ ၂၂၆၊ ၁၉၇၉ခု၊ ဧပြီလ)

## (၂) ဟန်လင်း ရှေးဟောင်းပစ္စည်းများ

ဟန်လင်း ညောင်ကိုးပင်ကျောင်းထိုင်ဆရာတော် ဦးနာဂသည် ရှေးဟောင်းသုတေသန၌ ဝါသနာကြီးလှသော ဆရာတော်တစ်ပါးပင် ဖြစ်သည်။

ဆရာတော်နှင့် သူ၏တပည့်တပန်းများ ရှာဖွေစုဆောင်းပေးမှုဖြင့်ရရှိလာသော ရှေးဟောင်းပစ္စည်းများမှာ ဆရာတော်၏ကျောင်းတွင် အတော်ပင်များပြားလာပြီ ဖြစ်ပေသည်။

၁၉၆၅ခု၊ တတိယအကြိမ်မြောက် ဟန်လင်းမြို့ဟောင်းကွင်းဆင်းတူးဖော်မှုရာသီ မစတင်မီ စာရေးသူနှင့် တူးဖော်မှုအဖွဲ့ဝင်များ ဆရာတော်ဦးနာဂ၏ ညောင်ကိုးပင်ကျောင်းသို့ ပထမဆုံးဆိုက်ရောက်သွားခဲ့ကြ၏။ ယင်းသည့်နောက်တွင် ဆရာတော်သည် စာရေးသူ တူးဖော်လျက်ရှိသော မြို့ဟောင်းနေရာများသို့ နေ့စဉ် ကြွလာလေ့ရှိသည်။

### ကျောက်ခေတ်သစ် လက်နက်ကိရိယာများ

ဆရာတော်နှင့် ရင်းနှီးခဲ့သည်နှင့်အမျှ ဆရာတော်စုဆောင်းထားသည့် ရှေးဟောင်းပစ္စည်းများကို လေ့လာခွင့်ရရှိခဲ့သည်။ စာရေးသူလေ့လာမိသမျှတွင် ကျောက်ခေတ်သစ်ဆိုင်ရာပဲခွပ်၊ ပုဆိန်နှင့် ကျောက်ပြားကွင်းများမှာ ရှေးအကျဆုံးသော ရှေးဟောင်းပစ္စည်းများပင် ဖြစ်ကြပေသည်။

ကျောက်လက်နက်များကိုလေ့လာသောအခါ ယင်းတို့မှာ လွန်စွာ သပ်ရပ်ကောင်းမွန်တိကျသော အသွင်သဏ္ဍာန်နှင့် အရောင်တင်ထားခြင်းခံရကြောင်း တွေ့မြင်ရသည်။ ကျောက်ပြား ကွင်းများတွင် အဝိုင်း၊ တြိဂံနှင့်ဘဲဥ ပုံသဏ္ဍာန် ရှိသည်ကို မြင်ရ၏။ ယင်းတို့ကို မည်သို့မည်ပုံ အသုံးပြုခဲ့သည် ဆိုသော အချက်နှင့် စပ်လျဉ်း၍မူ ယနေ့တိုင် တိကျသောအဖြေ မရရှိသေးပေ။

ကျောက်ပြားကွင်းနှင့်ပတ်သက်၍ မြန်မာပြည်တွင်

တွေ့ရသော ကျောက်ပြားကွင်းများအကြောင်း လေ့လာခဲ့ဖူးသည့် ဒေါက်တာ တီအို-မောရစ်က ယင်းတို့သည် ကျောက်ခေတ်သစ် အထက်ပိုင်းဆိုင်ရာ ဖြတ်တောက်လက်နက်များကို အချောသွေးရာ၌ ကျောက်သွေးစက်ဘီးဝိုင်းအဖြစ် သုံးစွဲခဲ့သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ဖူးသည်။

သို့သော် ကျောက်ပြားကွင်းများမှာ အဝိုင်းပုံသဏ္ဌာန်ရှိရုံမက လေးထောင့်၊ သုံးထောင့်၊ ဘဲဥပုံနှင့်အတက်များပါသော ကျောက်ပြားကွင်းများလည်း ရှိကြပေသေးရာ အဝိုင်းကို ကျောက်သွေးစက်ဘီးအဖြစ် သုံးနိုင်မည် ဖြစ်သော်လည်း သုံးထောင့်၊ လေးထောင့်နှင့် အတက်ပါသော ကျောက်ပြားကွင်းတို့ကိုမူ ဘီးသဖွယ် အသုံးပြု၍ရမည် မဟုတ်ချေ။ ထို့အပြင် အချို့သော ကျောက်ကွင်းများမှာ ထူထဲသိပ်သည်းပြီး လေးပင်လှသည်။ ယင်း လေးပင်သော ကျောက်ကွင်းအချို့ကို ပြဒါးလင်းဂူမှလည်း တူးဖော်ရရှိခဲ့ဖူးကြသည်။

စာရေးသူ၏ ဆရာတစ်ဆူဖြစ်သော ထင်ရှားသည့် အိန္ဒိယရှေးဟောင်းသုတေသနပညာရှင်ကြီး ဒေါက်တာ အိပ်(ခ်)ဒီဆန်ကလိယကမူ ကျောက်ပြားကွင်းကို သမိုင်းဦး ဘုံမြေခေတ် စူးထိုးစိုက်ပျိုးရာ၌ စူးတံဖိအဖြစ် သုံးစွဲခဲ့သည်ဟု ၄င်းရေးသားသော ကျောက်ခေတ်လက်နက်များ ပြုလုပ်ရေးကျမ်းတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးထားသည်။ ထို့ကြောင့် ကျောက်ပြားကွင်းကိုကြည့်ခြင်းဖြင့် သမိုင်းဦးဘုံမြေခေတ်က ထွန်ယက်စိုက်ပျိုးမှုအကြောင်း သိရှိသဘောပေါက်နိုင်သည်ဟု



ဆက်လက် မှတ်ချက်ချလေသည်။

ဆန်ကလိယ၏အယူအဆနှင့် တစ်ထပ်တည်း ကျလောက်သော အယူအဆတစ်ရပ်ကို ကမ္ဘာကျော် ဆိုဗီယက်ရှေးဟောင်းသုတေသနပညာရှင်ကြီး ဒေါက်တာအက်စ်၊ အေဆေမီနော့(ဗ်)ကလည်း စာရေးသူနှင့်၁၉၇၄ခုနှစ် လီနင်ဂရက်မြို့တွင် တွေ့ဆုံရာ၌ ထုတ်ဖော်ပြောဆိုဖူးသည်။ ရှေးခေတ် ရုရှားနိုင်ငံတွင် ကျောက်ပြားကွင်းများကို ငါးဖမ်းရာ၌ ပိုက်ကွန် တွင် အလေးအဖြစ် ချိတ်ဆွဲခဲ့ကြသည်ဟု ဆေမီနော့(ဗ်)က ဆိုသည်။

ဆန်ကလိယနှင့် ဆေမီနော့(ဗ်)တို့ နှစ်ဦးစလုံးပင် သူ့တိုင်းပြည် သူ့ယဉ်ကျေးမှု စည်းဘောင်အတွင်း မှန်ကန်ကြမည်ဟု ယူဆရသော်လည်း အတက်ပါသော ကျောက်ပြားကွင်းကိုမူ ယင်းပညာရှင်ကြီး ၂ ဦးတို့ကိုယ်တိုင် တွေ့ကြုံခဲ့ကြဖူးဟန်မတူချေ။ စာရေးသူ လက်လှမ်းမီသလောက်လည်း အတက်ပါသော ကျောက်ပြားကွင်းကို အရှေ့တောင်အာရှတွင် မတွေ့ရဖူးသေးပေ။

ယခု ဆရာတော်ဦးနာဂ၏ ယာန်လင်း ညောင်ကိုးပင်ကျောင်းတွင် တစ်ခု၊ အမရပူရတွင် သီတင်းသုံးသူ ဦးပညာထံတွင် တစ်ခု၊ လက်ပံခြေပေါ် ကျောက်ခေတ်သစ်တူးဖော်မှုကို စာရေးသူခေါင်းရွက်စဉ်က အတက်နှစ်တက်ပါသော ကျောက်ပြားကွင်းတစ်ခုတို့ကိုမူ ရရှိနိုင်ခဲ့ကြပြီ ဖြစ်၏။ ယင်းတို့ အားလုံးတို့မှာ သပ်ရပ်လှပ၍ အရောင်တင်ထားပြီး ဖြစ်ကြသည်။

ဦးနာဂနှင့်ဦးပညာတို့၏ ကျောက်ပြားကွင်းများတွင် အတက် ၉ တက်စီ အသီးသီးရှိကြသည်။ ပေါ့ပါး၍ကြွကြွ ခံနိုင်စွမ်းမရှိသော ယင်းကျောက်ပြားကွင်းတို့ကို စူးတံဖိနှင့် ပိုက်ကွန်အလေးအဖြစ် သုံးစွဲ၍ ရနိုင်ကောင်းစရာမရှိချေ။ ထို့ကြောင့် အတက်ပါသော ကျောက်ပြားကွင်းများမှာ ရှားပါး အဖိုးတန်ရုံမျှမက ယင်းတို့ကို မည်ပုံသုံးစွဲခဲ့ကြောင်း တိကျသည့် အဖြေလည်း ပေါ်ထွက်မလာသေးချေ။

သို့သော် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သမိုင်း ပါမောက္ခဒေါက်တာသန်းထွန်းကမူ ကျောက်ပြားကွင်းများ အထူးသဖြင့် အတက်ပါသော ကျောက်ပြားကွင်းကို သမိုင်းဦး ဘုံမြေခေတ်၊ နေကိုးကွယ်မှုနှင့်ပတ်သက်သော ပစ္စည်းဟု ထင်မြင်ကြောင်း စာရေးသူအား ပြောဆိုရှင်းပြဖူးသည်။ နောက်ထပ် တိကျသောအနက်အဓိပ္ပာယ် မဖွင့်ဆိုနိုင်သေးမချင်း အထက်ပါ ကျောက်ပြားကွင်းနှင့်စပ်လျဉ်း၍ ဒေါက်တာသန်းထွန်း၏ အယူအဆကိုသာ လက်ခံထားရပေဦးမည်။

## ပျူဒင်္ဂါး၊ တံဆိပ်တုံးနှင့် ပုတီးစေ့များ

ဆရာတော်ဦးနာဂ၏ ရှေးဟောင်းပစ္စည်းများတွင် ပျူငွေဒင်္ဂါးများမှာ အရေးပါလှပေသည်။ ကနဦးတွင် ဒင်္ဂါးများ၌ ပါရှိသော အမှတ်လက္ခဏာများကို အကြောင်းပြု၍ ယင်းတို့ကို ရှေးခေတ်များက ဘာသာရေးဆိုင်ရာ အဆောင်အယောင် သဘောမျိုး သုံးစွဲခဲ့သည်ဟု ပညာရှင်အချို့က ဆိုမိန့်ကြသည်။



သို့သော် နောက်ပိုင်းအထောက်အထားများအရ အရှေ့တောင်အာရှတစ်ခွင်တွင် ပျူဒင်္ဂါးနှင့်အလားတူသော ငွေဒင်္ဂါးများကို ကမ်ပူချားနိုင်ငံအောက် အီယိုမြို့ဟောင်း၊ ရှေးခေတ်ဒွါရာဝတီနိုင်ငံ မွန်မြို့တော်များနှင့် ရခိုင်ပြည်နယ် ဓညဝတီနှင့် ဝေသာလီမြို့များအထိ ကျယ်ပြန့်စွာ တွေ့ရှိလာကြရသည်။ ယင်းတွေ့ရှိချက်များကို အကြောင်းပြု၍ အရှေ့တောင်အာရှတစ်ခွင်တွင် မြို့ပြနိုင်ငံများ ထူထောင်လာနိုင်သော ခရစ် ရာစုအစောပိုင်းကာလသို့ရောက်မှသာ ဒင်္ဂါးကို အသုံးပြုလာသည့်သဘော၊ အထက်ပါ မြို့ပြနိုင်ငံအချင်းချင်း ကူးသန်း ရောင်းဝယ်မှုဖြစ်ပေါ်လာမှ ဒင်္ဂါးသုံး ငွေကြေးစနစ် ပေါ်ပေါက်လာပုံသဘောတို့ကို သုတေသနပြုလုပ်တွေ့ရှိလာကြရပေသည်။ ထို့ကြောင့် ယင်းဒင်္ဂါးများကို ချိန်တွယ်စာတ်ခွဲကြည့်ရာတွင် စစ်မှန်သောငွေသတ္တုဖြင့် ပြုလုပ်သည့်အချက်၊ စံနှုန်း ကိုက် အလေးချိန်ဖြင့် သွန်းခတ်ပြုလုပ်သည့်အချက်၊ ယင်း စံနှုန်းမှာလည်း အိန္ဒိယပြည်တောင်ဘက်ပိုင်းမှတစ်ဆင့် ရောမ နိုင်ငံသုံး စံနှုန်းများနှင့် နီးစပ်ဖက်သွယ်နေသည့်အချက်များကို တွေ့ရှိလာကြပေသည်။ ယခု ဦးနာဂကျောင်းတွင် စုဆောင်းသိမ်းဆည်းထားသော ပျူဒင်္ဂါးများမှာလည်း မျက်နှာဘက်တွင် ဘဒ္ဒပီဌနှင့် ကျောဘက်တွင် သိရိဝစ္ဆပုံများ ခတ်နှိပ်ပါရှိသည့် ပျှမ်းမျှအလေးချိန် ၁၀.၅၊ ၅.၀၅ နှင့် ၂.၇၈ရမ် အသီးသီးရှိသော ပျူဒင်္ဂါးများဖြစ်ကြောင်း တွေ့ကြရပေသည်။

'ယရယေ'ဟု ကမ္ပည်းထိုးထားသော ကျောက်တံဆိပ်တုံးကလေးသည် စိတ်ဝင်စားစရာအကောင်းဆုံး ရှေးဟောင်းပစ္စည်းကလေးအဖြစ် ဆရာတော်၏ ရှေးဟောင်းပစ္စည်းများအလယ်တွင် ထည်ဝါထင်ရှားလျက်ရှိပေသည်။ 'ယရယေ'၏ အနက်ကို မကြံဆနိုင်သေးသော်လည်း ယင်းတွင် ပါရှိသောလက်ရေးလက်သားအရ ခရစ်နှစ် ၅ ရာစုသို့ ခေတ်ခွဲ သတ်မှတ်နိုင်သောကြောင့် ဟန်လင်းယဉ်ကျေးမှု (ခရစ် ၂ ရာစုမှ ၉ ရာစုသို့ ခေတ်ခွဲထားသည်) အတွက် အထောက်အထား ဖြစ်စေသည်။

အချုပ်ဆိုရသော် ဟန်လင်း ညောင်ကိုးပင်ကျောင်း ဆရာတော် အပတ်တကုတ် နှစ်ရှည်လများ စုဆောင်းထားရှိသည့် ရှေးဟောင်းပစ္စည်းများမှာ စိတ်ဝင်စားဖွယ် ကောင်းသည်နှင့် အမျှ ဟန်လင်းခေတ်မှ သမိုင်းဦးဘုံမြေ ကျောက်ခေတ်သစ်ထိအောင် မီးမောင်းထိုးပြနိုင်စွမ်းလည်း ရှိပေသည်။ လက်တွေ့ကွင်းဆင်းတူးဖော်ရာများမှ စုဆောင်းရရှိသော ရှေးဟောင်းပစ္စည်းများနှင့်လည်း ထပ်တူထပ်မျှ တူညီနေကြသောကြောင့် မြေကြီးမှ ဖော်ထုတ်ပေးလာသည့် ရှေးဟောင်း ပစ္စည်းများ၏ တန်ဖိုးမှာ တိုးတက်လာရပေသည်။ 'ယရယေ' တံဆိပ်တုံးက ဟန်လင်းယဉ်ကျေးမှုကို ခေတ်ခွဲရာတွင် ထောက်ကူသမှု ပြသကဲ့သို့ အတက်ပါသော ကျောက်ပြားကွင်းကလည်း ရှားပါးသော ပစ္စည်းဖြစ်နေ၍ သမိုင်းသုတေသနအတွက် တန်ဖိုးကြီးလှသည်ဟု ဆိုလိုက်ချင်ပါသတည်း။

(ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၂၃၀၊ ၁၉၇၉ခု၊ ဩဂုတ်လ)



**ဟန်လင်း မူလထိုးကျောက်စာများ**

(၃) ဟန်လင်း မူလထိုးကျောက်စာများ

သမိုင်းပညာရှင်ကြီးများ မိန့်မှာထားကြသည့်အတိုင်း ဒေသတစ်ခု၏ သမိုင်းကိုလေ့လာရာတွင် လေ့လာလိုသော ခေတ်ကာလနှင့်အပြိုင် ရေးထိုး မှတ်တမ်းတင်ထားသည့် ခေတ်ပြိုင်မှတ်တမ်းများသည် အားအကိုးရဆုံးပင် ဖြစ်သည်။ ဟန်လင်းမြို့ဟောင်းအကြောင်း ဖော်ထုတ်လေ့လာကြရာ တွင်လည်း သက်ဆိုင်ရာပျူခေတ်တွင် ရေးထိုးခဲ့သည့် ပျူ ကျောက်စာများသည် အားအကိုးရဆုံးပင် ဖြစ်ပေမည်။ သို့သော် ယနေ့တိုင် ပျူစာကို မဖတ်နိုင်ကြသေးသဖြင့် ဟန်လင်း ပျူ ကျောက်စာများ ရှိပင်ရှိလင့်ကစား ဆက်လက်ကြိုးပမ်းကြရဦးမည့် အခြေအနေမျိုးပင်ဖြစ်သည်။

ဟန်လင်းမြို့ဟောင်းသည် ပျူခေတ်ကို ဖြတ်သန်းပြီးသည့်နောက် လူနေဆိတ်သုဉ်းခြင်း အလျှင်းမရှိခဲ့ချေ။ ပုဂံခေတ်အခါသမယက ဟန်လင်းသို့ ပုဂံသားများ အရောက်အပေါက်ရှိခဲ့ကြကြောင်း သမိုင်းနှင့် ကျောက်စာ အထောက်အထားများရှိကြသည်။ ယင်းသို့ ပုဂံခေတ်နှင့်ဆိုင်သော ကျောက်စာများ အနက် ဖတ်ရသမျှ အချို့သော ကျောက်စာများ အကြောင်းကို ရှေးဟောင်းသုတေသန အထောက်အထားများအဖြစ် ဤဆောင်းပါးတွင် တင်ပြလိုက်ပါသည်။

ပုဂံခေတ်မူလထိုးကျောက်စာများ

ဟန်လင်းကျောက်စာရုံ ကျောက်တိုင်အမှတ်၃ သည်

သက္ကရာဇ် ၅၇၉ ခုနှစ်တွင် ရေးထိုးသောကျောက်စာ တစ်ချပ် ဖြစ်သည်။ ယင်းကျောက်စာကို ရွှေဘို-ကျောက်မြောင်း မော်တော်ကားလမ်း ကြိုးကြာရွာ၏ အရှေ့တောင်ထောင့် ရွှေသိမ်တော်ဘုရားတွင် မူလကတွေ့ရှိ၍ ယခု ဟန်လင်း ကျောက်စာရုံသို့ ရွှေ့ပြောင်းစိုက်ထူထားရှိသည်။ ကျောက်စာ တွင်ဖတ်၍ရသမျှ စာ ၁၉ ကြောင်းပါရှိ၏။ ကျောက်စာပါ အကြောင်းအရာသည် သက္ကရာဇ် ၅၇၉ ခု၊ ဇေယျနှစ်၊ တပို့တွဲလဆန်း ၆ ရက် အင်္ဂါနေ့တွင်၊ သူကြွယ် ငမျိုးသင်၊ ငလုံးသင်၊ ငတာရားသင်၊ ငအိပ်၊ ငအို့ပင်စသော ကြေးရတတ် တစ်စုသည် ကျေးလက်မြေ အရှုပ်အရှင်း ကိစ္စတစ်ရပ်နှင့် စပ်လျဉ်းပြီး သတ်ဆိုင်ရာတွင် တရားဆိုင်ကြရသည့် အကြောင်း၊ သက်သေများကိုစစ်မေးသည့်အကြောင်း စသော အချက်များ ပင် ဖြစ်ကြသည်။

## ပစ္စည်းပေးဆပ် ကျောက်စာ

ဟန်လင်းကျောက်စာရုံ ကျောက်စာတိုင်အမှတ် ၂၀ သည် သက္ကရာဇ် ၅၈၈ ခု၊ ဖုသ်နှစ်၊ တပို့တွဲလပြည့်၊ ဗုဒ္ဓဟူးနေ့ ရက်စွဲရေးထိုးထားသော သန်လိုင်သူကြွယ် ငမာသင် ကျောက် စာ ဖြစ်သည်။ ယင်းကို ဟန်လင်းရွာ၊ ရေပူကုန်းရပ် မြောက် ဘက်၊ တိုက်သစ်ကျောင်းတိုက်အတွင်းရှိ စေတီပျက် တစ်ဆူ၏ ဌာပနာတိုက်ဖုံး ကျောက်ပြားအဖြစ် တွေ့ရှိခဲ့ကြရသည်။ ကျောက်စာတွင် စာ ၁၄ ကြောင်း ဖတ်ရှုရပေသည်။ ကျောက်စာ



ပါ အကြောင်းအရာသည် သန်လိုင် ငတုံလုလင်နှင့် ခင်တုံတို့က ကြေးကုပ်ဆိုသူကို ဥစ္စာပစ္စည်း ပေးဆပ်သည့် အကြောင်း သက်သေများအဖြစ် သန်လိုင်သူကြွယ် ငမာသင်နှင့် ယင်း၏ မိခင် ငမာသင်၏ညီတော်သူ ငသိမ်ငယ်စသည့်သူများ သိကြ သည့် အကြောင်း ဖြစ်သည်။

## လှူဒါန်းခြင်းကျောက်စာ

တတိယကျောက်စာသည် ဟန်လင်း ကျောက်စာရုံတွင် ပင်ရှိ၍ အမှတ် ၁၈ အဖြစ် မှတ်သားစိုက်ထူ ထားရှိသည်။ ယင်းကျောက်စာတွင် သက္ကရာဇ် ၅၁၅ ခု၊ တပေါင်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့ဟု ရက်စွဲရေးထိုးထားရှိ၏။ ဤ ကျောက်စာကို ဝက်လက်မြို့နယ်၊ ကျည်းကန်ဆုတောင်းပြည့် ဘုရားဝင်းအတွင်း၌ စတင်တွေ့ရှိ၏။ ကျောက်စာပါ ဖတ်ရသမျှ စာကြောင်းရေသည် စုစုပေါင်း ၁၉ ကြောင်း ဖြစ်သော်လည်း အချို့ဖတ်မရသော စကားလုံးများ အတော်များများ ရှိနေသည့် အတွက် ဘုရားသို့ ဆွမ်းဝတ်၊ ပန်းဝတ်များ ပြုလုပ်ဆောင်ရွက် ပေးရန် ကျွန်လှူဒါန်းသည့်အကြောင်း ရေးထိုးထားသည်ဟုသာ ခန့်မှန်းရပါသည်။

သက္ကရာဇ် ၆၆၂ ခု၊ သတင်းကျွတ်လပြည့်နေ့ဟု ရက်စွဲ ရေးထိုးထားသော သူကြွယ် တက်မစီသင် မယား၏ အလှူကို မှတ်တမ်းတင်သည့်ကျောက်စာကို ဟန်လင်းရွာတောင်ဘက် မှတ်ထိရွာ ရွှေသိမ်တော်ဘုရားမှ ရရှိခဲ့သည်။ ဟန်လင်း

ကျောက်စာရုံတွင် ကျောက်စာတိုင်အမှတ် ၂ အဖြစ် စိုက်ထူထားရှိ၏။ ကျောက်စာတွင် စာကြောင်းရေ ကိုးကြောင်းပါရှိသော်လည်း စကားပိုဒ်များ ပြည့်စုံအောင်ဖတ်မရသဖြင့် မည်သည့် လှူဖွယ်ပစ္စည်းများ ပေးလှူကြောင်း အတိအကျ မသိရချေ။

## ကျွန်လှူကျောက်စာ

အမည်မသိ ကျောက်စာတစ်ချပ်ကို ဟန်လင်းရွှေဂူကြီး ဘုရားတံတိုင်းအတွင်းမှ ၁၉၃၁ ခုနှစ်က ရရှိခဲ့သည်။ ယင်းကို ဟန်လင်းကျောက်စာရုံတွင် ကျောက်တိုင်အမှတ် ၁၀ အဖြစ် မှတ်သားစိုက်ထူထားရှိ၏။

ကျောက်စာတွင် စာကြောင်းရေ ၁၀ ပါရှိသည်။ ယင်းတွင် အမည်မသိသူ ကုသိုလ်ရှင်တစ်ဦးက ငမန်သင်နှင့်သူ့ မယား၊ သားသမီးတို့ကို ကမ္ဘာချဉ်းအောင် ဘုရားကျွန်ခံကြစေဟု ရည်ညွှန်းလှူဒါန်းသည့်အကြောင်း ရေးထိုးထားပေသည်။ သူ၏အလှူကိုထိပါးဖျက်ဆီးသူများသည် အဝီစိငရဲ၌ ကျက်စေရန်၊ ပစ္စုပ္ပန်တွင်လည်း မစားရ၊ မသောက်ရဘဲ ငတ်သော ပြိတ္တာဖြစ်စေရန် ကျိန်စာရေးထိုးထားသည်။ ဤ ကျောက်စာ၏ ထူးခြားချက်သည် စာကြောင်း ၂ပါ ဟံသာဝတီမတ်ဖုရား ဆိုသော စကားစုပင် ဖြစ်၏။ ရှေးက ဟန်လင်းကို ဟံသာ နာဂရဟု ခေါ်ခဲ့သည်။ ဤအချက်ကို ပုဂံခေတ်ကလည်း အထက်ပါအတိုင်း ဟံသာဝတီဟု အသိအမှတ်ပြုခဲ့ကြောင်း



ထင်ရှား၏။

## ရွှေဂူသာ ကျောက်စာ

ပုဂံခေတ်နောက်ပိုင်းနှင့်ဆိုင်သော ကျောက်စာ နှစ်ချပ်ကို ဆက်လက်တင်ပြပါမည်။ ကျောက်စာ နှစ်ချပ်အနက် တစ်ချပ်သည် ရွှေဂူသာဘုရားကျောက်စာဖြစ်သည်။ ယင်းကို ဟန်လင်းရွာအနောက်တောင်ဘက်၊ ငှက်ပျောတောရွာအရှေ့ ရွှေဂူသာဘုရား၌ တွေ့ရှိရ၍ ယခု ဟန်လင်း ကျောက်စာရုံတွင် ကျောက်တိုင်အမှတ် ၆ အဖြစ် ပြောင်းရွှေ့စိုက်ထူထားရှိသည်။ ယင်းရွှေဂူသာဘုရားကျောက်စာတွင် ကြောင်းရေ ၁၈ ကြောင်း ပါရှိ၍ ဖတ်ရှုရသမျှတွင် အတော်အတန် ပြည့်စုံသော ကျောက်စာ ဖြစ်သည်။

ရွှေဂူသာဘုရားကျောက်စာတွင် သက္ကရာဇ် ၇၀၂ ခု၊ အာသတ်နှစ် နယုန်လဆန်း ၂ ရက်နေ့ဟု နေ့စွဲရေးထိုး ပါရှိသည်။ ကျောက်စာပါအကြောင်းအရာမှာ ကြောင်းရေ ၂ အရ၊ ဂူဒါယကာ အတင်္ဂဖရစ်သည် ဂူဘုရားအား ငရောက်ပုံ သားအဖ၊ နွား ၃ကောင်၊ သံဘုတ်လယ်စသောလှူဖွယ်သက်ရှိ သက်မဲ့များ လှူဒါန်းသည့်အကြောင်း ရေးထိုးထားရှိ၏။

ဤကျောက်စာ၏ထူးခြားချက်သည် ဟန်လင်း ပတ်ဝန်းကျင်၌ ပုဂံခေတ်နောက်ပိုင်းအခါက ဂူပုထိုးများ ရှိခဲ့ဖူးကြောင်း ပြဆိုနေခြင်းပင် ဖြစ်သည်။ သို့သော် မျက်မှောက်ခေတ် စာရေးသူနှင့်တူးဖော်မှုအဖွဲ့ဝင်များ ဟန်လင်း၌ ကွင်းဆင်း လုပ်ငန်း

ဆောင်ရွက်ခဲ့ကြစဉ်က ပုဂံခေတ်နှင့်ဆိုင်သည်ဟု ပြောဆိုနိုင်စရာ ဂူပုထိုး တစ်ဆူမှ မဖူးတွေ့ခဲ့ကြရချေ။ ဤသို့ မဖူးရသည်မှာလည်း စင်စစ်မဆန်းလှ။ ဟန်လင်းပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများကို ပြင်ဆင်ကြရာ၌ မူလကုလားကျောင်းခံ၊ လေးဖက်လိုဏ်နှင့်ရှိသော ဂူပုထိုးတို့ကို စေတီလုံးအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ကြောင်း ရှေးဟောင်းပုရပိုက်မှတ်တမ်းများ တွေ့ရှိရသည့်အပြင် သုတေသီ ဟန်လင်းဆရာတော် ဦးနာဂကလည်း ဤအကြောင်းကို စာရေးသူအားမကြာခဏ မိန့်ကြားခဲ့ဖူးသည်။

## ရှင်ပန်းနော ကျောက်စာ

နောက်ဆုံးတင်ပြလိုသော ကျောက်စာသည် ရှင်ပန်းနောဘုရား ကျောက်စာဖြစ်သည်။ ယင်းကို သက္ကရာဇ် ၄၄၀ ဟု ရေးထိုးထားသော်လည်း ကျောက်စာပါ လက်ရေးလက်သားများအရ သက္ကရာဇ် ၇၀၀ ကျော်သို့ ခန့်မှန်း ခုနှစ်ခွဲခြားထားပါသည်။ ကျောက်စာတွင် စည်သူမင်းကြီး၏ အမတ်တစ်ဦးဖြစ်သူ ဟန်လင်းမင် သမန္တဘတြာသည် သဒ္ဓါပေါက်၍ ဂူကြီးလေးဖက်မျက်နှာတစ်လုံး၊ စေတီလှတစ်လုံး၊ အုတ်ပြာသာဒ်လေးမျက်နှာတစ်လုံး၊ ကုလားကျောင်းကြီး တစ်လုံးတို့ကိုတည်ခဲ့သည့်အကြောင်းများကို ဘုရားအား ဝတ်မိုးဝတ်မြေများလှူဒါန်းသည့်အကြောင်းများ ရေးထိုးထားခြင်းဖြစ်သည်။

ဤကျောက်စာအရလည်း ပုဂံခေတ်လွန်ကာလက



ဂူပုထိုးများကို ဟန်လင်းပတ်ဝန်းကျင်တွင် ပုဂံခေတ်လက်ရာ ဂူပုထိုးများကို ကုသိုလ်ရှင်တို့ ဆက်လက်ဆောက်လုပ်လှူဒါန်းကြသည့်အကြောင်း ထပ်လောင်းသိရှိကြရသည်။

## ခေတ်ကိုမှတ်တမ်းတင်

ဟန်လင်းရွာနှင့်ပတ်ဝန်းကျင်တွင်တွေ့ရှိရသော မူလ ထိုးကျောက်စာများသည် မြေ အရှုပ်အရှင်းပြဿနာကို ဖော်ထုတ်မှုဥစ္စာပစ္စည်း ယူငင်ပေးဆပ်သည့်အမှုကိစ္စ၊ ဘုရားစေတီတို့၌ဆွမ်းဝတ်ပန်းဝတ်များ မပြတ်စိမ့်သောငှာ ကျေးကျွန်များလှူဒါန်းသည့် အကြောင်းအရာနှင့် ဘုရားတည်၊ ကျောင်းဆောက်သည့် အလှူဒါနများအကြောင်း မှတ်တမ်းတင် ထားရှိခြင်းပင် ဖြစ်သည်။

ဤသို့ လှူဒါန်းပေးကမ်းကြရာ၌ သာသနိက အဆောက်အအုံများ ဆောက်လုပ်ရာတွင် ပုဂံခေတ် ဗိသုကာ အစဉ်အလာတစ်ရပ်ဖြစ်သော ဂူပုထိုးများ တည်သည့်အကြောင်း၊ ကုလားကျောင်းများ ဆောက်သည့်အကြောင်းနှင့် စေတီလှ ခေါ် အင်္ဂတေ ပန်းကြွပန်းလှများနှင့် မွမ်းမံထားအပ်သော မြေစိုက်ထူပါတည်ထားကိုးကွယ်သည့် အကြောင်းတို့ကို ဆက်လက်သိရှိရသည်။

ဟန်လင်းမြေပေါ်တွင် ကွယ်ပျောက်နေကြပြီဖြစ်သော ဂူပုထိုးများအကြောင်းကို ယခု ကျောက်စာများ၌ ပြန်လည်တွေ့ရှိရခြင်းသည် ရှေးဟောင်းသုတေသန ကွင်းဆင်းလုပ်ငန်းအတွက် ကြီးမားသောအကျိုးတစ်ရပ်ကို ရရှိစေပေ၏။

ထို့ကြောင့် ဟန်လင်းမြို့ဟောင်းကို စာရေးသူတူးဖော်ရာ၌ မြို့၏ အရှေ့တောင်ထောင့် မြို့ရိုးအပြင်ဘက်အနီးတွင် တူးဖော် တွေ့ရှိရသော အမှတ် ၁၉ ကုန်းမှ အဆောက်အအုံကို ပုဂံခေတ် လယ်နှင့် သက်ဆိုင်သော ရှေးဟောင်းဘုန်းကြီးကျောင်း(ဝါ) ကုလားကျောင်းတစ်ခု၏ အကြွင်းအကျန်များဟု ဖော်ထုတ် ဖွင့်ဆိုနိုင်ခဲ့ခြင်းပင် ဖြစ်ပေသတည်း။

(လမ်းစဉ်သတင်း၊ တွဲ-၁၅-မှတ် ၁၊ ၁-၁-၇၉)

## (၄) ဟန်လင်း ရွှေသိမ်တော်မော်ကွန်းကျောက်စာ

ဟန်လင်းရွာ၊ ရေပူကုန်းရပ် မြောက်ဘက် ၂ ဖာလုံခန့် အကွာ မြောက်ရွှေသိမ်တော်ဘုရား၏ အရှေ့ဘက်ကပ်လျက် ဂူနှင့်တည်ရှိသော ကျောက်စာသည် ကျောက်စာသစ် တစ်ချပ် ဖြစ်သည်။ ယင်းတွင်ရေးထိုးထားရှိသော အကြောင်းအရာ များသည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းအတွက် အလွန် အရေးပါသော အချက်အလက်များဖြစ်ကြောင်း တွေ့ရ၏။

ကျောက်စာတွင် စာကြောင်းရေ ၁၀ ကြောင်း ဖတ်ရှုရ၍ သာသနာတော်နှစ် ၂၂၇၀၊ ကောဇာသက္ကရာဇ် ၁၀၉၀ ခုတွင် ရေးထိုးကြောင်း၊ ကျောက်စာကြောင်းရေ(၁-၃)တို့တွင် ဖော်ပြထားရှိသည်။ ထို့အပြင် ကြောင်းရေ(၄-၅) နှင့်(၆)တို့တွင်- " သုဏ္ဏာပရန္တနှင့် တမ္ပဒီပတည်းဟူသော တိုင်းကြီး နှစ်တိုင်း တို့တည်ရာ ရတနာပူရ အဝပြည်ကြီးကို စိုးအုပ်စံစတော်မူသော လောကသရဘူ၊ လေးကျွန်မန်အောင်ဘုရား ဒါယကာ ရေမြေ



ရှင်မဟာဓမ္မရာဇ်လက်ထက်"ဆိုသောစကားများအရ အင်းဝ ခေတ် တနင်္ဂနွေမင်းလက်ထက် ရေးထိုးထားသော ကျောက်စာ ဖြစ်ကြောင်း သိရှိရသည်။

ကျောက်စာအကျဉ်းရာ

(၁) သံဇယတု၊ သုံးလူထွတ်သိခင်၊ အရှင်ဘုရား သာသနာတော်နှစ်

(၂) ထောင်နှစ်ရာ ၇ဆယ်နှစ်၊ သကြဇ်တထောင် ကိုဆယ်၊ တပေါင်လ

(၃) ပြည့်ကျော်ရှစ်ရက် တနင်္လာနေ့၊ သုဏ္ဏာပရန္တ တမ္ပဒီပတဉ်ဟူသေါ

(၄) တိုင်ကြီးနှစ်တိုင်တို၏ တဉ်ရာရတနာပူရ အဝ ပြည်ကြီးကို စိုအုပ်

(၅) စံစတော်မူသော လောကသရဘူ၊ လေကျွန် မန်အောင်ဘုရားဒါယ

(၆) ကာရေမြေရှင်မဟာဓမ္မရဇ်လက်ထက်၊ အာစရိယ ပရံပရအရာအဆ

(၇) က်ဆက်တို့မှ ဖြစ်၍သိသော နုသိသောတိုင်အောင် နတ္တိဗလ ဗ

(၈) ဟုသုတတိုဖြင် ထင်ရှားမြတ်ကုန်သော သိမဝိပတ္တိ၊ သိမသမ္ပတ္တိတို့

(၉) ဦလိမ္မာကုန်သော တိစီဝရိတ်တုံ အရှင်ဘုရား ဂုဏ်သယ်ာအပေါ်င်တိုသည်သာ

(၁၀) သနာတော်အရှဉ်တဉ်စိမ်သောငှာ ဟန်လင်မြို့
သမုတ်တော်မူ(သည်)။

အင်းဝခေတ် တနင်္ဂနွေမင်းလက်ထက် အရှုံဂိုဏ်း
အတုံဂိုဏ်းဟူ၍ သင်္ဃာတော်များအတွင်း နှစ်ဂိုဏ်း ရှိ
ကြသည့်အနက် တုံဂိုဏ်းသင်္ဃာတော်များ ဟန်လင်းမြို့ ပတ်ဝ
ကျင်တွင် သာသနာတော်ပြုသွားခဲ့ကြောင်း ပြသရန် အထက်
ကျောက်စာသည် အထောက်အထားကောင်း တစ်ရပ်ပင်ဖြ
သည်။ ဤအချက်ကို အောက်ပါ သာသနာတော်သမိုင်း နောက်
ကားချပ်ဖြင့် လေ့လာကြည့်ရှုနိုင်ပေသည်။

## အင်းဝခေတ် ရုံဂိုဏ်း၊ တုံဂိုဏ်း သင်္ဃာတော်များ

ရန်ကုန်မြို့ဟံသာဝတီတိုက်တွင် ၁၉၅၆ခုနှစ်၌ ပုံနှိပ်
သော ဘကြီးတော်ဘုရားလက်ထက်အမတ်ကြီးမဟာ ဓမ္မသင်္ကြ
၏ သာသနာလင်္ကာရစာတမ်းစာမျက်နှာ (၁၈၀-၉၂)ပါ အတင်
ဂိုဏ်း(ဝါ)တုံဂိုဏ်း၊ ရုံဂိုဏ်းများအကြောင်း ရေးသား ဖော်ပြချက်
များကို ဒေါက်တာမေဘယ်လ်ဘုတ်၏ မြန်မာ့နိုင်ငံ ပါဠိစာပေ
ကုန်းဘောင်ဆက်ရာဇဝင် ပထမတွဲတို့ဖြင့် ညှိနှိုင်း လေ့လာပြီး
နောက် အောက်ပါအတိုင်း ရေးသားတင်ပြပါသည်။

အင်းဝခေတ် သက္ကရာဇ် ၁၀၆၀ တွင်နန်းတက်သော
စနေမင်းလက်ထက် အနောက်ဘက်တုံရွာကျောင်း ရှင်ဂုဏာ
ဘိ လင်္ကာရကစ၍ တုံဂိုဏ်း(ဝါ)အတင်ဂိုဏ်းကို တည်ထောင်
ကြောင်း သိရသည်။ အတင်ဂိုဏ်းသည် သာမဏေတို့ ရွာဝင်



ရွာသွား တဘက်လက်ကန်တော့တင်စေ၍ ဦးထုပ်တရဘတ်ကို မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ ဆွဲကိုင် သွားလာစေသော ဂိုဏ်းဖြစ်၍ အတင်ဂိုဏ်းဟုတွင်သည်။ တုံရွာကိုအစွဲပြု၍ ပေါ် လာသော ဂိုဏ်းဖြစ်သောကြောင့်လည်း တုံဂိုဏ်းဟု ခေါ်တွင် ကြသေးသည်။

အရုံဂိုဏ်းမှာမူ တောင်ငူမြို့၊ ရှင်ဗုဒ္ဓကုံရ၊ ရှင်စိတ္တ၊ ရှင်သုနန္ဒစသောသင်္ဃာများ ဦးစီးကြ၏။ အရုံဂိုဏ်းသည် သာမဏေတို့ ရွာဝင်ရွာသွား တဘက်လက်ကန်တော့မတင် စေဘဲ ဦးထုပ်တရဘတ် မဆောင်းမကိုင်စေသော ယပ်ကိုသာ ကိုင်ဆွဲစေသည့် ဂိုဏ်းဖြစ်သည်။ ဤဂိုဏ်းမှ ဦးစီးဦးကိုင် ပုဂ္ဂိုလ်တို့သည် ကျမ်းတက်ကျမ်းရိုးတတ်ကြသည်။

## တနင်္ဂနွေမင်းလက်ထက် တုံဂိုဏ်းသင်္ဃာတော်များ

တနင်္ဂနွေမင်းလက်ထက်တွင် သာမဏေတို့ကို ရွာဝင် ရွာသွား ရုံစေသင့်သည်၊ တင်စေသင့်သည် ဟူ၍ ရုံဂိုဏ်း တုံဂိုဏ်းသင်္ဃာတော်တို့ အချင်းချင်းစကားဖြစ်ကြသည်။ ရှင် ဥက္ကံသမာလာနှင့် အရုံဂိုဏ်းသားရဟန်းတို့က ကျမ်းဂန် အထူး ထူးပြ၍ ရုံစေသင့်ကြောင်းကို ဆိုကြသည်။

တောင်ဘီလူးဆရာတော်နှင့် အတင်ဂိုဏ်းသား သင်္ဃာ တော်တို့က အရုံဆရာတော်တို့ပြသသောကျမ်းဂန်တို့ကို ဖျက်၍ ဆရာစဉ်နှင့်တင်စေသင့်ကြောင်းဆိုကြသည်။

တနင်္ဂနွေမင်းကလည်း မှန်စီ၊ မိုးထိ၊ လက်ကောက်၊

ဗုဒ္ဓကုံရ ဤဂါမဝါသီ ရဟန်းတော်လေးပါးတို့ကို ဝိနည်းဓိုရ် ခုံ
ဆုံးဖြတ်စေသော်လည်း သာသနာလင်္ကာရ ကျမ်းပြုဆရာ အ
အရ ဤပုဂ္ဂိုလ်တို့သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မက
သဖြင့် တုံ၊ ရုံအရေးမှာ မပြေအေးသေးကြောင်း သိရသည်။

ထို့ကြောင့် ဤမင်းလက်ထက် တုံဂိုဏ်းဆရာတော်
သည် ဟန်လင်းမြို့ပတ်ဝန်းကျင်၌ သာသနာပြု သိမ်သမုတ်
ကြခြင်းပင် ဖြစ်ကြောင်း အထက်ပါ ရွှေသိမ်တော်မော်ကွ
ကျောက်စာက သာကေထူလျက်ရှိနေခြင်းပင် ဖြစ်သည်။

ကျောက်စာတွင် ဖော်ပြပါရှိချက်များအရ တုံဂိုဏ်း
သံဃာတော်တို့သည် အာစရိယ ပရံပရဆရာအဆက်ဆက်တို့
ဖြစ်၍ဟူသောစကားရပ်(ကျောက်စာကြောင်း ၇-၈)တို့ဖြ
ဆရာစဉ်ဆက် တဘက်လက်ကန်တော့ တင်စေခဲ့သောဂိုဏ်း
ဖြစ်ကြောင်း ပြဆိုလျက်ရှိသည်။

ဟန်လင်းရွှေသိမ်တော်မော်ကွန်းကျောက်စာနှင့် စပ်လျဉ်း
၍ တင်ပြစရာသည် ဤမျှသာဖြစ်သည်။ သို့သော် တ
သင့်သည်၊ ရုံသင့်သည်ဟူသော ပြဿနာသည် တနင်္ဂနွေမင်း
လက်ထက်တွင် ပြီးပြေခြင်းမရှိခဲ့သဖြင့် ဤဆောင်းပါးတွင်
ပြဿနာ မည်သို့မည်ပုံ ဆုံးခန်းတိုင်ခဲ့ကြောင်း ဆက်လက်
ဖော်ပြခြင်းဖြင့် ကျောက်စာသမိုင်းတန်ဖိုးကို အကဲဖြတ်ရပါမည်။

သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နန်းတက်သော မဟာဓမ္မ
ရာဇာဓိပတိခေါ် ဟံသာဝတီရောက်မင်းတရားလက်ထက်
တွင်လည်း ရုံသင့်မရုံသင့်သည့်ဘက်မှ ကျော်အောင်စံထား



ဆရာတော်အမှူးပြု၍လည်းကောင်း၊ တင်သင့်သည့်ဘက်မှ
ရှင်ပါသံသအမှူးပြု၍လည်းကောင်း တင်သင့်၊ ရုံသင့် ပြဿနာ
ကို ရာဇဝလ္လဘဝိနည်းဓိုရ် အောင်မြေဘုံ စံဆရာတော် ရှေ့
မှောက်တွင် ဖြေရှင်းရန်ကြိုးစားကြသော်လည်း မပြေမလည်
ဖြစ်ကြပြန်သေးသည်။ သို့သော် အင်းဝမင်းဆက် ပျက်သုဉ်းခဲ့
သည့်တိုင်အောင် ဤပြဿနာကို ပြည်ပိုင်မင်းက မဖြေရှင်း
ပေးနိုင်ခဲ့ချေ။

သို့နှင့် ကုန်းဘောင်နန်းဆက်၊ အလောင်းမင်းတရား ကြီး
လက်ထက်တော်သို့ ရောက်ရှိခဲ့ပြန်သည်။ သို့သော် အလောင်း
မင်းတရားလက်ထက်တော်သည် တတိယမြန်မာ နိုင်ငံတော်ကြီး
စုစည်းတည်ဆောက်ရေးများ အရေးကြီး နေချိန်ဖြစ်သဖြင့်
အလောင်းမင်းတရားကြီးကိုယ်တိုင်က-

“ တိုင်းရေးပြည်ရေး ကုန်စေဦး။ သာသနာရေးမှာ
နောက်မှဆွေးနွေးစိစစ်၍ တရားမှန်ရာ ဖြစ်စေရမည်” ဟု
မိန့်ကြားချက်နှင့်အညီ နောက်ထပ် ဖြေရှင်းပေးမည့် အဖြေ
ကိုသာ သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များ စောင့်ဆိုင်း
နေခဲ့ရကြောင်း သာသနာလင်္ကာရကျမ်းပြုဆရာက ဆက်လက်
မှတ်တမ်းတင်ခဲ့သည်။

အလောင်းမင်းတရားကြီးနောက် မြန်မာနိုင်ငံကို
ဆက်လက်မင်းပြုသော နောင်တော်ကြီးမင်းလက်ထက်
တွင်လည်း သံဃာတော်အကြား လိပ်ခဲတည်းတည်းဖြစ်နေသည့်
တင်ရေး၊ ရုံရေးပြဿနာအတွက် အဖြေမှန် မထွက်ခဲ့ပြန်ချေ။

စေဥ္ဇကူးမင်းလက်ထက်တွင် "ရှံသင့်၊ တင်သင့် ဝိနည်းတရားကို နားပါးကျတော်မူ၍ နှစ်ဂိုဏ်းသားတို့ကို ရွှေနန်းတော်တွင် တရားကျမ်းဂန်ပြ၍ ဆိုစေကြလျှင် အတင်ဂိုဏ်းသားတို့ဆိုသောစကားသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်သို့ မသက်မဝင်၊ အရုံဂိုဏ်းသားတို့ဆိုသော စကားသာ ကျမ်းဂန်သို့သက်ဝင်ပေသည်"ဟု စေဥ္ဇကူးမင်းက မိန့်ဆိုတော်မူသည်။ အတင်ဂိုဏ်းသားတို့လည်း သာမဏေများကို ရွာသွားရွာဝင် လက်ကန်တော့တင်စေခြင်းသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန် မရှိပေ။ တစ်ဦးကိုတစ်ဦးက အတုအပ အလေ့အကျက်မျှသာ ဖြစ်ပေသည်ဟု ဝန်ချကြကုန်၏ ဤသို့ဖြင့် စေဥ္ဇကူးမင်း လက်ထက်တွင် အတင်ဂိုဏ်းသင်္ဃာတော်များဘက်မှ အရေးနိမ့်ခဲ့ကြရသည်။ သို့သော် ဤပြဿနာသည် ဤတွင် မရပ်သေးဘဲ ဘိုးတော်ဘုရားလက်ထက်သို့ တိုင်ခဲ့ပြန်သည်။

<u>ပြဿနာ၏နိဂုံး</u>

ဘိုးတော်ဘုရားလက်ထက်တွင် "ယခင်ရှေးက အဝမင်းအဆက်ဆက် မပြီးမပြေနိုင်၊ စေဥ္ဇကူးမင်းလက်ထက် ပြီးပြေသည့်အရာလည်း အတင်ဂိုဏ်းဆရာတို့က ဝန်ချခြင်းသည် နန်းတော်ထက်တွင် မင်းရှေ့စိုးပြင် ဆိုင်ပြိုင်ပြောဆိုကြရ၍ ကြောက်ရွံ့ ခန့်ညားကြသဖြင့် ဝန်ချသည်လည်း ရှိတန်ရာသည်"ဟု ဘိုးတော်မင်းတရားကဆိုမိန့်၍ မိမိရွှေလက်ထက်တွင်



မကြောက်မရွံ့ကြရလေအောင် ပညာရှိစာဆိုတော် တွင်းသင်း မင်းကြီးအား ရှံသင့်၊ တင်သင့်အမှုကိစ္စကို ကျောင်းသင်္ခမ်းများ သို့ စုံစေ့အောင် နေ့ရှည်ရက်များ သွားရောက်ပြီး သင်္ဃာတော် တို့ထံမှ သဘောဆန္ဒရယူစေခဲ့သည်။

အတင်ဂိုဏ်းဆရာတော်တို့ကလည်း သာမဏေများ ရွာသွားရွာဝင် လက်ကန်တော့တင်စေခြင်းသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန် မလာမရှိပေ။ တစ်ဦးကိုတစ်ဦး အတုအပစွဲရှိလျှင် လွဲ၍ကျင့်စေမိသည်သာ ဖြစ်ပါသည်ဟု အညီအညွတ် ဝန်ချကြ၏။

ထိုအခါ မင်းတရားကြီးက "ဆွေးနွေးစိစစ်၍ တရားရှိတိုင်း အမှန်ဖြစ်စိမ့်မည်ဟု ကြံစည်တော်မူသည်ကို နှစ်ဘက်ပြိုင်ဆိုင်၍ အချေအတင် မဆွေးနွေးမစိစစ်ဘဲ ဆရာတော်သင်္ဃာတော်တို့သည် တညီတညွတ် အဖြောင့်အမတ် ဝန်ချဝန်ခံပြုကြလေသည်မှာ ကိုယ့်အမှု ကိုယ်ပင် စီစဉ်သည့်အရာ ဖြစ်တော့သည်။ အထူးစီစဉ်ဖွယ်မရှိပြီ"ဟူ၍ လည်းကောင်း၊ ဆရာတော်သင်္ဃာတော်တို့ ဝန်ချဝန်ခံ ပြုကြသည့်အတိုင်း "ပရိမဏ္ဍလသုပ္ပဋိစ္ဆန္န"ဖြစ်အောင် သာမဏေများကို ရွာသွားရွာဝင် ဝတ်ရုံကြစေ"ဟူ၍လည်းကောင်း အဆုံးအဖြတ် ပေးလိုက်ခြင်းဖြင့် တင်ရေး၊ ရုံရေးပြဿနာသည် ဆုံးခန်းတိုင်ခဲ့ရတော့သည်။

ဤအချက်ကိုပင် တစ်နည်းတစ်ဖုံ ပံ့ပိုးထောက်ကူသော သက္ကရာဇ် ၁၁၄၅ ခုထိုး မဟာဝိဇိတာဝံစေတီကျောက်စာ (မလွန်

မြို့ကျောက်စာရုံ)ကြောင်းရေ (၁၀-၁၂)တွင် -

(၁၀) သာသနာတော် ၂၃၂၆ခု တစ်ကြိမ် သာသန
တော်သည် ဘေးရန်ဖြစ်ပြန်၍လည်း အမရပူရ မြို့တော်ကြ
တည်မင်းတရား

(၁၁) တောင်းပန်၍ တိပိကရေ ဒိသာပါမေက္ခ မဟ
ထေရ် ၆၀ကျော်အထောင်မကသော သင်္ဃာတို့သည် အလ
ဘေးရန်ကို ငြိမ်းစေပြန်

(၁၂) ၍အတိုင်းတိုင်း သံဃာတို့ ပါရှမ္ပနသိက္ခာပုဒ်
တညီတညွတ်တည်း ကျင့်ဆောင်သောကြောင့် တဂိုဏ်းတည
ဖြစ်သည်"

ဟူ၍ ဖော်ပြထောက်ကူထားပေသည်။ အထက်ပါ သာသန
လင်္ကာရကျမ်းပြုဆရာ၏အရေးအသား မှန်ကန်ကြောင်း၊ တ
ဂိုဏ်း၊ ရုံဂိုဏ်းပြဿနာသည် ဧရာဝတီမြစ် အနောက်ဘ
မြန်မာပြည်အလယ်ပိုင်း မလွန်မြို့အထိ ပျံ့နှံ့ကြောင်း သက်ဆို
ရာ ခေတ်ပြိုင်ကျောက်စာမှတ်တမ်းတင်ထားသည်ကို အထက်
အတိုင်း တွေ့ရသည်။ အချုပ်တွင် သာမဏေတို့ ရွာသွား ရွာ
ရုံရေး၊ တင်ရေး သာသနာရေးပြဿနာကို ကျောထော
နောက်ခံထားလျှင် ဆောင်းပါးတွင်အဓိကထား တင်ပြခဲ့သေ
ဟန်လင်း ရွှေသိမ်တော်မော်ကွန်းကျောက်စာသည် အင်း
တနင်္ဂနွေမင်းလက်ထက် အရေးသာ အခြေအနေပေးလာသ
အတင်ဂိုဏ်း(ဝါ)ထိုဂိုဏ်းသင်္ဃာတော်များ ဟန်လင်း ပတ်ဝ
ကျင်၌ သာသနာပြုခဲ့ကြပုံအကြောင်း မှတ်တမ်းတင်ခဲ့ပြ



ကြောင့်တစ်ကြောင်း၊ ကျောက်စာပါ စကားရပ်များအရ
ဖြစ်သောကြောင့်တစ်ကြောင်း ... အတင်ဂိုဏ်းသင်္ဃာတော်တို့သည် သာသနာ အရှည်တည်တံ့ရန်
သမ္မာဆန္ဒရှိခဲ့ကြကြောင်း ပြဆိုနေသောကြောင့်တစ်ကြောင်း
မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာသမိုင်းပြုစုရာတွင် မရှိမဖြစ်သော
အဖိုးတန်ကျောက်စာတစ်ချပ်ဖြစ်သည်ဟုသာ မှတ်ချက်ချလို
ပေသည်။

(လမ်းစဉ်သတင်း၊ တွဲ-၁၅၊ မှတ်-၈၊ ၁၅-၄-၇၉ )

## (၅) ဟန်လင်း ရွှေတောင်ဦးနှင့် ရွှေဂူကြီး ခေါင်းလောင်းစာများ

ရွှေတောင်ဦးစေတီသည် ဟန်လင်းမြို့ဟောင်း တောင်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိ၏။ ပုဂံခေတ် အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာတွင် စီးတော်မူသော ဖောင်ဆိုင်ရာနေရာတွင် တည်ထားသောစေတီ ဖြစ်သောကြောင့် ဖောင်တော်ဦးစေတီဟု ခေါ်တွင်ခဲ့ရာမှ နောက်တွင် ရွှေတောင်ဦး စေတီအမည်သို့ ပြောင်းလဲမှည့် ခေါ်လာကြသည်။ ယခုအခါ စေတီ၏ဖိနပ်တော်မှ အထက်ဖောင်းကိုးလုံးသာ ကျန်ရှိတော့သည့် အခြေအနေတွင် ရှိ၏။

<u>ရွှေတောင်ဦး ခေါင်းလောင်းစာ</u> အထက်ပါခေါင်းလောင်းစာသည် စာကြောင်းရေ အားဖြင့် ခုနစ်ကြောင်းတည်းသာ ရှိသော်လည်း ယင်းတွင်ပါရှိသော

သက္ကရာဇ် ၁၁၆၀ ဟူသည့်ရက်စွဲကြောင့် ကုန်းဘောင်ခေတ်၊ ဘိုးတော်ဘုရားလက်ထက် ရေးထိုးကြောင်း သိရှိရသည်။

ခေါင်းလောင်းအလှူရှင်သည် ကလျာဏမွေသမွှာ တံဆိပ်တော်ရ ခိုနန်းဆရာတော် ဖြစ်ကြောင်းသိရ၏။ ဆရာတော်သည် ဤခေါင်းလောင်းအား သွန်းလုပ်ရာတွင် ကြေးချိန် ၃၂၂၇၀ ကျပ်ကုန်ကျရကြောင်း မှတ်တမ်းတင်ထားခဲ့၏။ သို့သော် ခေါင်းလောင်းစာတွင် သတ်ပုံအနည်းငယ် မှားယွင်းသည်မှအပ ပြေပြစ်သော စကားပြေအရေးအသားဖြင့် ဖွဲ့နွဲ့သီကုံးထားကြောင်း တွေ့ရ၏။

"လေးပါးအပယ်၊ ရှစ်သွယ်ဌာန၊ ပဉ္စစေရာ၊ ကပ်မှာသုံးပါး၊ မလားမရောက်"

ဟူသောအရေးအဖွဲ့မျိုးသည် လင်္ကာသွားဖြင့် ရေးသားထားခြင်းဖြစ်သောကြောင့် သုတိသာယာ ရှိလှပါသည်။ သို့သော် ဟန်လင်းနှင့်စပ်လျဉ်း၍ ဤခေါင်းလောင်းစာတွင် တစ်စုံတစ်ရာ သိမှတ်ဖွယ်ရာ မပါရှိချေ။ ဟန်လင်းနှင့် ပတ်သက်သော သိစရာ၊ မှတ်စရာအချို့ကို ရွှေဂူကြီးခေါင်းလောင်းစာတွင် တွေ့မြင်ဖတ်ရှုကြရသည်။

## ရွှေဂူကြီး ခေါင်းလောင်းစာ

ရွှေဂူကြီးခေါင်းလောင်းစာသည် ဟန်လင်းမြို့ဟောင်း အရှေ့တောင်ယွန်း၊ ခြောက်ဖာလုံခန့်အကွာတွင် တည်ထားသော ရွှေဂူကြီးဘုရား၏ မြောက်ယွန်း၊ ပေ ၃၀၀ ခန့်အကွာ



ရှုံ့နှင့်ထားရှိသည့် ခေါင်းလောင်းမှစာများပင် ဖြစ်ကြသည်။

ရွှေဂူကြီးခေါင်းလောင်းစာ၏ အလှူရှင်သည် ခေါင်းလောင်းစာကြောင်းရေ ခုနစ်အရ-

"ဆင်ဖြူရှင်သခင်မင်တရာကြီး၏မြေတော်သူ မဟာဥပရာဇာအိမ်ရှေ့မင်တရာ၏သားတော်ဦးဖြစ်သော စကိုင်သခင်ဘုရာ အချီတော်ဝန်မင်နေမျိုးကျော်စွာဇနီမောင်နှံ"ဟု ရေးသားမှတ်တမ်းတင်ထားသဖြင့် ဘိုးတော်ဘုရား၏ မြေးတော် စစ်ကိုင်းမင်းခေါ် ဘကြီးတော်ဘုရားငယ်စဉ်က အချီတော်ဝန်အဖြစ် အမှုထမ်းခဲ့သူ နေမျိုးကျော်စွာနှင့် ဇနီးတို့ဖြစ်ကြောင်း သိရသည်။

ခေါင်းလောင်းစာကြောင်းရေ ကိုးတွင် ရေးသား ဖော်ပြချက်များအရ-

"သာသနာတော် ၂၃၄၂ခုနှစ် သက္ကရာဇ် ၁၁၆၀အမြန်နှစ် ရောက်သောအခါ စကြာ၅တောင်ကအောင်မြပင် တည်စေချင်၍ သလွဲစင်ပေါင် ၃၆၆၀၀များစွာကျပ်ကျိန်မတ်ထိန်တုံပြီ ခေါင်လောင် ကြီပြင်သုံသီဆုကို ပေရလိုဟု ကြည်ညို တဖန်ပူဇော်ပြန်သတည်"

- ဟု ရေးသားထားသဖြင့် သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် ဘိုးတော်ဘုရားလက်ထက်တော်တွင် သွန်းလုပ်လှူဒါန်းကြောင်း နှင့် အထက်ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော ရွှေတောင်ဦး ခေါင်းလောင်းနှင့်ခေတ်ပြိုင်ဖြစ်ကြောင်း သိရသည်။ ရွှေဂူကြီး ခေါင်းလောင်းစာသည် ဟန်လင်းပတ်ဝန်းကျင်ရှိ မြေပေါ်

ရှေးဟောင်းအထောက်အထား ဘုရားပုထိုးများ၊ မြေအောက်တိမ်မြုပ်ခဲ့သော ပျူမြို့ဟောင်းကြီးများနှင့် ကုန်းဘောင်ခေတ်ဆိုင်ရာ နိုင်ငံသမိုင်းအတွက် အရေးပါသောအချက်များ ပါဝင်နေသောကြောင့် ယင်းကို အောက်ပါအတိုင်း ကူးယူဖော်ပြလိုက်ရပေသည်။

(၁) ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ သန့်ရှင်းသောနိမိတ်ဗျာဒိတ်ဆုကိုပန်ဆင်တော်မူပြီးသည်မှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဆယ်ပါတရာအပေါင်းတို့ကိုဖြည့်ကျင့်တော်မူပြီး၍ မတာ့ဗောဓိပင် အပရာဇိတ ပလ္လင်ထက် မာန်အပေါင်းတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့်နှိပ်နင်းတော်မူပြီး၍ အရဟံအစရှိသော ဓမ္မာကာရ ဂုဏ်တော် ၃၂ ပါးသောလက္ခဏာတော်ကြီးစသော ရူပကာရဂုဏ်တော်အပေါင်းနှင့်ပြည့်စုံ

(၂) တော်မူသောရှင်စောဘုရားသည် ဝေနေယျ သတ္တဝါတို့ အာတရာအမြိုက်တိုက်ကျွေးတော်မူ၍ ကုသိနာရုံ ပြည်မလ္လာမင်တို့အင်ကြင်ဥယာဉ်၌ ပရိနိဗ္ဗာန်လွန်ပြီးသည် နော်သာသနာတော် ၂၂၉၇နှစ်ရော့်သောအခါ ရတနာ သိင်္ဃ ကုန်းဘောင်ပြည်ကြီးကို လက်ဦးစွာတည်တော်မူသော အလောင်းမင်းတရားကြီး၏ သားတော်ရင်နှစ်ဖြစ်တော်မူသော သာသနာတော် ၂၃၀၄ နှစ်ရောက်သောအခါ မဟါဓေယျပူရစစ်ကိုင်မြို့ကိုတည်ထောင်တော်မူသောနောင်တော်ဆင်ဖြူရှင်မင်းတရား

(၃) ၂ပါတို့၏ညီတော်ချစ်ဇာမူလည်ဖြစ်ထသော



သာသနာ ၂၃၂၆ရောက်သောအခါအမရပူရ ရွှေပြည်ကြီးကိုတည်တော်မူပြီး၍ ရှေမင်တကာတို့ ခံငှာမရဲပြုခဲ့စွာသော ဗုဒ္ဓဘိသေကကို ၂ကြိမ်မြော်စံတော်မူသောဆင်ဖြူများ သခင် ဘဝရှင်မင်တရားကြီး၏ တန်ခိုးအာနုဘော်ဘုန်းတော်ကာ ဂန္ဓာရတိုင်ကြီးကိုအစိုးရသောဥဒည်မင်က

(၄) သမီရင်ဥယော်ကို ရွှေစက်အော်သို့ ဆက်ပို့ရသတည်း၊ ။ ဝဇ္ဇိတိုင်ဝေသာလီပြည်ကြီနှင့်လစ္ဆဝီမင်းကလည်းချစ်မငြီးသောသမီးရင်ကို သင်ပင်ပန္နာလက်နက်နှင့်တကွဆက်လှာရသတည်း ၊ ရှေးမင်းအဆက်ဆက်လက်နက်နိုင်ငံတရံတဆစ်မျှမဖြစ်ဘူးသော ကိရာဋ္ဌတိုင်ရဇဘဂီရမည်သောငွေတောင်မင်းကလည်း အပြစ်သန့်ရှင်းကောင်းခြင်းစုံပေါင်းမိန္နောင်နှင့် တကွမျာလှုပဏ္ဏာဆက်သလှာသတည်၊ ကတ္တြယ တိုင်တလကတ္တာပြည် စသောဇမ္ဗူကျွန်းနိုင်ငံ

(၅)၌စံနေတုံသောအင်္ဂလိတ်ပသီစသော ကုလာမင်းအပေါင်းတို့ကလည်းလက်ဆောင်လက်နက်ဆက်လှာကြ သတည်း။ သီဟိုကျွန်မလ္လာယုကျွန်းစသော ကျွန်ရံ ထီးဆောင်မင်းအပေါင်းတို့ကလည်သရက္ခန်နံ့သာနီလာစိန်ကြောင်စသောရတနာဟူတို့ကို ဆက်ပိုလှာကုန်သတည်း။ ။

ယင်းသည်မင်း တရားကြီးသားတော်မဟာဥပရာဇာ၏ ဘုန်းတော်တမူသော မာန်အောင်ကျွန်ယံဖြကျွန်းစသော များလှုစွာသောကျွန်ငယ် အရံနှင့်တကွအယုဇ္ဈတိုင်ဒွါရာဝတီပြည်

(၇) စည်တူမြေတူစစ်ကိုင်းမြို့တို့ကို ကံကျွေပိုင်သအစိုးရ

သတည်း။။ယင်းသို့လျှင်ဆင်ဖြူများသခင်မင် တရားကြီး၏ မြေ
တော် သူမဟာ ဥပရာဇာအိမ်ရှေ့မင်းတရား၏ သားတော်ဦးမြ
စကိုင်သခင်ဘုရားအချီတော်ဝန်မင်နေမျိုးကျော်စွာ ဇနီး မောင်
တို့သည် ကံကံ၏အကျိုးကိုယုံကြည်ပါသဖြင့် လည်းကောင်း
ရတနာ၃ပါတို့၌အလွန်သဒ္ဓါရှိသေ မြတ်နိုးပါသဖြင့် လည်း
တောင်း ရှေခါသရော်ကရပေါ် မင်းကစ၍ သက်ဆင်ပြုမင်ပြုမ
အဆုံရှုံခဲ့ရှစ်ရာမင်တိုပျော်ရာ ဟံသာနဂရ

(၈) မြို့ကာ ဇုပါပြည့်စုံစွာလျက် ရတနာမိုမစုံမရှိ
ကြိမ်ကြိမ်ကြို့ကာ ရွာဘူလေပြီရာသိ၁၂ရပ်မလပ်ပျံမွေသ
လေနတ်ကော်တိုဖြင်ပြွမ်လျက်တော်င်မျက်နှာကအင်မနက်
ကျယ်ခြိဘွယ် မျာစွာမန္တာဂိနိအိုင်ကြီ အဟူဟူလည်မယွန် ရုံဝ
တောင်တောလွန်သာမောဇ၏တပေါဒါနမ္ဗန္တာမြစ်၂စင်သည်မသွ
အတူစီသောဟူသို ရေပူရေအေ မထွေမရှက် ဆုံလျက်ပေါင်က
၂ဖျာစီကြလေသတည်။ ။

ယင်သည်ဟံသာနာဂရဟန်လင်မြို့၌သိရိဓမ္မာသောမင်ကြီ

(၉) ကောင်မှုမဟာဟရိဂူဟမည်ပြီ ရွှေကူကြီးရှ
စေဘုရာ အာရွှေစရပ်ရွှေစောင်တန်တည်တွန်ပြီခါငွေ အသပြ
အသောင်မကဒါနဝတ္ထုတိုဖြင်သာမုနမောင်ခေါ် ပါပြီသတည်
။သာသနာတော်၂၃၄၂ခုနှစ် သက္ကရာဇ် ၁၀၆၀အခြနှစ် စရော
သော အခါစကြာ၅တောင်ကအောင်မြဲပင် တည်စေချင်
သလွဲစင်ပေါင်၃၆၆၀၀ မျာစွာကျပ်ကျိန်မတ်ထိန်တုံပြီ ခေါ
လောင်ကြီပြင်သုံသိဆုကို ပေရလိုဟူကြည်ညှိုတဖန် ပူဇော်ပြ



ကောင်မှုအဘိုကိုလည်
သတည်၊ ။ဤ ကောင်မှုအဘိုကိုလည် ဆင်ဖြူများသခင်မင်တရာ

(၁၀) မိခင်ဘခင်အဘိုအဘွာဆင်ဖြူများသခင်မင်တရာ
အသျှင်မိဘုရာသာတော်မြေတော်မှစ၍ ၃၁ဘုံကျင်လည်
ကုန်သောသတ္တဝါအပေါင်ကိုအာအမျှဝေပါ၏ အကျွန်နုပ်
တိုနှင်အမျှရကြသည်ဖြစ်စေသော။ ။
ဤသိုဆိုအပ်ခဲ့ပြီသော ကုသိုလ်စေတနာ၏ အာနုဘော်ကြောင်
ပညာမိက ဘုရာအဖြစ် သိုရောံပါလို၏ဘုရာအဖြစ်သို မရောံမီ
ဘဝမျာစွာသံသရာ၌ လည်ဝိပ္ပတ္တိစက်၄ပါမှကင်လွတ်၍ စမ္ပတ္တိ
စက်၄ဖြာ လောကီ ဥစ္စာရပါသူတော်

(၁၁) တရာရပါတိုနှင့်အမြဲပြည်စုံသည်မြတ်သော
အမျိုး၌တိဟိတ်ပဋိသန္ဓေနေ၍ယော်ကျာစင်စစ်ဆက်တိုင်
ဖြစ်သည်ရန်သူ၅ပါတိုမလုမရက်မဖျက်ဆီနိုင်သော သုံဆောင်
၍အရာမပျက်တိုတက်ပွာမျာသောစည်စိမ်ဥစ္စာရှိသည်
ပြည်ရွာတောအရပ်တို၌လူနတ်တိုဆောင်အပ်သော ပစ္စည်
ဝတ္ထုအလိုရှိသောအခါလည်ရလွယ်သောအသုံအဆောင်တိုနှင်
ပြည့်စုံသည်ရှေရှေသော ဘုရင်အလောင်သူတော်ကောင်
တို့တောင်ယူအပ်သောဆုမြတ်အပေါင်တိုနှင်ဘဝဆက်တိုင်
အမြဲပြည်စုံသည်ဖြစ်စေသော်။ ။

အထက်ပါအတိုင်း ရေးသားထားသဖြင့် ဘိုးတော်ဘုရား
လက်ထက် တရုတ်ပြည်၊ ဝေသာလီပြည်၊ အိန္ဒိယပြည်၊ သီဟိုဠ်
ကျွန်း၊ မလေးကျွန်းဆွယ်တို့နှင့် နိုင်ငံခြားဆက်ဆံရေး ပြေပြစ်
ခဲ့ရသည့်အကြောင်း သမိုင်းအထောက်အကူပြု အချက်များကို

သိကြရသည်။

ထို့အပြင် ဟန်လင်းမြို့ဟောင်းကို ကရဘော်မင်းက စတင်တည်ထောင်ပြီး ပျူမင်း၊ ပြုံးမင်း လက်ထက်တိုင်အောင် မြို့သက်ရှည်ခဲ့ကြောင်း ရေးဖွဲ့စပ်ဆိုထားသည့် ခေတ်ပြိုင် စည်သူကျော်ထင်ဘွဲ့ခံ သာချင်းဆရာ ဦးအောင်ဖြိုး၏ ဟန်လင်း သမိုင်းလင်္ကာပါ အရေးအသားများကိုလည်း ဤခေါင်းလောင်း စာက ထောက်ကူလျက်ရှိ၏။

ဟန်လင်းရွှေဂူကြီးဘုရားသည် ဘိုးတော် လက်ထက် မတိုင်မီကပင် ရှိနေခဲ့ပြီး မဟာဟရိဂူဟာ ဟုခေါ်ဝေါ်ခဲ့ကြောင်း သိရပေသတည်း။

(လမ်းစဉ်သတင်း၊ တွဲ - ၁၅၊ မှတ် - ၁၆ ၊ ၁၅-၈-၇၉)

## (၆) ဆင့်ထိုးစပ်ထိုး ကျောက်စာများနှင့် ဟန်လင်း

ပျူခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် ဟန်လင်းသည် သမိုင်းခေတ်အသီးသီးကို ဖြတ်သန်းကျော် လွှား ခဲ့ရ၏။ ယင်းသို့ ဖြတ်သန်းခဲ့ရသည်နှင့်အညီ ဟန်လင်းဆိုင်ရာ သမိုင်းအထောက်အထားများမှာလည်း များပြားလှပေသည်။ အတော်အတန်လည်း စုံလင်ကြောင်း တွေ့ရ၏။ ကုန်းဘောင် ခေတ် ဘိုးတော်ဘုရားလက်ထက်(အေဒီ ၁၇၈၂-၁၈၁၉)တွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ရှေးဟောင်းကျောက်စာများကို စုဆောင်း စေခဲ့ပြီး ကျောက်စာအများအပြားကို ထပ်မံ ဆင့်ထိုး၍ လည်းကောင်း၊ ဆက်စပ်ရေးထိုး၍လည်းကောင်း သက်ဆိုင်ရာ



ကျောက်စာများတွင် ပါရှိသည့် လယ်မြေအလှူဒါနများကို ထပ်ဆင့်လှူဒါန်းခဲ့ပေသည်။ ဤသို့ ထပ်ဆင့်ရေးထိုးခဲ့သည့် ကျောက်စာများအနက် ဟန်လင်းနှင့်ဆိုင်သော ကျောက်စာ သုံးချပ်အကြောင်းကို ဤဆောင်းပါးတွင် တင်ပြပါမည်။

### ဟန်လင်းပုထိုးတော်ကြီး ကျောက်စာ

ဤမူရင်းကျောက်စာကို သက္ကရာဇ် ၁၁၄၇ခု၊ နတ်တော် လဆန်း ၁၅ ရက် ၁၇၁၈ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဟန်လင်းမြို့သူကြီးဖြစ်သူ ဦးဖြေက ဘိုးတော်ဘုရား၏ အမိန့်တော်နှင့်အညီ အမရပူရကျောက်စာရုံတော်သို့ ဆောင်ယူ ပေးပို့ ဆက်သွင်းခဲ့သည်။

ဤသို့ ရောက်ရှိလာသော မူရင်းကျောက်စာကို တွင်း သင်းမင်းကြီး အမှုးပြု၍ သက်ပန်းရွာစား ရမ္မသီရိကျောင် ဖတ်ရှု၍ အက္ခရာပြန်ဆိုပြီးနောက် နေရင်း ရွာစား ရာဇကျော်သူ က ရေးကူးခဲ့ကြောင်း အောက်ပါအတိုင်း ဆင့်ထိုးကျောက်စာ တွင် မော်ကွန်းတင်ခဲ့သည်။

(၁) ဇေယျတု။ ။ သက္ကရာဇ် ၁၁၄၇ခု၊ နတ်တော်လဆန်း
၁၅ရက်နေ့။ ဟန်လင်းမြို့သူကြီးငဖြေက
(၂) ဆောင်ယူဆက်ရော်သည်။ ကျောက်ထက်အက္ခရာကို။
ကျောက်စာရုံတော်တွင်။ တွင်းသင်းတိုက်
ရမ္မသီရိကျော်ထင်ဘတ်သည်ကို
(၃) ဝန်သက်ပန်းရွာစားတို့ရှေ့
နေရင်း ရွာစားရာဇကျော်သူ

(၄) ရေးကူးသည့်ကျောက်စာလက်ခွဲ

ကျောက်စာပါအကြောင်းအရာသည် သက္ကရာဇ် ၄၄၃ ခုနှစ်၌ ဟန်လင်းတွင် ပုထိုးကြီးတစ်ဆူ တည်ထားကိုးကွယ်၍ ကျွန်၊ နွား၊ မြင်း၊ လယ် ၁၆၀ တို့ကို လှူဒါန်းသော အကြောင်းပင် ဖြစ်သည်။

ယင်းကျောက်စာကို ဘိုးတော် ဆင့်ထိုးကျောက်စာ အုပ်ကြီး ပထမတွဲ၊ စာမျက်နှာ ၇၁ တွင် ထည့်သွင်းပုံနှိပ်သော အခါ သတ်ပုံများ အချို့ကိုလည်းကောင်း၊ ကျောက်သားပေါ်တွင် စာကြောင်းရေ ၄ ၌ သက္ကရာဇ် ၄၄၃ ခုဟု အရေးအသား ပါရှိသည်ကို ပုံနှိပ်ရာ၌ စာကြောင်းရေ ၁ အဖြစ်လည်းကောင်း၊ ကျောက်သားပေါ်မှ စာကြောင်းရေ ၁ မှ ၄ အထိ စာသားများနှင့် စာကြောင်းရေ ၁၃ နှင့် ၁၆ အထိ စာသားများကို ပုံနှိပ်မှုတွင် စာကြောင်းရေ ၁ မှ ၄ အထိ အဖြစ်လည်းကောင်း အလျဉ်းသင့်သလို အကျဉ်းချုံး၍ ဖော်ပြထားသည်။

## ဟန်လင်း ရှင်ပန်းနောဘုရား ကျောက်စာ

ဤမူရင်းကျောက်စာ၏ ဘိုးတော်ဆင့်ထိုးမူပွားကို မန္တလေးမြို့၊ မဟာမြတ်မုနိတံတိုင်းအတွင်းတွင်လည်းကောင်း ပုံနှိပ်မူကို ဘိုးတော်ဆင့်ထိုးကျောက်စာအုပ်ကြီး ပထမတွဲ စာမျက်နှာ ၇၂ တွင်လည်းကောင်း တွေ့မြင် ဖတ်ရှုနိုင်ကြသည်။

ရှင်ပန်းနောဘုရား ကျောက်စာကို ပုထိုးတော်ကြီး ကျောက်စာကဲ့သို့ တစ်ချိန်တည်း အမရပူရမြို့တော်သို့ ပေးပို့



ခဲ့ကြ၏။ ဖတ်သူမှာလည်း ရမ္မသီရိ ဖတ်ရှု အက္ခရာပြန်ဆိုခဲ့ကြ၏။ ရေးကူးသူသည် နေရင်းရွာစား ရာဇကျော်ထင်ပင်ဖြစ်၍ ကျော်သူပင် ဖြစ်သည်။

ကျောက်စာပါအကြောင်းအရာသည် သက္ကရာဇ် ၄၄၄ ခု တပေါင်းလဆန်း ၁၃ ရက် ကြာသပတေးနေ့တွင် စည်သူမင်းကြီး၏အမတ် ဟန်လင်းမြို့စား သမန္တဘတ္တရာသည် သဒ္ဒါပေါက်၍ ဂူကြီးလေးမျက်နှာတစ်လုံး၊ စေတီလှတစ်လုံး၊ ပြာသာဒ်လေးမျက်နှာ တစ်လုံးနှင့် ကုလားကျောင်းကြီးတစ်လုံး တို့ကို ဆောက်လုပ်ပြီးမြေများကို လှူဒါန်းခဲ့သည့်အကြောင်းများ ပင်ဖြစ်သည်။

ဤမူရင်းကျောက်စာသည် နှစ်မျက်နှာဖြစ်၍ မျက်နှာဘက်တွင် ကြောင်းရေ ၁၉ ကြောင်းနှင့် ကျောဘက်တွင် ကြောင်းရေ ၉ ကြောင်းရှိခဲ့ကြသော်လည်း ဘိုးတော်ဆင့်ထိုးလိုက်သောအခါ မျက်နှာဘက်၊ ကျောဘက် မခွဲတော့ဘဲ တစ်စပ်တည်း မျက်နှာဘက်အဖြစ် ရေးထိုးလိုက်သည်ကို လေ့လာတွေ့ရှိရသည်။ ကျောက်စာပါ အကြောင်းအရာများနှင့်ပတ်သက်၍လည်း မူရင်းနှင့် ဘိုးတော်ဆင့်ထိုးတို့တွင် အောက်ပါအတိုင်း ကွဲလွဲနေသည်ကို သတိပြုမိ၏။

မူရင်း

(၁) သက္ကရာဇ် ၄၄၀ လေး
(၂) သာသနာငါထောင်ကုန်ခြောင်
(၁၂) ဓာတ်ဝန်ကျင်ကျသည်ကာ

(၁၃) သာသနာငါးထောင်တည်စိမ်သောငှာ ဘိုးတော်ဆင့်ထိုး

(၁) သက္ကရာဇ် ၄၄၄

(၂) သာသနာ - - - ကုန်အောင်

(၁၂) ထက်ဝန်းကြင် ဤသည်ကား

(၁၃) သာသနာ ၅၀၀၀ စေ့စိမ့်သောငှာ စသည်ဖြင့် ဖြစ်သည်။

ထင်ရှားသိသာသော ကွဲလွဲချက်မှာ ဘိုးတော်ဆင့်ထိုးကျောက်စာအုပ်ကြီး ပထမတွဲ၊ စာမျက်နှာ ၇၃ တွင် ကြောင်းရေ ၁ မှ ၉ အထိ ပုံနှိပ်ထားရှိသော ပါဠိဘာသာစာကြောင်းများကို မူရင်း ရှင်ပန်းနော့ကျောက်စာတွင်လည်းကောင်း၊ မဟာမြတ်မုနိတံတိုင်းအတွင်းရှိ ဆင့်ထိုးကျောက်တိုင်တွင် လည်းကောင်း မတွေ့ရှိရသောအချက် ဖြစ်သည်။ ဤအချက်ကြောင့် ပုံနှိပ်ကျောက်စာကို စပ်ထိုးဟု အမည်ပေးထားခြင်းပင် ဖြစ်ဟန်တူပေသည်။

စာရေးသူ လေ့လာမိသမျှ ယခု ရှင်ပန်းနော့ မူရင်းကျောက်စာပါ ရက်စွဲဖြစ်သော 'သက္ကရာဇ် ၄၄၀ လေး'ကိုပင် သံသယ ဖြစ်မိခဲ့သည်။ ကျောက်စာပါလက်ရေးလက်သားများအရ ယင်းကျောက်စာသည် သက္ကရာဇ် ၇၀၀ ကျော် နှင့်သာ သက်ဆိုင် သင့်သည်ဟု သဘောရပါသည်။



ရွှေအင်ပင်ဘုရား ကျောက်စာ

ရွှေအင်ပင်ဘုရား၏ မူရင်းကျောက်စာကို စာရေးသူ မမြင်ဖူးပါ။ ဤ ဆောင်းပါးတွင် ဘိုးတော်စပ်ထိုးသော ရွှေအင်ပင် ဘုရားကျောက်စာကိုသာ ဖော်ပြနိုင်ပါသည်။ ဘိုးတော်စပ်ထိုး ကျောက်စာတွင် နှစ်မျက်နှာရှိ၍ မျက်နှာဘက်တွင် ရှိသော စာကြောင်းရေ ရှစ်ကြောင်းကို ပါဠိဘာသာဖြင့်ရေးထိုး၍ ကျောဘက်စာကြောင်းရေ ၂၄ ကြောင်းကို မြန်မာဘာသာဖြင့် ရေးထိုးထားရှိသည်။

ကျောက်စာပါ အကြောင်းအရာသည် သက္ကရာဇ် ၄၄၈ ခုနှစ်တွင် ဟန်လင်းမြို့တောင်အရပ်၌ ထီးလှိုင်ရှင် ကျန်စစ်သားမင်းက ရွှေအင်ပင်ဘုရားကိုတည်ထားခဲ့ပြီး ဝတ္ထုကံမြေလှူသည့်အကြောင်းနှင့် မြေအသီးသီးတည်ရှိရာ နယ်နိမိတ်အပိုင်းအခြား သတ်မှတ်ချက်များအကြောင်းပင် ဖြစ်သည်။

ဤသည်ကို ဘိုးတော်ဘုရားက -

" ထီးလှိုင်ရှင်ကျန်စစ်သားလှူဒါန်းခဲ့သဝ် ဝတ္ထုကံကို မြဲမြံစွာတည်စိမ်သောငှာ၊ ကျောက်စာမှော်ကွန်း အသစ်စိုက်ထူ လျက်ဆင့်

ရှယ့်လှူဒါန်းတော်မူပြန်သတည်း " ဟု စာကြောင်းရေ ၄ နှင့် ၅ တွင် ဖော်ပြထားခဲ့သည်။

ဘိုးတော်မင်းတရားကြီးသည် အထက်ပါကျန်စစ်သားမင်း၏ ရွှေအင်ပင်ဘုရားအား မြေအလှူကို ၁၁၄၇ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၁၇၈၅ ခု အောက်တိုဘာလ ၂၇

ရက် ကြာသပတေးနေ့နံနက် ၄ ချက်တီးကျော် ၃ နာရီ ၁ ပဒ် ၈ ဗီဇနာအခါတော်တွင် အမရပူရရွှေမြို့တော်တည် ရွှေနန်းသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား ရွှေကရားနှင့် ရေစက်သွန်း၍ ကျောက်စာမော်ကွန်းအသစ် စိုက်ထူလျက်ဆင့်၍လှူဒါန်းတော်မူခြင်းဖြစ်ကြောင်း ကျောက်စာ ကျောဘက်ကြောင်းရေ ၁၇ မှ ၂၄ အထိ အကျယ်တဝင့် ရေးသားဖော်ပြထား၏။

ခြုံ၍ကြည့်သောအခါ ဟန်လင်းတစ်ဝိုက်တွင် စုဆောင်းတွေ့ရှိရသော မူလထိုးကျောက်စာများတွင် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်များဆိုင်ရာ ကျောက်စာများပါရှိကြသကဲ့သို့ အချို့သော မူလထိုး ပုဂံခေတ်ကျောက်စာတို့ကို ဘိုးတော်ဘုရားလက်ထက် အသစ်တစ်ဖန် ထပ်ဆင့်ဆက်စပ်ရေးထိုး၍ ယခုအခါ မန္တလေးမြို့ မဟာမြတ်မုနိဘုရား တံတိုင်းအတွင်း စိုက်ထူထားရှိပေသည်။

မူရင်းကျောက်စာပါအကြောင်းအရာတို့ကို ဘိုးတော်ဘုရားခေတ်က ဖတ်ရှုပုံနှင့် ယနေ့ကျောက်စာပညာရှင်များဖတ်ရှု ကြပုံတို့မှာ ကွဲလွဲသည့်နေရာများ ရှိသကဲ့သို့ တူညီသည့်နေရာများလည်း အများအပြားရှိကြသည်။ ဘိုးတော်လက်ထက်က ဖတ်မရသော ကျောက်စာအရေးအသားများကို ယနေ့ဖတ်ရှုရရှိကြပြီလည်း ဖြစ်သည်။ သို့သော် ဘိုးတော်ခေတ်က မူရင်း ကျောက်စာပါအကြောင်းအရာများကို ထပ်ဆင့်ဆက်စပ်ရေးထိုးခဲ့သော်လည်း ယနေ့ ဤကဲ့သို့ မလုပ်ဆောင်ကြတော့



ချေ။ မည်သို့ပင်ဖြစ်စေ ဘိုးတော်ဆင့်ထိုးစပ်ထိုး ကျောက်စာများသည် မြန်မာနိုင်ငံ၌ ရှေးဟောင်းကျောက်စာများလေ့လာမှုပညာတစ်ရပ် တိုးတက်ဖြစ်ထွန်းလာအောင် အကျိုးပြုခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ ဤကျောက်စာများတွင် ဟန်လင်းဆိုင်ရာ ဆင့်ထိုးစပ်ထိုးကျောက်စာများလည်း အပါအဝင် ဖြစ်ကြပေသည်။

( လမ်းစဉ်သတင်း၊ တွဲ - ၁၅၊ မှတ် - ၁၉၊ ၁ - ၁၀ - ၇၉ )

## (၇) ဟန်လင်းရွာ ဆားလုပ်ငန်းမှ မွန်ဝေါဟာရအချို့

စာရေးသူသည် ၁၉၆၅ ခု၊ ဆောင်းရာသီအတွင်း ယခင်ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းရှိ ဟန်လင်းမြို့ဟောင်းကို တာဝန်ခံတူးဖော်ခဲ့စဉ်အခါက ဟန်လင်းရွာပတ်ဝန်းကျင်၌ လုပ်ကိုင်လျက်ရှိကြသည့် ဆားချက်လုပ်ငန်းအကြောင်း လေ့လာမှတ်သားခဲ့ဖူးပါသည်။ ရှေးဟောင်းသုတေသန၌ ဝါသနာထုံ၍ ကိုယ်တိုင်လည်း ရှေးဟောင်းပစ္စည်း အမျိုးမျိုးကို စုဆောင်းသုတေသနပြုနေသူ ဟန်လင်းရွာ၊ ညောင်ကိုးပင်ကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးနာဂအားလည်း ဆားလုပ်ငန်းအကြောင်း မေးမြန်းစုံစမ်းခဲ့ဖူးသည်။ ဆရာတော်သည် ဆားလုပ်ငန်းအကြောင်း ရှင်းပြရင်း စုဆောင်းပေးသော ဆားလုပ်ငန်း ဝေါဟာရအချို့မှာ လွန်စွာ စိတ်ဝင်စားဖွယ်ဖြစ်ကြောင်း တွေ့ရ၏။ သို့ဖြင့် ယင်းဝေါဟာရများ၏ အနက်အဓိပ္ပာယ်များကို ဖော်ထုတ်ဖွင့်ဆိုပေးပါရန် အငြိမ်းစားအတွင်းဝန်နှင့် ရှေးဟောင်း

သုတေသန ညွှန်ကြားရေးဝန်ဟောင်း ဆရာကြီး ဦးဖိုးလတ်
မကွယ်လွန်မီ ၅ လခန့်အလိုက ဆရာကြီးထံ စာရေးသူ စာရေး
မေးမြန်းစုံစမ်းခဲ့ပါသည်။ ဆရာတော် ဦးနာဂထံမှ သိရသော
ဝေါဟာရများအကြောင်းနှင့် ဆရာကြီးဦးဖိုးလတ်၏ အဓိပ္ပာယ်
ရှင်းပြချက်များကို အောက်ပါအတိုင်း ဆားလုပ်ငန်း လုပ်ကိုင်ပုံ
များနှင့် ဆက်စပ်တင်ပြလိုက်ပါသည်။

ဟန်လင်းကြီးရွာပတ်ဝန်းကျင်မှ မြေများသည် မြေငန်
များဖြစ်ကြသဖြင့် ဒေသခံတို့သည် ဆားလုပ်ငန်းအကြီးအကျယ်
လုပ်ကြသည်။ ဆားလုပ်နည်းလုပ်ဟန်(၃)မျိုးရှိသည်ဟု
သိရသည်။ ယင်းတို့ကို မြေခြောက်ခင်း၊ မြေစိုခင်းနှင့် မြောင်း
တိုက်ခင်းဟု ခေါ်ကြ၏။ မြေခြောက်ခင်းနည်းဖြင့် ဆားလုပ်ငန်း
လုပ်ဆောင်ရာတွင် ရှေးဦးစွာ ဆားခင်းမှမြေများကို ပေါင်းသင်ရ
သည်။ ယင်းနောက် ခုနစ်သွားတပ် ထွန်ဖြင့် ညီအောင် ညှိရ
သည်။ ဤလုပ်ငန်းကို မိုးအကုန် ဖေဖော်ဝါရီလမတိုင်မီ ပြုလုပ်
ရပြီး ဆားခင်းကို ညပိုင်း နှင်းငွေ့ဖြင့်စိုစေ၍ နေ့ပိုင်း၌ နေဖြင့်
ခြောက်စေရသည်။ ယင်းနောက် မြေများကို စုပုံကာ ဆားချက်ရ
ပါသည်။ ဒုတိယနည်းမှာ ဆောင်းဦးပေါက်တွင် ဆားမြေကို
ထွန်၍ မြေစာများကို ခြေထားရသည်။ ရေပူစမ်းများမှ ရေများကို
မြောင်းဖြင့်သွယ်၍ ဆားခင်းတစ်ခုလုံးကို ဖုံးအောင်ပြုလုပ်
ရသည်။ ယင်းနောက် ခြောက်သွေ့စေပြီး မြေကြီးများကို စုပုံကာ
ဆားချက်ရန် အဆင်သင့် ပြုလုပ်ရသည်။ တတိယနည်းမှာ
လည်း ဒုတိယနည်းကဲ့သို့ပင်ဖြစ်၍ မတ်လတွင်ပြုလုပ်ရသည်။



ဆားခင်း ခြောက်လျှင် ဒုတိယအကြိမ် ရေသွင်းရသည်။
ဆားလုပ်ငန်းမှာ အထက်ပါအတိုင်း ၃ နည်း ကွဲပြား
သည်ဆိုစေကာမူ အခြေခံအားဖြင့် ထွန်ဖြင့်ထွန်ယက်၍ ဖြစ်စေ၊
ပေါက်ပြားဖြင့်ပေါက်၍ဖြစ်စေ မြေကိုပျိုးထားရာ၌ အတူတူ
ပင်ဖြစ်ပေသည်။ ပျိုးပြီးမြေများကိုကျုံး၍ စုပုံထားပြီးနောက် မြက်
သို့မဟုတ် ကောက်ရိုးကို ရွှံ့နှင့်ရော၍ မြေဒယ်သဏ္ဌာန် ရေစစ်
တစ်မျိုးကို တည်ရသည်။ ယင်းရေစစ်ကို 'ကား' ဟုခေါ်သည်။
၍ 'ကား'ဆိုသော ဝေါဟာရသည် မွန်စကားရင်းမြစ် ဖြစ်
ကြောင်း ရှေ့တွင် ဆက်လက်ဖော်ပြပါမည်။ 'ကား'တည်ပြီး
သောအခါ အထက်က ကျုံး၍စုပုံထားသော ဆားမြေများကို
'ကား' ထဲထည့်၍ နင်းပြီးနောက် ရေလောင်းရသည်။ ဤ
လုပ်ငန်းအဆင့်များကို 'ကားဟသည်'ဟုခေါ်သည်။ ရေလောင်း
ပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် 'ကား'ဘေး၌ကပ်ထားရသော
ဝါးပြွန်မှရေများ တစ်စက်စက်ကျလာသည်။ ပထမဆုံး ကျလာ
သောရေညစ်များကို 'ကနား'ဟုခေါ်သည်။ ဤစကားမှာလည်း
မွန်စကားပင်ဖြစ်သည်။

'ကနားရေ'များထွက်ကျပြီး၍ ဆားရည်သန့်သန့်
ရသောအခါ သွယ်ဒယ်များဖြင့် ချက်လျှင် ဆားပွင့်များရလာ
သည်။ ယခုအခါ သွယ်ဒယ်များဖြင့်ချက်သော်လည်း ရှေးကမူ
လဘုံးအိုးများဖြင့် ချက်ကြသည်။ ဤလဘုံးအိုးမှာလည်း
မွန်ဝေါဟာရပင် ဖြစ်သည်။ ဤသို့ ချက်၍ကျတ်သွားသော
ဆားတစ်ဖိုကျလျှင် ဆားတဘွန်ကျသည်ဟု ခေါ်ကြသည်။

ဤတဘွန်ဆိုသော ဝေါဟာရမှာလည်း မွန်ဘာသာစကား ရင်းမြစ်ပင် ဖြစ်ကြောင်း သိရသည်။

အထက်ပါ ကား၊ ကနား၊ လဘုံးအိုးနှင့်တဘွန်ကျ ဆိုသောစကားများကို ဆရာကြီး ဦးဖိုးလတ်အား စာရေးသူက ၂၀-၂-၆၅ နေ့စွဲပါစာဖြင့်မေးမြန်းသောအခါဆရာကြီးထံမှ ၃-၃-၆၅ နေ့စွဲပါစာဖြင့် ဟါလီဒေး၏ မွန်အင်္ဂလိပ် အဘိဓာန်ကို ကိုးကား၍ အောက်ပါအတိုင်း ရှင်းပြပြန်ကြားပါသည်။

"ကာ" (ကားဟုလည်း ဖတ်နိုင်ပါသည်)သည် နာမ်ဖြစ်၍ Any vessel with a spout နှုတ်သီးတပ်ထားသော အိုးခွက်စသည်များ။ ထို့ကြောင့် မြေအိုးဒယ်အိုးသဏ္ဌာန်ပြုလုပ်၍ ဝါးပြွန်ဖြင့် နှုတ်သီးတပ်ထားသည်ကို "ကား ဟု မွန်ဘာသာဖြင့်ခေါ်ဆိုရင်း ပြုခဲ့ရာသည်" ဟုဖြေကြားပါသည်။

အထက်ပါ "ကား"ခေါ် မြေဒယ်ရေစစ်ကြီးထဲသို့ မြေထည့်နင်းပြီး ရေလောင်း၍ထွက်လာသော ရေနောက်များကို ကနားဟုခေါ်ကြပေရာ ဤဝေါဟာရကိုလည်း ဆရာကြီး ဦးဖိုးလတ်က ဤသို့ ဖွင့်ဆိုပြပါသည်။

ကေံ (နာမ်နှင့်ကြိယာအဖြစ်သုံး) Kane ကနေ့ - အချေး၊ ချေး၊ ဆားရည်နှင့် ဆားမြေရောစပ်၍ ကျဆင်းလာသည်ကို မသန့်စင်သည့်အချေး၊ ချေးကျဆင်းလာသည်ကို ခေါ်ဆိုခဲ့ရာသည်။ ကနေ့မှ ကနားသို့ အသံပြောင်း လာသည်ဟူ၍ ဖြေကြားပါသည်။

ဆားချက်ရာတွင် ယခုအခါ သွပ်ဒယ်များဖြင့် ချက်လုပ်ကြသော်လည်း ရှေးအခါကမူ မြေအိုးများကို စုပေါင်းတည်ထား



ကာ မီးဖြင့်ချက်လုပ်ခဲ့ကြသည်။ ဤသို့ ဆားချက်ရသောအိုးကို "လဘုံးအိုး"ဟုခေါ်ကြသည်။ ယင်းသို့ လဘုံးအိုးဖြင့် ချက်ခဲ့သည်မှာ ဆရာတော်ဦးနာဂ၏အမှတ်အသားများအရ မြန်မာသက္ကရာဇ် ၁၂၅၆-၅၇ ခုနှစ်တိုင်အောင် ကြာမြင့်ခဲ့ကြောင်း သိရသည်။ လဘုံးအိုး၏ပုံစံမှာ ဆန်တစ်ခွက်ဝင်လောက် ချက်နိုင်သော ပေါင်းချောင်ငယ်နှင့်တူသည်ဟု သိရသည်။ ယင်းလဘုံးအိုးကို ဟန်လင်းရွာ၌ပင် လုပ်သော်လည်း ဟန်လင်းအိုးဟု မခေါ်ဘဲ အဘယ့်ကြောင့် လဘုံးအိုးဟု ခေါ်ရသနည်း။ "ဌာနုပစာ"အားဖြင့် စစ်ကိုင်းမှာလုပ်သောအိုးကို စစ်ကိုင်းအိုး၊ နွယ်ငြိမ်းမှာလုပ်သောအိုးကို နွယ်ငြိမ်းအိုး၊ တွံတေးမှာ လုပ်သောအိုးကို တွံတေးအိုးဟု ခေါ်လေ့ရှိသည်။ ယခု လဘုံးအိုးကိုမူ ဟန်လင်းတွင်လုပ်သော်လည်း ဟန်လင်းအိုးဟု ခေါ်သင့်လျက် မခေါ်ဘဲ လဘုံးအိုးဟု ခေါ်ခဲ့ကြ၏။

ဤလဘုံးအိုးဝေါဟာရကို ဆရာကြီးဦးဖိုးလတ်က "လဗိုန် (ကြိယာ) - to make firm, to establish ခိုင်ခံ့စေးစွဲ၊ မြဲစေ၊ ဆားချက်ခံရန်အတွက် တာရှည်တည်တံ့၍ ခိုင်မြဲအောင် လုပ်ထားသောအိုးဖြစ်ခြင်းကြောင့် ယင်းကို လဗိုန်အိုးဟု ခေါ်ခဲ့ရာသည်။ ထို့ကြောင့် လဘုံးအိုးဟုရေးခြင်းထက် လဗုန်းအိုးဟု ရေးသော်ပို၍သင့်ပေမည်"ဟုဖြေခဲ့ပါသည်။

ဆားတဖိုကျသည်ကို ဆားတဘွန်ကျသည်ဟု ခေါ်ဝေါ်ကြကြောင်း အထက်တွင်တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤတဘွန်ဆိုသော ဝေါဟာရကိုလည်း ဆရာကြီးအား မေးမြန်းကြည့်ရာ

"တဘွန်ကို တဗွန်ဟုလည်းရေးနိုင်သည် ထင်၏။ ယင်းတဗွန် ပုဒ်သည် မွန်ဘာသာတွင် အစုအပုံ၊ အပုံဟောဗပ်၊ ဗွပ်ဟု ခေါ်သောပုဒ်တို့မှသော်လည်းကောင်း၊ တိဗက်ဘာသာတွင် သဲပုံ၊ စုပုံ၊ ဟောဖုင်၊ မြန်မာဘာသာတွင် ထို့အတိုင်း ဟောပုံ၊ ပုဒ်တို့မှ သော်လည်းကောင်း ရွေ့လျောဆင်းသက်ရာသည်။ ယင်းပုဒ်အားလုံးသည် မိတ်တူများဖြစ်ပုံပေါ်သည်။ သို့ရာတွင် ဆားချက်လုပ်ငန်းဆိုင်ရာ အခြားစကားများမှာ မွန်ဘာသာ သက်ဖြစ်ရာ ဤတွင်လည်း မွန်ဘာသာသက်ဟုပင် ယူခြင်းက ပို၍ သင့်ပေမည်။ မွန်ဘာသာ ဗင်၊ ဗွပ်တို့တွင် နှာသံယှဉ်ကပ်သဖြင့် ဗွန်ကိုရရာသည်။ (ဦးသီးကို အုန်းသီး၊ သွားပါဦးကို သွားပါအုံးဟုဆိုသည့်နည်းတူ)ထို့ကြောင့်ဤတွင်လည်း တဘွန်ဟုရေးသည့်အစား၊ တဗွန်ဟုရေးက ပို၍သင့်ပေမည်။ အိုးတစ်ခုတည်းမဟုတ်ဘဲ အိုးအများစုမှ ပုံကျလာသောဆားကို တစ်ဖိုဟု ခေါ်ခြင်းထက် တပုံဟုခေါ်ခြင်းက ပိုမိုမှန်ကန်ရာ ကျသည်ဟု ဆိုရာ၏"ဟူ၍ ဖြေကြားခဲ့ပါသည်။

အထက်ပါ ဝေါဟာရ လေးလုံး၏ အနက်အဓိပ္ပာယ်များကို ဖြေကြား ရှင်းလင်းပြီးနောက် ဆရာကြီးဦးဖိုးလတ်ကပင် "ဟန်လင်းပျူတို့သည် ရှေးအခါက ပင်လယ်ကမ်းခြေတွင် ဆားချက်လုပ်ငန်း၌ ကျွမ်းကျင်ပြီးဖြစ်သူ မွန်တို့ထံမှ ဆားချက်လုပ်ငန်းကို ရယူခဲ့ဟန်ရှိသည်။ မွန်တို့ကိုယ်တိုင်ပင် ယင်းဆားချက်လုပ်ငန်းကို ပျူတို့နယ်၌လာရောက်၍ စတင်လုပ်ကိုင်ခဲ့သည်ဟူ၍လည်း ယူနိုင်ရာသည်။ ထို့ကြောင့် အဆိုပါ



စကားတို့မှာ မွန်အခေါ်အသုံးများဖြစ်နေသည်ဟု ယူရန်ရှိသည်။ အထက်ပါဆရာကြီးဦးဖိုးလတ်၏ မွန်ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ သင့်မသင့်၊ လျော်မလျော် ရှေးဟောင်း သုတေသနဦးစီးဌာန၊ ကမ္ဘည်းကျောက်စာဌာနခွဲရှိ မွန်ယဉ်ကျေးမှုလက်ထောက်သုတေသနမှူးဦးကျော်ငြိမ်းနှင့် ညှိနှိုင်း ဆွေးနွေးကြည့်ရာ သင့်သည်၊ ဖြစ်နိုင်သည်ဟု ဖြေကြားပါသည်။ သို့ရာတွင် ဆရာကြီးဦးဖိုးလတ်၏မှတ်ချက်များအနက် ပျူတို့သည် မွန်တို့ထံမှ ဆားချက်လုပ်ငန်းကို ရယူခဲ့ကြသည်ဆိုသော အချက်ကိုမူ စာရေးသူအနေဖြင့် လက်သင့်ခံရန် ခက်ခဲလျက်ရှိပါသည်။ အစာယ့်ကြောင့် ဆိုသော် တူးဖော်မှုအထောက်အထားများအရ ဟန်လင်းမြို့ဟောင်းတွင် အေဒီ ၂ ရာစုမှ ၉ ရာစုထိအောင် မွန်နှင့်ပျူတို့ အဆက်အဆံရှိကြကြောင်း အထောက်အထားများ မတွေ့ရ သောကြောင့်ပင် ဖြစ်ပါသည်။

သို့သော် ညောင်ရမ်းဆက် မဟာဓမ္မရာဇာမင်း လက်ထက် (အေဒီ ၁၆၈၅-၁၇၁၈)တောင်ငူမှ မွန်တို့ကို ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်တွင် နေရာချထား၍ မြန်မာမင်းအတွက် သံ လုပ်ငန်း လုပ်ကိုင်စေသည်ဟူ၍လည်းကောင်း၊ ယင်း ခရိုင် ကျောက်မြောင်းမြို့တစ်ဝိုက်တွင် မွန်တို့ကို ၁၈ ရာစုနှစ်ဝက်က နေရာချထားသည်ဟူ၍လည်းကောင်း၊ အလောင်းဘုရား လက်ထက် ဟန်လင်းရွာနှင့် မုဆိုးခြုံရွာတစ်ဝိုက်သည် မွန်-မြန်မာစစ်ပွဲအတွင်း စစ်ကြောင်းကျခဲ့သည်ဟူ၍လည်းကောင်း၊ ရာဇဝင်သမိုင်းနှင့် နိုင်ငံခြားသား မှတ်တမ်းများတွင် တွေ့ရှိရ ပေသည်။

ဤသို့ဖြင့် အဆိုပါအချိန်များ၌ ရွှေဘိုနယ်တွင် မွန်နှင့် မြန်မာ အဆက်အဆံ များခဲ့မှုကြောင့် မွန်တို့ထံမှ ဆားလုပ်ငန်းနှင့် ဝေါဟာရများ ရရှိခဲ့ပြီး ယနေ့ထက်တိုင် ဟန်လင်းကျေးရွာ တစ်ဝိုက်တွင် သုံးနှုန်းနေကြဟန် လက္ခဏာရှိပေသည်။

(မော်လမြိုင်ကောလိပ် မွန်မဂ္ဂဇင်း၊ ၁၉၇၇-၇၈။)

အခန်း ၃

# သုဝဏ္ဏဘူမိ အထောက်အထား

## (၁) သုဝဏ္ဏဘူမိနှင့်တနင်္သာရီတိုင်းမှ ကျောက်ခေတ်သစ် အထောက်အထား

### ကျောက်ခေတ်သစ်သုတေသနအစ

မြန်မာနိုင်ငံတွင် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ကျောက်ခေတ်သစ်ယဉ်ကျေးမှုဆိုင်ရာ လက်နက်ကိရိယာများနှင့် ပတ်သက်၍ ပထမဆုံးဖော်ထုတ်ခဲ့သူမှာ အိန္ဒိယဘူမိဗေဒဌာနမှ မစ္စတာသီယိုဘော ဆိုသူဖြစ်သည်။ ၁၈၇၃ ခုနှစ်ထုတ် အိန္ဒိယ ဘူမိဗေဒမှတ်တမ်းစာစောင်အတွဲ ၁၀၊ အပိုင်း ၂ တွင် မွန်တို့ ဒေသ'ပဲခူးမြို့ ဘူမိဗေဒနှင့် နောက်ဆက်တွဲ ကျောက်လက်နက် များ'ခေါ် စာတမ်းတစ်စောင်ကို ပုံနှိပ်ဖော်ပြခဲ့ဖူးသည်။

ဤစာတမ်းတွင် သီယိုဘောက အောက်ပါအတိုင်း ရေးသားထား၏။

'အိန္ဒိယပြည်မှတွေ့ရသော ကျောက်လက်နက်ကိရိယာ

များသည် ဥရောပတိုက်တွင် တွေ့ရသောအလားတူ လက်နက်ကိရိယာများနှင့် တူညီမှုရှိကြ၏။ သို့ရာတွင် အိန္ဒိယပြည်နယ်အား ဖြတ်ကျော်လိုက်ပြီးနောက် အရှေ့ဘက်ဒေသများသို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ကျောက်လက်နက်ကိရိယာများမှာ လွန်စွာ ပုံပန်းအသွင်သဏ္ဌာန် ပြောင်းလဲသွားကြောင်း တွေ့ရ၏။ ပြောင်းလဲရာတွင် အချက်ကြီး ၃ ချက်ရှိသည်။ ယင်းတို့မှာ---

(က) မြန်မာနိုင်ငံနှင့်မလေးကျွန်းဆွယ်ဘက်၌တွေ့ရသော ကျောက်လက်နက်အများအပြားတွင် အမင်းပါရှိခြင်း။

(ခ) ပုဆိန်သွားကဲ့သို့မဟုတ်ဘဲ ဆောက်သွားကဲ့သို့ တစ်မျက်နှာမှသာ သွေးခြင်း။

(ဂ) ယေဘုယျအားဖြင့် သေးငယ်ကြပြီး အမြင်တွင် ထက်မြက်ခရီးရောက်မည်ဟု မထင်ရခြင်း---ဟူ၍ ဖြစ်ပေသည်။

သီအိုဘောသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ ပြည်မြို့အံနောက်ဘက်ရှိ သန်းနီချောင်း၊ ထားဝယ်ကျေးရွာ၊ ပဲခူးမြို့နှင့် အခြား အမည်ဖော်ပြမထားသော အောက်မြန်မာနိုင်ငံ အချို့ဒေသများမှ တွေ့ရှိခဲ့ရသော ကျောက်ခေတ်သစ်လက်နက် (၂၁)ခုတို့၏ပုံဆွဲများကို တင်ပြခဲ့သည်။ ယင်းတို့ကို စာရေးသူလေ့လာသောအခါ အားလုံးလိုလို ပဲခွပ်များ ဖြစ်ကြောင်း တွေ့ရ၏။ ၁၀ ခုတွင် အမင်းပါရှိပြီး ကိုယ်ထည်ရှည်လျား ဖြောင့်တန်းကြသည်။ အခြား ၁၀ ခုတွင် အမင်းမပါရှိကြချေ။ ကျန်တစ်ခုမှာ ကျောက်ပြားကွင်းဝိုင်းဖြစ်သည်။ ယင်းလက်နက် ကိရိယာ



အားလုံးကို သဲကျောက်ကြမ်းနှင့် သင်ပုန်းကျောက်များဖြင့် ပြုလုပ်ထားကြောင်း သိရ၏။

<u>ကျောက်ခေတ်သစ်ထွန်းကားခဲ့သော စစ်တောင်းမြစ်ဝှမ်းဒေသ</u>

စစ်တောင်းမြစ်ဝှမ်းဒေသတွင်ကျောက်ခေတ်သစ်ယဉ်ကျေးမှုတစ်ရပ် ထွန်းကားခဲ့ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဂေဇက်တီးယား၊ ပဲခူးခရိုင်စာအုပ်(က)တွဲတွင် မစ္စတာ အေ-ဂျေ-ပေ့(ဂ်)က အောက်ပါအတိုင်း လေ့လာတင်ပြထား၏။

စစ်တောင်းမြစ်ဝှမ်းတွင် ရှေးလွန်ခဲ့သော အတိတ်ကာလက မီးခတ်ကျောက်လက်နက်များ ကိုင်ဆောင် အသုံးပြုသည့် ရှေးဟောင်းလူမျိုးများ နေထိုင်ခဲ့ကြသည့် အထောက်အထားများ တွေ့ရသည်။ ယင်းတို့ ကိုင်ဆောင်ကြသော လက်နက်ကိရိယာများတွင် ပုဆိန်သွား၂ မျိုး တွေ့ရ၏။ တစ်မျိုးတွင် ဆောက်သွားသဏ္ဌာန် အသွားပါရှိ၍ ကျန်တစ်မျိုးတွင် နှစ်မျက်နှာမှ သွေးယူဖော်ဆောင်ထားသော အသွား ပါရှိသည်။ ဤပုဆိန်သွားမျိုးကို အသုံးပြုသူများမှာ နီဂရစ်တိုလူမျိုးများဖြစ်ကြ၍ နောက်ထပ်ဝင်ရောက်လာသူများ၏ ဖိနှိပ်အားကြောင့် တောင်ဘက်မလေးကျွန်းဆွယ်သို့ ရောက်ရှိသွားရပေသည်။

အထက်ပါအရေးအသားများမှာ စစ်တောင်းမြစ်ဝှမ်း အရှေ့၊ အနောက်ဘက်ဒေသများ၌ ကျောက်ခေတ်သစ် အခါသမယက ကျောက်ခေတ်သစ်ယဉ်ကျေးမှု အဆင့်တွင် ရောက်ရှိနေသော တိုင်းရင်းသားများ၏ ယေဘုယျအခြေအနေများကို

နိုင်ငံခြားသားများက ဖော်ထုတ်တင်ပြထားကြခြင်း ဖြစ်သည်။

## သုဝဏ္ဏဘူမိတွင်တွေ့ရှိရသော ကျောက်လက်နက်များ

ရှေးဟောင်းသုတေသနကွင်းဆင်းတူးဖော်မှုများကို မစတင်မီနှင့် တူးဖော်နေဆဲဖြစ်သော ၁၉၇၄ ခုနှစ်မှ ယနေ့အထိ သုဝဏ္ဏဘူမိမြို့ဟောင်းတစ်ဝိုက်မှ ကျောက်မိုးကြိုးသွားခေါ် ကျောက်ခေတ်သစ်လက်နက်ကိရိယာ ၅ ခု စုဆောင်းရရှိထားပြီဖြစ်သည်။ ယင်းတို့အားလုံးကို မြေမျက်နှာပြင်ပေါ်မှ စုဆောင်းရရှိခြင်း ဖြစ်သည်။ ပြုလုပ်ထားသော ကျောက်အမျိုးအစားများကိုလည်း ဓာတ်ခွဲစမ်းသပ်ခြင်း မပြုလုပ်ရသေးချေ။ သို့တစေ ယခုဆောင်းပါးတွင် ယင်းတို့ကို တတ်နိုင်သမျှ ပဏာမလေ့လာလိုက်ရပေသည်။

သု-၁ သည် အနက်ရောင်ကျောက်ဖြင့် ပြုလုပ်ထားရှိသော ဆောက်သွား။ အနှောင့်ဝိုင်း၍ အသွားမှာ စက်ဝိုင်းခြမ်းနီးပါး ဝိုက်သည်။ အသွားတစ်ဖက် အနည်းငယ်ပွဲ့နေသည်။ စင်းလုံးချောအဖြစ် သွေးထားသည်။ အရောင်လည်း တင်ထား၏။

သု-၂ သည် မီးခိုးရောင်အသားကျစ်သည့်ကျောက်ဖြင့် ပြုလုပ်ထားသောဆောက်သွား။ အသွားတစ်ခြမ်းလုံး ပွဲ့နေချေပြီ။ ကိုယ်ထည်မှာ သု-၁ လောက် မရှည်လျားပေ။ ကိုယ်ထည်တစ်ဖက်တစ်ချက်တွင် ဆစ်ဖွဲ့ရာအချို့ ကျန်ရှိသည်။ စင်းလုံးချောအဖြစ် သွေးထားသည်။

သု-၃ သည် ပဲခွပ်သွား ဖြစ်၏။ ကိုယ်ထည်မှာ အသွားဖက်မှ



အနှောင့်ဖက်သို့ အနည်းငယ်ရှူးသွားသည်။ အသွား ဝိုက်၍ အနည်းငယ်ပွဲ့နေသည်။ အနှောင့်မှာလည်း တစ်ခြမ်းပွဲ့နေ၏။

သု-၄ သည် စင်းလုံးချောလက်နက်ပဲခွပ်ကလေးတစ်ခု၏ အသွား ဖြစ်သည်။ စိမ်းညိုရောင်ကျောက်တစ်မျိုးဖြင့် ပြုလုပ်ပြီး စင်းလုံးချောသွေးထားသော်လည်း ဆစ်ဖွဲ့ရာများ ကျန်နေကြသေးသည်။

သု-၅ သည် ပဲခွပ်သွားတစ်ခုဖြစ်သည်။ စင်းလုံးချော လက်နက်ပြုလုပ်ရန် ပထမဆစ်ဖွဲ့ထားသောအဆင့်၌သာ ရှိသည်။ အသွားဝိုက်အောင် ဖော်ဆောင်ရာ၌ ပွဲ့ထွက်သွားဟန်ရှိ၏။ မီးခိုးရင့်ရောင် ရွယ်ကြီးစေ့ကျောက်သားတစ်မျိုးဖြင့် ပြုလုပ်ထားသည်။

သုဝဏ္ဏဘူမိမြို့ဟောင်းပတ်ဝန်းကျင်တွင် ကျောက် မိုးကြိုးသွား ၅ ခုတွေ့ရှိရသည့်အနက် အမျိုးအစားခွဲသောအခါ အကြီး ၂ ခုမှာဆောက်သွားများဖြစ်ကြ၍ အလတ် ၂ ခုနှင့် အငယ် ၁ ခုတို့မှာ ပဲခွပ်သွားများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ပဲခွပ်နှင့်ဆောက်သွားများကို အိုးအိမ် အခြေချ တည်ထောင် နေထိုင်ရာ၌ သစ်သားလုပ်ငန်းများတွင် အသုံးချလေ့ရှိကြသည်ဟု ကျောက်ခေတ်သစ်ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများတွင် တွေ့မြင် ဖတ်ရှုကြရသည်။

## တနင်္သာရီတိုင်းမှ ကျောက်ခေတ်သစ်လက်နက်များ

တနင်္သာရီတိုင်း ကြိမ်ချောင်း၊ သပေါ့လိပ်နှင့် မော်တုံ့ တနင်္သာရီတိုင်း ကြိမ်ချောင်း၊ သပေါ့လိပ်နှင့် မော်တုံ့ ရွာများမှ စုဆောင်းရရှိခဲ့သော ကျောက်ခေတ်သစ် လက်နက်

ပစ္စည်း (၁၄) ခု ကို မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သမိုင်း ပါမောက္ခ ဒေါက်တာသန်းထွန်းထံတွင် စုဆောင်းထားကြောင်း စာရေးသူ တွေ့ရှိလေ့လာဖူးသည်။

ကြိမ်ချောင်းရွာမှရရှိသော လက်နက်များတွင် ၂ ခုကို ကျည်ပွေ့သဏ္ဌာန် ပြုလုပ်ထားရှိ၏။ အကြီးတစ်ခုမှာ အနှောင့် အနည်းငယ်ပဲ့နေသည်။ နှန်းကျောက်နီတစ်မျိုးဖြင့် ပြုလုပ်ထား၏။ အငယ်တစ်ခုမှာ ရွှံ့မှဖြစ်သော အညိုရောင်ကျောက် တစ်မျိုးဖြင့် ပြုလုပ်ထားရှိသည်။ ကျောက်ကျည်ပွေ့တို့၏ ထိပ် တစ်ဖက်တွင် ကြက်ခြေစင်းများ ပြုလုပ်ထားသည်မှာ ထူးခြား သည်။

ဤကိုရိယာမျိုးနှင့်မတူ စတုဂံပုံရှိသော ကျည်ပွေ့ တစ်မျိုး ကို မျက်နှာတစ်ဖက်တစ်ချက်၌ မြောင်းရစ်များဖော် ဆောင်၍ သစ်ခေါက်မှ ဝတ်ဆင်ရန်အမျှင်များထုလုပ်ရာတွင် သစ်ခေါက် ထုကျည်ပွေ့အဖြစ် အင်ဒိုနီးရှားနိုင်ငံတွင် သုံးစွဲကြောင်း မစ္စတာ ဗင်ဟီကဲရင်က အင်ဒိုနီးရှား ကျောက်ခေတ် ခေါ်စာအုပ်တွင် ထည့်သွင်းဖော်ပြသည်။

ယခု ကြိမ်ချောင်းမှ ကျည်ပွေ့မျိုးမှာလည်း သစ်ခေါက် ထုရာ၌ အသုံးပြုသလောဟု တွေးတောဖွယ်ရှိသည်။ ဤ ကျောက်ကိရိယာမျိုး အထက်မြန်မာနိုင်ငံ ကျောက်ခေတ်သစ် လက်နက်မျိုးပေါင်းစုတွင် မတွေ့ဖူးသေးချေ။

နောက်ထပ် ကြိမ်ချောင်းရွာမှပင် တွေ့ရသော ကျောက်ပဲ ခွပ်သွား ၂ ခုမှာ သင်ပုန်းကျောက်များဖြင့် ပြုလုပ်ထားရှိသည်။



အချိုးမညီသော အမင်းများ ပါရှိကြ၏။ စင်လုံးချောအဖြစ် ပြုလုပ် ထားကြောင်းတွေ့ရသည်။

ကြိမ်ချောင်းမှပင် နောက်လက်နက်တစ်ခုမှာ တံစဉ်သွား ဖြစ်သည်။ နှန်းကျောက်ဖြင့်ပြီး၍ စင်းလုံးချော သွေးထားသည်။ ဤလက်နက်မျိုးကိုလည်း လေ့လာဖူးသမျှ အထက်မြန်မာပြည် ဒေသများတွင် မတွေ့ဖူးသေးချေ။

ယင်းကြိမ်ချောင်း၊ သပေါ့လိပ်နှင့်မော်တုံ ကျောက် လက်နက်များကို ဒေါက်တာသန်းထွန်း၏ မေတ္တာရပ်ခံချက်အရ ဘူမိဗေဒပါမောက္ခဦးဘသန်းဟက်က ကျောက်အမျိုးအစား ခွဲခြားပေးခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယင်းလက်နက်များ ကို နှန်းကျောက်၊ ရွှံ့မှဖြစ်သောကျောက်၊ သင်ပုန်းကျောက်၊ မဟူရာဖြူနှင့် ကြိုးပါသော မဟူရာဖြူကျောက်အမျိုးအစားများ ဖြင့် ပြုလုပ်ထားကြောင်းသိရသည်။

ခြုံ၍ကြည့်သောအခါ တနင်္သာရီတိုင်းအတွင်းရှိ ကြိမ် ချောင်း၊ သပေါ့လိပ်နှင့် မော်တုံရွာများမှ ကျောက်ခေတ်သစ် လက်နက်များတွင် သစ်ခေါက်ထုရန် ကျောက်ကျည်ပွေ့၊ တံစဉ် သွား၊ အမင်းပါ ခါးရှည်၊ အမင်းပါ ပဲခွပ်၊ ပုဆိန်သွား၊ ဗိစပ်ဖူး သွား၊ အမင်းပါ ပဲခွပ်အစရှိသဖြင့် အမျိုး အတော်စုံလင်အောင် ပါရှိကြောင်း တွေ့ရသည်။

ချည်မျှင်ထုရန် ကျောက်ကျည်ပွေ့ဟု ထင်ရသော ကျောက် လက်နက်မျိုးသည် ထင်သည့်အတိုင်းမှန်ပါက ကျောက် ခေတ်သစ် ဝတ်စားဆင်ယင်ရေး အထောက်အကူပြုနိုင်သည့်

ကိရိယာများပင်ဖြစ်သည်။ တံစဉ်သွားမှာမူ ထို့ထက်အရေးပါ၏။ ဆန်စပါးကဲ့သို့အစေ့အဆန်ကိုစားသုံးရသည့် အပင်များ ရိတ်သိမ်းရာတွင် မရှိမဖြစ်သော လက်နက်တစ်မျိုးဖြစ်သည်။ ယင်းသည် လယ်ယာထွန်ယက်စိုက်ပျိုးမှုကဲ့သို့ ကုန်ထုတ်လုပ်မှု သမိုင်းအတွက် အဖိုးတန် အရေးကြီးသော ရှေးဟောင်းပစ္စည်းပင် ဖြစ်သည်။

သုဝဏ္ဏဘူမိနှင့်တနင်္သာရီတိုင်းတို့မှ တွေ့ရှိရသမျှ ကျောက်ချောလက်နက်များမှာ တူးဖော်မှုကြောင့် ရရှိခြင်း မဟုတ်သေးချေ။ မြေအပေါ်ယံမှ ရရှိခြင်းသာ ဖြစ်ကြသည်။ သို့ဖြစ်သဖြင့် ယင်းတို့၏ ခုနှစ်သက္ကရာဇ်ကိုအတိအကျ မသိရှိရသေးပေ။ ယင်းတို့အနက် သုဏ္ဏဘူမိမှ ကျောက်လက်နက်များကို ကျောက်အမျိုးအစား သိပ္ပံနည်းကျ ခွဲခြားလေ့လာရန်လည်း လိုပေသေး၏။ တနင်္သာရီတိုင်းမှ လက်နက်များအတွက်လည်း သက်ဆိုင်ရာ ဒေသများ၏ ဘူမိဗေဒဖြစ်စဉ်များ၊ ယိုးဒယား၊ အင်ဒိုနီးရှားစသော အိမ်နီးပါးချင်းနိုင်ငံတို့၏ ကျောက်လက်နက်ပစ္စည်းများနှင့်လည်း ယှဉ်တွဲလေ့လာရန် လိုသေးကြောင်း တင်ပြရပါသည်။

(မွန်ပြည်နယ်နေ့နှစ်လည်စာစောင်၊ ၁၉-၃-၇၈)

## (၂) မွန်ပြည်နယ် ရှေးဟောင်းအမွေအနှစ်

ရှေးခေတ် မြန်မာ့သမိုင်းတွင် ပြဿနာရပ်များအဖြစ် ကျယ်ပြန့်နက်ရှိုင်းစွာ လေ့လာဖော်ထုတ်ရမည့်အခြေခံ ၃



ခုရှိသည်။ ယင်းတို့မှာ ---(၁) ပျူယဉ်ကျေးမှု (၂) မွန်ယဉ်ကျေးမှု
(၃) ရခိုင်ယဉ်ကျေးမှုတို့ကို ပြည့်စုံစွာ ဖော်ထုတ်ရေး ဖြစ်ကြ
သည်။ ၁၉၅၉ ခုနှစ်လောက်ကစ၍ ပျူယဉ်ကျေးမှုပြဿနာကို
ကွင်းဆင်း သုတေသနနည်းများဖြင့် အဖြေရှာဖွေခဲ့ကြပေရာ
ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများကို
မြေလွှာအောက်မှ ဖော်ထုတ်ပေးခြင်းအားဖြင့် ပျူယဉ်ကျေးမှု
ပြဿနာမှာ အတော်အတန် ပြေလည်လာပြီဖြစ်သည်။ ပျူပြီး
လျှင် မွန် သို့မဟုတ် ရခိုင်ယဉ်ကျေးမှုအတွက် ကွင်းဆင်း အဖြေ
ရှာ ဖော်ထုတ်ရန်ကိုမူ ယခုအခါ စီမံကိန်းများ ရေးဆွဲချမှတ်
ထားပြီးဖြစ်သည်။

ရှေးဟောင်းမွန်ယဉ်ကျေးမှု ထွန်းကားခဲ့ရာဒေသသည်
ရှေးစာဟောင်း၊ ပေဟောင်းများတွင် ဖော်ပြပါရှိသည့် သုဝဏ္ဏ
ဘူမိ ခေါ်သည့် ဒေသဖြစ်ကြောင်း ဖတ်ရှုမှတ်သားကြရသည်။
ယင်းဒေသနှင့် စပ်လျဉ်း၍ အဆိုအမိန့် အမျိုးမျိုးရှိကြသည်
မှန်သော်လည်း မြန်မာပြည်၊ သထုံခရိုင်အတွင်း ဖြတ်သန်း
စီးဆင်းလျက်ရှိသော စစ်တောင်းနှင့်သံလွင် မြစ်နှစ်သွယ်၏
အကြားဒေသတွင် မွန် သို့မဟုတ် ထို့ထက် ရှေးကျသည့်
ယဉ်ကျေးမှုလက်ရာ အထောက်အထားများ၊ မြို့ရိုးနေရာများ၊
ဘုရားပုထိုးများကို တွေ့ရှိနေကြရသည်။ ယဉ်ကျေးမှု အထောက်အထား

ထိုသို့တွေ့ရှိရသည့် ယဉ်ကျေးမှု အထောက်အထား ~~~
တူးဖော် သုတေ
များကို ကွင်းဆင်းလေ့လာစူးစမ်းခြင်းမပြုဘဲ တူးဖော် သုတေ
သနလုပ်ငန်းမျိုး မဆောင်ရွက်သင့်ချေ။ ထို့အပြင် တူးဖော်မှု

စခန်း ဖွင့်လှစ်နိုင်အောင် နယ်မြေအခြေအနေကိုလည်း လေ့လာရန် လိုအပ်လျက်ရှိပေသည်။ ဤလိုအပ်ချက်များကို ဖြည့်စွမ်းသည့်အနေဖြင့် ၁၉၇၄ ခုနှစ် နှစ်လယ်လောက်က မွန်ပြည်နယ်သို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။

## လေ့လာရာဒေသအကျယ်အဝန်း

ကွင်းဆင်းလေ့လာရာဒေသ၏ အကျယ်အဝန်းမှာ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၀ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၀ မိနစ်အကြားရှိ ကေလာသတောင်ခြေတစ်ဝိုက်နှင့် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၉ မိနစ်နှင့် ၁၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်နှင့် ၄၅ မိနစ်အကြားရှိ သံဖြူဇရပ်မြို့နယ်မှ မြို့ဟောင်း (၂)နေရာတို့ ဖြစ်ကြသည်။

## လေ့လာတွေ့ရှိချက်များ

ကွင်းဆင်းအဖွဲ့သည် ရှေးဦးစွာ ကျိုက်ထိုမြို့မှတစ်ဆင့် ကေလာသတောင်ခြေရှိ မရမ်းကုန်းကျေးရွာသို့ ရောက်အောင် သွားကြပြီးနောက် တောင်ခြေအနောက်မြောက်ထောင့်ရှိ အရက်သည်မရွာအနီး တိုက်ကုလားခေါ် သုဝဏ္ဏဘူမိမြို့ဟောင်း နေရာကို ရှေးဦးစွာ လေ့လာကြပါသည်။



## တိုက်ကုလား ခေါ် သုဝဏ္ဏဘူမိမြို့ဟောင်းနေရာ

တိုက်ကုလားကို မြေတိုင်းဌာနထုတ် မြေပုံအမှတ် ၉၄ ဂျီ ၄။ အကွက်အမှတ် ၉၀၀၅/၅၉၀၁ တွင် ရှာဖွေတွေ့နိုင်ပါသည်။ လက်ရှိ မြို့အနေအထားမှာ ကေလာသတောင် အနောက်မြောက်ထောင့်ကို အမှီပြု၍ တောင်၊ မြောက်နှင့် အနောက်ဘက်တို့တွင် လယ်ကွင်းပြင်များ၊ မြစ်ကြောင်းနေရာ ဟောင်းများ တည်ရှိကြကြောင်း ကောင်းကင်ရိုက် မြေတိုင်းဓာတ်ပုံအမှတ် ၅၁၈-၁၅၇ တွင် လေ့လာတွေ့ရှိရသည်။

လက်ရှိ အရက်သမကျေးရွာတွင် လူနေအိမ်ခြေများကို အရှေ့အနောက်တန်းလျက် တည်ဆောက်ထားကြသည်။ ယင်းအိမ်ခြေများ ကျောပြုထားသော မြေမြင့်ပိုင်းဒေသတွင် မြောက်ဘက်မြို့ရိုးတစ်ခုကို အရှေ့အနောက်တန်းလျက် မြင်တွေ့ရ၏။ ယင်းကို ဂဝံကျောက်မြေများဖြင့်ပြုလုပ်ထားသည်။ ယင်း၏အနီးအနားတွင် ကျုံးနေရာကိုလည်း တွေ့ရ၏။ မြို့ရိုး၏ အမြင့်မှာ ၁၀ပေခန့်မျှပင် ရှိမည်ဟု ခန့်မှန်းပါသည်။ ထိုမြို့ရိုးကို ဖြတ်၍ ခြေသွားလမ်းအတိုင်း ကြည့်ရှုစုံစမ်းသောအခါ မြေမျက်နှာပြင်သည် အနည်းငယ်ပြန့်ပြူး၍ ကွက်လပ် ဖြစ်နေသည်ကို တွေ့ရပါသည်။ ယင်းတွင် သေးနုပ်သော အိုးခြမ်းကွဲကလေး အများအပြား ပြန့်ကြနေကြောင်း တွေ့ရှိရသည်။ ဤပြန့်ပြူး သည့် ကွက်လပ်သည် တစ်ကြိမ်တစ်ခါ လူနေရပ်ကွက် ဖြစ်ခဲ့ စရာရှိမည်ဟု ခန့်မှန်းပါသည်။ ဤကွက်လပ်မှ တောင်ဘက်သို့ မြင့်တက်သွားတာ တောင်ထိပ်ရှိ မြေမျက်နှာပြင်သည်

မြသိန်းတန်ဘုရားသို့ ရောက်အောင် တောင်ကြောအဖြစ် ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။ ဤအပိုင်းတွင် တောင်ဘက်မြို့ရိုးအကြွင်းအကျန်အချို့ကို ဆက်လက်တွေ့ရသည်။

တိုက်ကုလားမြို့ဟောင်းရာကို ရှေးခေတ်သုဝဏ္ဏဘူမိ၏ မြို့တော်ဟောင်းနေရာဖြစ်ကြောင်း ရှေးဦးစွာ ဖော်ထုတ်တင်ပြသောအထောက်အထားသည် ကလျာဏီသိမ်ကျောက်စာ ဖြစ်သည်။ ဓမ္မစေတီမင်းလက်ထက်ရေးထိုးသော ကလျာဏီသိမ်ကျောက်စာ မွန်ဘာသာ (က)မျက်နှာကြောင်းရေ (၆)နှင့်(၇)တွင် ပါရှိသည်ကို မြန်မာဘာသာဖြင့် ဤသို့ပြန်ဆိုထားပြီးဖြစ်သည်။

"ထိုမင်း၏နေပြည်တော်သည် ကေလာသပေါင်ဘုရား၏ အနောက်မြောက်ထောင့်၌ရှိ၏။ မြို့တစ်ဝက်ကား တောင်ပေါ်၌ ရှိ၍ အခြားတစ်ဘက်ကား ညီညာသောမြေအပြင်ဖြစ်၏။ ထိုမြို့သည် တင်လဲချက်သော ဂေါဠလူမျိုးတို့၏ အိမ်ကဲ့သို့ မြေကျည်ဖြစ်သော အိမ်များသောကြောင့် နောင်းလူတို့သည် တိုက်ကုလားမြို့ဟု ခေါ်ကြကုန်၏"

တိုက်ကုလားမြို့နှင့်ပတ်သက်၍ ထို့ထက်ပြည့်စုံသောအရေးအသားတစ်ရပ်ကို ၁၈၉၉ ခုနှစ်ထုတ် အငြိမ်းစားစစ်တဲကြီးဦးရွှေနော်၏ မွန်ရာဇဝင်နှင့်စေတီတော်သမိုင်းစာအုပ်စာမျက်နှာ ၁၆ တွင် အောက်ပါအတိုင်း ဆက်လက်တွေ့ရှိရပါသည်။

"တိုက်ကုလားမြို့အကြောင်းကို ပြဦးအံ့။ ဘုရားမပွင့်မီနှစ် ၁၀၀ ကျော်လောက်ကပင် သပေါမင်း၏ ဘိုးတော်



လက်ထက် ဌင်းဒိုးခလွန်းတောင်၏ အနောက်မြောက်ဘက်တောင်ခြေရင်းတွင် မြို့တည်လုပ်၏။ မြို့တည်ပုံမှာ တောင်ဘက်မျက်နှာက တောင်ကမ်းပါးယံကျောက်ကမ်းပါးကို မြို့ရိုးလုပ်၏။ အရှေ့ကမ်းပါးတစ်ဝက်အပေါ်က ကျောက်ခဲများ စီသည်။ ကျောက်ခဲတစ်ဝက်ကို မြို့ရိုးလုပ်၏။ မြောက်ဘက်မျက်နှာမှာ ကျောက်နှင့်မြေ ရောနှောဖို့၍ မြို့ရိုးလုပ်၏။ တံခါးမှာ အရှေ့၊ အနောက်၊ မြောက်ဘက်(၃)မျက်နှာ ထား၏။ မြို့အကျယ်မှာ အရှေ့၊ အနောက်၊ တောင် ပေါင်း (၂၀၀၀)၊ တောင်မြောက် တောင်ပေါင်း (၁၀၀၀)ရှိ၏။ တိုက်နံရံနှင့်အလားတူစွာ ၃ မျက်နှာ ကျောက်ကမ်းပါးယံ ကာလျက်နေသည်တစ်ကြောင်း၊ ဒိုးခလွန်း တောင်ခြေရင်းဖြစ်သည်တစ်ကြောင်း သို့အကြောင်းတို့ကြောင့် ဒုံးတိုက်ခလွန်းဟူသော မြို့အမည်တွင်၏။ နောက် ဒုံးတိုက်ခလွန်းက ရွေ့လျောပြီးကာလ ဒုံးတိုက္ကလားဟု ခေါ်ကြ၏။"

အထက်ပါအဆိုအမိန့်(၂) ရပ်တွင် ကလျာဏီ သိမ်ကျောက်စာ၏အဆိုသည် ခေတ်ပြိုင်မှတ်တမ်း၏အဆို မဟုတ်သည့်တိုင် အောက်ကျောက်စာပါ နေရာဒေသအညွှန်းများအတိုင်း မြို့တည်နေရာနှင့် မြေပြန့်တစ်ဝက်၊ တောင်ပေါ်တစ်ဝက်တည်ထားသောမြို့ကိုတွေ့ရှိကြရသောကြောင့် အားကိုးလောက်သည့် အထောက်အထားဖြစ်ပေသည်။ ဦးရွှေနော်၏ အရေးအသားများမှာလည်း ယိုးဒယားပြည်ရောက် ရှေးဟောင်းမွန်စာပေမှတ်တမ်းများကို ကိုးကားထားသည်ဟု ဆိုသော

ကြောင့်တစ်ကြောင်း၊ မြို့ရိုး တည်ဆောက် ပုံနှင့်မြို့ အကျယ်အဝန်းကိုပါ အတိအကျ ညွှန်ပြထားသောကြောင့်တစ်ကြောင်း မှိုင်းမြိုင်းကြိုးကားသင့်သော အထောက်အထား အရေးအသားများ ဖြစ်ပေသည်။ အထူးသဖြင့် ဦးရွှေနော်ရေးသားထားသကဲ့သို့ ပင် မြို့မှာ အရှေ့ အနောက် လျှား၍ တောင်မြောက် ကျဉ်းသည့် စတုဂံပန္နက်ပုံစံမျိုး ရှိနိုင်သည်ဟု ထင်သည်။ သို့သော် ယင်း အချက်ကို ကောင်းကင် ဓာတ်ပုံတွင် ပြည့်စုံအောင် မတွေ့ရှိရချေ။ ထို့ကြောင့် နောင်အလျဉ်းသင့်လျှင် ထပ်မံစူးစမ်းဖော်ထုတ်ရမည့်အချက် ဖြစ်ပေသည်။

## ဝင်းကရွာ

ဝင်းကရွာသည် အရက်သမ(တိုက်ကုလား)၏ အရှေ့တောင်ယွန်းယွန်း ၁ မိုင်ခွဲတွင် တည်ရှိသည်။ သထုံခရိုင်ဂေဇက်တီးယား၏ အဆိုအရ တိုက်ကုလားမြို့ဆိုင်ရာ ရှေးဟောင်းအကြွင်းအကျန်များကို အရက်သမ ကျေးရွာမှ ကင်းရွာအထိ ပျှမ်းမျှ ၅ မိုင်အတွင်း တွေ့ရှိရကြောင်း ရေးသားထားပေသည်။ ဝင်းကရွာသည် ဤအတိုင်းအတာအတွင်း ကျရောက်၏။ ဝင်းကရွာတွင် အုတ်ကုန်းနိမ့်များအနှံ့နှင့် အုတ်မြို့ရိုးတစ်ထပ် တွေ့ရှိရပေသည်။ သို့သော် ယင်းတို့သည် ပုဂံခေတ်ထက် ရှေးကျဟန်လက္ခဏာ မရှိကြချေ။



## တွေ့ရှိရသောရှေးဟောင်းပစ္စည်းများ

ယခု ခရီးတွင် အရက်သည်မရွာမှ ရှေးဟောင်းပစ္စည်း မရရှိခဲ့ချေ။ ဝင်းကရွာကမူ စတုရန်း ၁.၅ ပေခန့်ရှိ ဘုရားလောင်းပုံ ရုပ်ကြွထုလုပ်ထားသော မီးဖုတ်အုတ်ချပ်တစ်ခု၊ ဖားရုပ်လုံး ခေါင်းပိုင်းတစ်ခုနှင့် ကျောက်ခေတ်သစ် လက်နက်တစ်ခုတို့ကို စုဆောင်းရရှိခဲ့ပါသည်။ ရုပ်ကြွပါရှိသော အုတ်ချပ်မှာ ဂဝံမြေကို မီးဖုတ်ပြုလုပ်ထား ခြင်းဖြစ်သည်။ သက်သောင့်သက်သာထိုင်နေသော(လာလိတာသန)ဘုရားလောင်းအား ဘေးတစ်ဖက်တစ်ချက်မှ သတ္တိခေါ် ကြင်ရာတော်များ ခြံရံထားသည့်ပုံဖြစ်၍ လက်ရာအနေအထားအရ ပုဂံခေတ် အစောပိုင်း လက်ရာမျိုးနှင့် ဆင်တူသည်။ ဖားရုပ်လုံးမှာလည်း တစ်ခေတ်တည်းပင် ဖြစ်ကောင်းစရာရှိပါသည်။

လေ့လာရာဒေသတစ်ဝိုက်တွင် ရှေးယခင်က ကျောက်စာများ တွေ့ခဲ့ဖူးကြောင်း မှတ်သားရသည်။ ပုဂံ ကျန်စစ်သားမင်း လက်ထက်ထိုး ကျိုက်တလန်မွန်ကျောက်စာကို မြန်မာပြည်ကျောက်စာစာစောင် အတွဲ ၁၊ အပိုင်း ၂၊ ၁၉၂၀ တွင် ဒေါက်တာဗလက်ဒင် ဖတ်ရှုပြန်ဆိုခဲ့ဖူးသည်။ ယင်းနောက် မွန်ကျောက်စာပေါင်းချုပ်တွင်လည်းကောင်း၊ ပါမောက္ခ လုစ်၏ ရှေးဟောင်း မြန်မာပြည်ခေတ်ဦး ပုဂံ စာအုပ်တွင်လည်းကောင်း တွေ့ရှိရဖူးပါသည်။

<u>ဇုတ်သုတ်ရွာ</u>

အရက်သည်မရွာမှ အရှေ့တောင်ဘက် ၈မိုင်နှင့် ဘီးလင်းမြို့မှအနောက်ဘက် ၆ မိုင်အကွာတွင် ဇုတ်သုတ်ရွာရှိသည်။ ထိုရွာတွင်ရှိသော ထီးဆောင်းဘုရားမှာ မွန်ရှေးဟောင်းယဉ်ကျေးမှုထွန်းကားစဉ်အခါက တည်ထားခဲ့ဟန် ရှိသည်၊ ဘုရား၏ပန္နက်သည် ရှစ်မြောင့်ဖြစ်သည်။ ရန်ကုန်မြို့ရှိ ဆူးလေဘုရားပန္နက်ပုံနှင့် ဆင်ဆင်တူသည်။ ဤဘုရား၏ ထူးခြားချက်မှာ ဖိနပ်တော်၌ထုထားသော ဗိသုကာဆိုင်ရာ အခြယ်အလှယ် အချို့ပင် ဖြစ်သည်။ ဘုရားရင်ပြင်တော်ပေါ်တွင် ဂဝံကျောက်ထီးများ၊ သံဘုတ် ပလများ၊ ဆီမီးတိုင်အခြေများ ရှိကြသည်။

<u>ဆင်တပ်မြင်းတပ်</u>

ထီးဆောင်းဘုရား၏တောင်ဘက် ၁ မိုင်ခန့်အကွာတွင် အရှေ့အနောက်တန်းလျက်ရှိသော ဂဝံကျောက်တုံး တံတိုင်းကြီးတစ်ခု တည်ရှိသည်။ ယင်း၏အနောက်ဖက်ကျသောအပိုင်းမှ ကျောက်တုံးကြီးများပေါ်တွင် ဆင်ရုပ်နှင့် ခြင်္သေ့ရုပ်ကြီးများကို အကြွထုလုပ်ထားသောရှေးဟောင်းကျောက်ဆစ်လက်ရာများရှိကြသည်၊ ယင်းတို့မှာ ဆင်ရုပ်၊ ခြင်္သေ့ရုပ်များဖြစ်ကြစေကာမူ အစဉ်အလာအတိုင်း ဆင်တပ်မြင်းတပ်ဟု ခေါ်ဝေါ်အမည်တွင်ခဲ့ကြ၏။ တံတိုင်းတစ်ခုလုံးသည် တစ်ချိန်တစ်ခါက မွန်နှင့်နိဂရစ်တိုလူမျိုးများ နယ်မြေပိုင်စိုးလိုမှုအတွက် တိုက်ခိုက်ခဲ့ရသည့် ရန်ပွဲမျိုးတွင် နိဂရစ်တိုတို့ကို ဟန့်တားခဲ့ရာ ခံတပ်တံတိုင်းတစ်ခု ဖြစ်ခဲ့လေ



သလော၊ သို့မဟုတ် ထိုထက်နောက်ကျသော ကာလနှင့် သက်ဆိုင်လေသလောဟု တွေးတောဖွယ်ကောင်းလှပေသည်။

ဆင်တပ်မြင်းတပ်ကို ယခုနှစ်မှစ၍ ရှေးဟောင်းသုတေသနဦးစီးဌာနက တာဝန်ယူ ထိန်းသိမ်းထားရှိပေးခဲ့သည်။ ယင်းနှင့်အညီ သက်ဆိုင်ရာ ဆ-လ-က ၏ ပြုပြင်မှုများမှာ ရုပ်ကြွများ ထုလုပ်ထားသော ကျောက်တုံးကြီးများအား မိုးဒဏ်မှ ကင်းလွတ်အောင် အားဖြည့် ကွန်ကရစ်တိုင်ကြီးများ ထောက်ကူပြီး အမိုး ပြန်မိုးပေးထားခြင်းဖြစ်သည်။ ကွင်းဆင်းအဖွဲ့ ရောက်ရှိသောနေ့တွင် တိုင်များအတွက် ရှေးဦးစွာတူးထားသော ပန္နက်ကျင်းများ၌ မြေဖို့ပေးရန် လုပ်ငန်းအချို့ ကျန်ရှိနေသေးသည်မှအပ ထိန်းသိမ်းမှုလုပ်ငန်းများ ပြီးစီးသွားဟန်လက္ခဏာ ရှိပေသည်။

<u>သထုံမြို့ဟောင်းနှင့် ရှေးဟောင်းလက်ရာများ</u>

ကွင်းဆင်းအဖွဲ့သည် ဘီးလင်းမြို့မှတစ်ဆင့် သထုံမြို့သို့ရောက်သွားကြသည်။ သထုံမြို့တွင် အရှေ့ဘက် မြို့ရိုးဟောင်းကို မြသပိတ်တောင်တန်းနှင့်ပြိုင်လျက် အတော်အတန်ကျန်ရှိနေသေးကြောင်း လေ့လာတွေ့ရှိရသည်။ပါမောက္ခလုစ်၏ ရှေးဟောင်းမြန်မာပြည်စာအုပ်၊ ပုံဆွဲတွင် ကြွင်းကျန်ရစ်သည့် သထုံမြို့အရှေ့ဘက်မြို့ရိုးမှာ ၄ ၁/၂ ဖာလုံခန့်ရှိကြောင်း တွေ့ရသည်။ လက်ရှိ ကျန်သမျှမြို့ရိုးကို သံကြိုးဆွဲ တိုင်းတာပေးကြပါရန် သထုံမြို့ မွန်ယဉ်ကျေးမှုအဖွဲ့အား မေတ္တာရပ်ခံ

ခဲ့ပါသည်။ သထုံမြို့ရိုးဟောင်းများအနက် တောင်ဘက် နတ်စင်ကုန်းအနီးမှ မြို့ရိုးမှာ လူနေအိမ်ခြေများနှင့် မလွတ်မကင်းရှိနေသဖြင့် ယခုအခါ အတော်ပင်ဖျက်ဆီးခြင်းခံနေရပြီဖြစ်သည်။ ကြွင်းကျန်သမျှမြို့ရိုးတို့ကို နောက်ထပ်တူးဖော်မပစ်ကြရန် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီမှ အရေးယူတားမြစ်ပေးပါရန် ကွင်းဆင်းအဖွဲ့မှ ပန်ကြားမေတ္တာရပ်ခံခဲ့ပါသည်။

သထုံမြို့ရွှေစာရံဘုရားအနီးရှိ သိကြားဘုရားမှ ဂဝံကျောက်ဆစ်လက်ရာ ရုပ်ကြွများကိုလည်း လေ့လာ ဓာတ်ပုံရိုက်ကူးခဲ့သည်။ ယင်းတို့အကြောင်း အသေးစိတ်လေ့လာပြီး စာအုပ်စာတမ်းများ ပြုစုနိုင်လျှင် သုတေသီများအတွက် လွန်စွာအကျိုးထူးပါမည်။ ရုပ်ကြွများတွင် ဘုရားဟော ဇာတ်တော်များအကြောင်း ထုလုပ်ထားသည့်ရုပ်ကြွများ အများပင် ပါရှိနေကြောင်းတွေ့ရသည်။ သိကြားဘုရားရုပ်ကြွများနှင့် ပတ်သက်၍ ယင်းတို့သည် ဗုဒ္ဓဘုရားရှင်၏ ဖြစ်တော်စဉ်ဇာတ်တော်မှ ဖြစ်ကြကြောင်း ကွယ်လွန်သူကျောက်စာဝန်ဟောင်း ဆရာကြီး ဦးမြက အိန္ဒိယ ရှေးဟောင်းအစီရင်ခံစာ ၁၉၃၀-၃၄ စာမျက်နှာ ၁၉၆-၂၀၃ တွင် အကျယ်တဝင့် တင်ပြဆွေးနွေးထားလေသည်။ ဒေါက်တာ နီဟာရန်ဂျန်ရေးကမူ ယင်းတို့မှာ ဗြာဟ္မဏဝါဒီတို့၏ အနုပညာလက်ရာများဖြစ်ကြောင်း သူ၏ မြန်မာပြည်ရှိ ဗြာဟ္မဏနတ်ရုပ်များ ၁၉၃၂ စာအုပ်တွင် တင်ပြထားသည်။



သံဖြူဇရပ်ရှိ ဝါကရုနှင့် အခြားမြို့ဟောင်း

ကွင်းဆင်းအဖွဲ့သည် သထုံမှတစ်ဆင့် မော်လမြိုင်သို့ ရောက်ရှိကြပြီးနောက် မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဝါကရုမြို့ဟောင်းနှင့် ၎င်းအနီးရှိ ရွှေမြို့ဟောင်း တစ်ခုတို့ကိုလည်း သွားရောက်လေ့လာမှတ်သားခဲ့ကြသည်။

ဝါကရုမြို့ဟောင်းသည် ၁၃ ရာစုခေတ်က တည်ဆောက်ခဲ့ကြောင်း ကျောက်စာဝန်ဟောင်း မစ္စတာ တော်စိန်ခိုက သူ၏ ရာမညဒေသ ကွင်းဆင်းသုတေသနမှတ်တမ်းတွင် ရေးသားထားပါသည်။ ၁၉၇၃ ခုနှစ်မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲတွင် သစ်တောဌာနမှ ဦးအောင်မြင့်က ဖတ်ကြားသွားသော မြန်မာမြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံမှ ဖတ်ရှုလေ့လာခြင်းစာတမ်းအမှတ်(၂)တွင်မူ ဝါကရုမြို့ဟောင်းသည် ဆန္ဒင်းမကင်းပုံ ရှိကြောင်း တွေ့ရှိရပါသည်။ ကွင်းဆင်းအဖွဲ့ရောက်ရှိလေ့လာခဲ့ရသောမြို့ရိုးမှာ အရှေ့ဘက်မြို့ရိုးဖြစ်၍ ဂဝံကျောက်မှဖြစ်သောမြေဖြင့် အမြင့်ပေ ၄၀၊ ၈ လက်မထိအောင် ဆောက်လုပ်ထားကြောင်းတွေ့ရသည်။ မြို့ကိုဝန်းရံလျက် ကျုံးတူးထားရှိကြောင်းလည်း တွေ့ရပါသည်။ မြို့တွင်းအလယ်ကျကျနေရာတွင် တစ်ခါက လူနေမှုများ ရှိခဲ့ကြောင်းပြသသည့် အိုးခြမ်းကွဲများကို တွေ့မြင်ကြရသည်။

ဝါကရုဘုန်းကြီးကျောင်းမှ ရှေးဟောင်းပစ္စည်းများ

ဝါကရုရှေးဟောင်းဘုန်းကြီးကျောင်းမှ မဲဆင်းတုတော် ၂

ဆူနှင့် ငွေပြားကပ်ဆင်းတုတော် ၂ ဆူတို့ကို လေ့လာရန် အတွက် ပင့်ဆောင်ခဲ့သည်။ ဆင်းတုတော်များ၏ လက်ရာ အနေအထားမှာ ကုန်းဘောင်ခေတ်ထက် ရှေးကျဟန် မတူပါ။ သို့သော် ပေါ့ပါးသောသတ္တုပစ္စည်းတို့ဖြင့် ပြုလုပ်ထားရှိသော ကြောင့် မြန်မာပြည်အနှံ့ရောက်နိုင်သည့် ရှေးဟောင်းပစ္စည်း များဖြစ်ကြသည်။ မံဆင်းတုတော် ၂ ဆူအနက် တစ်ဆူ၏ အတွင်းပိုင်းတွင် အောက်ပါ မွန်စာ ၁ ကြောင်း ရေးထိုးထားရှိ ပါသည်။

မွန်ဘာသာ

(သက္ကရာဇ်) ၁၂၂၃ ဂီတူစဲ ဗွောင်တွဲစန်။

မြန်မာဘာသာ

(သက္ကရာဇ်) ၁၂၂၃ ခု တန်ခူးလပြည့် တနင်းလာနေ့။

မှတ်ချက်။ ။ ရက်စွဲပါရှိသဖြင့် နှောင် ဆင်းတုတော်သမိုင်း ပြုစုရာတွင် အထောက်အကူဖြစ်စေမည့် လက်ရာဖြစ်ပါသည်။

သံဖြူဇရပ်မှ တောင်ဘက် ၆ မိုင်ခန့် ပင်နှင့် ဝဲကလီရွာ အကြားတွင်လည်း ရှေးမြို့ဟောင်းတစ်ခုရှိသေးရာ ကွင်းဆင်း အဖွဲ့သည် အချိန်ရသရွေ့နှင့် သွားရောက်လေ့လာခဲ့သည်။ ဤမြို့ဟောင်းအကြောင်းကို ကျိုက္ကမီခရိုင် ဂေဇက်တီးယား စာအုပ်တွင် အနည်းငယ် ရေးသားဖော်ပြထားသော်လည်း မြို့ အမည်ကိုမူ သီးခြားမဖော်ပြဘဲ သာမန် မြို့ဟောင်းဟုသာ ဖော်ပြ



ထားပေသည်။

ကွင်းဆင်းအဖွဲ့ လေ့လာတွေ့ရှိသမျှတွင် မြို့ရိုးသည် မြေဖြင့်ပြီး၏။ အရှေ့-တောင်နှင့်မြောက်ဘက်များကို မြေဖို့ လုပ်ထားရှိပြီး အနောက်ဘက်ကိုမူ သဘာဝတောင်တန်းက ကာဆီး ပေးထားပေသည်။ မြို့၏အမြင့်မှာ ပေ ၃၀ ခန့်ရှိသည်။ ပန္နက်မှာ စတုဂံပုံသဏ္ဌာန်ဖြစ်၏။ မြို့ရိုးရှိသည့် နေရာတိုင်းကို ကျုံးများ ပတ်ရံထားသည်။ အရှေ့ဘက်မြို့ရိုးရှိသည့် နေရာတိုင်း ကို ကျုံးများပတ်ရံထားသည်။ အရှေ့ဘက်မြို့ရိုးပေါ်ရှိ နေရာ များတွင် ကြက်ပေါင်စေးပင်များ စိုက်ပျိုးရန် ရှင်းလင်းထား သဖြင့် ကောင်းစွာ လေ့လာနိုင်သော်လည်း ယင်းမှ ရှေးဟောင်း ပစ္စည်း တစ်စုံတစ်ရာ မရရှိခဲ့ချေ။

ရှေ့အဖို့ ဆောင်ရွက်ရမည့် လုပ်ငန်းများ

ယခု ကွင်းဆင်းအဖွဲ့ လေ့လာခဲ့သမျှ ရှေးဟောင်း လက်ရာများတွင် သုဝဏ္ဏဘူမိမြို့ဟောင်းနေရာဟု စာပေ အရေး အသားနှင့်ကျောက်စာများက ပြညွှန်သောအရက်သည်မ၊ ဝင်းက ပတ်ဝန်းကျင်လောက် ရှေးကျသည့်နေရာများကို သံဖြူဇရပ် မြို့နယ်၌ မတွေ့ရှိခဲ့ချေ။ သို့ဖြစ်သဖြင့် တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အခါ ရှေးဦးစွာ အရက်သည်မ၊ ဝင်းက ပတ်ဝန်းကျင်၌ လုပ်ငန်းစတင်ရန် လိုအပ်ပါမည်။ ယင်းနှင့် မရှေးမနှောင်းပင် ဆင်တပ်၊ မြင်းတပ်ဘက်၌လည်း အစမ်းကျင်း များ ချမှတ်ကြည့်သင့်သည်။ ကွင်းဆင်းလုပ်ငန်း၏ ဒုတိယ

အဆင့်တွင် တောင်စွန်းရွာနှင့် နှင်းပုလဲဘူတာအကြား မီးရထားလမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် စူးစမ်းရှာဖွေမှုခရီးများ ထွက်ခွာ လေ့လာ၍ တွေ့ရှိသမျှ ရှေးဟောင်းလက်ရာများကို မှတ်တမ်းတင်သင့်သည်။ အထူးသဖြင့် ကောင်းကင်ရိုက် ဓာတ်ပုံများတွင် နောက်ထပ်တွေ့ရှိရသော နှင်းပုလဲအနီး သစ်တိုကျွန်းရွာနှင့်ရေဖြူကန်ရွာအကြားရှိ မိန်းမလှကျွန်းမှ ရှေးမြို့ရိုးဟောင်းကိုလည်း ဖော်ထုတ်လေ့လာသင့်သည်။ ကွင်းဆင်းလုပ်ငန်း၏ တတိယနှင့်နောက်ဆုံးအဆင့်တွင် သံဖြူဇရပ်နယ်အတွင်းရှိ ဝါကရုနှင့်မြို့ဟောင်းတို့ကို လေ့လာမှတ်တမ်းတင်ရန်ပင်ဖြစ်သည်နှင့်အမျှ ဆက်တိုက် ဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။

(မွန်ပြည်နယ်နေ့စာစောင်၊ ၁၉၇၆ခုု မတ်လ)

## (၃) သုဝဏ္ဏဘူမိမြို့ဟောင်းသမိုင်းအထောက်အထား စာပေအထောက်အထားများ

ရှေးဟောင်းဆီးရီးယားကျမ်းဂန်များတွင် အိုဖာ ဟူ၍လည်းကောင်း၊ လက်တင်စာပေများတွင် ခရိုင်ဆီဟူ၍လည်းကောင်း၊ အိန္ဒိယစာပေများတွင် သုဝဏ္ဏဘူမိဟူ၍လည်းကောင်း ရေးသားဖော်ပြခဲ့ကြသောနယ်မြေဒေသသည် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသ၌ တည်ရှိသည်ဟု ပြောစမှတ် ပြုလေ့ရှိကြသည်။ ပညာရှင်အချို့က သုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံအောက်ပိုင်း၊ မလေးကျွန်းဆွယ်နှင့် ယိုးဒယားပြည်တို့ တည်ရှိရာဒေသကို ခြုံငုံ၍ ခေါ်ဝေါ်သတ်မှတ်ခြင်းပင် ဖြစ်သည်ဟု



ဆိုမိန့်ခြင်း သည် အယူအဆအသစ်တစ်ရပ်မဟုတ်ချေ။ အိန္ဒိယ သမိုင်း သုတေသီ ဒေါက်တာ အာစီမဇုမ်းဒါးက သုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် ဒေသဖြစ်၍ သုဝဏ္ဏဒီပမှာ မလေးကျွန်းဆွယ်ဖြစ်သည်ဟု ဖော်ထုတ်ထားပြီး ဖြစ်၏။

မဇုမ်းဒါးအယူအဆနှင့် ဆန့်ကျင်သော အယူအဆ သစ်တစ်ရပ်ကို အမျိုးသမီးပညာရှင်ဒေါက်တာရှီမီလာ ထာပါးက ထပ်မံတင်ပြထားသေးသည်။ သူ၏အဆိုမှာ သုဝဏ္ဏဘူမိ နေရာဟောင်းသည် ရခိုင်ပြည်နယ်တွင် ရှိသင့်သည်ဟူ၍ ဖြစ်သည်။ ရှေးအခါက တရုတ်ပြည်၊ ဇီချွမ်ပြည်နယ်မှ တစ်ဆင့် မြန်မာနိုင်ငံကို ဖြတ်သန်းကာ အိန္ဒိယပြည် အရှေ့ဘက်ကမ်းရှိ မြို့များသို့ တင်ပို့ရောင်းချခဲ့သော ပိုးကုန်စည်များကြောင့် ကူးသန်းရောင်းဝယ်ရေးတစ်ရပ် ဖြစ်ထွန်းခဲ့သည်။ ဤကူးသန်းရောင်းဝယ်ရေးသည် ရခိုင်ပြည်နယ်ကို ကြီးပွားတိုးတက်လာစေလေသည်။ ဤတိုးတက်မှုကို အကြောင်းပြု၍ ထာပါးက သူ၏အယူအဆကို တင်ပြထားခြင်းပင်ဖြစ်သည်။

ခရစ် ၁၇ ရာစုအလယ်လောက်တွင် ပြုစုရေးသားခဲ့သော ဇမ္ဗူဒီပ ဥဆောင်းကျမ်းကမူ သုဝဏ္ဏဘူမိ ၃၂ မြို့နယ်သည် အရှေ့ဘက်တွင် မိုင်းရှူး၊ တောင်ဘက်တွင် ယိုးဒယား၊ အနောက်ဘက်တွင် မိုးဖြနှင့် မြောက်ဘက်တွင် မိုးနဲစော်ဘွားကို ထားပိုင်နယ်မြေများ ဝန်းရံလျက်ရှိကြောင်း ဖော်ပြထား၏။ ဇမ္ဗူဒီပ ဥဆောင်းကျမ်း၏နယ်မြေသတ်မှတ်ဖော်ပြချက်သည် ထိုင်းနိုင်ငံလက်ရှိ ဇင်းမယ်ဒေသတည်ရှိရာနှင့် တိုက်ညီလျက်ရှိ၏။

အထက်ပါ အဆိုအမိန့်များအားလုံးနှင့်မတူ တစ်မူကွဲပြားသော အယူအဆတစ်ရပ်လည်း ရှိသေး၏။ ယင်းမှာ ရာမညဒေသ(လက်ရှိ မွန်ပြည်နယ်)ဖြစ်သည်ဟူ၍ ဖော်ထုတ်သော ၁၅ ရာစုနှစ်များက ရေးထိုးခဲ့သည့် ပဲခူး ကလျာဏီသိမ်ကျောက်စာပင် ဖြစ်သည်။ ဤကျောက်စာက အောက်[illegible] ဆိုထား၏။

" ရာမညတိုင်း၌ သာသနာတည်စိမ့်သော်ငှာ၊ သောဏနှင့်ဥတ္တရဟူသော ငါတို့အရှင်နှစ်ပါးကို

သုဝဏ္ဏဘူမိတိုင်းဟုဆိုအပ်သော ရာမညအရပ်သို့ စေလွှတ်၏"

ဤကျောက်စာအဆိုကိုလည်း ပညာရှင်အချို့ တစ်စတစ်စ ထောက်ခံလာကြကြောင်းတွေ့ရ၏။ ပြင်သစ်ရှေးဟောင်းသုတေသနပညာရှင် ဆီးဒီးက "ဖူနန်နိုင်ငံက ဘုရင်ဖန်ရှိမန်သည် အနောက်ဘက်ဒေသများသို့ စွန့်စား သွားရောက်ခဲ့ရာမှ ကွယ်လွန်ခဲ့ဟန်တူသည်။ အကြောင်းမူ ဖန်ရှိမန်သည် ချင်လင်ခေါ် တံတိုင်းကြီးဆီသို့ စွန့်စားသွားရောက်ရာမှ ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု မှတ်တမ်းတင်ထားကြသည်။ ယင်းချင်လင်သည်ပင်လျှင် ပါဠိစာပေများ၌ လာရှိကြသော သုဝဏ္ဏဘူမိခေါ် ရွှေမြေဖြစ်ဟန်တူသည်။ သို့မဟုတ် သက္ကတ စာပေများအရ သုဝဏ္ဏကုဇ္ဇခေါ် ရွှေတံတိုင်းကြီးလည်း ဖြစ်နိုင်ပေသည်။ ယင်းတို့သည် အောက်မြန်မာနိုင်ငံတွင် တည်ရှိကြ၏"ဟု The Making of South East Asia ကျမ်းတွင် တင်ပြထားပေသည်။



ကလျာဏီကျောက်စာကမူ သုဝဏ္ဏဘူမိ၏မြို့တော်ကို ကေလာသပေါဘုရား၏မြောက်ဘက်၌ နေရာချထား၏။ မြို့တစ်ဝက်မှာ တောင်ပေါ်တွင် တည်ရှိ၍ ကျန်တစ်ဝက်သည် မြေပြန့်ပေါ်တွင် ရှိကြောင်း ဆက်လက်ဖော်ပြသည်။ ကလျာဏီသိမ်ကျောက်စာရေးထိုးသည့်ကာလတိုင်အောင် ယင်းမြို့ဟောင်းကို ဂေါဠမတ္တိကနဂရဟု ခေါ်ဝေါ်ကြောင်းပြ ညွှန်သည်။ ယင်းကို ဆရာကြီးဦးလူဖေဝင်းက တိုက်ကုလားမြို့ဟု ဘာသာပြန်ဆို၏။ ဂေါဠမတ္တိကနဂရဟု အမည်တွင်ရသည်မှာ ဤမြို့၌ ဂေါဠလူမျိုး တစ်နည်းအားဖြင့် ဘင်္ဂလားနယ်ဇာတိ အိန္ဒိယတိုင်းသားတို့၏ ရွှံ့လိမ်းကျံထားသောအိမ်များနှင့်တူသည့် အဆောက်အအုံများ ပေါများသောကြောင့် ဖြစ်ကြောင်း သိရသည်။

ဂေါဠမတ္တိကနဂရဟု အမည်တွင်သော သုဝဏ္ဏဘူမိဒေသ၏မြို့တော်ကို နှောင်းရေး စာပေများတွင် တိုက်ကုလားဟု ခေါ်ဝေါ်ခဲ့ကြသည်။ ယင်း တိုက်ကုလားမြို့ဟောင်းအကြောင်း ရေးသားဖော်ပြချက်ကို အငြိမ်းစား စစ်ကဲကြီး ဦးရွှေနော်၏ မွန်ရာဇဝင်နှင့် စေတီတော်များသမိုင်းတွင် အောက်ပါအတိုင်း တွေ့နိုင်ပေသည်။

" တိုက်ကုလားမြို့အကြောင်းကို ပြပေဦးအံ့။ ဘုရားမပွင့်သေးမှီ နှစ်ပေါင်း ၁၀၀ကျော်လောက်ကပင် သပေါ်မင်း၏ ဘိုးတော်လက်ထက်၄င်း ဒိုးခလွန်တောင်၏ အနောက်မြောက်ဘက်တောင်ခြေရင်းတွင် မြို့တည်လုပ်၏။ မြို့တည်ပုံမှာ တောင်

ဘက်မျက်နှာ တောင်ကပါးယံ ကျောက်ကမ်းပါးကို မြို့ရိုးလုပ်၏။ အရှေ့ဘက် အနောက်ဘက်မျက်နှာတို့ကိုလည်း ကျောက်ကမ်းပါးတဝက်အပေါ်က ကျောက်ခဲများ စီ၏။ ကျောက်ခဲတဝက်ကို မြို့ရိုးလုပ်၏။ မြောက်ဘက်မျက်နှာမှာ ကျောက်နှင့်မြေရောနှောဖို့၍ မြို့ရိုးလုပ်၏။ တံခါးမှာ အရှေ့အနောက်မြောက်ဘက် ၃မျက်နှာထား၏။ မြို့အကျယ်မှာအရှေ့အနောက်တောင်ပေါင်း ၂၀၀၀၊ တောင်မြောက်တောင်ပေါင်း ၁၀၀၀ရှိ၏။ တိုက်နံရံနှင့်အလားတူစွာ၃မျက်နှာ၌ ကျောက်ကမ်းပါးရံကာလျက် နေသည်တကြောင်း၊ ဒိုးခလွန်းတောင်ခြေရင်းဖြစ်သည်ကတကြောင်း၊ သို့အကြောင်းတို့ကြောင့်၊ ဒုံးတိုက်ခလွန်းက ရွှေ့လျောပြီးကာလ ဒုံးတိုက္ကလားဟုခေါ်ကြ၏။”

တူးဖော်မှု

အထက်ပါ စာပေအထောက်အထားများ၏ အကူအညီဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ကေလာသ တောင်ခြေ အရက်သည်မနှင့်ဝင်းကရွာများ၌ ၁၉၇၅ ခုနှင့် ၁၉၇၆ ခုနှစ်များအတွင်း စာရေးသူနှင့်အဖွဲ့တို့ ကွင်းဆင်းတူးဖော်ခဲ့ကြခြင်းပင်ဖြစ်သည်။ အရက်သည်မနှင့်ဝင်းက ရွာနှစ်ရွာသည် ရွာတန်းရှည်များအဖြစ် ဆက်နေကြ၏။ ယင်းရွာများတွင် ရှေးဟောင်းဂေါ်ဠမတ္တိကမြို့ဟောင်းတည်ရှိသည်ဟု အစဉ်အလာမှတ်သားခဲ့ကြသည်။ ထို့ကြောင့် ကွင်းဆင်းတူးဖော်မှုလုပ်ငန်းများကိုချမှတ်ဆောင်ရွက်သည့်အခါ သုဝဏ္ဏဘူမိမြို့ဟောင်းဖော်ထုတ်



ရေးကို ပထမရည်မှန်းချက်အဖြစ်လည်းကောင်း၊ ဤဒေသ၌ အခြားယဉ်ကျေးမှုအထောက်အထား ရှိမရှိ ဖော်ထုတ်ရန်ကို ဒုတိယရည်မှန်းချက်အဖြစ်လည်းကောင်း သတ်မှတ်ထားရှိသည်။

ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်သည့် နှစ်နှစ်တာအတွင်း ပထမနှစ်ဖြစ်သော ၁၉၇၅ အတွင်း အရက်သည်မရွာတွင် မြေမြို့ရိုးတစ်ခုကိုဖော်ထုတ်နိုင်ခဲ့သည်။ ယင်းသည် ပတ်ဝန်းကျင်မြေမျက်နှာပြင်အထက် ၂၇ ပေမြင့်၏။ မြို့ရိုးထိပ်သည် ၁၃ ပေရှိ၍ ယင်းကို ဂဝံကျောက် နှစ်လွှာဖြင့် ထိပ်စီးပြုလုပ်ထားသည်။ ဂဝံကျောက် နှစ်လွှာမှာ အစီးအနင်း မကောင်းမွန်ချေ။ မြို့ရိုး၏ အတွင်းဘက်ကို မြေဖို့၍ အမာခံပြုလုပ်ထားကာ အပြင်ဘက်တွင် ကျောက်နှင့်အုတ် ရောနှော၍ တံတိုင်းတစ်ထပ်ပြုလုပ်ထားပြီး ကျုံးနှင့် အကန့်ခြားထား၏။

ဝင်းကရွာတွင် ယခုနှစ် ဖော်ထုတ်တွေ့ရှိသော အုတ်အဆောက်အအုံကြီးသည် သုဝဏ္ဏဘူမိမြို့တော်ဟောင်းအတွင်း ဆောက်လုပ်ပြီးပြေခဲ့သည့် အဆောက်အအုံတစ်ခုခု ဟုတ်မဟုတ် အတိအကျ ပြောနိုင်စရာ အထောက်အထား နည်းပါးသေးသည်။ သို့တစေ ယင်းကို သရုပ်ဖော်တင်ပြရန် လိုအပ်၏။

ယခု တူးဖော်လိုက်သော အဆောက်အအုံသည် လေးထောင့်ပုံစံဖြစ်သည်။ အနားတစ်ဖက်သည် ၆၉ ပေ အရှည်ရှိ၏။ အတွင်း လူနေမှုအပိုင်းကို အခန်း ၁၄ ခန်း ဖွဲ့စည်းဆောက်လုပ်သည်။ အလယ်ခန်းမကြီးတစ်ခုကို လေးဘက်လေးတန်မှ

အခန်းအရွယ်အစားစား ၁၃ ခန်းက ပတ်ရံထားသည့် သဘော ဖြစ်သည်။ ယင်းအခန်းများကို အလယ်ခန်းမကြီးနှင့် ဆက်သွယ်နိုင်ရန် တံခါးပေါက်များ ဖောက်လုပ်ပေးထားသည်။

ဤမျှ ကြီးမားသောအဆောက်အအုံအတွင်း ဝင်ထွက်နိုင်ရန် ပင်မတံခါးပေါက်ကြီးတစ်ခု သိသိသာသာ ဖောက်လုပ်မထားသည့်အချက်မှာ အံ့ဩဖွယ်ရာကောင်းသည်။ သို့သော် အရှေ့ဘက် အပိတ်အုတ်ရိုးကို အဟိုက်နှစ်ခုပြုလုပ်၍ ယင်းအဟိုက်နှစ်ခုကြားတွင် အစွန်းအနည်းငယ် ထုတ်ထား၏။ ယင်းသည်ပင်လျှင် မြေပြင်မှ တက်လှမ်းနိုင်အောင် သစ်သားလှေကားတပ်ဆင်ရန် အုတ်ခုံအဖြစ် စီမံထားသည်ဟု ယူဆဖွယ်ဖြစ်ပေသည်။ သို့သော် သစ်သား အကြွင်းအကျန်နှင့် သံတိုမယ်နများ မတွေ့ရှိရသဖြင့် ဤနေရာတွင် သစ်သားလှေကား တစ်ခုရှိခဲ့ကြောင်း အတိအကျ ပြောဆိုရန် ခက်ခဲလျက်ရှိသည်။

တူးဖော်တွေ့ရှိရသော ယခုအဆောက်အအုံ၏ အရှေ့အနောက် အပိတ်အုတ်ရိုးကြီးများကို အနောက်ဘက်သို့ ၁၅ ဒီဂရီခန့်စောင်း ဆောက်လုပ်ထားကြောင်းတွေ့ရသည်။ အရှေ့ဘက်အုတ်ရိုးကို ဘေးတိုက်ကြည့်လျှင် အနည်းငယ် ခုံးနေ၏။ ဤသည်ပင်လျှင် ဗိသုကာအဆင်တန်ဆာသဘောမျိုး ပြုလုပ်ထားခြင်းဖြစ်၏။ အခြားအုတ်ရိုးများမှာ ချိန်ကြိုးအတိုင်း တည့်မတ်ဖြောင့်တန်းစွာ ဆောက်လုပ်ခဲ့ကြောင်းတွေ့ရသည်။ မြောက်ဘက် အပိတ်အုတ်ရိုးမှာမူ လက်ရှိ ကျေးရွာ လူနေအိမ်ခြေများနှင့်နီးသဖြင့် လူသုံးအရောက်အပေါက်များသောကြောင့် အပျက်



အစီး ပိုမိုများပြားသည်။ ထို့ကြောင့် ယင်းမြောက်ဘက် အပိတ်မြို့ရိုးကို ကလိုင်နိုမီတာကွန်ပါဖြင့် တိုင်းတာကြည့်ရာ မျဉ်းမတ်(၀) ချိန်ကြိုးမှ အပြင်ဘက်သို့ ၁၅ ဒီဂရီတိမ်းစောင်း နေကြောင်း တွေ့ရသည်။ ဤသည်မှာ အတော်ပင် ယိမ်းယိုင်နေသည့် သဘောကို ပြသခြင်းပင်ဖြစ်၏။

## နှိုင်းယှဉ်လေ့လာခြင်း

အခန်းငယ်အသွယ်သွယ်ပါရှိသော အဆောက်အအုံပုံစံမျိုးကို ပုဂံမြို့ဟောင်း စိုးမင်းကြီးအုတ်ကျောင်းတွင်လည်း တွေ့ရှိရ၏။ ယင်းအုတ်ကျောင်းတွင် အခန်းများ ကန့်သတ် ဆောက်လုပ်ထားသည့်သဘောမှာ ယခုဝင်းကရွာ၌ တူးဖော် တွေ့ရှိရသော အဆောက်အအုံအတိုင်းပင်ဖြစ်သည်။ ခြားနားသည့်အချက်မှာကား စိုးမင်းကြီးအုတ်ကျောင်းတွင် ပါရှိသော ဥပစာခန်းမနှင့် ဂန္ဓကုဋီမှာ မူလအဆောက်အအုံ၏ လေးထောင့် ပုံစံအတွင်း၌ ထည့်သွင်း တည်ထားခြင်းမဟုတ်ဘဲ အပြင်သို့ သီးသန့်ထုတ်ဆောင်ထားခြင်း ဖြစ်သည်။ ဤအချက်သည် ဝင်းကအဆောက်အအုံပုံစံနှင့် ခြားနား၏။

သို့ဖြစ်သဖြင့် အသေးစိတ် ညှိနှိုင်းတိုက်ဆိုင်နိုင်အောင် အိန္ဒိယပြည် နဂဇူနကုဏ္ဍနှင့် မိဂဒါဝုန်အရပ်များရှိ ရှေးဟောင်းဝိဟာရများ၏ ပဓာနကျသောပန္နက်ပုံစံမှာ အရွယ်တူအခန်းများက အလယ်လေးထောင့်ကွက်လပ် သို့မဟုတ် ခန်းမကြီးကို လေးဘက်လေးတန်မှ ဝန်းရံထားသည့်ပုံစံ ဖြစ်သည်။

ဤပုံစံများသည် ဝင်းကရွာအဆောက်အအုံ ပုံစံကို ထင်ဟပ်လျက်ရှိသည်ဟု ယူလိုပါသည်။ သို့သော် ဝင်းကအဆောက်အအုံကြီးကို တူးဖော်ရာ၌ ဘာသာရေးဆိုင်ရာ ဝတ္ထုပစ္စည်း တစ်စုံတစ်ရာမျှ မတွေ့ရှိသောကြောင့် ယင်းကို ဘာသာရေးအဆောက်အအုံတစ်ခုအဖြစ် ယူဆရန် ခက်ခဲလျက် ရှိပေသည်။ အိန္ဒိယနိုင်ငံ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ပန္နက်ပုံစံချင်း တူညီမှုတစ်ခုတည်းအပေါ် မူတည်၍ ဝင်းကအဆောက်အအုံကို ဘာသာရေးနှင့် သက်ဆိုင်သည်ဟု ပြောဆိုရန် အကြောင်းမလုံလောက်ချေ။

သို့ဖြစ်လျှင် ဝင်းကမှအဆောက်အအုံကြီးသည် မည်သည့်အဆောက်အအုံမျိုး ဖြစ်သနည်းဟု မေးခွန်းထုတ်ဖွယ် ရှိလာ၏။ ဤအမေးကို ယင်း၌ဖွဲ့စည်းထားသော အခန်း ဖွဲ့စည်းမှုက အဖြေပေးထားသည်ဟု ထင်ပါသည်။ အခန်း အရွယ်ရွယ် အစားစား ဖွဲ့စည်းတည်ဆောက်ထားခြင်းသည်ပင်လျှင် ဝင်းကအဆောက်အအုံကို လူမှုရေးနှင့်ဆိုင်သော ရည်ရွယ်ချက် အမျိုးမျိုးဖြင့် အသုံးပြုခဲ့ကြောင်း ပြသနေ၏။

အထက်တစ်နေရာတွင် ဖော်ပြပါရှိခဲ့သော အိန္ဒိယမှ ဝိဟာရခေါ် ရှေးအုန်းကြီးကျောင်းတို့မှာ တရားဘာဝနာ စီးဖြန်းရန်နှင့် ရဟန်းတော်များ သီတင်းသုံးနေထိုင်ကြစေရန် အလို့ငှာ ရဟန်းပုဂ္ဂိုလ်တစ်ဦးလျှင် တစ်ခန်းကျစီဖြင့် အညီအမျှ ခွဲဝေနေထိုင်ခဲ့ကြကြောင်း သိရ၏။ ထို့ကြောင့် အခန်းများမှာ တစ်ခန်းနှင့်တစ်ခန်း အကျယ်အဝန်းကစ၍ တည်ဆောက်ပုံ တူညီလေ



ရှိကြသည်။ ယခု ဝင်းကအဆောက်အအုံမှာ ယင်းဝိဟာရများနှင့် အကြမ်းအားဖြင့် ပုံစံချင်း တူညီသော်လည်း ရည်ရွယ်ချက် ခြားနားဟန် ပြလျက်ရှိသည်။ ထို့ကြောင့် ဝင်းကမှအဆောက်အအုံသည် ဘာသာရေးထက် လူမှုရေးနှင့် ပိုမိုသက်ဆိုင်မည်ဟု ခန့်မှန်းပါသည်။ ယင်းတွင်အသုံးပြုခဲ့သော အုတ်အရွယ်အစားများနှင့် ဗိသုကာသဘောများအရလည်း ပုဂံခေတ်ထက် နောက်မကျသောလက်ရာဖြစ်သည်ဟု ယူဆသော်ရနိုင်မည် ထင်သည်။

ဝင်းကအဆောက်အအုံကြီးကို တူးဖော်လိုက်ရာတွင် မီးဖုတ်မြေနှင့် ကျောက်ပုတီးစေ့အချို့၊ ရေဖျန်းအိုး လည်တံများ၊ အခြေတွင် စလုတ်ပါရှိသော ကရားနှုတ်သီးများ၊ တစ်ဆစ်ချိုး ချက်ပြုတ်အိုးကွဲများ ရရှိခဲ့သည်။ ယင်းပုံစံများကို ဗိဿနိုးမြို့ တူးဖော်မှုတွင်လည်း တွေ့ခဲ့ရ၏။ ထို့ကြောင့် ခြုံ၍ စဉ်းစားရပါသော် ယခုဝင်းကရွာမှ အုတ်တိုက်ကြီးသည် ပျူယဉ်ကျေးမှုနှင့် အဆက်အဆံရှိကြောင်း ယူနိုင်ပေသည်။

၁၉၇၅ နှင့် ၁၉၇၆ ခုနှစ်ကွင်းဆင်းရာသီအတွင်း အရက်သည်မနှင့်ဝင်းကရွာများ၌ ဆောင်ရွက်ခဲ့သောတူးဖော်မှုလုပ်ငန်းများအကြောင်း ဤမျှတင်ပြပြီးနောက် ဆောင်းပါးကို နိဂုံးချုပ်ပါမည်။ ဤဆောင်းပါးနိဒါန်းတွင် ဖော်ပြဆွေးနွေးခဲ့သည့်အတိုင်း သုဝဏ္ဏဘူမိမြို့ဟောင်းကို မွန်ပြည်နယ်တွင် ရှာဖွေတူးဖော်ရာ၌ ယခုနှစ်ပါဆိုပါမူ နှစ်ကြိမ်သာ ရှိပါသေးသည်။ တစ်ကြိမ်လျှင် တစ်လတာမျှ လုပ်ငန်းဆောင်ရွက်ရပေသေး၏။ ဤနှစ်ကြိမ်မျှဖြင့်တွေ့ရသော မြို့ရိုးနှင့် အဆောက်အအုံသည်

သုဝဏ္ဏဘူမိမြို့ဟောင်းဖြစ်ပါပြီဟု ကောက်ချက်ချရန် စောလွန်းသေးသည်။ အထောက်အထားများ ပြည့်စုံအောင်သည်းခံ၍ နောက်နှစ်များ၌ ဆက်လက်တူးဖော်ခြင်းဖြင့် စုဆောင်း ဖွေရှာကြရပေဦးမည်။

ဗိဿနိုး၊ ဟန်လင်းနှင့်သရေခေတ္တရာမြို့ဟောင်းများကို တူးဖော်ခဲ့ကြရာတွင် တစ်ကြိမ်နှစ်ကြိမ်မျှဖြင့် အလိုရှိသော သမိုင်းရေးအဖြေများ ပေါ်ထွက်လာသည် မဟုတ်ချေ။ ထို့ကြောင့် ရှေးဟောင်းသုတေသနပညာရှင်များ မိန့်မှာလေ့ ရှိသည့်အတိုင်း "တူးဖော်ခြင်း၊ ဆက်လက်တူးဖော်ခြင်း"ဖြင့်သာ ရည်မှန်းထားသည့် သုဝဏ္ဏဘူမိမြို့ဟောင်းကြီးသော်လည်းကောင်း၊ ရှေးကျသော ယဉ်ကျေးမှု တစ်ရပ်ရပ်သော်လည်းကောင်း မွန်ပြည်နယ်တွင် ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ရပေသတည်း။

(တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၂၊ အပိုင်း ၁)

## (၄) သုဝဏ္ဏဘူမိတူးဖော်မှုကို ခေတ်ခွဲခြင်း

ရှေးဟောင်းအိုးအင်ပုံစံများနှင့် ယင်းတို့ပျံ့နှံ့ပုံကို လေ့လာခြင်းသည် သမိုင်းမတင်မီနှင့် သမိုင်းဝင် ရှေးဟောင်းဒေသများအား ခေတ်ခွဲခြားပေးခြင်းတစ်မျိုးပင် ဖြစ်၏။ ဤနည်းကို အသုံးချ၍ကျွန်ုပ်တို့နိုင်ငံရှိ ရှေးဟောင်းဒေသများကိုလေ့လာသောအခါ ယင်းတို့၏ ပြည်တွင်းပြည်ပ ဆက်ဆံရေးအဖြာဖြာတို့ကို သိရှိလာနိုင်ပေသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုများ၌ ထိပ်ဝ လုံး၍ နှုတ်ခမ်း



အနီး ပြန့်ကားသော အစွန်းထုတ်ထားသည့် ရေဖျန်းအိုးလည်တံများ၊ အိုးနှုတ်သီးများနှင့် ဘီးလိမ့်ရာ အခြယ်အလှယ်ပါရှိသည့် အိုးကွဲများ တွေ့ရှိခဲ့ဖူးသည်။ ယင်းတို့အနက် အိုးနှုတ်သီးတို့၏ အခြေတွင် စလုတ်သဏ္ဍာန် ပြုလုပ် ထားရှိသည်။ ဗိဿနိုးပျူမြို့ဟောင်းကို ကာဗွန် ၁၄ ခေတ်ခွဲနည်းဖြင့် ခရစ် ၁ ရာစုမှ ၄ ရာစုသို့ ပိုင်းခြားသတ်မှတ် ခေတ်ခွဲထားကြသည်။ ဤခေတ်ပိုင်းမှုသည် ခုနှစ်သေချာပြီးဖြစ်သော အိန္ဒိယ ရှေးဟောင်း အိုးအင်ပုံစံအချို့တို့နှင့်လည်း တိုက်ဆိုင်ညီညွတ်လျက်ရှိ၏။

### ဝင်းက

ယခု သုဝဏ္ဏဘူမိမြို့တော်တည်ရှိရာဟု မှတ်တမ်းပြုထားသော ဝင်းကရွာတူးဖော်မှုမှ စလုတ်ပါရှိသော အိုးနှုတ်သီးနှစ်ခုနှင့် ရေဖျန်းအိုး လည်တံ လေးခုကို ထပ်မံ တူးဖော်ရရှိပြန်သည်။ အိုးနှုတ်သီးနှစ်ခုအနက် တစ်ခုကို မြေနီသားအနုစားဖြင့် ပြုလုပ်ထား၏။ အခြားတစ်ခုကို အညိုရောင်မြေသားဖြင့် ပုံဖော်သည်။ ယင်းတို့အနက် တစ်ခုသည် ဗိဿကိုး အိုးနှုတ်သီးနှင့် ဆင်တူ၏။

### ရေဖျန်းအိုး လည်တံများ

ရေဖျန်းအိုး လည်တံလေးခုအနက် သုံးခုကို မြေသားအကောင်းစားဖြင့် ပြုလုပ်ထားရှိ၍ မြေနီတစ်ထပ် သုတ်

လိမ်းကာ မီးဖုတ်ထားကြောင်းတွေ့ရသည်။ ကျန်တစ်ခုမှာ မြေညိုဖြင့်ပြီး၏။ ယင်းတို့အားလုံး နှုတ်ခမ်းအနီး၌ ပြန့်ကားသောအစွန်းများ ပါရှိကြသည်။ အပွန်းအပဲ့လည်း များကြ၏။ အိုးဝထိပ်ဖူးများ တစ်ခြမ်းပဲ့နေသည်လည်း ရှိသည်။ အိုးကိုယ်ထည်များမှာမူ ယင်းတို့နှင့်အတူ ပါမလာကြတော့ချေ။ ထို့ကြောင့် ယင်းတို့၏ မူရင်းပုံစံများ မည်သို့ရှိမည်ကို ခန့်မှန်းရခက်ပေသည်။

သို့သော် ဤအခက်အခဲကို ဖြေရှင်းနိုင်ရန် အိန္ဒိယရေဖျန်းအိုးပုံစံများ ကျွန်ုပ်လက်ဝယ် အရန်သင့် ရှိကြသည်။ ယင်းတို့ အကူအညီဖြင့် ဝင်းကရေဖျန်းအိုးများ မည်သည့်ပုံပန်းရှိမည်ကို ဆက်စပ်ဖော်ထုတ်နိုင်ရုံမျှမက နှိုင်းယှဉ် ခေတ်ခွဲမှုကိုပါ ပြုလုပ်နိုင်ပေသည်။

နှုတ်ခမ်းအစွန်း ပြန့်ကားသော ရေဖျန်းအိုးလည်တံများကို အိန္ဒိယပြည်မြောက်ပိုင်း ရူပါခေါ် ရှေးဟောင်းဒေသတွင် တွေ့ရသည်။ ယင်းတို့ကို ခရစ်ရာစုအစောပိုင်းသို့ သတ်မှတ်ခေတ်ခွဲထားရှိ၏။ ဟသ္တိနပူရ ခေါ်အိန္ဒိယမြောက်ပိုင်းအခြားရှေးမြို့ဟောင်းတစ်နေရာတွင်လည်း ရေဖျန်းအိုးလည်တံကို တွေ့ရှိရသေးသည်။ ယင်းကို ခရစ်မတိုင်မီ ၂ ရာစုအစောပိုင်းမှ ၃ ရာစုကုန်သည် အထိအချိန်ကာလနှင့် သက်ဆိုင်ကြောင်း အိန္ဒိယရှေးဟောင်း သုတေသီများက ခေတ်ခွဲခြားထားကြ သည်။ ဤရေဖျန်းအိုးပုံစံတို့မှာ အိန္ဒိယမြောက်ပိုင်းမှ အထောက်များ ဖြစ်ကြ၏။



အိန္ဒိယတောင်ပိုင်း ဒက္ခိဏကုန်းမြင့်၊ ဗြာဟ္မပူရီမြို့ဟောင်း တူးဖော်ရာတွင် သာတဝါဟနခေတ်နှင့် သက်ဆိုင်သောမြေလွှာများမှ ရေဖျန်းအိုးပုံစံများကို တူးဖော် တွေ့ရှိကြရပြန်သည်။ သာတဝါဟနခေတ်သည် ခရစ်နှစ် ၁၀၆ ခုနှစ်ခန့်မှ ၁၃၀ အထိဖြစ်၏။

## ရန်းမတလ် နှင့် ဗိဿဏိုး

ယေလေဆွာရမ် ခေါ် အိန္ဒိယတောင်ပိုင်း ရှေးဟောင်းဒေသတွင် တွေ့ရသည့် ရေဖျန်းအိုးများကိုမူ အနက်နှင့် စိမ်းညိုရောင် မြေသားအကောင်းစားများဖြင့် ပြုလုပ်ထားရှိသည်။ ယင်းတို့မှာလည်း ခရစ်နှစ် ၁ ရာစု၊ ၂ ရာစုနှင့် သက်ဆိုင်သည်ဟု တာဝန်ခံတူးဖော်သူ မစ္စတာ ဝါရှိဒ်ခန်က ခန့်မှန်းဖော်ပြထားသည်။ မစ္စတာခန်၏အဆိုအရ ယင်းရေဖျန်းအိုးများမှာ ဒက္ခိဏကုန်းမြင့်တစ်နေရာရှိ ရန်းမတလ်မြို့ဟောင်းနှင့် မြန်မာပြည်ဗိဿဏိုးမြို့ဟောင်းတို့၌ တွေ့ရသော ရေဖျန်းအိုးများနှင့် တူညီကြောင်းသိရ၏။

ဤသို့ဖြင့် ရေဖျန်းအိုးပုံစံများကို ရှေးဟောင်း သုတေသီများ တစ်နေ့တခြား စိတ်ဝင်စားလာကြသည်။ စိတ်ဝင်စားအောင်လည်း နေရာအနှံ့မှ ရေဖျန်းအိုးများ ပေါ်ပေါက် တွေ့ရှိရကြောင်း သတင်းကောင်းများ အလျဉ်မပြတ် ပေါ်ထွက်လျက်ရှိသည်။ ဤသတင်းများနှင့်အတူ ရေဖျန်းအိုးများ ကိုမူလ ထုတ်လုပ်ရာဒေသ၊ ယင်းတို့၏ ထူးခြားသည့်လက္ခဏာနှင့်

အခြား အိန္ဒိယပြည်တွင်းပြည်ပ ယဉ်ကျေးမှုအင်္ဂါရပ်များနှင့် မည်သို့မည်ပုံ ဆက်စပ်မှုရှိသည်ကိုလည်း ရှေးဟောင်းသုတေသီအများ စိတ်ဝင်စားကာ သုတေသနပြုလာကြပေသည်။

အိန္ဒိယ ရှေးဟောင်းသုတေသီတို့တွင် ဘာရိုးဒါး တက္ကသိုလ်မှ ကွယ်လွန်သူ ပါမောက္ခ ဒေါက်တာဆူဘာရောင်းက ယင်း အိုးအင်နှင့် ရောမအိုးအင်ပြုလုပ်ပုံချင်း ဆက်စပ်မှုရှိကြောင်း အဆိုပြုတင်ပြထားခဲ့သည်။ ဤသို့တင်ပြနိုင်အောင်လည်း ဂရိနှင့်ရောမခေတ်ဆိုင်ရာ ရှေးဟောင်းပစ္စည်းများကို ဒက္ခိဏကုန်းမြင့်တွင်လည်းကောင်း၊ အိန္ဒိယပြည် အခြားဒေသများတွင်လည်းကောင်း တူးဖော်တွေ့ရှိလာသောကြောင့် ဖြစ်ပေ၏။ တွေ့သမျှ ဂရိ ရောမရှေးဟောင်းပစ္စည်းများနှင့် ရေဖျန်းအိုးတို့မှာ အတူယှဉ်တွဲလျက်ပင် ရှိ၏။ ထို့ကြောင့် ရေဖျန်းအိုးသည် ရောမခေတ် ယဉ်ကျေးမှုဩဇာရိပ်နှင့် မကင်းကြောင်း သုတေသီပညာရှင်အတော်များများက ခန့်မှန်းတွက်ဆခဲ့ကြသည်။

သို့သော် ယင်းရေဖျန်းအိုးပုံစံသည် နိုင်ငံခြားမှ ရောက်လာသလော သို့မဟုတ် အိုးအလိုက်ပင် အိန္ဒိယသို့ တင်သွင်းအသုံးပြုပေသလော၊ ဟု ဆုံးဖြတ်ရန် အတော်ပင် ခက်ခဲနေသေး၏။ ဤပြဿနာနှင့်စပ်လျဉ်း၍ ၁၉၅၂ ခု နှစ်မှ ၁၉၅၄ ခုနှစ်အထိ အိန္ဒိယသို့ ဆွီဒင်နိုင်ငံရှေးဟောင်းသုတေသန ကွင်းဆင်းအဖွဲ့တစ်ခုကို ခေါင်းဆောင်ပြီး ဒက္ခိဏကုန်းမြင့် ရန်းမဟာလ်ဆိုသော ရှေးဟောင်းဒေသကို တူးဖော်စူးစမ်းခဲ့သူ မဒမ်



ဟင်နာရိက ရေဖျန်းအိုးများကို အိန္ဒိယသို့တင်သွင်း အသုံးပြုခဲ့သည်ဆိုသော အချက်မှာ မဖြစ်နိုင်ကြောင်း ငြင်းဆိုထား၏။

သူက ရန်းမဟာလ်၌ တွေ့ရသော ရေဖျန်းအိုးများမှာ မြေသားအမျိုးမျိုးဖြင့် ပြုလုပ်ထားရှိကြသဖြင့် ယင်းတို့ အားလုံး နိုင်ငံခြားတစ်နေရာမှတင်သွင်းလာခြင်းထက် အချို့ကို ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲခြင်း ဖြစ်ဟန်တူကြောင်း တင်ပြထား၏။

## ငြင်ဆင်ရန်လိုလာသည့်ကောက်ချက်

အချုပ်တွင် မဒမ်ရိက ဤရေဖျန်းအိုးပုံစံမျိုး အိန္ဒိယပြင်ပ၌ မတွေ့ရသေးဟူ၍ ကောက်ချက်ချ၏။ ဤ ကောက်ချက်ကို ယခုအခါ ပြင်ဆင်ရန်လိုအပ်လာပြီ ဖြစ်သည်။ အကြောင်းမူ ဗိဿနိုးမြို့ဟောင်းတူးဖော်မှု၌ ယင်း ရေဖျန်းအိုးလည်တံမျိုး တွေ့ထားရသည့်အပြင် အိန္ဒိယပညာရှင် ဝါရှိဒ်ခန်ကလည်း ရည်ညွှန်းဖော်ပြထားပြီး ဖြစ်သောကြောင့်ပင်တည်း။ ယခုအခါ ဝင်းကရွာ တူးဖော်မှုတွင်လည်း ရေဖျန်းအိုးလည်တံများကို တွေ့လာကြရပြန်သည်။ ဤသို့ဖြစ်လျှင် ယင်း ရေဖျန်းအိုးများ တွေ့လာရခြင်း၏ သဘောအဓိပ္ပာယ်မှာ စဉ်းစားဖွယ်ရာ ဖြစ်လာရသည်။ ပြဿနာ၏ အဖြစ်နိုင်ဆုံးသောအဖြေမှာ ရေဖျန်းအိုးသည် အိန္ဒိယ၌ အများအပြား တွေ့ရသည်မှန်စေကာမူ အခြားနိုင်ငံများသို့လည်း မရောက်ဘဲနေခြင်းမဟုတ် ဟူသည့် အချက်ပင် ဖြစ်၏။ ခရစ်ရာစုအစောပိုင်းများက ပိုက်ကွန်သဖွယ်

ဖြန့်ကြက်ဖြစ်ထွန်းခဲ့သော အိန္ဒိယတိုက်ငယ်နှင့် အရှေ့တောင် အာရှနိုင်ငံများ၏ ကုန်စည်ကူးသန်းသွားလာမှု အရပ်ရပ်ကို အနုစိတ်သုတေသနပြုနိုင်လျှင် ဤရေဖျွန်းအိုးပုံစံ ပျံ့နှံ့လာပုံ သဘော သရုပ်ပေါ်လာနိုင်မည်ဖြစ်၏။

ဤသမိုင်းရေးအမြင်ဖြင့် ကြည့်ရှုပါသော် စာရေးသူတို့တွေ့ရှိရသော ဗိသုကာနှင့် ဝင်းကရွာမှ ရေဖျွန်းအိုးလည်တံများက ခရစ်နှစ် အစောပိုင်းရာစုနှစ်များအတွင်း အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အဆက်အဆံရှိကြပုံကို ဖော်ထုတ်နိုင်ပေသည်။ ထို့ပြင် အိန္ဒိယအိုးအင်ပုံစံများကို အထောက်အကူပြု၍ ဝင်းကမှ ကိုယ်ထည်မဲ့ရေဖျွန်းအိုးများမှာ ဘဲဥပုံသဏ္ဌာန်ရှိမည်ဟု ခန့်မှန်း သိရှိကြရသည်။ ဤခန့်မှန်းချက်သည် ပေယာလေဆွာရမ်နှင့် ရန်းမဟာလ်အိုးပုံစံများအပေါ် အခြေပြု၏။

သို့ခရစ်ရာစု အစောပိုင်းဆိုင်ရာ အိန္ဒိယ သမိုင်းဝင် ဒေသများနှင့် အဆက်အသွယ်ရှိခဲ့ပုံကို ခန့်မှန်းနိုင်ခြင်းအားဖြင့် မွန်ပြည်နယ်သုဝဏ္ဏဘူမိတည်ရာဟု သတ်မှတ်ထားကြသော ဝင်းကရွာတူးဖော်မှု အဆောက်အအုံကြီးကို ခုနှစ်ပိုင်းခြား လာနိုင်ပေသည်။ တို့ကြောင့်ခရစ်နှစ်အစောပိုင်း အိန္ဒိယအိုးအင်များနှင့်ပုံစံတူညီမှုအရ ဝင်းက အဆောက်အအုံသည် ရှေးအကျဆုံး ခရစ်ရာစု အစောပိုင်းများနှင့် သက်ဆိုင်သည်ဟု မယုတ်မလွန် ဆိုနိုင်ပေတော့သည်။ ဤရှေးဟောင်းသုတေသနနည်းဖြင့် ခေတ်ခွဲခြားမှုကို နောင် တူးဖော်မှုများကြောင့်ထပ်မံ တွေ့ရှိရဦး မည့် အချက်အလက်အထောက်အထားများနှင့် နှိုင်းယှဉ်



လာနိုင်သောအခါ ယင်းကိုအတည်ပြုခြင်း၊ သို့မဟုတ် ဖြည့်စွက် ပြင်ဆင်ခြင်းများ ပြုလုပ်ဖွယ် လိုကောင်းလိုပေမည်ဟု ယူဆရသတည်း။

(လမ်းစဉ်သတင်း၊ တွဲ -၁၂၊ မှတ်-၁၈၊ ၁၅-၉-၇၆)

## (၅) သုဝဏ္ဏဘူမိ ဂဝံ ယဉ်ကျေးမှု

အနောက်မြောက် အရက်သည်မ၊ သို့မဟုတ် ရက်ကန်း သည်မကျေးရွာမှ အရှေ့တောင်ဘက် မုသင် ကျေးရွာအထိ ၁၁ မိုင်ခရီးအတွင်း ဂဝံကျောက်နှင့် အုတ်အဆောက်အအုံ အကြွင်းအကျန်များကို ပျံ့နှံ့တွေ့ရှိကြရသည်။ ယင်းတို့မှာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း ဖြစ်ကြ၏။ ယင်းတို့ တည်ရှိရာကိုပင် သုဝဏ္ဏဘူမိတည်ရာဌာနဟု မှတ်ယူထားကြ သည်။

မျက်မှောက်ခေတ်တွင် တွေ့ရှိနေရသော ယင်းဂဝံ ကျောက်အဆောက်အအုံနှင့် အုတ်တိုက် အပျက်အစီးများ တည်ရှိပုံနှင့် ကေလာသတောင်ခြေတစ်ကြောရှိ ကျေးရွာများ တည်ထားပုံသဘောတို့ကို ထောက်ရှုခြင်းဖြင့် အတိတ်ကာလ ခေတ်များက လူနေမှုပုံသဏ္ဌာန်မှာလည်း ဤနည်းနှင်နှင် ပျံ့နှံ့ ခဲ့လိမ့်မည်ဟု တွေးထင်စရာရှိပေသည်။

စာရေးသူတို့ ကွင်းဆင်းလေ့လာချက်များအရ အရှေ့ ဘက်တွင် ကေလာသတောင်တန်းကြီးရှိ၍ အနောက်ဘက်တွင် ပင်လယ်ဝဖြစ်သော စစ်တောင်းမြစ်ဝမှုပေါ်ထွန်းလာခဲ့သည့်

မြေနုကျွန်းပေါ် လယ်ကွင်းပြင်များ ရှိကြသည်။ ယင်းလယ်ကွင်းများမှာ များမကြာမီကာလ ဆားငန်ရေဝင်သော ရွံ့နွံများ ဖြစ်ခဲ့ကြ၏။ ထို့ကြောင့် လက်ရှိကျေးရွာများသည် ကွင်းဘက်ထက် တောင်ခြေဘက်သို့ လှု၍တည်ထားကြ၏။ သို့သော် တောင်ပေါ်သို့တိုင် ပျံ့နှံ့ခြင်းလည်း မရှိကြချေ။

ဤပထဝီဝင်အခြေအနေများနှင့် ကျေးရွာများ ပျံ့နှံ့ပုံသဘောသည် တောင်ပေါ်တစ်ဝက် တောင်အောက်တစ်ဝက် သုဝဏ္ဏဘူမိမြို့တော်ဟောင်းကို တည်ဆောက်ထားခဲ့သည်ဟု ဖော်ညွှန်းသော ၁၅ ရာစု ဓမ္မစေတီမင်းတရား၏ ကလျာဏီသိမ် ကျောက်စာပါ အရေးအသားများကို ဝေဖန်ဆန်းစစ်ဖွယ် ဖြစ်လာရပေသည်။

ယခုလေ့လာလျက်ရှိသော ရှေးဟောင်း ဂဝံကျောက်နှင့် အုတ်အဆောက်အအုံ အကြွင်းအကျန်များကို ဆောက်လုပ်ရေး ပစ္စည်းများအရ ၃ မျိုးခွဲခြားနိုင်ပေသည်။ ပထမအမျိုးအစားမှာ ဂဝံကျောက်လက်ရာများ၊ ဒုတိယ-ဂဝံနှင့်အုတ် နှစ်ထွေရောထားသောအဆောက်အအုံဟောင်းများနှင့် တတိယ-အုတ် အဆောက်အအုံ အကြွင်းအကျန်များပင် ဖြစ်ကြ၏။ ယင်းတို့ကို မြေလွှာအောက်၌ ပျောက်ကွယ်လျက်လည်းကောင်း၊ မြေပေါ်၌ ပေါ်ထွန်းလျက်လည်းကောင်း တွေ့မြင် သိရှိနေကြရ၏။ တွေ့ရှိသမျှသော ရှေးဟောင်းလက်ရာများကို အဆောက်အအုံ အကြွင်းအကျန်များနှင့် ပန်းပုလက်ရာများဟူ၍ (၂)မျိုး ခွဲခြား လေ့လာနိုင်ပေသည်။



## အဆောက်အအုံ အကြွင်းအကျန်များ

အဆောက်အအုံများကို ဘာသာရေးနှင့် ဘာသာရေး မဟုတ်သော အဆောက်အအုံများဟူ၍ (၂)မျိုး ခွဲခြား လေ့လာနိုင်သည်။ ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ဇုတ်သုတ်ကျေးရွာရှိ ထီးဆောင်းဘုရား၊ ဝင်းက ကျေးရွာရှိ ကုမာရစေတီနှင့် အရက်သည်မ (ဝါ) ယက်ကန်သည်မ ကျေးရွာရှိ ရှမ်းဘုရားတို့ ပါဝင်ကြသည်။ ယင်း စေတီလုံးများ အနက် ရှမ်းဘုရားတွင် ရှစ်မြောင့်ထောင့်ချိုး ဖိနပ်တော်ကို ဂဝံကျောက်များဖြင့် တည်ဆောက်ပြီး အထက်ပိုင်းပစ္စယာနှင့် ခေါင်းလောင်းပုံတို့ကို အုတ်များဖြင့် ဆောက်လုပ်ထားရှိသည်။ ရှမ်းဘုရား၏ဉာဏ်တော်သည် မြေပြင်ညီမှ ပေ ၂၀ နှင့် ၃ လက်မရှိ၏။ ပစ္စယာ ၃ ဆင့်အထက်ရှိ ခေါင်းလောင်းပုံကို ခါးပတ်တစ်ခု ပတ်ရံထားသည်မှအပ အခြားဗိသုကာဆိုင်ရာ အခြယ်အလှယ်များကို မတွေ့ရချေ။ စေတီတော်ကိုယ်ထည်ကိုမူ အစီးအနင်း ကောင်းမွန်အောင် အုတ်များ စနစ်တကျ စီထား ဆောက်လုပ်သည်။ ရှမ်းဘုရား၏ ဗိသုကာလက်ရာ အသုံးပြုသော အုတ်တို့၏ အရွယ်အစားနှင့် အုတ်စီးအုတ်နင်းများကို ထောက်ရှုသော် ယင်းဘုရားသည် ပုဂံခေတ်ထက် ရှေးကျသော ဘုရားတစ်ဆူ ဟုတ်ဟန်မတူချေ။

ရှမ်းဘုရားနှင့်မတူ၊ တစ်မူထူးသောဘုရားမှာ ဝင်းက ရွာရှိ ကုမာရစေတီ ဖြစ်သည်။ ကုမာရစေတီကို အထက် ခေါင်း လောင်းပုံမှ အောက်ဖိနပ်တော်အထိ ဂဝံကျောက်တုံးများဖြင့်

ဆောက်လုပ်ထားရှိသည်။ ဉာဏ်တော်မှာ ၁၅ ပေ၊ ၁၀ လက်မသာ ကျန်ရှိတော့သော်လည်း ဂဝံလက်ရာများအနက် ရှေးမူမပျက် ကျန်ရှိနေမှုတွင် အလွန်ရှားပါးသော လက်ရာတစ်ဆူဖြစ်ကြောင်း တွေ့ရှိရပေသည်။

အောက်ခံဖိနပ်တော်မှာ ရှစ်မြှောင့်ထောင့်ချိုး ဖြစ်သည်။ မျက်နှာတစ်ဖက်လျှင်ပန်းတင်ခုံတစ်ခုထုတ်ထား၍ အရှေ့ဘက် ပန်းတင်ခုံတွင် နတ်လေ့ကား တပ်ဆင်ထားသည်။ ပစ္စယာများအထက် ခေါင်းလောင်းပုံ အကြွင်းအကျန် အခြေကို မတ်ရပ်ဂဝံကျောက်တုံးများဖြင့် စိန်ထောင်များသဖွယ် တန်ဆာဆင်ထားသည်။ မျက်နှာစာအသီးသီးရှိ စိန်ထောင်တို့၏ အလယ်ချက်မတွင် ဂဝံရုပ်ကြွတစ်ချပ်စီဖြင့် ခြယ်လှယ်ထားသည်မှာ ထူးခြားရှားပါးသောလက်ရာဖြစ်ကြောင်း သိသာထင်ရှားစေပေ၏။

စိန်ထောင်များအလယ်ရှိ ဂဝံကျောက် ရုပ်ကြွတစ်ချပ်စီတွင် မြင်းခွာသဏ္ဌာန် ခုံးအောက်၌ လက်ယှက်ရှိခိုးနေသော လူရုပ်တို့၏ အထက်ပိုင်းပုံများ ထုလုပ်ထားရှိ၏။

ကုမာရစေတီ၏ ဗိသုကာနှင့် စီခြယ်ထားသော ပန်းပုကျောက်ဆစ်လက်ရာတို့ကို ထောက်ရှုပါသော် ယင်းသည် ဇုတ်သုတ်ရွာရှိ ထီးဆောင်းဘုရားလက်ရာများနှင့် တူညီနေကြောင်း တွေ့ရ၏။ သို့သော် ပို၍ကံကောင်းသည်မှာ ထီးဆောင်းဘုရား၏အထက်ပိုင်းတို့တွင် မူလ ဂဝံကျောက်ချပ်များကို မတွေ့ရတော့ဘဲ နောက်နှောင်း စေတနာရှင်များကြောင့် ခေတ်လက်ရာ



အင်္ဂတေများ လိမ်းကျံထားသည်ကိုသာ တွေ့မည်ဖြစ်သော်လည်း ယခု ကုမာရစေတီတွင်မူ ခေါင်းလောင်းပုံမှ ဖိနပ်တော်တိုင်အောင် ရှေးဟောင်းဂဝံလက်ရာစစ်စစ်ကို တွေ့ရခြင်းပင်ဖြစ်၏။

ကုမာရစေတီနှင့်စပ်လျဉ်း၍ တင်ပြသင့်သော အချက်တစ်ချက်ရှိသည်။ ယင်းမှာ မြန်မာနိုင်ငံ၌ ပထမဦးဆုံး အစိုးရရှေးဟောင်းသုတေသနပညာရှင်အဖြစ် တာဝန်ထမ်းဆောင်သွားသူ ဒေါက်တာဖော့ခ်ဟမ်မာ ဖော်ထုတ်ခဲ့ဖူးသော ကျိုက်ကုမယ် ခေါ် ကုမာရစေတီအကြောင်းပင် ဖြစ်သည်။ ဖော့ခ်ဟမ်မာက သူ၏“ ဗြိတိသျှမြန်မာနိုင်ငံ၏ ရှေးဟောင်းသမိုင်းနှင့် မထဝိဝင် သုဝဏ္ဏဘူမိသို့ ပထမဆုံးရောက်ရှိလာသည့် ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့.” ခေါ် စာအုပ် စာမျက်နှာ ၈ တွင် ကျိုက်ကုမယ်ဘုရားကို ကေလာသတောင် အနောက်မြောက်ဘက်ရှိ တောင်စွန်းတစ်ခုပေါ်၌ ရှိသည်ဟု ဖော်ပြ၏။

ယခု စာရေးသူတို့တွေ့ရသော ကုမာရစေတီမှာ ကေလာသတောင်ပေါ်၌ မရှိ၊ မြေပြန့်ဖြစ်သော ဝင်းကရွာ မြောက်ပိုင်းဝင်းက-အရက်သည်မလမ်း၏အနောက်ဘက် ကပ်လျက်၌သာ ရှိသည်။ ဖော့ခ်ဟမ်မာက ဆက်လက်၍ သူ၏ ကျိုက်ကုမယ်ဘုရားမှာ ထိုစဉ် ၁၈၈၄ ခုနှစ်ကပင် အသစ်တစ်ဖန် မွမ်းမံထားပြီးသော ဘုရားတစ်ဆူဖြစ်သည်ဟု မှတ်ချက်ချထား၏။ ယခု ဝင်းကရွာရှိ ကုမာရစေတီကမူ ရှေးဟောင်း ဂဝံလက်ရာအားလုံးကို ဂရုတစိုက် ထိန်းသိမ်းထားရှိသဖြင့် သမိုင်းတန်ဖိုးမဖြတ်နိုင်အောင်

ရှိချေသည်။

ဘာသာရေးနှင့်မသက်ဆိုင်သော ရှေးဟောင်းအဆောက်အအုံလက်ရာများတွင် ဇုတ်သုတ်ရွာအနီးရှိ ဆင်တပ်၊ မြင်းတပ်ခေါ် ဂဝံလက်ရာ တံတိုင်းကြီးကို အထူးတလည် ဖော်ပြသင့်ပေသည်။ ယင်းသည် အမြင့် ၇ ပေ ကျော်ရှိ၍ ပေ ၃၆၀ ကျော် ရှည်လျားသည်။ ဆင်တပ်မြင်းတပ်ဟု လူသိများသော်လည်း ယင်းတွင် လေးထောင့်ကွက်ကြီးများအတွင်း အကြွထုလုပ်ထားသောအရုပ်များမှာ ဆင်နှင့်ခြင်္သေ့ရုပ်ကြီးများသာ ဖြစ်ကြ၏။ မြင်းရုပ်များကို မတွေ့ရချေ။

အကွက်တစ်ကွက်လျှင် ၃ ပေ ၆ လက်မရှည်သော အကွက်ပေါင်း ၁၅ ကွက်အတွင်း ထုလုပ်ထားသည့် ဆင်ရုပ်၊ ခြင်္သေ့ရုပ်ကြီးများမှာ တောတိရစ္ဆာန်များ သဘာဝအတိုင်း ဟန်အမူအရာ အမျိုးမျိုးရှိကြသည်။ လမ်းလျှောက်နေသော ဆင်အချို့မှာ ရှေ့ကဆင်ကို နောက်ဆင်က ကျော်တက်ရန် ဟန်ပြင်နေသော အမူအရာများကိုပါ ပန်းပုဆရာသည် မလွတ်တမ်း ဖမ်း၍ အမိအရ ထည့်သွင်းထုလုပ်ပေးထား၏။ အကွက်တစ်ကွက်တွင်မူ ထိုင်နေသောလူရုပ် ၂ ရုပ်၏အလယ်၌ ခြင်္သေ့တစ်ကောင်ကိုပါ ထုလုပ်ပေးထားသည့်အပြင် အကွက်တိုင်း၌ ပန်းဒီဇိုင်းပုံများဖြင့် အနားသတ်ပေးထားသေးသည်။ ထို့ကြောင့် ဆင်တပ်မြင်းတပ်ဟု ခေါ်မည့်အစား ရုပ်စုံတံတိုင်းဟု အန္ဓိသညီ ခေါ်မည်သမှု မှတ်တမ်းပြုသင့်သည်ဟု သဘောရပေသည်။



## ပန်းပုလက်ရာများ

ဂဝံပန်းပုလက်ရာများတွင် စေတီငယ်များ၊ သပိတ်များ၊ ဆွမ်းခွက်ပန်းတောင်းနှင့် သင်ပုတ်ပလ္လင်များ၊ ဆီမီးအိမ်များ၊ ပဲခူးမြို့ရှိ ကျိုက်ပွန်ဘုရားကြီးသဏ္ဌာန် ကျောချင်းကပ် ၄ ဆူတွဲ ထိုင်တော်မူ ဘုရားပုံများ၊ တိရစ္ဆာန်အမျိုးမျိုးတို့၏ ရုပ်လုံးရုပ်ကြွများ ပါဝင်ကြသည်။ ယင်းတို့အများစုကို ထီးဆောင်းဘုရားရင်ပြင်တော်နှင့် တံတိုင်းအပြင်ဘက်တွင်လည်းကောင်း၊ ရှေးဟောင်း သုတေသနဦးစီးဌာနက စောင့်ရှောက်ထားသော လက်ရာများအဖြစ် အဆောက်အအုံတစ်ခုအောက်တွင်လည်းကောင်း တွေ့ရှိကြရမည်ဖြစ်သည်။

ယခု သုဝဏ္ဏဘူမိ တတိယအကြိမ် တူးဖော်မှုမှ ရရှိသော ခြင်္သေ့ရုပ်ကြွတစ်ခုတွင် ခြင်္သေ့ရုပ်ကို ဝပ်နေသည့်ဟန် ထုလုပ်ထားရှိ၍ ခြင်္သေ့၏လည်ဆံမွေးကိုမူ ဘယက်သဖွယ်ဖြစ်ပေါ်အောင် လက်စွမ်းပြထုလုပ်ထားကြောင်း တွေ့ရသည်။ မြေပေါ်မှ စုဆောင်းရရှိသော အခြားရုပ်ကြွတစ်ခုရှိ ခြင်္သေ့ရုပ်နှင့် ယှဉ်ကြည့်သောအခါ အခြားခြင်္သေ့တွင် လည်ဆံမွေး၌ ကြိုးပုံဖြစ်ပေါ်အောင် ထုလုပ်ထားကြောင်းတွေ့ရ၏။

ဗုဒ္ဓဦးခေါင်းတော် ဂဝံရုပ်လုံးတစ်ခုတွင်မူ မျက်နှာတော်သည် အသားအရေပြည့်ဖြိုး၍ မျက်ခုံးမျက်လုံးများ ပီပြင်ထင်ရှားစွာ ကျန်ရှိနေသေးကြောင်း တွေ့ရသည်။ နှုတ်ခမ်းတော်အစုံ၌မူ ပြုံးရိပ်သမ်းနေသည့်သဏ္ဌာန်ပေါ်အောင်ပင် ပန်းပုဆရာသည် သူ၏ပညာကို အစွမ်းပြထုထား၏။

ဤမျှ တင်ပြပြီးသောအခါ မေးသင့်မေးထိုက်သော မေးခွန်းတစ်ခုလည်း ရှိပေသေး၏။ ယင်းမှ အထက်တွင် ဖော်ပြခဲ့သော ဂဝံလက်ရာများကို မည်သူတို့ ဆောက်လုပ် ထုထွင်းခဲ့သနည်း ဟူ၍ဖြစ်ပေသည်။ ဤမေးခွန်းကို ကျေနပ်စရာ အဖြေပေးနိုင်ရန် ရှေးဦးစွာ သိပ္ပံနည်းကျလေ့လာမှုနှင့် တူးဖော်မှုများ ဆောင်ရွက်သမှု ပြုကြရပေဦးမည်။

သို့သော် လတ်တလောတွင်မူ ဒေါက်တာဖော့ခင်မာက သူ၏ အထက်ပါစာအုပ်တစ်နေရာတွင် သုဝဏ္ဏဘူမိ၌ ပထမဆုံး ဗုဒ္ဓသာသနာတော်သို့ သက်ဝင် ကူးပြောင်းလာသူများမှာ မွန်လူမျိုးများ မဟုတ်ကြချေဟု ဆိုထား၏။ သူ၏ အဆိုအရ ခရစ် ၁၅ ရာစုတွင် ရေးထိုးသော ဓမ္မစေတီ မင်းတရားကြီး၏ ကလျာဏီသိမ်ကျောက်စာလာ ပိသာစလူမျိုးတို့သည်သာ အရှင်သောဏနှင့် ဥတ္တရထေရ်မြတ် ၂ ပါးတို့၏ ဗုဒ္ဓသာသနာပြုလုပ်ငန်းကြောင့် ဗုဒ္ဓဘာသာဘာဝင်များ ဖြစ်လာကြသည်ဟု ကောက်ယူနိုင်ကြောင်းသိရသည်။ ထို့ကြောင့် ဖော့ခင်မာ၏ အဆိုအမိန့်များသာ မှန်သည်ဆိုပါလျှင် ယင်း ပိသာစလူမျိုးတို့မှာ ဘီလင်းမြို့နယ်၊ ကေလာသတောင်ခြေတစ်ကြော၌ မွန်လူမျိုးတို့ထက်စော၍ အခြေချနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားများ ဖြစ်ကြသည် ဟုဆိုရပေမည်။ ယင်းတို့ပင်လျှင် ယခုတွေ့ရှိနေကြရသော ဂဝံလက်ရာများကို တည်ဆောက်ခဲ့ကြသူများ ဖြစ်သည်ဟု ယေဘုယျ ယူဆထားကြရပေဦးမည်။

(ငွေတာရီမဂ္ဂဇင်း၊ အမှတ်-၂၀၄၊ ၁၉၇၇ခု၊ ဇွန်)



## (၆) သုဝဏ္ဏဘူမိမှ အုတ်ခွက်

ရှေးဟောင်းဒေသတစ်ခုသို့ ပဏာမ ကွင်းဆင်းရာတွင် အုတ်ခွက်၊ ကျောက်စာနှင့် ဒင်္ဂါးများကဲ့သို့ သမိုင်းအတွက် အရေးကြီးသော အထောက်အထားများ ရတတ်သည်။ ယင်း ရှေးဟောင်းပစ္စည်းများသည် သက်ဆိုင်ရာ ရှေးဟောင်းဒေသတွင် ထွန်းကားသော ယဉ်ကျေးမှုပစ္စည်းမျိုးပေါင်းစုတွင် အစိတ်အပိုင်းများအဖြစ် ပါဝင်လေ့ရှိ၏။ ယင်းတို့သည် တူးဖော်အတည်ပြုရန်လည်း စေ့ဆော်ပေးတတ်သည်။

တူးဖော်မှုများ မစတင်မီ ရှေးဟောင်းသုတေသီသည် တူးဖော်မည့်ဒေသနှင့် စပ်ဆိုင်သမျှ မြေပေါ်အထောက်အထားများကို စာရင်းပြုလုပ်၏။ အခြား ယဉ်ကျေးမှုအင်္ဂါရပ်များနှင့်လည်း အဆက်အသွယ်ရှိမရှိ ဆန်းစစ်သည်။ ယင်းနောက် အသေးစိတ်လေ့လာ၏။

အသေးစိတ်လေ့လာပြီးသမျှ ရှေးဟောင်းပစ္စည်း များတွင် အုတ်ခွက်များလည်း အပါအဝင်ဖြစ်ကြသည်။ ယင်းတို့ သည် ဘာသာရေးနှင့်စပ်ဆိုင်၍ မြန်မာပြည် ဗုဒ္ဓဘာသာ ထွန်းကားရာ ဒေသများအကြောင်း ပိုမိုသိရှိအောင် ဖြည့်ဆည်းကူညီကြသည်။ ဤသို့သော အဖိုးတန်အုတ်ခွက်များကို ရှေးဟောင်း သုတေသနဌာနသည် စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် ပုံနှိပ်ထုတ်ဝေထားပြီး ဖြစ်၏။

ဥပမာ-ဦးမြရေး ရှေးဟောင်း အုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ၊ ပထမတွဲတွင် ပုဂံမြို့ဟောင်းနှင့် အခြားဒေသများမှ

တွေ့ရှိရသော အုတ်ခွက်အမျိုးပေါင်း(၆၀)ကျော်ကို လေ့လာ ထည့်သွင်းထားရှိ၍ ဒုတိယတွဲတွင် သရေခေတ္တရာ မြို့ဟောင်း တစ်ဝိုက်မှ စုဆောင်းရရှိသည့် အုတ်ခွက် (၅၀)ကျော် ကို ပုံနှိပ် ဖော်ပြထားပေသည်။ အထက်နှင့်အလယ်ပိုင်း မြန်မာပြည်မှ တွေ့ရသမျှသော အုတ်ခွက်များကို မည်သို့ပင် ပုံနှိပ်ဖြန့်ချိ ထားစေကာမူ တစ်ပြည်လုံးအတွက် ခြုံငုံမိခြင်းမရှိသေးချေ။ အောက်မြန်မာပြည် မွန်ပြည်နယ်မှ တွေ့ရှိ စုဆောင်းရမိသော အုတ်ခွက်များကိုလည်း အလားတူ ဖော်ထုတ်ပေးရန် လိုအပ် လျက်ရှိသေးသည်။ ဦးမြ၏စာအုပ်တွင် ကရင်ပြည်နယ်၊ ကော့ဂွန်းဂူမှ ရရှိခဲ့သော အုတ်ခွက် ၃ ဆူနှင့် ပုံညှပ်တံဆိပ် တစ်ခုတို့၏ ဓာတ်ပုံများကို ထည့်သွင်းဖော်ပြထားသည်။ ကော့ဂွန်း အုတ်ခွက် ၃ ဆူမှာ ယိုးဒယားလက်ရာဆန်ကြောင်း ဦးမြက မှတ်ချက်ချထားသေး၏။

သို့သော် ပုံညှပ်တံဆိပ်နှင့်ပတ်သက်၍ တွေ့သည့် နေရာ မှာ ကော့ဂွန်းဂူဖြစ်ကြောင်းသာ မှတ်တမ်းတင်ထားပြီး မည်သို့မျှ ဝေဖန်သုံးသပ်ခြင်း မပြုသည်ကို သတိထားမိပေသည်။ ဤပုံညှပ်တံဆိပ် မှာ မြေဖြင့်ပြီး၍ ဦးမြ၏ အုတ်ခွက်စာအုပ် ပထမတွဲတွင် ပုံအမှတ် ၁၁၇ အဖြစ် ဖော်ပြထားပေသည်။ ဤပုံညှပ် တံဆိပ်နှင့် ထပ်တူထပ်မျှတူညီသော အုတ်ခွက်အချို့ကို ဘီးလင်း မြို့နယ်အတွင်းရှိ သုဝဏ္ဏဘူမိမြို့ဟောင်းတည်ရှိရာဟု အစဉ် အလာ မှတ်သားထားသော ဝင်းကကျေးရွာမှ များမကြာမီက စုဆောင်းရရှိခဲ့သည်။



ဝင်းကမှ စုဆောင်းရရှိသော အုတ်ခွက်ဆင်းတုတော် များမှာ (၄)ဆူ ဖြစ်သည်။ အရွယ်အစား အမျိုးမျိုးဖြစ်၍ အကြီး ဆုံးမှာ အလျား ၆ လက်မနှင့် အငယ်ဆုံးမှာ အလျား ၄ လက်မ ရှိသည်။ အရွယ်အစား ခြားနားကြစေကာမူ အမျိုးအစားအားဖြင့် ပုံစံတစ်မျိုးတည်းအဖြစ် သတ်မှတ်ထားရှိနိုင်သည်။ ယင်း တစ်မျိုးတည်းတွင်ပင် မူကွဲ အနည်းငယ်ပါရှိသည်။

တစ်မျိုးတည်းဟု သတ်မှတ် ထားရှိသော အုတ်ခွက် အထက်ပိုင်း၌ ထိုင်တော်မူဘုရားရှင် ၃ ဆူတန်းနှင့် အောက်ပိုင်း ကွက်လပ်ကြီးတွင် အဓိက တင်ပျဉ်ခွေကိုယ်တော်ကြီး ဘေး တစ်ဖက်တစ်ချက်မှ မတ်ရပ်ရုပ်ပုံ(၂)ပုံတို့ ပါရှိကြသည်။ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးသည် စမွခံရိုးရိုးပေါ်တွင် ခြေထပ် ထိုင်လျက်ဖြစ်၍ လက်တော်နှစ်ဖက်မှာ တင်ပျဉ်ခွေပေါ်၌ တင်လျက် ဈာန်ဝင်စားနေပုံ ဖြစ်၏။ ဘုရားရှင်၏ဦးခေါင်း တော်ကို ပါးပျဉ်း ၅ ခုရှိသော နဂါးက ဗိမာန်သဖွယ် အုပ်မိုး ဖြန့်ကြက် ကာရံထားသည်။

ဘုရားရှင်၏ဘေးတစ်ဖက်တစ်ချက်ရှိ မတ်ရပ်ရုပ်ပုံ (၂)ပုံအနက် လက်ဝဲဘက်မှပုံတွင် ယာဘက်လက်၌ ကြာရိုး ကြာစွယ်၊ သို့မဟုတ် သားမြီးယပ်ကို ကိုင်စွဲထားဟန် ထုလုပ် ထားသည်။ ယာဘက်မှ မတ်ရပ်ရုပ်ပုံတွင် လက် ၂ ဖက်စလုံး ခါးဆီ၌ ခပ်ကွေးကွေး ထားရှိသည်မှတစ်ပါး မည်သည့် ဝတ္ထု ပစ္စည်းများ ကိုင်စွဲထားကြောင်း မထင်ရှားချေ။ အုတ်ခွက်၏ ပုံပန်းသဏ္ဌာန်မှာ အထက်ပိုင်း ဝိုင်း၍ အောက်ပိုင်း လေး

ထောင့်ပုံ ဖြစ်သည်။ မီးဖုတ်မြေဖြင့် ပြုလုပ်ထား၏။

ယခု တင်ပြလျက်ရှိသော အုတ်ခွက်အမျိုးအစားနှင့် ဦးမြစာအုပ် ပ-တွဲ ပုံအမှတ် ၁၁၇ ပါ ပုံညှပ်တံဆိပ်တို့မှာ ထပ်တူထပ်မျှ တူညီနေကြ၏။ နှိုင်းယှဉ်၍တင်ပြရလျှင် ဝင်းကမှ အုတ်ခွက်မျိုးကို အထက်မြန်မာပြည်တွင် မတွေ့ဖူးသေးပေ။ ဤအချက်ကြောင့် ဝင်းကအုတ်ခွက်သည် ယိုးဒယားလက်ရာ အငွေ့အသက်နှင့်မကင်းသော သုဝဏ္ဏဘူမိ မြို့ဟောင်း၏ သီးခြား လက်ရာတစ်ခုဖြစ်သည်ဟု မှတ်ယူနိုင်စရာရှိပေသည်။

"ဗရှဗင်း"ဟု ယိုးဒယား ဘာသာစကားဖြင့် ခေါ်ဆိုသော အုတ်ခွက်ဆင်းတုတော်များအနက် အချို့တွင် နဂါး၏ အခွေပေါ်၌ ဈာန်ဝင်စားနေဟန် ပုဂ္ဂိုလ်တစ်ဦး၊ ယင်းဝဲဘက်၌ လက် ၄ ဖက်ပါ နတ်တစ်ပါးနှင့် လက်ယာဘက်တွင် အမျိုးသမီးပုံ တစ်ပုံပါရှိသော "၃ ဆူတွဲပုံ"များ ခတ်နှိပ် ပုံသွင်းထားတတ်သည်ကို တွေ့ရှိရသည်။ ယင်းတို့ကို ပြင်သစ်ပညာရှိကြီး ဂျီစေးဒီးက အလယ်မှဈာန်ဝင်စားနေသူမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ပုံတော်ဖြစ်သည်။ လက်ဝဲဘက်မှပုံသည် မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာ၏ ဘုရားလောင်းတစ်ဆူ ဖြစ်တော်မူသော အဝလောကိတေသွာရခေါ် လောကနာထပုံတော်ဖြစ်၍ လက်ယာဘက်မှပုံသည် မဟာယာဉ်ဂိုဏ်း နတ်သမီးတစ်ပါး ဖြစ်သော ပညာပါရမီတာ၏ပုံ ဖြစ်ကြောင်း၊ ယင်း၏ "ယိုးဒယား အုတ်ခွက်" စာတမ်းတွင် ရှင်းလင်းထုတ်ဖော်တင်ပြထားသည်။

စေးဒီး၏စာတမ်းတွင် အထက်ပါအတိုင်း အဓိပ္ပာယ်



ဖွင့်ဆိုထားရုံမျှမက ခေတ်ပုံများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ယင်းတို့ကို ဝင်းကမှ အုတ်ခွက်ပုံစံနှင့် နှိုင်းယှဉ်ကြည့်မိသည်။ ယှဉ်ကြည့်ရာတွင် ယိုးဒယားပုံ၌ အဝလောကိတေသွာရ နတ်သားမှာ လက် ၄ ဖက် ပါရှိ၏။ ဝင်းကမှ အုတ်ခွက်တွင် လက် ၂ ဖက်သာ တွေ့ရသည်။ ယိုးဒယားအုတ်ခွက်က ပညာပါရမီတာနတ်သမီး၏ ရွှေရင်သည် ဖွံ့ဖြိုးသဖြင့် အမျိုးသမီးရုပ်ပုံ ဖြစ်ကြောင်း ထင်ရှားသိသာသော်လည်း ဝင်းကမှအုတ်ခွက်တွင် ဤသို့ မထင်ရှားချေ။

မည်သို့ပင်ဆိုစေ ဝင်းကမှတွေ့ရှိရသော ကျွန်ုပ်တို့ အုတ်ခွက်တွင် လက်ဝဲဘက်မှမတ်ရပ်ပုဂ္ဂိုလ်ကို မဟာယာဉ် ဘုရားလောင်း နတ်သားတစ်ပါးဟု မယုတ်မလွန် ဆိုနိုင်ကောင်းပေသည်။ ယင်းနတ်သားမှာလည်း ဗုဒ္ဓပဋိမာကျမ်းများ အလိုအရ အဝလောကိတေသွာရ ဘုရားအလောင်းနတ်သား၏ ၁၀၈ မျိုးသော ကိုယ်ပွားတော်များအနက် ကိုယ်ပွားတော်တစ်ဆူ ဖြစ်သော ဝဇရ ဩသတလောကေသွရ နတ်သားပင် ဖြစ်ဟန်တူသည်။ ဤနတ်သားသည် မိမိလက်ယာလက်တွင် သားမြီးယပ်ကို စွဲကိုင်လေ့ရှိ၏။ ယခု ဝင်းကမှ အုတ်ခွက်တွင်လည်း သားမြီးယပ်သဏ္ဌာန် ပါရှိနေပေသည်။

ကလျာဏီသိမ်ကျောက်စာအလိုအားဖြင့် မဇ္ဈိမဒေသ၊ အိန္ဒိယပြည်ကြီးကို အစိုးရသော အသောကမင်းကြီးက စေလွှတ်၍ သုဝဏ္ဏဘူမိသို့ သာသနာပြုရန်ရောက်ရှိခဲ့ကြသော အရှင်သောဏနှင့် ဥတ္တရထေရ်တို့ ပင့်ဆောင်လာကြသည့် ဘုရားရှင်

သာသနာတော်သည် ထေရဝါဒပင် ဖြစ်ဟန်တူသည်။ ဤသို့ ထေရဝါဒဖြစ်သည်ဟု တွေးဆနိုင်စရာ ခေတ်ကာလ သမယကို ဆန်းစစ်လျှင် ပါဋလိပုတ်နေပြည်တော်၌ ကျင်းပပြီးစီးခဲ့သော တတိယအကြိမ် သံဂါယနာတင်ပွဲကြီး ပြီးစီးသည့်နောက်မှ အရှင်သောဏနှင့် ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိသို့ သာသနာတော်ပြုစုဖြန့်ဝေရန်ရောက်လာခြင်း ဖြစ်သောကြောင့် ထိုစဉ်က ဗုဒ္ဓသာသနာတော်မှာ စစ်မှန်သည့် ထေရဝါဒ၊ သို့မဟုတ် ဟီနယာနဂိုဏ်းပင် ဖြစ်ဟန်တူသည်။

သို့သော် ယခုတွေ့ရှိရသောအုတ်ခွက်သည် မဟာယာဉ်ဂိုဏ်းဆန်လှ၏။ ထို့ကြောင့် အစဉ်အလာ လက်ခံခဲ့သော သုဝဏ္ဏဘူမိ၌ ထွန်းကားနိုင်ရာသည့် ထေရဝါဒဂိုဏ်းနှင့် ယခုအုတ်ခွက်မှာ မည်သို့မျှ မသက်ဆိုင်သကဲ့သို့ ရှိပေသည်။ ဤသည်ကို ဆက်လက်သုတေသန ပြုရဦးမည်ဖြစ်သည်။ သုတေသန ဆက်လက်ပြုရန် အကောင်းဆုံးသောနည်းမှာ တူးဖော်မှုဖြင့် အဆုံးအဖြတ်ပေးနိုင်မည့် အထောက်အထားများ ရှာဖွေရန်ပင် ဖြစ်ပေသတည်း။

(ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၂၀၉၊ ၁၉၇၇ခုနှစ်၊ နိုဝင်ဘာလ)

အခန်း ၄

# ယောဒ္ဒေသ အထောက်အထား

## (၁) ယောနယ်နှင့် ကျောက်ခေတ်

ရှေးဟောင်းသုတေသနပြဿနာရပ်များအနက် မြန်မာ့လူ့ဘောင်ဖွဲ့စည်းဖြစ်ပေါ်မှု၏ သမိုင်းမတင်မီခေတ် အခြေခံအကြောင်းအချက်များကို ဖော်ထုတ်၍ သမိုင်းခေတ်ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်ပေးရန်ပြဿနာသည် အဓိကပြဿနာဖြစ်၏။ ဤအဓိကပြဿနာကို အဖြေရှာဖွေရန်ရည်မှန်းချက်သည် မြန်မာနိုင်ငံရှေးဟောင်းသုတေသနလုပ်ငန်းများအတွက် အခြေခံကျသော လုပ်ငန်းရည်မှန်းချက်ပင် ဖြစ်ပေသည်။

မြန်မာ့ကျောက်ခေတ်များအကြောင်း သုတေသနပြုရာတွင် ဧရာဝတီမြစ်ဝှမ်းသည် အရေးအပါဆုံး ဖြစ်ပေသည်။ အကြောင်းမူ တစ်ခါက "အညာသားယဉ်ကျေးမှု"ဟု နိုင်ငံခြားသားပညာရှင်များ အမည်ပေးမှည့်ခေါ်ခဲ့သော ကျောက်ခေတ်

ဟောင်းယဉ်ကျေးမှုအထောက်အထားများကို ဧရာဝတီမြစ်ဝှမ်း၌ ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရသောကြောင့်ဖြစ်၏။ ဤတွင် ဧရာဝတီမြစ်ဝှမ်းသည် အခြားနိုင်ငံအများအပြားရှိ မြစ်ကြီးများနည်းတူ သမိုင်းမတင်မီခေတ်အတွက် စူးစမ်း လေ့လာရန် လွန်စွာ သင့်လျော်သောအရပ်ဒေသ ဖြစ်ခဲ့ရပေသည်။

ဤသို့သင့်လျော်သော ဧရာဝတီမြစ်ဝှမ်းဒေသတွင် ချောက်မြို့နယ်၊ ဆီးချိုပင်ကျေးရွာပတ်ဝန်းကျင်ရှိ မြစ်ကမ်းဆင့်ကြီး ငါးခုနှင့် ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှုဆိုင်ရာ လက်နက်ပစ္စည်းများ၊ ကျောက်ဖြစ်အရိုးများနှင့် လက်ပံခြေပေါ် ကျောက်ခေတ်သစ်လက်နက်ပစ္စည်းများကို အထိုက်အလျောက် ကွင်းဆင်းလေ့လာဆဲတွင်ပင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လာသော ယောမြစ်ဝှမ်းတစ်လျှောက်ကိုလည်း ကွင်းဆင်း လေ့လာရန် လိုအပ်ပေသည်။

ဤသို့ကွင်းဆင်းလေ့လာရန် အဘယ့်ကြောင့် လိုအပ်သနည်းဟူသော အမေးပုစ္ဆာ၏အဖြေမှာ ၁၉၃၇-၃၈ ခုနှစ်က ဒေါက်တာဒီးတားရားနှင့် ဒေါက်တာမိုးဗီးယက်စ် ဆိုသူ အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှ ပညာရှင်နှစ်ဦး ခေါင်းဆောင်သော ကွင်းဆင်းအဖွဲ့တစ်ခုသည် မြန်မာနိုင်ငံရှိ ဧရာဝတီနှင့် ယောမြစ်ဝှမ်းတို့သို့ ရောက်ရှိ လေ့လာသွားခဲ့ရာမှ တွေ့ရှိချက်များကို ပြန်လည်စိစစ်ရန်လိုအပ်နေသောကြောင့်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အမေရိကန်ကွင်းဆင်းအဖွဲ့၏ လေ့လာချက်များကို စိစစ်ရန်နှင့် ယခင်က စုဆောင်းထားပြီး



သားမရှိသေးသော ကျောက်ခေတ်လက်နက်ပစ္စည်းများ စုဆောင်းလေ့လာရန်အတွက်လည်း ဖြစ်ပေသည်။

ကွင်းဆင်းအဖွဲ့ကို စာရေးသူဦးဆောင်၍ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ပါတီဌာနချုပ် သုတေသနဌာနမှပုဂ္ဂိုလ်များ၊ နိုင်ငံသမိုင်းသုတေသနနှင့်ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒကျောင်းသားများအပါအဝင် စုစုပေါင်း ၁၀ ဦးဖြင့် ကွင်းဆင်းခဲ့သည်။

## ကွင်းဆင်းဒေသ

ကွင်းဆင်းလေ့လာသောဒေသအကျယ်အဝန်းမှာ လောင်ဂျီတွဒ်အရှေ့ ၉၄ ဒီဂရီ ၂၇ မိနစ်မှ ၉၄ ဒီဂရီ ၄၀ မိနစ်နှင့် လတ္တီတွဒ် ၂၁ ဒီဂရီ ၂၃ မိနစ်မှ ၂၂ ဒီဂရီ ၁၀ မိနစ်အတွင်း တည်ရှိသော ပေါက်မြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်အတွင်း အချို့သောကျေးရွာများ ဖြစ်ကြပါသည်။

## ယောဒေသ ပထဝီဝင်

တန့်ကြည့်တောင်နှင့် ပုံတောင်တို့သည် ပခုက္ကူခရိုင်ဟောင်းတွင် အရှေ့အနောက်တန်းလျက်တည်ရှိကြ၍ တောင်မြောက်အနေအထားအတိုင်း ဖြစ်ပေါ်နေကြသည်။ ဤသို့တည်ရှိသောကြောင့် အရှေ့ဘက်တွင် ချင်းတွင်းနှင့် ဧရာဝတီ၊ အနောက်တွင် စလင်း၊ ယော၊ အလယ်တွင် ကျောနှင့်ယော၊ မြေမျက်နှာပြင် မောနှင့်မြစ်သာမြစ်ဝှမ်းများ ဖြစ်ပေါ်လာကြ၏။

အရဆိုလျှင် အရှေ့ဘက်ဧရာဝတီနှင့်ချင်းတွင်း မြစ်များ တည်ရှိရာ မြစ်ရေလွှမ်းသည့် မြစ်ဝှမ်းဒေသ၊ ယင်းမှ တန့်ကြည့်တောင် အထိကျယ်ပြန့်သော ကုန်းမြင့်ဒေသနှင့် တန့်ကြည့်တောင်မှ အနောက်ဘက်သို့ ဖြန့်ကြက်လျက်ရှိသော တောင်ကုန်းဒေသဟူ၍ သုံးပိုင်း ပိုင်းခြားနိုင်သည်။

မြစ်ဝှမ်းဒေသသည် ပြန့်ပြူးသည်။ ရေကြီးချိန်တွင် ပို့ချသည့်နုန်းနုများကြောင့် မြေသြဇာလည်း ကောင်းမွန်သည်။ ဤဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ အများဆုံးပြုလုပ်ကြ၏။ ကုန်းမြင့်ဒေသတွင် သဲများသာ ရှိ၏။ မြေသြဇာ ညံ့သည်။ ရေလည်း ရှားပါး၏။ တန့်ကြည့်တောင်၏ အနောက်ဘက် တောင်ကုန်းဒေသတွင် မြေမျက်နှာပြင်သည် နိမ့်ဆင်းသွားသည်။ ထို့ကြောင့် တောင်ကမူများ ဖြစ်ပေါ်နေကြ၏။ ဤသို့နိမ့်ဆင်းသွားသည်မှာ ယောနှင့်ကျော မြစ်ဝှမ်းတိုင်အောင်ဖြစ်၍ ယင်းမှတစ်ဆင့် ပုံတောင်သို့ မြင့်တက်သွားပြန်သည်။ ဤမှ လွန်မြောက်လျှင် ပုံတောင်နှင့် အခြားတောင်တန်းများကို တွေ့ရပေသည်။ ဤဒေသတစ်ဝိုက်တွင် တောင်ကုန်းတောင်တန်းနှင့် မြစ်ဝှမ်းများကို တစ်လှည့်စီ တွေ့ရပေသည်။ တောင်တန်းများ အနက် ပုံတောင်သည် ပျမ်းမျှအမြင့်ပေ ၃၅၀၀ ရှိသော်လည်း အမြင့်ဆုံးနေရာတွင် ပေ ၄၃၆၄ ပေ ရှိကြောင်းသိရ၏။ အနောက်ဘက်တွင် ဆက်လက်တွေ့ရသော ပုံညာတောင်မှာမူ ပျမ်းမျှ အမြင့်ပေ ၃၀၀၀ ရှိ၍ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကြိမ်တောင်မှာမူ ပေပေါင်း ၄၄၅၀ ပေမြင့်ကြောင်း သိရသည်။



## ဘူမိဗေဒ အခြေအနေ

ကွင်းဆင်းအဖွဲ့ လေ့လာခဲ့သောဒေသ၏ ဘူမိဗေဒသည် ဧရာဝတီသဲကျောက်များဖြင့် ဖွဲ့စည်း ဖြစ်ပေါ်နေ၏။ အောက်ခံသဲကျောက်များ၏ အနေအထားကြောင့် မြေမျက်နှာပြင်သည် တောင်ကုန်းတောင်တန်းများနှင့် အပြည့်ဖြစ်နေ၏။ တောင်ကုန်းတောင်တန်းများတွင် တောင်ထိပ်များပြားလျက် ဖြစ်ပေါ် နေကြသည်။ ဧရာဝတီ သဲကျောက်များအပေါ်တွင် လွန်ခဲ့သောနှစ်တစ်သန်းကျော်ကာလနှင့် သက်ဆိုင်သော ပလိုင်စတိုဆင်းခေတ်ဆိုင်ရာ ကမ်းဆင့်ကျောက်စရစ်များ ပို့ချထားသည်ကို နေရာအနှံ့တွင် တွေ့ရှိရသည်။

## ကျေးရွာများ ပျံ့နှံ့တည်ရှိပုံ

တောတောင်များထူထပ်သော ဒေသဖြစ်သောကြောင့် တောင်ကြားတစ်လျှောက် မြေဆီသြဇာများ စုပုံပို့ချရာ ဒေသများတွင် ကျေးရွာများကို တည်ထားကာ ကျေးရွာပတ်ဝန်းကျင်တွင် စပါးစိုက်သည့် လယ်ကွင်းများ၊ ပဲ ပြောင်းနှင့် ဓနိစိုက်သည့် အကွက်များ တည်ရှိကြသည်။ ပုံတောင်ပုံညာတောင်တန်းကြီးများကြောင့် ဧရာဝတီမြစ်ဝှမ်းနှင့် သဘာဝအားဖြင့် အဆက်အသွယ်ပြတ်နေသည့်အပြင် လမ်းပန်းလည်းခက်ခဲသောကြောင့် လေ့လာစရာ ဒေသမှာ မဖွံ့ဖြိုးသေးချေ။ သို့သော် အထက်ပါ လယ်ယာလုပ်ငန်းနှင့် သီးပင်သီးနှံများ လှိုင်လှိုင်ထွက်ရှိမှုကြောင့် တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်က စီးပွားရေးအားဖြင့်

အတော်အတန် ပြည့်စုံအောင် ဖန်တီးပေးထားပေသည်။ ထို့ကြောင့် လူ့ဘဝ၏အခြေခံလိုအပ်ချက်များဖြစ်သော စားဝတ်နေရေးနှင့် အတော်ပင်ပြည့်စုံနေပေသည်။ ဤသို့ပြည့်စုံသော သဘာဝပတ်ဝန်းကျင်တွင် အစောဆုံးထွန်းကားသော ကျောက်ခေတ်ယဉ်ကျေးမှုများကို တွေ့ရှိကြရသည်။ ယခု ယောနယ် မြန်မာမှုများအနက် အစောဆုံးထွန်းကားခဲ့သော ကျောက်ခေတ် လက်နက်ကိရိယာများ၊ တစ်နည်းအားဖြင့် ကျောက်ခေတ်သစ် ကုန်လုပ်ကိရိယာများအကြောင်း တင်ပြပါမည်။

## ကျောက်ခေတ်သစ် လက်နက်ကိရိယာများ

ယင်းဒေသမှ တွေ့ရှိရသောကျောက်ခေတ် လက်နက်ကိရိယာများမှာ ပေါက်မြို့နယ် ၂၄၊ ထီးလင်းမြို့နယ် ၆၇၊ ဂန့်ဂေါမြို့နယ် ၂ နှင့် စုစုပေါင်း ၉၃ ခုဖြစ်၏။

ယင်းတို့အနက် ပဲခွပ် ၂၃၊ အမင်းပါ ပဲခွပ် ၂၁ ခု၊ ပိစပ်ဖူးပဲခွပ် ၇၊ ဆစ်လွဲပဲခွပ် ၁၊ ပုဆိန် ၂။ အမင်းပါပုဆိန် ၁၊ ဆောက်သွား ၁၃၊ အမင်းပါ ဆောက်သွား ၂။ အမင်းတစ်ဖက်ပါ ဆောက်သွား ၁၊ ကျောက်ပြားကွင်း ၂ ဟူ၍ မျိုးခွဲ လေ့လာနိုင်သည်။ ပဲခွပ်မျိုးစုံမှာ စုစုပေါင်း ၅၅ ခု ဖြစ်၍ ဆောက်သွားမှာ ၁၆ ခုဖြစ်ကာ ပုဆိန်မှာ ၃ ခုသာ ဖြစ်သည်။ ထို့ကြောင့် ယောနယ်တွင် ထွန်းကားသော ကျောက်ခေတ်ယဉ်ကျေးမှုတွင် အသုံးပြုသည့် လက်နက်ကိရိယာများတွင် ပဲခွပ်သည် အဓိက ပုံစံဖြစ်၍ ဆောက်သွားမှာ ဒုတိယအဓိကပုံစံ ဖြစ်သည်။



## ပီပြင်ထင်ရှား

ယောဒေသမှ တွေ့ရသော ကျောက်ခေတ်သစ် လက်နက်များကို ခြုံငုံ၍လေ့လာသောအခါ ပီပြင်ထင်ရှားသည့်အသွင်သဏ္ဍာန်များရှိကြောင်း တွေ့ရှိရသည်။ အရွယ်အစားမှာ ဧရာဝတီမြစ်ဝှမ်း၌ တွေ့ရသော ကျောက်ခေတ်သစ် လက်နက်ကိရိယာများထက် ကြီးမားလေ့ရှိကြ၏။ ဧရာဝတီမြစ်ဝှမ်းတွင် အတွေ့ရနည်းသော အမင်းပါ လက်နက်များကို ယောနယ်တွင် အတော်များများတွေ့ရသည်။ အများအားဖြင့် ယောနယ်တွင်တွေ့ရသော ပီပြင်သည့် ကျောက်ခေတ်သစ် ကုန်လုပ်ကိရိယာလက်နက်များမှာ အိန္ဒိယပြည် အာသံမဏိပူရ၊ ယခု ဘင်္ဂလားဒေ့ရှ် အရှေ့ ဘင်္ဂလားနယ်များတွင်တွေ့ရသော ကျောက်ခေတ်သစ်လက်နက်ကိရိယာများနှင့်လည်းကောင်း၊ အရှေ့တောင်အာရှတစ်ဝိုက်တွင် တွေ့ရသော ကျောက်ခေတ် သစ် လက်နက်များနှင့်လည်းကောင်း ပုံသဏ္ဍာန်ချင်း တူညီကြ၏။

ယောဒေသတွင်တွေ့ရသော ဘူမိဖြစ်စဉ်များ၌ ဧရာဝတီ သဲကျောက်များသည် ပဓာနဖြစ်ကြသော်လည်း ကျောက် ခေတ်သစ်တွင် လက်နက်များပြုလုပ်ကြရာတွင် အသွင်ပြောင်း ကျောက်(ဝါ) သဲကျောက်ထက် မာကျော သိပ်သည်းသော ကျောက်များကို အသုံးချလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ကျောက်လက်နက် ၄၄ ခုကို အသွင်ပြောင်း ကျောက်များဖြင့် လည်းကောင်း၊ ၃၉ ခုကို အနည်ကျကျောက်များဖြင့် လည်းကောင်း၊ ၁ ခုကိုမီးသင့်ကျောက်ဖြင့်လည်းကောင်း ပြုလုပ်

ထားကြောင်း ဘူမိဗေဒနည်းများဖြင့် ခွဲခြမ်းလေ့လာနိုင်ပြီ ဖြစ်သည်။

ယောမှ တွေ့ရှိရသော ကျောက်ခေတ်သစ် လက်နက်များသည် အသွင်အပြင် တိကျလှပရုံမျှမက အသွားသွေး၍ အရောင်တင်ထားသောကြောင့်လည်း များစွာနှစ်သက်ဖွယ် ကောင်းသည်။ အမင်းများကို ဖော်ဆောင်ရာ၌ ကိုယ်ထည်နှင့် အမင်း ဆုံဆည်းရာတွင် ထောင့်မှန်ကျ ချိုးဆစ်ထား၏။ ယင်းတို့၏လက်ရာမှာ အနုပညာမြောက်လှပေသည်။

ကြေးခေတ်လက်နက်

ယနေ့ ကြေးမိုးကြိုးသွားဟု ခေါ်ဆိုနေကြသော ကြေးဖြင့်ပြုလုပ်ထားသည့် ပုဆိန်သွားများမှာ လွန်စွာ ရှားပါးသော ပစ္စည်းကိရိယာများ ဖြစ်ကြသည်။ မိုးပေါ်ကကျလာသော မိုးကြိုးသွားမဟုတ်ဘဲ ကျောက်ခေတ်လွန်မြောက် ကြေးခေတ်ရောက်စဉ် ရှေးဟောင်းလူသားများ ကုန်ထုတ်ကိရိယာအဖြစ် အသုံးချခဲ့ကြသည့် လက်နက်များပင် ဖြစ်ကြသည်။

ဤမိုးကြိုးသွားခေါ် ကြေးခေတ်သုံး ပုဆိန်သွားတစ်ခုကို ထီးလင်းမြို့နယ်၊ ဗူးတောင်းရွာမှ ရရှိခဲ့ကြသည်။ ယင်းတွင် ပါဝင်သော ကြေးနှင့်အခြားသတ္တုများကို ခွဲခြမ်းစိတ်ဖြာခဲ့ကြည့်ရာ အောက်ပါအတိုင်းတွေ့ရှိရသည်။

ကြေးဝါ---------- ၉၇. ၉၄ ရာခိုင်နှုန်း
ခဲ -------------- ၀. ၀၅ ။



သွပ် ----------- ၁. ၆၄ ။
ဆီလီကွန် ------ ၀. ၆၇ ။

မြန်မာပြည်တွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ကြေးမိုးကြိုးသွား ၁၄ ခု တွေ့ရှိခဲ့ကြသော်လည်း ယင်းတို့မှာ ယခုအခါ လန်ဒန်မြို့ဗြိတိသျှပြတိုက်၊ အောက်စဖို့မြို့ ပစ်ရေးဗားပြတိုက်နှင့် စတော့ဟုမ်းမြို့ အရှေ့ဖျားဒေသဆိုင်ရာ ရှေးဟောင်းပစ္စည်းပြတိုက် အသီးသီးသို့ ရောက်ရှိနေကြပြီဖြစ်သည်။

ယခုနောက်ပိုင်းတွင် ဆက်လက်စုဆောင်းမှုများအရ မြန်မာပြည်အရပ်ရပ်မှ ကြေးမိုးကြိုးသွား ခေါ် ပုဆိန်သွားနှင့် လှံသွား စုစုပေါင်း ၁၀ ခု ထပ်မံရရှိနေပြီဖြစ်သည်။ ယင်းတို့ကို လေ့လာသောအခါ ကုန်လွန်ခဲ့သော ကျောက်ခေတ်သစ် လက်နက်ကိရိယာများနှင့်လည်းကောင်း၊ အရှေ့တောင်အာရှ အထူးသဖြင့် ဗီယက်နမ်နိုင်ငံနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၌ ထွန်းကားသွားခဲ့သော ကြေးခေတ်လက်နက် ကိရိယာများနှင့် လည်းကောင်း ဆင်တူကြောင်း တွေ့ရှိကြရသည်။ လေ့လာချက်များ အရ ကနဦးကတွေ့ရှိသော ဗီယက်နမ်နိုင်ငံ ဒွန်ဆွန် အရပ်မှ ကြေး လက်နက် ကိရိယာများကို ဘီစီ ၂၀၆ မှ အေဒီ ၂၂၀ နှင့် သက်ဆိုင် သည်ဟု ဆိုသော်လည်း ယခုနောက်ဆုံး ယိုးဒယားနိုင်ငံ အရှေ့မြောက် ဘက်ဒေသရှိ ဗန်ချင်းခေါ် ကြေး ခေတ်ထွန်းကားရာ အရပ်ဒေသမှ ကြေးလှံသွားကို ခုနှစ် ခွဲခြားလေ့လာရာတွင် ဘီစီ ၅၀၀၀ ထက် နောက်မကျကြောင်း သိရှိကြရသည်။

(လမ်းစဉ်သတင်း၊ တွဲ-၁၄၊ မှတ်-၁၂၊ ၁၅-၆-၇၈)

## (၂) လောင်းပိုငယ်နှင့်လောင်းပိုကြီး

ထီးလင်းမြို့နယ်၊ လောင်းပိုငယ်ကျေးရွာ အုပ်ချုပ်ရေးဆိုင်ရာ သူကြီးခန့်သည့်အကြောင်းနှင့်ဆိုင်သော စာချွန်တော် ၇ စောင် စုဆောင်းရရှိခဲ့၍ လောင်းပိုကြီးကျေးရွာနှင့် ဆိုင်သော စာချွန်တော် ၈ စောင် စုဆောင်းရရှိနိုင်ခဲ့သည်။

လောင်းပိုငယ်ကျေးရွာ စာချွန်တော်များတွင် အစောဆုံး စာချွန်တော်ကို ဗဒုံမင်း ခေါ် ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့စွဲ ရေးထိုးထားရှိ၍ ဘိုးတော်ဘုရားနောက် မြန်မာနိုင်ငံကို ဆက်လက်အုပ်စိုးကြသည့် ဘကြီးတော်၊ သာယာဝတီ၊ ပုဂံမင်း လက်ထက်များနှင့် သက်ဆိုင်သည့် အထောက်အထားများ မတွေ့ရသေးချေ။

စာချွန်တော်အမှတ် ၃၊ ၄၊ ၅၊ ၆ တို့သည် မင်းတုန်းမင်း လက်ထက်နှင့်သက်ဆိုင်၍ စာချွန်တော်အမှတ် ၄ နှင့် ၆ တွင် ဘုရင့်တံဆိပ် ခြသေ့ရုပ် ခတ်နှိပ်ထားကြောင်းတွေ့ရ၏။ စာချွန်တော်အမှတ် ၇ ကို ဗိုလ်မှူးမင်း မင်းကြီးနော်ရထာက လက်မှတ်ရေးထိုးထုတ်ပြန်သော်လည်း ရက်စွဲ မပါရှိချေ။

လောင်းပိုကြီးကျေးရွာနှင့်ပတ်သက်သော စာချွန်တော် အားလုံးမှာ မင်းတုန်းမင်း လက်ထက်တော်နှင့် သက်ဆိုင်သည်။ စာချွန်တော်အမှတ် ၂ နှင့် ၄ တို့တွင် ဘုရင့်တံဆိပ်တော် ခြသေ့ရုပ်များ ခတ်နှိပ်ထားရှိကြ၏။

စာချွန်တော် အားလုံးကို အောက်ပါအတိုင်းလေ့လာနိုင် ပါ



သည်။ ငလွှမ်းစံကို သူကြီးခန့်စာချွန်တော်---

မျက်နှာဘက်---

"သက္ကရာဇ် ၁၁၄၈ခု တန်ဆောင်မုန်းလပြည့်ကျော် ၆ရက် ဝနေ့၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူသခင်အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ငလွှမ်းစံကို ထီးလင်းမြို့အဝင် လောင်းပိုငယ် ရွာသူကြီး ခန့်တော်မူသည်။"

ကျောဘက်---

"အသည်ငယ်သားတို့ကို အမှုတော်ကိုထမ်းကုန်၍ လုပ်စားဆောင်စား စီးပွားဖြစ်အောင် မစ စီရင်"

အထက်ပါ စာချွန်တော်အရ ဘိုးတော်ဘုရား(၁၇၈၂-၁၈၁၉) "လက်ထက် ၁၁၄၈(ခရစ် ၁၇၈၆)တွင် လောင်းပိုငယ် ကျေးရွာသူကြီးအဖြစ် ဦးလွှမ်းစံကို ဘုရားက သူကြီးခန့်ထားခဲ့ကြောင်းသိရ၏။ ယောမှစုဆောင်းခဲ့သမျှသော စာချွန်တော် များတွင် ဤစာချွန်တော်သည် အစောဆုံးဖြစ်၏။

ဤစာချွန်တော်၏ထူးခြားချက်သည် ဘိုးတော်ဘုရား လက်ထက်မတိုင်မီ နိုင်ငံတော်အတွင်း မြို့စု၊ တိုက်စု၊ မြို့နယ် ကျေးရွာများတွင် တစ်မြို့တစ်ရွာလျှင် မျိုးရာအစဉ်အလာအရ ကြီးစိုးသူ သူကြီး ၂ ဦး၊ ၃ ဦးစီ ရှိနေကြသဖြင့် လုပ်သားပြည်သူ ဆင်းရဲသားအပေါင်းတို့မှာ တရားတပေါင်ဖြစ်ကြလျှင် မှန်ကန် သောအဆုံးအဖြတ်ကို မရနိုင်ကြသဖြင့် ဆင်းရဲပင်ပန်းကြ သည်ဟု ဖော်ပြထားသည်ကို အောက်ပါအတိုင်း လေ့လာ တွေ့ရှိ ရသည်။

[illegible]--- နိုင်ငံတော်အတွင်း မြို့စု၊ တိုက်စု၊ မြို့ကျေးရွာများမှာ တမြို့တစ်ရွာလျှင် ၂ ရိုး၊ ၃ ရိုး၊ ၄ ရိုး ကြီးစိုးကြ၍ တရား တပေါင် အလုပ်အဆိုကြေးတင်ကျွန်ဖြစ်၊ ကြေးကုန် ငွေကုန်နှင့် ဆင်းရဲသား ကျွန်တော်မျိုးတို့ အပင်အပန်းရှိကြသည်။ ကြီးစိုး ရိုးရာမှုကို မှန်မမှန်တရားတွေ့ဆိုရစေမည်လည်း မင်းကေရာဇ် အဆက်ဆက် တရားစကားဆုံးခန်း ပြီးပြေနိုင်သည် မရှိဖြစ် သည်။ အသည်အလာ ဆင်းရဲသားကျွန်တော်မျိုးတို့ ကြီးစိုး ရိုးရာလု ဆိုကြသည့်သူကြီး ၂ ဦး၊ ၃ ဦး၊ ၄ ဦးရှိ ကြေးငွေကုန်ကျ ပင်ပန်းရန်ရှိသည်များကိုထောက်တော်မူ၍ တမြို့တရွာလျှင် သူကြီးတလန် အများမရှိစေရ၊ တယောက်စီသာ ကြီးစိုးစေရ မည်"

ဤဆောင်းပါးနိဒါန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဘိုးတော်ဘုရားနောက် ဆက်လက်စိုးစံကြသော မင်းများ လက်ထက် လောင်းပိုင်ယ်ကျေးရွာ အုပ်ချုပ်ရေးအကြောင်းကို မသိရှိရဘဲ မင်းတုန်းမင်းလက်ထက်တော်သို့ ရောက်ရှိလာ ခဲ့သည်။

မင်းတုန်းမင်းလက်ထက်တော်နှင့် သက်ဆိုင်သော စာချွန်တော်များတွင် သက္ကရာဇ် ၁၂၂၈ ခု ကဆုန်လဆန်း ၂ ရက်နေ့၌ ဦးသာရဲကို လောင်းပိုင်ယ်ရွာသူကြီး ခန့်သည့် အကြောင်း၊ ၁၂၃၀ ပြည့် သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် ဦးရဲကို လောင်းပိုင်ယ်ရွာသူကြီးခန့်သည့်အကြောင်း၊ ခုနှစ်

...ပျ။ မွန် ... မင်းကြီးနေ်ရထာ ...

မပါရှိသော ဗိုလ်မှူးမင်း ၏မြေး၊ ဦးသာထွန်းအောင်၏သား ဦးအိကို သူကြီးခန့်သည့် အကြောင်းများကို တွေ့ရှိလေ့လာရပေသည်။

လောင်းပိုကျေးရွာသူကြီးအဖြစ် ဦးရန်ဝေးကို မင်းတုန်းမင်းတရားကြီးက သက္ကရာဇ် ၁၂၃၀ ပြည့်၊ သီတင်းကျွတ် လဆန်း ၉ ရက်နေ့တွင် အမိန့်တော်မြွက်ချမှတ် ပေးခဲ့ကြောင်း သက်ဆိုင်ရာ စာချွန်တော်တွင် တွေ့ရှိလေ့လာရသည်။ ဦးရန်ဝေး၏ မျိုးရိုးစဉ်ဆက်ကိုလည်း ၄၅ ခု စစ်တမ်းအရ ဦးကျန်အောင်၊ ဦးကျန်အောင်မရှိလျှင် သားဖြစ်သူ ဦးဖြိုးစံ၊ ဦးဖြိုးစံမရှိလျှင် ဦးလုကျော်၊ ဦးလုကျော်မရှိလျှင် ဦးစံနှောင်း၊ ဦးစံနှောင်းမရှိလျှင် ဦးရန်ဝေးသည် လောင်းပို ကြီးရွာတွင် သူကြီးအဖြစ် ကြီးစိုး ခဲ့ကြရကြောင်း ဖော်ပြထား၏။

ဤသို့ မျိုးရိုးစဉ်ဆက် သူကြီးဖြစ်ခဲ့သည့် အထောက် အထားများအရ ဦးရန်ဝေးက လောင်းပိုကြီးကျေးရွာ သူကြီး အဖြစ် ဆက်လက်ကြီးစိုးခွင့်ပြုပါရန် လျှောက်ထားသည်ကို မဆိုင် သူ ဦးကြာခိုင်က နှောင့်ယှက်သဖြင့် ရှေ့လွှတ်တော်၏အဆုံး အဖြတ်ကို နှစ်ဦးနှစ်ဝ ခံယူရကြောင်း အောက်ပါအတိုင်း တွေ့ရှိ ရသည်။

“ငရန်ဝေးက လောင်းဘိုကြီးကျေးရွာကို ရိုးဆက်[illegible] ဆက်သွင်း၊ ဘေးဘိုးဘတို့ ကြီးစိုး [illegible] ခံစစ်တန်းစာရင်းတော် [illegible] စဉ်ဆက်မပြတ်လက်ရှိအမိန့်တော်ခြင်း [illegible] ခံယူကြီးစိုးရှိနေရာ၊ အရိုးမဆိုင်သူကြာခိုင် နှောင့်ယှက်[illegible]

မျက်နှာဘက်---

"နိုင်ငံတော်အတွင်း မြို့စု၊ တိုက်စု၊ မြို့ကျေးရွာများမှာ တစ်မြို့တစ်ရွာလျှင် ၂ ရှိုး၊ ၃ ရှိုး၊ ၄ ရှိုး ကြီးစိုးကြ၍ တရားတပေါင် အလုအဆိုကြွေးတင်ကျွန်ဖြစ်၊ ကြွေးကုန် ငွေကုန်နှင့် ဆင်းရဲသား ကျွန်တော်မျိုးတို့ အပင်အပန်းရှိကြသည်။ ကြီးစိုးရှိုးရာမှုကို မှန်မမှန်တရားတွေ့ဆိုရစေမည်လည်း မင်းဧကရာဇ် အဆက်ဆက် တရားစကားဆုံးခန်း ပြီးပြေနိုင်သည် မရှိဖြစ်သည်။ အသည်အလာ ဆင်းရဲသားကျွန်တော်မျိုးတို့ ကြီးစိုးရှိုးရာလု ဆိုကြသည့်သူကြီး ၂ ဦး၊ ၃ ဦး၊ ၄ ဦးရှိ ကြွေးငွေကုန်ကျ ပင်ပန်းရန်ရှိသည်များကိုထောက်တော်မူ၍ တမြို့တရွာလျှင် သူကြီးကလန် အများမရှိစေရ၊ တယောက်စီသာ ကြီးစိုးစေရမည်"

၎င်းဆောင်းပါးနိဒါန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဘိုးတော်ဘုရားနောက် ဆက်လက်စိုးစံကြသော မင်းများလက်ထက် လောင်းပိုငယ်ကျေးရွာ အုပ်ချုပ်ရေးအကြောင်းကို မသိရှိရဘဲ မင်းတုန်းမင်းလက်ထက်တော်သို့ ရောက်ရှိလာခဲ့သည်။

မင်းတုန်းမင်းလက်ထက်တော်နှင့် သက်ဆိုင်သော စာချွန်တော်များတွင် သက္ကရာဇ် ၁၂၂၈ ခု ကဆုန်လဆန်း ၂ ရက်နေ့၌ ဦးသာရဲကို လောင်းပိုငယ်ရွာသူကြီး ခန့်သည့် အကြောင်း၊ ၁၂၃၀ ပြည့် သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် ဦးရဲကို လောင်းပိုငယ်ရွာသူကြီးခန့်သည့်အကြောင်း၊ ခုနှစ်



မပါရှိသော ဗိုလ်မှူးမင်း မင်းကြီးနော်ရထာ စာတွင် ဦးလွမ်းစံ၏မြေး၊ ဦးသာထွန်းအောင်၏သား ဦးအိကို သူကြီးခန့်သည့် အကြောင်းများကို တွေ့ရှိလေ့လာရပေသည်။

လောင်းပိုကျေးရွာသူကြီးအဖြစ် ဦးရန်ဝေးကို မင်းတုန်းမင်းတရားကြီးက သက္ကရာဇ် ၁၂၃၀ ပြည့်၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် အမိန့်တော်မြတ်ချမှတ် ပေးခဲ့ကြောင်း သက်ဆိုင်ရာ စာချွန်တော်တွင် တွေ့ရှိလေ့လာရသည်။ ဦးရန်ဝေး၏ မျိုးရိုးစဉ်ဆက်ကိုလည်း ၄၅ ခု စစ်တမ်းအရ ဦးကျန်အောင်၊ ဦးကျန်အောင်မရှိလျှင် သားဖြစ်သူ ဦးဖြိုးစံ၊ ဦးဖြိုးစံမရှိလျှင် ဦးလှကျော်၊ ဦးလှကျော်မရှိလျှင် ဦးစံနှောင်း၊ ဦးစံနှောင်းမရှိလျှင် ဦးရန်ဝေးသည် လောင်းပို ကြီးရွာတွင် သူကြီးအဖြစ် ကြီးစိုးခဲ့ကြရကြောင်း ဖော်ပြထား၏။

၎င်းသို့မျိုးရိုးစဉ်ဆက် သူကြီးဖြစ်ခဲ့သည့် အထောက်အထားများအရ ဦးရန်ဝေးက လောင်းပိုကြီးကျေးရွာ သူကြီးအဖြစ် ဆတ်လက်ကြီးစိုးခွင့်ပြုပါရန် လျှောက်ထားသည်ကို မဆိုင်သူ ဦးကြာခိုင်က နှောင့်ယှက်သဖြင့် ရွှေလွှတ်တော်၏အဆုံးအဖြတ်ကို နှစ်ဦးနှစ်ဝ ခံယူရကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်။

"ငရန်ဝေးက လောင်းဘိုကြီးကျေးရွာကို၊ ရှိုးဆက်ရာခံစစ်တန်းစာရင်းတော်ဆက်သွင်း၊ ဘေးဘိုးဘတို့ ကြီးရှိုးခံစစ်တန်းစာရင်းတော်ဆက်သွင်း၊ ဘေးဘိုးဘတို့ ကြီးရှိုး

အရေးဖြစ်ပွား၍ ၂ဦးစုံညီရွှေလွှတ်တော်မှာ အကောက်အယူတော်ခံကြလျှင် အမိန့်တော်လက်ရှိသူက လောင်းဘိုကြီးကျေးရွာကို ကြီးစိုးဆောင်ရွက်စေ၊ ကောက်တော်မူချက် ကျရောက်ရှိပါသော ကြောင့်" ခြသေ့်တံဆိပ်နှင့် စစ်တမ်းများ ပြသနိုင်သူ ဦးရန်ဝေး အနိုင်ရရှိကာ လောင်းပိုကြီးကျေးရွာတွင် သူကြီးအဖြစ် ဆက်လက်ကြီးစိုးရကြောင်း တွေ့ရှိလေ့လာရ၏။

အခြား သူကြီးခန့်စာချွန်တော်များတွင် တွေ့ရှိလေ့လာရသည့်နည်းတူ ဦးရန်ဝေးအား သူကြီးခန့်ထားသည့် အဆင့်ဆင့်သောဝန်ကြီး၊ မှူးကြီးတို့၏စာချွန်တော်များတွင် လောင်းပိုကြီးကျေးရွာ၌ ရာဇဝတ်မှုများ မပေါ်ပေါက်စေရန်၊ မင်းမှုတော်များ ကျရောက်လျှင်လည်း ဆင်းရဲသားကျွန်တော်မျိုးတို့ကို အညီအမျှထမ်းရွက်ကြစေရန်၊ ဖိစီးနှိပ်စက်မှုများမဖြစ်စေရန်နှင့် မြို့မမြို့သူကြီးတို့၏ ဆင့်ဆိုရာကိုနာခံထမ်းရွက်စေရန် ဦးရန်ဝေး၏ တာဝန်ဝတ္တရားများဖြစ်ကြောင်း ဖော်ပြသတ်မှတ် ပေးထားကြသည်။ အလားတူပင် လောင်းပိုကြီး ရွာသူရွာသားများကလည်း သူကြီးဦးရန်ဝေးဆင့်ဆိုရာကို နာခံဆောင်ရွက်ကြရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ပေးထား၏။

အချုပ်တွင် ဆောင်းပါး၌တင်ပြခဲ့သော စာချွန်တော်များအရ ဘိုးတော်ဘုရားလက်ထက်မတိုင်မီ မြန်မာနိုင်ငံတစ်ဝန်းလုံး အထူးသဖြင့် ယောနယ်တွင် ရိုးရာအစဉ်အဆက် သူကြီးမျိုးရိုးဖြစ်ကြောင်း ပြဆို အုပ်ချုပ်သော ကျေးရွာသူကြီး၊ တိုက်သူကြီးစသည့် ဝန်ထမ်းများတစ်ရွာလျှင် တစ်ယောက်မက



များပြားရှုပ်ထွေးခဲ့ကြောင်းသိရ၏။ ဤသည်တို့ကို ဘိုးတော်ဘုရားလက်ထက်တော် သက္ကရာဇ် ၁၁၄၈ ခု တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ လောင်းပိုငယ်သူကြီး ဦးလွမ်းစံကိုခန့်အပ်သည့်အချိန်မှစ၍ တစ်ရွာလျှင် သူကြီးတစ်ဦးသာရှိရမည်ဟု မင်းမိန့်ဖြင့် တစ်ပြေးညီသတ်မှတ်ပေးခဲ့ရပေသည်။

အလားတူပင် လောင်းပိုကြီးကျေးရွာ သူကြီးရာထူးကို စင်ပြိုင်လျှောက်ထားသူတစ်ဦး ပေါ်ပေါက်ခဲ့သဖြင့် ရွှေလွှတ်တော်က စီရင်ဆုံးဖြတ် ကောက်ချက်ချခဲ့ရကြောင်း သိရသည်။ ဤသို့ဖြင့် ယောနယ်မှ စုဆောင်းရရှိခဲ့သော စာချွန်တော်များသည် ရှေးခေတ် မြန်မာနိုင်ငံ အုပ်ချုပ်ရေးအကြောင်းကို တစေ့တစောင်း ဖော်ပြနေကြပေ၏

(လမ်းစဉ်သတင်း၊ တွဲ - ၁၄၊ မှတ်-၁၄၊ ၁၅-၇-၇၈)

## (၃) ယောနယ် ကျေးရွာအုပ်ချုပ်ရေး

၁၉၇၇ ခု၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလများအတွင်းက စာရေးသူ ကြီးမှူးသောရှေးဟောင်းသုတေသန ကွင်းဆင်းအဖွဲ့သည် ယောနယ်တစ်ဝန်းကို ကွင်းဆင်းလေ့လာခဲ့ဖူး၏။

နိုင်ငံသမိုင်းကိုပြုစုရာ၌ ပြုစုလိုသော ခေတ်အပိုင်း အခြားအတွက် ခေတ်ပြိုင် သမိုင်းမှတ်တမ်းများကို စုဆောင်း လေ့လာသုတေသနပြုရမြဲပင် ဖြစ်သည်။ ယခုဆောင်းပါးတွင် တင်ပြမည့် ရှေးဟောင်း အထောက်အထားများအဖြစ် လေ့လာတွေ့ရှိရသော သူကြီးခန့် စာချွန်တော်များသည် မြန်မာသက္ကရာဇ် ၁၂၃၀

ပြည့်နှစ်(ခရစ် ၁၈၆၈)မှ ၁၂၄၅ ခု (ခရစ် ၁၈၈၃)ခုနှစ်အတွင်း ပဥ္စမသင်္ဂါယနာတင်နှင့်မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်း(၁၈၅၃-၇၈)နှင့် သားတော်သီပေါ(၁၈၇၈-၈၅) လက်ထက်များတွင် ထုတ်ပြန်ခန့်ထားခဲ့သည့် အမိန့်စာချွန်တော်များဖြစ်ကြောင်း တွေ့ရ၏။

ယခု ဆောင်းပါးနှင့်သက်ဆိုင်သောစာချွန်အစုစုမှာ ၁၃ ခု ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တော်နှင့် သက်ဆိုင်သော စာချွန်တော်အမှတ် ၁၊ ၅ နှင့် ၇ တို့တွင် ခြင်္သေ့တံဆိပ်၊ သားတော်သီပေါနှင့်စပ်လျဉ်းသည့်စာချွန်တော် အမှတ် ၁၁၊ ၁၂ တို့တွင် တိုးတံဆိပ်များ ခတ်နှိပ်ထားကြသည်။

ရှေးခေတ် အရေးအသား အကြောင်းအရာ အထားအသိုတို့ကို လေ့လာနိုင်ကြစေရန် အလယ်ဘန်းရွာသူကြီးအဖြစ် ဦးလူကြီးအား မင်းတုန်းမင်းက ခန့်ထားပုံ စာချွန်တော်အမိန့်စာကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

မျက်နှာဘက်

"ခြင်္သေ့တံဆိပ်တော်

ယောမြို့သူကြီး မြို့စာရေးတို့နှင့်အလယ်ဘန်းရွာ အသည်အလာ ဝင်နေကပွား ကြေးထမ်းကြီးငယ်တို့-

ယော ၄ မြို့ဝန်နေမျိုးမင်းထင်ရာဇာ ရှိခိုး သံတော်ဦးတင်ချက်အတိုင်း ယောမြို့ဆောမြို့လောင်းရှည်မြို့ ထီးလင်းမြို့ စာရင်းပါ မြို့သူကြီးကျေးရွာသူကြီး ၁၂၆ တို့ကို လက်ရှိကြီးစိုးမြဲ ကြီးစိုးစေ။ သက္ကရာဇ် ၁၂၃၀၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့



ဘုရားအမိန့်တော်မြတ် ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း လက်ရှိသူကြီးအရင်ဆက်သွင်းရာပါ ယောမြို့စီရင်စု အလယ်ဘန်းကျေးရွာမှာ ငလူကြီးကို လက်ရှိကြီးစိုးမြဲ ကြီးစိုးဆောင်ရွက်စေသည်။ အလယ်ဘန်းရွာ အသည်အလာ ဝင်နေကပွား ကြေးထမ်းကြီးငယ်တို့"

ကျောဘက်

သူကြီးငလူကြီး ဆင့်ဆိုရာနာခံဆောင်ရွက်ကြရမည်။ သူကြီး ငလူကြီးလည်း ကျေးရွာစည်ပင်သာယာအောင် သိမ်းသွင်းပြုစုပြီးလျှင် ခန့်ထားကျရောက်သည့် မင်းမှုတော်ရပ်များကို ပြေကုန်အောင် ကြီးစိုးဆောင်ရွက်ရမည်။"

အထက်ပါစာချွန်တော်အရ အလယ်ဘန်း ရွာသူကြီးအဖြစ် ဦးလူကြီးကို သက္ကရာဇ် ၁၂၃၀၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့က ထုတ်ပြန်သော မင်းတုန်းမင်းကြီး၏ အမိန့်တော်ဖြင့် ရွှေလွှတ်တော်မှ ခန့်ထားခဲ့ကြောင်း သိရသည်။

စာချွန်တော်အမှတ် ၂ နှင့် ၃ တို့တွင် သူကြီးဦးလူကြီးက ရွှေလွှတ်တော်မှ ထုတ်ပြန်သော ခန့်အပ်လွှာ စာချွန်တော်ကို "အမိန့်တော်ရွှေလွှတ်တော်အသည်ဝန်"စာအရ ဝန်စာ ပေးအပ်ပါမည့်အကြောင်း "ယော ၄ မြို့ဝန်ထံ အစီရင်ခံချက်"အတိုင်း ယော ၄ မြို့ဝန် နေမျိုးမင်းထင်ရာဇာက ရွှေလွှတ်တော်အမိန့်ကို ထပ်ဆင့်အတည်ပြု၍ ဦးလူကြီးသို့ ပေးပို့ကြောင်း တွေ့ရှိလေ့လာရသည်။

ယော ၄ မြို့ဝန် နေမျိုးမင်းထင်ရာဇာ၏စာတွင် သတ်

မှတ်ပေးသော တာဝန်များအရ သူကြီးဦးလူကြီး၏ လုပ်ပိုင်ခွင့်များတွင် ရာဇဝတ်ရေး မပေါ်ထွက်စေရန် ကျေးရွာ သာယာဖွံ့ဖြိုးတိုးတက်စေရန်နှင့် မင်းမှုတော်များပေါ်ပေါက်ပါက မိမိလက်အောက်ခံ ကျေးရွာသူရွာသားများ သာနာအညီအမှုဆောင်ရွက်ကြရန် ခန့်ခွဲပေးရမည်ဟု သိရ၏။ ယင်းယော ၄မြို့ဝန် နေမျိုးမင်းထင်ရာဇ၏ စာကိုပင် ယောမြို့သူကြီးက ထပ်ဆင့်အတည်ပြု၍ မြို့ရှုံး၏ဆင့်ဆိုရာ နာခံရမည်ဟု ထပ်ဆင့်ညွှန်ကြားကြောင်းလည်း စာချွန်တော်အမှတ် (၃)တွင် ထပ်လောင်းတွေ့ရှိရသည်။ ထို့ကြောင့် အလယ်ဘန်း ရွာဦးလူကြီးအား ကျေးရွာလူကြီးအဖြစ် ခန့်အပ်လွှာစာချွန်တော်များကို လေ့လာရာမှ ဘုရင်မင်းမြတ်၏အမိန့်တော်ကို ရွှေလွှတ်တော်က ထုတ်ပြန်ရသည့်အချက်၊ ရွှေလွှတ်တော်၏ အမိန့်စာသည် ယော ၄မြို့ဝန်ထံ ရောက်ရှိပြီးမှ ယောမြို့သူကြီးထံ ရောက်ရှိ၍ ယင်းကမှ နောက်ဆုံး ကျေးရွာသူကြီးထံသို့ အတည်ပြုပေးပို့သည့်အချက်နှင့် အုပ်ချုပ်ရေးအာဏာ ဆင်းသက်သည့်လမ်းကြောင်းကို တွေ့ရှိလေ့လာနိုင်ပေသည်။

အညာဘန်းရွာသူကြီးအဖြစ် ဦးမြတ်သာကို ခန့်ထားသည့်အမိန့်စာချွန်တော်သည် ဦးလူကြီးအားခန့်ထားသည့် အမိန့်တော်ထက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်း၏။ ယင်း အမိန့်စာချွန်တော်ကို နံပါတ် ၅ အဖြစ် သတ်မှတ်လေ့လာပါသည်။

ယင်းစာချွန်တော်တွင် သက္ကရာဇ် ၁၂၃၆ ခု၊ ပြာသိုလဆန်း ၃ ရက် နေ့စွဲထိုးပါရှိ၏။ စာချွန်တော်၏ ကျောဘက်တွင် -



"မြို့ရွာသူကြီးမြင်းခေါင်းမြင်းစီးခိုင်ခေါင်အဝှန်း အစုသေနတ်တပ်မှူးသွေးသောက်ကြီးမှစ၍ အမိန့်တော်နှင့်ခန့်ထားသင့်သည်များကို ဆိုင်ရာစုရှင်အဝေးမြို့ဝန်တို့က အလျောက်အခန့်အထားမရှိစေနှင့်၊ ဆင့်ဆိုပညတ်သည်ကို မတည် ခန့်ထားလျှင် စုရှင်ဝန်ရှင်တို့ကိုအရာက နုတ်၍ မောင်းကြော် ရာဇဝတ်စီရင်သော အဝေးမြို့ဝန်ဖြစ်လျှင် ရွှေဖဝါးတော်အောက် အကျဉ်းယူ၍ အရာနုတ်ပြီးလျှင် မောင်းကြော် ရာဇဝတ်စီရင်စေ"

-ဆိုသော ထူးခြားသည့် အချက်တစ်ချက်ပါရှိနေ သည်ကို တွေ့ရ၏။

ဤအထက်ပါအမိန့်တော်၏ ဆိုလိုရင်းသည် အုပ်ချုပ်ရေး၊ စစ်ရေးနှင့်လုပ်ငန်းဆိုင်ရာ အစုအငန်းအဖွဲ့သားများကို ဘုရင့်အမိန့်တော်နှင့်သာ ခန့်ထားရသည်။ အစုအငန်းနှင့် ဘုရင့်စစ်သည်တော်တပ်ဖွဲ့တို့ကို ကြီးကြပ်ရသူ အကြီးအမှူး အဝေးမြို့ဝန်တို့က မခန့်ထားနိုင် ဆိုသောအချက်ပင်ဖြစ်၏။ ဤအမိန့်အတိုင်း မလိုက်နာပါက အစုအငန်းတို့ကို ကြီးကြပ်ရသူများဖြစ်လျှင် အဝေးမြို့ဝန်တို့က ရာထူးမှဖယ်ရှား၍ မောင်းကြေးနင်းခတ်စေကာ ရာဇဝတ်ပြစ်ဒဏ်ချမှတ်ရမည်။ အဝေးရောက်မြို့ဝန်တို့က ခန့်ထားကြလျှင်လည်း ယင်းတို့ကို ဖမ်းဆီးချုပ်နှောင်၍ ဘုရင့်ထံမှောက်ရောက်ရှိအောင် ဆောင်ကြဉ်းကာ ရာဇဝတ်ဒဏ် ချမှတ်မည်ဟူ၍ ဖြစ်သည်။

နောက် စိတ်ဝင်စားစရာအချက်တစ်ချက်မှာ သူကြီး

မခန့်မီ စိစစ်ခြင်းပင်ဖြစ်၏။ ယခုခေတ်ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ခံ သတင်းထောက်လှမ်းရေး ရဲတပ်ဖွဲ့မှ သက်ဆိုင်ရာမှတ်တမ်းမှတ်ရာများနှင့်တိုက်ဆိုင်၍ နိုင်ငံတော်အစိုးရနှင့်ဆန့်ကျင်သော နိုင်ငံရေး၌ ပါဝင်မှုရှိမရှိ စစ်ဆေးသကဲ့သို့ပင် ဖြစ်ဟန်တူသည်။ ဤအချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

"လက်နက်သူပုံစာရင်းနှင့် ကိုက်ကြည့်ရာ၊ သူပုံစာရင်းတွင်ပါရှိသည့်ကျေးရွာသူကြီး ၄၀ ကို ချန်ထားပြီးလျှင်"

ကျောဘက်

"လက်ကျန်သူကြီး ၃၇၀၊ တပ်မှူး ၁၊ သွေးသောက်ကြီး ၉၊ ပွဲနင်း ၁၊ ပွဲချိတ် ၄၊ ရွှေမှူး ၉၊ သံမှူး ၁၊ စည်ဆော် ၁၊ စုစု ၃၇၆၊ စာရင်းပါ ငမြတ်သာကို ယောကျခတ်စီရင်စု အညာဘန်းကျေးရွာသူကြီးခန့်ထားကြီးစိုး ဆောင်ရွက်စေမည့်စာဆက်သွင်းချက်အတိုင်း"

သက္ကရာဇ် ၁၂၃၆ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့တွင် သူကြီးခန့်ထားကြောင်း ဘုရင်မင်းမြတ်က အမိန့်တော်မြတ် ချမှတ်ပေး၏။ အထက်ပါဘုရင်မင်းမြတ်၏ ဦးမြတ်သာ သူကြီးခန့်အမိန့်စာကို ထပ်ဆင့်ထုတ်ပြန်သူအရာရှိမှာ ယောမြို့အုပ်မင်း မဟာမင်းခေါင်သူရိန် ဖြစ်ကြောင်းလည်း သိရ၏။

ဦးမြတ်သာသည် အထက်ခန့်ထားပါအတိုင်း ရွာသူကြီးအဖြစ် အညာဘန်းရွာတွင် ကြီးစိုးအုပ်ချုပ်ခဲ့ရာ ၁၂၄၅ ခုနှစ်သို့တိုင်ခဲ့၏။ ထိုအခါ သီပေါမင်းလက်ထက်တော်ဖြစ်သဖြင့်



ဦးမြတ်သာကို လက်ရှိသူကြီးရာထူး၌ ဆက်လက် အတည်ပြုခန့်ထားပေးပါရန် ယော ၄မြို့ဝန် မင်းထင်မင်းလှရာဇကျော်ခေါင်က ဘုရင့်ထံလျှောက်ထားခဲ့၏။ ထိုအခါ သီပေါမင်းတရားက အညာဘန်းသူကြီးဦးမြတ်သာသည် အမိန့်တော်မြတ်နှင့်အညီ ကြီးစိုးရသူ လက်ရှိသူကြီး ဟုတ်မဟုတ် ဘုရင့်အမိန့်တော်နှင့် ရွှေလွှတ်တော်စာများကို တင်ပြစေ၏။

ယင်းသို့တင်ပြသောစာရင်းများသည် ၄၅ ခုနှစ် စာရင်းတစ်ခုနှင့် ၆၄ ခုနှစ် စာရင်းတစ်ခုတို့ ဖြစ်ကြ၏။ စာရင်းနှစ်ခုသည် ထပ်တူထပ်မျှရှိကြသောကြောင့် ဘုရင်မင်းမြတ်က-

"အရှိုးသား‌မြေး အမိန့်တော်လွှတ်တော်စာများနှင့် လက်ရှိကြီးစိုးရသူ မှန်သည်နှင့်အညီ ယောမြို့စီရင်စု အညာဘန်းရွာသူကြီး ငမြတ်သာကို တိုးတံဆိပ် သနားတော်မြတ်ခံစေ၍ လက်ရှိကြီးစိုးမြဲကြီးစိုးစေ"ကြောင်း သက္ကရာဇ် ၁၂၄၅ ခု၊ တပို့တွဲလဆန်း ၄ ရက်နေ့တွင် အမိန့်တော်မြတ် ချမှတ်လိုက်လေသည်။

အထက်ပါ စာချွန်တော်များကို လေ့လာရသောအခါ မင်းတုန်း၊ သီပေါခေတ်အခါများက ယောနယ်ကျေးရွာ သူကြီးများ ခန့်ထားရာတွင် ခန့်ထားခံရမည့်သူသည် သူကြီးမျိုးရိုးဟုတ်မဟုတ်စိစစ်ခြင်း၊ သူပုန်သူကန်စာရင်းတွင် ပါဝင်ခြင်း ရှိမရှိစိစစ်ခြင်း၊ ဗဟိုအာဏာပိုင်အုပ်စိုးသူ မင်းစကောရာဇ်မှ တိုက်ရိုက်ခန့်ထားရမည့်သူဖြစ်လျက် ဒေသအာဏာပိုင်များက ခန့်ထားခြင်း ရှိမရှိစိစစ်ခြင်း စသည့်စိစစ်မှုများကို ပြုလုပ်ကြောင်း

သိရသည်။

ထို့အပြင် ခန့်ထားခံရသူ သူကြီး၏ တာဝန်ဝတ္တရားများကိုလည်း အတိအကျ ပြဋ္ဌာန်းပေးထားကြောင်း တွေ့ရ၏။ အုပ်စိုးသူ မင်းပြောင်းမင်းလွှဲ ရှိလျှင်ရှိသလို သက်ဆိုင်ရာ ဒေသအာဏာပိုင်အကြီးအမှူးဝန်အဆင့်ရှိသူက နောက် တက်လာသော မင်းထံ လက်ရှိကျေးရွာသူကြီးများစာရင်းကို တင်ပြ၍ ထပ်ခန့်အမိန့် တောင်းခံ၏။ ထိုအခါလိုအပ်သလို ရွှေလွှတ်တော် စာရင်းများနှင့် တိုက်ဆိုင်ညီညွတ်မှုရှိမှ ဆက်လက်ခန့်ထားခြင်း ပြုပေသည်။ ဤသို့ဖြင့် အထက်ပါ စာချွန်တော်များကို လေ့လာရာမှ ကုန်းဘောင်ခေတ်နှောင်း ဒေသန္တရ အုပ်ချုပ်ရေးအကြောင်းကို တစေ့တစောင်း တွေ့ရှိလာရပေသတည်း။

(လမ်းစဉ်သတင်း၊ တွဲ-၁၄၊ မှတ်-၁၅၊ ၁-၈-၇၈)

## (၄) ရွှေကွန်အုပ် နှင့် ယော

ထီလင်းမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာ သရခါရွာအနီး မော်ချောင်းအတွင်းရှိ ကုန်းမြင့်တစ်ခုအပေါ် တည်ထားသော ရွှေကွန်အုပ်စေတီတော်မှာ ချောင်းရေတိုက်စားမှုကြောင့် ၁၉၇၀ ပြည့်၊ နိုဝင်ဘာလအတွင်း ပြိုကျမြေခခဲ့သည်။ မြေခပုံမှာ ခေါင်းလောင်းပုံ၊ ဖောင်းရစ်၊ ငှက်ပျောဖူးအစရှိသော ဗိသုကာအစိတ်အပိုင်းအားလုံး ပြန့်ကြဲဖြစ်ကြရခြင်းပင် ဖြစ်သည်။ သက်ဆိုင်ရာဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့၏ ကြိုးပမ်း



ထိန်းသိမ်းမှုများအရ ဘုရား ဌာပနာတိုက်အတွင်းမှ ရွှေ၊ ငွေ၊ ကြေးနှင့် ကျောက်ဆင်းတုတော် အရွယ်အစားစား ၈၀၅ ဆူ၊ ပုဂံ အနော်ရထာမင်းလက်ထက် လက်ရာများဖြစ်သော အုတ်ခွက်ရုပ်ပွားတော်များ၊ လက်ကောက်၊ လက်စွပ်စသော အဖိုးတန် ရှေးဟောင်းပစ္စည်း အများအပြားတို့ ပေါ်ထွက်လာကြသည်။

### ရွှေငါးကြင်းသဏ္ဍာန်

ရွှေကွန်အုပ်ဘုရားကျောက်စာ (နှောင်းခေတ်ထိုး)အရ ယင်းဘုရားမှာရှေးအခါကတည်းက သရခါရွာတွင် တည်ရှိနေခဲ့ဟန်တူသည်။ ရွှေငကြင်းသဏ္ဍာန်ခတ်တော်ကို ကွန်ဖြင့်အုပ်ကာပူဇော်၍ ဘုရားတွင် တည်ထားခဲ့သောကြောင့် ရွှေကွန်အုပ် အမည်တွင်ကြောင်း သိရှိကြရသည်။ ဤအဖြစ်အပျက်အားလုံးမှာ ပုဂံခေတ် အလောင်းစည်သူလက်ထက်၊ အလောင်းစည်သူ တိုင်းခန်းလှည့်လည်စဉ် ထီးလင်းမြို့သို့ ရောက်ရှိရာ၌ ဖြစ်ပွားခဲ့သည်ဟု သမိုင်းက မှတ်တမ်းတင်ထားသည်။

ရွှေကွန်အုပ်ကျောက်စာအရ အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာတွင် မြန်မာ၄၅၃ ခု(ခရစ်နှစ် ၁၀၉၁ ခုတွင်)ထီးလင်းမြို့သို့ ဆိုက်ရောက်သည်ဟုသိရ၏။ ဤသက္ကရာဇ်ကို မှန်နန်းရာဇဝင်ဖြင့် တိုက်ဆိုင်ညှိနှိုင်းသောအခါမှ သက္ကရာဇ် ၄၅၄ တွင် အလောင်းစည်သူ မှန်နန်းက မြန်မာသက္ကရာဇ်

ပုဂံထီးနန်း၌ နန်းတက်သည်ဟု ပြဆို၏။ ဘုရင်ဖြစ်ပြီးမှတိုင်းခန်းလှည့်လည်ခြင်းဖြစ်ရာ ခုနှစ်အားဖြင့် ရွှေကွန်အုပ်ကျောက်စာပါ သက္ကရာဇ်က စောနေသည်ကို တွေ့ကြရသည်။ ဤအချက်မှာ သမိုင်းရေးအရ ယုတ္တိမတန်သောအချက်တစ်ချက်ပင် ဖြစ်ကြောင်းသိသာထင်ရှား၏။ တစ်ဖန် ဦးကုလား မဟာ ရာဇဝင်ကြီးနှင့် ဇာတာတော်ပုံ ရာဇဝင်များတွင် အလောင်းစည်သူ နန်းတက်နှစ်ကို မြန်မာသက္ကရာဇ် ၄၅၀ နှင့် ၄၇၃ ခုဟူ၍ အသီးသီး ပြဆိုထားကြ၏။ ဤသို့ဖြင့် မြန်မာရာဇဝင်များ၏ အဆိုများမှာ ရွှေကွန်အုပ်ကျောက်စာနှင့် မကိုက်ညီကြချေ။

မည်သို့ပင်ဖြစ်စေ အထက်ကပြဆိုခဲ့သော ရှေးဟောင်းဆင်းတုတော်များအရ ရွှေကွန်အုပ်ဘုရားကို ပုဂံခေတ်၌ပင် တည်ထားခဲ့သည်၊ သို့မဟုတ် ပုဂံခေတ်၌ပင် ဌာပနာများ သွတ်သွင်းကိုးကွယ်ခဲ့သည် ဆိုသည့်အချက်မှာ သိသာထင်ရှားပြီဖြစ်သည်။ ထို့ကြောင့် ယခုဆက်လက်၍ ရွှေကွန်အုပ်ဘုရားမှ စုဆောင်းတွေ့ရှိကြရသော ရှေးဟောင်းအုတ်ခွက်၊ ရုပ်တု၊ ဆင်းတုတော်များအကြောင်း တင်ပြပါမည်။

## ကမ္ဗည်းစာပါသော အနော်ရထာအုတ်ခွက်

ယင်းမှာ သုံးဆူဖြစ်သည်။ သုံးဆူလုံး၏ အသေးစိတ်အခြင်းအရာကို အကျယ်မတင်ပြတော့ဘဲ တစ်ဆူ၏အသွင်သဏ္ဌာန်ကိုသာ ရွေးချယ်ဖော်ပြမည်ဖြစ်သည်။ ယင်းအဆူတွင် အလယ်တည့်တည့်၌ ကြာနှစ်ထပ်ခံ ပလ္လင်ထက်၌ ထက်ဝယ်



ဖွဲ့ခွေစံပယ်နေသော ဘုရားရှင် ရုပ်ပွားတော်တစ်ဆူကို ကျောင်းဆောင်အတွင်း၌ ဖူးတွေ့ကြရသည်။ ဘုရားရှင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဆင်းတုတော်အငယ်စား နှစ်ဆူစီနှင့် အောက်ဘက်တွင် ကြာပလ္လင်ထက်၌ သတင်းသုံးနေကြသော ဘုရားရှင်တော် ငါးဆူပုံတို့ကို အသီးသီး ပုံသွင်းထုလုပ်ထားကြောင်း တွေ့မြင်ကြရ၏။

အုတ်ခွက်၏အခြေတွင် ပါဠိဘာသာဖြင့် စာ သုံးတန်း ရေးထိုးထားသည်။

ဧသော ဘဂဝါ မဟာရာဇာသီရိ
အနုရုဒ္ဓ ဒေဝေနကတော ဝိမုတ္တိ
သဟတ္ထေနေဝါတိ
(အဓိပ္ပါယ်)

(သီရိအနုရုဒ္ဓအမည်တော်ရှိသောမင်းကြီးသည် (သံသရာဝဋ်ဆင်းရဲမှ)လွတ်မြောက်ပါရခြင်းငှာ၊ ဤမြတ်စွာဘုရား၏ (ရုပ်ပွားဆင်းတုတော်)ကို မိမိလက်တော်ဖြင့် သွန်းလုပ်လှူဒါန်းတော်မူသည်။)

မြန်မာနိုင်ငံအနှံ့အပြား၌ မင်းတရားကြီး၏ အုတ်ခွက်များ ယခင်က တွေ့ခဲ့ကြရဖူးသော်လည်း ယောနယ်မှာ တွေ့ရလိမ့်မည်ဟူ၍ တစ်ခါဖူးမျှ မတွေးတောမိခဲ့ကြချေ။ ယခု တွေ့ကြရပေပြီ။ ဤတွေ့ရှိချက်က ပုဂံခေတ် အနော်ရထာမင်း လက်ထက်အခါကပင် ပုဂံရွှေမြို့တော်နှင့်ယောနယ်တို့ ကောင်းစွာဆက်ဆံလျက် ရှိကြပြီဆိုသည်ကို ထုတ်ဖော်ပြသနိုင်ပြီ ဖြစ်သည်။

## စိတ်ဝင်စားဖွယ်ရာ

နောက်ထပ်စိတ်ဝင်စားဖွယ်ကောင်းသော ရှေးဟောင်းဆင်းတုတော်တို့တွင် ပုဂံခေတ် ခရစ်နှစ် ၁၁၊ ၁၂ ရာစုလက်ရာ မတ်ရပ်ရုပ်ပွားတော်တစ်ဆူပင် ဖြစ်သည်။ ယင်းသည် ဉာဏ်တော်အမြင့် ၁ ပေနှင့် ၄ လက်မရှိ၏။ ညာလက်တော်မှာ ဘေးဘယာကင်းစေကြောင်း တားဆီးဟန်(အဘယမုဒြာ)ပုံ ထုလုပ် ထားရှိ၍ ဘယ်လက်မှာမူ ရုံထားသော သင်္ကန်းအစွန်းကို လက်ဝါးဖြင့် ခပ်ဆုပ်ဆုပ် ကိုင်တွယ်ထားရှိသည်။

ဥဏှိသ ခေါ် ဦးခေါင်းအထက်မှ အသားတော်မြတ်ကို မီးတောက်ရောင်လျှံတော်အဖြစ် ထုလုပ်၏။ ဆံတော်များမှာ ရစ်ခွေခွေရှိကြသည်။ မျက်နှာတော်သွင်ပြင်မှာ ဘဲဥပုံသဏ္ဌာန် သွယ်လျလျရှိသော်လည်း အနည်းငယ် ပြားချပ်သည်။ နှုတ်ခမ်းတော် နှစ်စုံမှာ စုစုရှိသည်။ နှာတံရှည်၍ ချွန်သည်။ သင်္ကန်းကို ကိုယ်၌ ချပ်ရပ်ဝတ်ရုံထားသဖြင့် ခြသေ့်မင်းရင်အုပ်နှင့် တူသည်ဟု တင်စားထားသော ရှေးဟောင်းပန်းပုနည်းစနစ် သတ်မှတ်ချက်များအတိုင်းပင် ဖြစ်သည်ဟု ဆိုချင်သည်။ ပေါင်နှင့်သလုံးတော် နှစ်သွယ်မှာ ဆင်ဦးကင်းသဖွယ်ပင် ရှိသည်။

ဤဆင်းတုကဲ့သို့လက်ရာမြောက်သော ဆင်းတုတော် ရှေးက ၁၀ ဆူသာ တွေ့ရှိခဲ့ကြဖူးသည်။ ယင်းတို့အနက် ပုဂံမြို့ အာနန္ဒာဘုရားကြီး မြောက်ဘက်မုခ်အနီး အာနန္ဒာအုတ်ကျောင်းဝင်းအတွင်း သစ်သားပြာသာဒ်နှင့် ကိုးကွယ်ထားရှိသော ဆင်းတုတော်မှာ ထင်ရှားသော သာဓကတစ်ရပ်ပင် ဖြစ်သည်။



အမျိုးသားယဉ်ကျေးမှု ပြတိုက်၊ ပုဂံပြခန်းတွင် အလားတူဆင်းတုတော် ၃ ဆူကို ဖူးတွေ့နိုင်ကြပေသည်။

ယခု ရွှေကွန်အုပ်ဘုရားမှ ဆင်းတုတော်ကို ပုဂံခေတ် ခရစ် ၁၁၊ ၁၂ ရာစု အကောင်းဆုံးလက်ရာတစ်ဆူအဖြစ် ခုနှစ်ခွဲခြားသတ်မှတ်နိုင်သည်။ သမိုင်းပညာရှင် ပါမောက္ခလုစ်၏ အဆိုအရ ဤကြေးဆင်းတုတော်တို့မှာ အိန္ဒိယပြည် စူလတန်ဂန့်ဂျ်အရပ်ရှိ ဂုပတခေတ်နောက်ပိုင်းလက်ရာ ကြေးဆင်းတုတော်၏ လက်ရာမှ တိုက်ရိုက် တုယူထုလုပ်သည်ဟုသိရ၏။

## အဝလောကိတေသွာရ

ခေတ်အားဖြင့် အနည်းငယ်နောက်ကျသော်လည်း ပုဂံခေတ်လက်ရာများဖြစ်ကြသော ဘုရားလောင်း ဗောဓိသတ်၊ လောကနာထ(ခေါ်) အဝလောကိတေသွာရပုံတော် ၃ ဆူကိုလည်း ထပ်မံတွေ့ရှိကြရသည်။ ယင်းတို့မှာ ကြေးညိုများ အထပ်ထပ် ဖုံးလွှမ်းထားခြင်းခံကြရ၏။ တစ်ဆူမှာ အသင့်အတင့် ပေါ်လွင်သဖြင့် ယင်းအကြောင်း ဆက်လက်တင်ပြရပါသည်။

ဤအဆူတွင် ဘုရားလောင်းလောကနာထသည် ယာလက်ယာဒူးတွင် တင်ထားကာ ဆုပေးနေဟန်(ဝါရဒမုဒြာ) ပုံပြထား၏။ ဝဲလက်မှာမူ မထင်ရှားချေ။ သို့သော် ကြာရိုးကို ကိုင်ထားဟန်ရှိသည်။ ဘုရားလောင်းပုံတော်သည် မကိုဋ်ဆောင်း လက်ကျပ်၊ လက်ကောက်ဝတ်၊ ဘယက်ဒွါဒရာများ

ဆင်မြန်းထား၍ သက်သောင့်သက်သာ ထိုင်တော်မူပုံ (လာတိထာသန) ထုလုပ်ထားသည်။ ကိုယ်ဟန်အချိုးအစားမှာ ခပ်မတ်မတ်ရှိသည်။ အခြား ပုဂံခေတ်လက်ရာ လောကနာထ ပုံတော်များကဲ့သို့ ပျောင်းနွဲ့သောသဘော မရှိလှချေ။

လောကနာထ(ခေါ်) အဝလောကိတေသွာရ ဘုရားလောင်းပုံများကို ရုပ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို အသုံးချ ထုလုပ်လေ့ရှိကြသည်။ ဤသို့ ထုလုပ်သောနိုင်ငံများမှာ မြန်မာပြည်၊ အိန္ဒိယပြည်၊တိဗက်၊ နီပေါ၊ တရုတ်နှင့်ဂျပန်ပြည်တို့ ဖြစ်ကြသည်။ ဤရုပ်ပုံတော်များ ပျံ့နှံ့သည့်သဘောမှာ လောကနာထ ဘုရားအလောင်းအား ကိုးကွယ်ဆည်းကပ်မှု ပျံ့နှံ့သည့် နယ်မြေအကျယ်အဝန်းအတိုင်းပင် ဖြစ်သည်။ လောကနာထ (ခေါ်) အဝလောကိတေသွာရ ဘုရားလောင်းသည် မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာအယူဝါဒနှင့် ပတ်သက်နိုးနွယ်သော ဘုရားလောင်းတစ်ဆူဖြစ်သည်။ လောကကြီးအား စောင့်ရှောက် ကြည့်ရှုသူဟု အနက်အဓိပ္ပာယ်သက်ရောက်သည်။ ဤဘုရားလောင်းမှာ သတ္တဝါအားလုံး ကျွတ်တမ်းမဝင်မချင်း နိဗ္ဗာန်မယူပါဟု သစ္စာအဓိဋ္ဌာန်ပြုထားသည်ဟု မဟာယာဉ်ဂိုဏ်း သုတ္တန်တစ်ရပ်ဖြစ်သော လက်ာဝါတရသုတ်တွင် ပါရှိသည်ဟု သိရသည်။

ပုဂံခေတ်လွန်မြောက်၍ အင်းဝခေတ်သို့ ရောက်သောအခါ ဗုဒ္ဓရုပ်ပွားတော်နှင့် ဘုရားအလောင်း လောကနာထ ရုပ်ပွားတော်တို့ကို ကြေးသတ္တုဖြင့် အမြောက်အမြား ပုံသွင်းထုလုပ်ကိုးကွယ်လာကြဟန် တူသည်။ ယင်းတို့အနက် အများ



စုမှာ အနုပညာလက်ရာများ မကောင်းမွန်ကြချေ။ သို့သော် အနည်းငယ်သောပုံတော်တို့မှာ လက်ရာများ ပြောင်မြောက်ကြသည်ကို ဖူးတွေ့ရပေသည်။ အချို့တို့တွင်လည်း အလယ်ခေတ်မြန်မာစာဖြင့် ကမ္ပည်းထိုးထားသည်ကိုလည်း တွေ့ရှိလေ့လာကြရသည်။

ကြေးဆင်းတုတော်နှစ်ဆူ

ကမ္ပည်းပါရှိသော ကြေးဆင်းတုတော်နှစ်ဆူ၊ ကောဏ္ဍသန်နှင့် ကဿပဘုရားပုံတော်တို့ကို ရွှေကွန်အုပ်ဘုရားဌာပနာတိုက်မှ တွေ့ရှိလေ့လာနိုင်ခဲ့ကြသည်။ ယင်းအဆူတို့တွင် ဦးခေါင်းတော်များ ထူထည်းသိပ်သည်းလာခြင်း၊ မျက်နှာတော်များ ဝန်းဝိုင်းလာခြင်း၊ လက်တော်များ အထားအသိုရိုးခြင်းတည်းဟူသော နောက်ကျသည့် လက္ခဏာ ဟန်ပန်များ တွေ့ရှိကြရသည်။ ယင်းနှစ်ဆူစလုံးတွင် တံကဲများ ပါရှိကြ၍ တံကဲတို့တွင် ကမ္ပည်းစာများ ရေးထိုးထားကြသည်။ ကမ္ပည်းစာများမှာ အောက်ပါအတိုင်းဖြစ်သည်---

(၁) ၉၃၀တပိုဝ်တွဲ
(၂) လွှန်တဆဲသုံး
(၃) ရက်သောကြာ
(၄) နဘူရာငါဆူဘုံမ်
(၅) သပန်သွီးမောင်နှံ
(၆) ကောင်းမှုဩ

(၁) ဧဍ္ဍဝတပိုင်

(၂) တွဲလွှန်တဆဲ

(၃) သုံးရက်သောကြာဧ

(၄) နဘုရာတဆူဘုံမ်

(၅) သပန်သွီးမောင်နှံ

(၆) ကောင်းမှုလူနတ်

(၇) ဗြဟ္မာသတ္တဝါ

(၈) အပေါင်တို

(၉) ဝ်ဝေ၏။

သက္ကရာဇ်နှင့် စာပါသောအချက်အရ ဤဆင်းတုတော်များကို အင်းဝခေတ်နောက်ပိုင်းတွင် သွန်းလုပ် လှူဒါန်းသည်ဟု အတိအကျသိရသဖြင့် မြန်မာ့ ရှေးဟောင်းအနုပညာလက်ရာများလေ့လာရေးတွင် ကြီးမားသော အထောက်အကူတစ်ရပ် ရရှိစေပေသည်။ အင်းဝခေတ်တွင် မြေနှင့်စပ်ဆိုင်သော အသည် (နေရပ်တွင်နေမြဲသူ) အချို့တို့၏ အမည်များ၌ ဘုမ္မိကြဲ၊ ဘုမ္မသိခ်ီ၊ ဘုမ္မသမန် စသည်များ ပါရှိတတ်ကြသည်ကို ကျောက်စာများတွင်တွေ့ရသည်။

ယခု ဘုံမ်သပန်မှာလည်း ဘုမ္မသပန်ပင် ဖြစ်ကြောင်း ထင်ရှားသဖြင့် ထိုစဉ်က မြေပိုင်ရှင်တစ်ဦး ဖြစ်ဟန်တူပေသည်။

## ကုန်းဘောင်ခေတ်ဆိုင်ရာ အထောက်အထားများ

ဤခေါင်းစဉ်အောက်တွင် ကုန်းဘောင်ခေတ် ဘကြီး



တော်လက်ထက် ခရစ် ၁၈၂၀ ပြည့်နှစ်တွင် တိုက်ခိုက်ခဲ့ရသော မြန်မာမဏိပူရစစ်ပွဲဆိုင်ရာ အထောက်အထား ပုရပိုက်နှစ်ဆူ အကြောင်း တင်ပြပါမည်။ ယင်းတို့ကို ယောနယ်၊ ဂန့်ဂေါမြို့ နယ် မြန်မာကျောင်းဆရာကြီးဟောင်း ဆရာကြီးဦးအံ့ထံမှ ရရှိခဲ့၍ တက္ကသိုလ်များဗဟိုစာကြည့်တိုက်သို့ ၃၀. ၉. ၇၃ နေ့ က ပေးလှူခဲ့သဖြင့် တက္ကသိုလ်စာကြည့်တိုက်တွင် သွားရောက် လေ့လာကြည့်ရှုနိုင်ကြောင်း ရည်ညွှန်းအပ်ပါသည်။

ပုရပိုက်နှစ်ဆူအနက် တစ်ဆူတွင် “၁၁၈၂ ခု နတော် လပြည့်ကျော် ၁၄ ရံနေ့ (ခရစ် ၃-၁၂-၁၈၂၀) မဏိပူရ အရေးတော်ရှိရာ မင်ရွှာအရာန်ပိုင်က လိုက်ထမ်းစေလွှပ်ရာ ကုံသည် စရိပ်ငွေးပေးသည်ကို မှတ်သည်စာရင်”

- ဟူ၍ ရေးထိုး ထားရှိသည်။

ဒုတိယအဆူတွင် “အနောက်ဘက်တိုက်ကျေးရွာ အစီရင်သူကြီခေါင်အကြီတို့ လက်နက်နိုင်ငံတော်ဖြစ်သော မဏိပူရမြို့မှာ မငြိမ်မဝပ်အစွန်အနား(ကင်တပ်ရှိရာ)များ သိုသူပုံလူဆိုတို နှောက်ရှက်ပြန်ကြောင်းနှင်။ မဏိပူရ ဗိုလ်မှူး။ မင်ခင်မြို့ဝန်တို့ရှိခိုသံတော်ဦတင်ချက်များကို ဆင်ဆိုတော် မူသည်မှာ---”

- ဟူ၍ ခေါင်းစဉ်သီးခြားမတပ်ဘဲ ရေးမှတ်ထားရှိ ကြောင်း တွေ့ရသည်။

## မဏိပူရအရေးအခင်း

ဟံသာဝတီမင်းဆက် ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီးလက်ထက်တွင် မဏိပူရရာဇာသည် မြန်မာမင်းတို့ကို ပဏ္ဏာဆက်သခဲ့ရသော်လည်း ညောင်ရမ်းဆက် ကုန်ဆုံးခါနီးလျှင် မဏိပူရတပ်များ အင်းဝမြို့ရိုးတိုင်အောင် ချီတက်တိုက်ခိုက်ခဲ့ကြသည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် အေဒီ-၁၇၅၈ ခုနှစ်၌ မဏိပူရကို မြန်မာတို့ အောင်နိုင်ခဲ့ကြ၏။

## မဏိပူရကို ချီတက်ခြင်း

၁၉ ရာစုနှစ်များအတွင်း ဥရောပတိုက်၊ အိန္ဒိယနှင့် သီဟိုဠ်ကျွန်းတို့တွင် အောင်ပွဲရနေသော ဗြိတိသျှနယ်ချဲ့စနစ်ဘက်သို့ မဏိပူရရာဇာသည် တိမ်းညွတ်ပါဝင်သွားကာ ဘကြီးတော်နှင့် အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။ ဤသည်ကို ဘကြီးတော်မင်းက နန်းတွင်းရေးလောက်သာ သဘောထားပြီး မြန်မာတပ်များစေလွှတ်၍ မဏိပူရမြို့ကို ညီတော်ဒွါရဝတီမင်းသားအား ချီတက်တိုက်ခိုက် သိမ်းပိုက်စေသည်။

ဒွါရာဝတီမင်းသားသည် ၁၁၈၁ ခု၊ နတ်တော်လဆန်းရက်များအတွင်း ချီတက်သောအခါ မြန်မာဘက်မှ တပ်ပေါင်း ၆၇ တပ် ပါဝင်၍ ယင်းတပ်ပေါင်းစုတွင် အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလလက်ဝဲစစ်ကဲကြီး၊ ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်က လက်ျာစစ်ကဲကြီးအဖြစ် ပါဝင်ခဲ့ကြသည်။ တိုက်ပွဲ



အဆင့်ဆင့် နွှဲပြီးသောအခါ မဏိပူရမြို့ကို သိမ်းပိုက်ရရှိသည်။ ကန္နီမြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်ကို အစောင့်အနေ ထားခဲ့ပြီးနောက် မြန်မာတပ်များ နေပြည်တော်သို့ပြန်လာခဲ့ကြသည်။

မြန်မာတပ်များပြန်လာကြသောအခါ မဏိပူရီများက မြို့တော်ကို ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် မြို့စောင့် ကန္နီမြို့ဝန်တပ်များ ဆုတ်ခွာပေးကြရသည်။ ထို့ကြောင့် ဘကြီးတော်ဘုရား၏အမိန့်အရ ပုခန်းမြို့ဝန် မင်းကြီးမင်းခေါင် ဦးစီးသော မြန်မာတပ်များသည် ၁၁၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့တွင် မဏိပူရသို့ ချီတက်ကြရပြန်၏။

## ယောနယ်မှ အင်အား ၆၀၀

ဤအကြောင်းများကို ယခုတင်ပြလျက်ရှိသော ပုရပိုက်များတွင် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ယခု မြန်မာမဏိပူရအရေးအခင်းတွင် မြန်မာ့တပ်မတော်ဘက်မှ ပါဝင်တိုက်ခိုက်ကြသော တပ်သားများအနက် ယောနယ်ဒေသ ဂန့်ဂေါမင်းရွာဇာသာရွာများမှ လူအင်အား ၆၀၀ ပါဝင်ကြောင်း ယခုပုရပိုက်များတွင် မှတ်တမ်းတင်ထားသည်ကို တွေ့မြင်လေ့လာကြရသည်။

ပုရပိုက်များပါ အသေးစိတ်အချက်အလက်များကို ယခုတင်ပြရန် အချိန်မရှိသဖြင့် အရေးကြီးသော နိုင်ငံသမိုင်းအတွက် အထောက်အကူပြုသောအချက်များကိုသာ အောက်ပါအတိုင်း တင်ပြပါမည်။

သမိုင်းအတွက် အထောက်အကူပြုသောအချက်များ

(၁) မဏိပူရသို့ ဒုတိယအကြိမ် ချီတက်ရာတွင် ဗိုလ်ချုပ်ပြုလုပ်သူမှာ ပုခန်းကြီးမြို့ဝန် မင်းကြီးမင်းခေါင်ကျော်ဖြစ်ကြောင်း ယခုပုရပိုက်များက ဖော်ပြကြသည့်အချက်သည် ကုန်းဘောင် ဆက်ရာဇဝင်ကြီးနှင့် တိုက်ဆိုင်ညီညွတ်၏။ ပထမအကြိမ် ချီစဉ်က ဗိုလ်ဗလရဲခေါင်ကျော်ထင်၏ တပ်တစ်တပ်ပါဝင်ခဲ့ကြောင်း ကုန်းဘောင်ဆက်တွင်တွေ့ရပြီး ဒုတိယအကြိမ်ချီရာတွင် ယင်းအမည်ကို မတွေ့ရချေ။ ဤအချက်ကို ပုရပိုက်တွင် ဗိုလ်ဗလရဲခေါင်ကျော်ထင်ပါ ပါသည်ဟု အတည်ပြုခဲ့၏။ ပါရှံမှူးမကာ ယောနယ်မှ စစ်သားစုဆောင်းရသူ စည်းရုံးရေးမှူးဖြစ်ကြောင်းလည်း ပုရပိုက်က ဖော်ပြထားသည်။

(၂) မဏိပူရသို့ ဒုတိယအကြိမ်ချီရာတွင် ကုန်းဘောင်ဆက်အရ ၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့ဟု ပြသော်လည်း ပုရပိုက်ကတန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့ဟု ဆိုထားသောကြောင့် ယင်းစကား ၂ ရပ်ကို ယှဉ်ကြည့်လျှင် ပုရပိုက်ထွက် စကားအရ ၁၁ ရက် စောကြောင်းတွေ့ရ၏။ ဤအချက်က မြန်မာမဏိပူရစစ်ပွဲအတွက် ရက်စွဲများကို ပြင်ဆင်သတ်မှတ်ရန်အရေးကြီးကြောင်း ပြညွှန်နေပေသည်။

(၃) ပုရပိုက်တွင်“လံနှက်နိုင်ငံတော်ဖြစ်သော မဏိပူရမြို့မှာ မငြိမ်မဝပ်”ဟူသောစကားအရ မဏိပူရကို ထိုစဉ်က မြန်မာဘက်မှ လက်နက်နိုင်ငံတော်၏ အစိတ်အပိုင်းအဖြစ် သဘော



ထားကြောင်း တွေ့ရှိရသည်။

ဗိုလ်ချုပ် မင်းကြီးမင်းခေါင်ကျော်

(၄) မင်းရွာပတ်ဝန်းကျင်မှ လိုက်ပါလာသူများ၏ စစ်ကြောင်းချီတက်ပုံ၊ စခန်းချပုံများအရ စစ်ကြောင်းချီမြေပုံတစ်ပုံကို အကြမ်းရေးဆွဲနိုင်စရာရှိပေသည်။ ယင်းမြေပုံတွင် စစ်ကြောင်းကျရာ မြင်သာရွာ၊ ထင်သာရွာ၊ ပန်းသာရွာ၊ ကလေးမြို့ စသည့် အသေးစိတ်အချက်အလက်များကိုလည်း ထည့်သွင်းနိုင် ပေမည်။ တမူးမြို့၏အမည်ကိုလည်း တွေ့ရသဖြင့် ဗိုလ်ချုပ်မင်းကြီးမင်းခေါင်ကျော်၏အမိန့်အရ တပ်များ တမူးမြို့သို့ ရောက်ရှိမည်ဆိုသော စစ်ရေး ညွှန်ကြားချက်နှင့်လည်းကောင်း၊ တမူးမှမြန်မာတပ်များ ချီတက်သည်ဆိုသော သမိုင်းပါ အချက်များနှင့်လည်းကောင်း တိုက်ဆိုင်ညီညွတ်ကြောင်း တွေ့ရသည်။

(၅) ၁၈၂၀ မြန်မာမဏိပူရ အရေးအခင်းဖြစ်ပွားစဉ် စစ်လမ်းကြောင်းတစ်လျှောက်၌ ဖြစ်ထွန်းနေသောကုန်ဈေးနှုန်းများကိုလည်း တွေ့ရသည်။

ဥပမာ-

| | | |
|---|---|---|
| ထမီတစ်ထည် | ၁ ကျပ် | ၂ မတ် |
| စောင်၂ထည် | ၂ ကျပ် | ၁ မတ် |
| အင်္ကျီ ၁ထည် | ၁ ကျပ် | ၂ မတ် |

စနစ်တကျမှတ်တမ်း

(၆) ချီတက်ရာပါ မြန်မာတပ်မတော်သားများ၏ စာရင်းကို ရေးမှတ်ရာတွင် တပ်သားအမည်၊ ဖခင်အမည်၊ ကျေးရွာများကိုလည်းကောင်း၊ အဖမရှိသူများအတွက် အမိအမည်ကိုလည်းကောင်း၊ အမိမရှိသူအတွက် အကိုဇနီးနှင့် ဘကြီး ဘထွေးတို့၏အမည်များနှင့်ယှဉ်တွဲ၍ စနစ်တကျ မှတ်တမ်းတင်သည်ကိုလည်းကောင်း တွေ့ရသည်။

(၇) တပ်မတော်သားများကို လက်နက်တပ်ဆင်ရာတွင် လူ ၁၀၀ လျှင် ထုတ်ပေးနိုင်သော သေနတ်မှာ (၂၄)လက်၊ ယမ်း (၁၄)ပိဿာ၊ ခဲ(၁၀၂၀)ပိဿာစသည်ဖြင့် သိရသည်။

(၈) တပ်မတော်သားများ၏ သယ်ယူပို့ဆောင်ရေး၊ စားသောက်ရေးအစရှိသောကိစ္စရပ်များတွင် သက်ဆိုင်သူ အကြီးအကဲတို့က ငွေကြေးထုတ်ပေး သုံးစွဲကြောင်းလည်း အသုံးစာရင်းများအရ သိရသည်။ အထက်ပါအချက်အလက်များအရ ရှေးကမြန်မာ့တပ်မတော်သည် နိုင်ငံခြားသားများ မှတ်သားထားကြသကဲ့သို့ စည်းကမ်းမရှိသော စစ်အဖွဲ့အစည်းတစ်ရပ်မဟုတ်ကြောင်း သိသာထင်ရှားပေသည်။ ယောနယ်မှ ချီတက် လိုက်ပါသွားကြသော တပ်ဖွဲ့ဝင်တို့၏ စာရင်းများ၊ လက်နက် ခဲယမ်းများကို ထုတ်ဝေဖြန့်ချိသည့်စာရင်းများ၊ ချီတက်ရာတွင် သုံးစွဲသော အသုံးစရိတ်များနှင့် စစ်ရေး ညွှန်ကြားချက်များတို့ကို စနစ်တကျ မှတ်တမ်းတင်ထားသည်ကိုထောက်လျှင် အင်္ဂလိပ် စာရေးဆရာ ရွှေရိုး (Sir J.G. Scott) တို့ရေးသားခဲ့သမျှ ရှေးက မြန်မာ့



တပ်မတော်ဆိုင်ရာ အမနာပမှတ်ချက်များကို ပြန်လည် စိစစ်ရန် လိုအပ်လျက်ရှိကြောင်း ထင်ရှားပေသည်။

(လမ်းစဉ်သတင်း၊ တွဲ-၁၄၊ မှတ်-၁၃၊ ၁-၇-၇၈)

## (၂) ဂန့်ဂေါအတိတ် တစေ့တစောင်း

၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများ အတွင်းက ယောနယ်၊ ဂန့်ဂေါမြို့သို့ ခရီးတစ်ခေါက်ရောက်ရှိခဲ့ဖူးသည်။ စာရေးသူခေါင်းဆောင်သော ရှေးဟောင်းသုတေသနကွင်းဆင်းအဖွဲ့သည် ဂန့်ဂေါမြို့နယ်တွင် ရက်များများ မနေခဲ့ရသဖြင့် ဂန့်ဂေါအကြောင်းနှင့်ပတ်သက်၍ များများစားစား မသိပါဟု ကြိုတင်ဝန်ခံထားလိုပါသည်။ ဆောင်းပါးခေါင်းစဉ်ပါ အကြောင်းအချက်များကို ဗမ္မာ့ဒီပ ဥဆောင်းကျမ်း၊ မြန်မာမဏိပူရစစ်ပွဲ မှတ်တမ်းပုရပိုက်နှင့် ပခုက္ကူခရိုင်ဂေဇက်တီးယား အတွဲ(က)တို့ကို မျက်မြင်လေ့လာချက်များနှင့် ပေါင်းစပ်ရေးသားထားခြင်းသာ ဖြစ်ပါသည်။

ဂန့်ဂေါ၏ အစ

ဒေါက်တာ ဖာနီဗဲယ်နှင့် ဦးဖေမောင်တင်တို့ တည်းဖြတ်ကြသော ဗမ္မာ့ဒီပ ဥဆောင်းကျမ်း (ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း ၁၉၆၀၊ စာမျက်နှာ ၁၄)တွင် ယော လေးမြို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားသည်။

"ယောမြို့နယ်ကား အရှေ့ကိုလားသော် ကင်ပွန်းတောင်ရွာ၊ အရှေ့ယောချောင်း ၊တောင်ကိုလားသော် ရှဲလ

တောင်ချိုးကင်း၊ အနောက်ကိုလားသော် ရိုးမ၊ မြောက်ကို လားသော် ထီးလင်းမြို့မြေနှင့်ကျောခိုင်း"

"လောင်းရှည်မြို့နယ်ကား အရှေ့ကိုလားသော် နွားတပ်မြေနှင့်ကျောခိုင်း၊ တောင်ကိုလားသော် စလင်းချင်း မြေနှင့် ကျောခိုင်း၊ အနောက်ကိုလားသော် ရိုးမ၊ မြောက်ကို လားသော် ဆောမြို့တောင်ကန့်လန့်စီးသည့်ချောင်း"

"ဆောမြို့နယ်ကား အရှေ့ကိုလားသော် ဝက်ဖြုတ်ချောင်းဖျားနွားတပ်မြေနှင့်ကျောခိုင်း၊ တောင်ကိုလားသော် လောင်းရှည်မြို့မြောက် ကန့်လန့်စီးသည့်ချောင်း အနောက်ကို လားသော် ရိုးမ၊ မြောက်ကိုလားသော်၊ ယောမြို့မြေနှင့် ကျောခိုင်း"

"ထီးလင်းမြို့နယ်ကား အရှေ့ကိုလားသော် အင်ပင်စည်ယုန်တောင် ဆင်မယင်လယ်တပယ်၊ တောင်ကို လားသော် ရွှေကွန်အုပ်ဘုရား၊ အနောက်ကိုလားသော် တောင်မ ချင်းသုံးရွာ၊ မြောက်ကိုလားသော် ထီးလင်းမြို့က ၇တိုင်ကွာ"

-------ဟူသော ယော လေးမြို့၏ နယ်နိမိတ်အပိုင်းအခြားများကို ဖော်ပြထားရာတွင် ဂန့်ဂေါမြို့အကြောင်းရှာဖွေ၍ မတွေ့ရှိရချေ။ တစ်နည်းအားဖြင့် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ယင်းထက်စောသောအချိန်များက စစ်တမ်းများကို သက္ကရာဇ် ၁၁၂၄ ခုနှစ်တွင် စုပေါင်းပြုစုသော ဇမ္ဗူဒီပ ဥဆောင်းကျမ်း၌ ဂန့်ဂေါမြို့အကြောင်း မပါရှိခြင်းသည် ၁၁၂၄ ခုနှစ်အထိ ဂန့်ဂေါမြို့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်း မပြုသေးသော



ကြောင့်ပင်ဖြစ်မည်ဟု ယူဆရပေသည်။

## သမိုင်း အထောက်အထား

မြန်မာမဏိပူရစစ်ပွဲမှတ်တမ်း ပုရပိုက် (ဂန့်ဂေါမြို့ ကွယ်လွန်သူ ဆရာကြီးဦးအုံ့မှ တက္ကသိုလ်များ ဗဟိုစာကြည့် တိုက်သို့ ပေးပို့လှူပြီး) စာကြောင်းရေ ၅ တွင် -

"၎င်းနေ့(သက္ကရာဇ် ၁၁၈၂ ခု ပြာသိုလဆန်း ၃ ရက်နေ့) ကန့်ကောရွာသူကြီး ပုရပိုက်ဝယ်စေသည်အဖိုးငွေ ၂"ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရှိလေ့လာရသည်။ ယင်း အချက်ကြောင့် ထိုအချိန် (ဝါ) ဘကြီးတော်ဘုရား လက်ထက် တော်က ဂန့်ဂေါသည် ကျေးရွာအဆင့်များ၌သာ ရှိသေးကြောင်း ထင်ရှား၏။

အထက်စာပိုဒ်ပါ ကန့်ကောသူကြီးဆိုသူ၏အမည်ကို ပုရပိုက်တစ်နေရာပါ စစ်သည်တော်များစာရင်း၌ "ငကော်ဦး။ ဘ-ငအောင်ဖြိုး ၁ ကန်ကောသူကြီး"ဟု ထပ်မံတွေ့ရှိရပေရာ ထိုစဉ်က ဂန့်ဂေါရွာကို ကြီးမှူးအုပ်ချုပ်သူသည် အဘ ဦးအောင်ဖြိုး၏သား သူကြီးဦးကော်ဦး ဖြစ်ကြောင်း သိရှိကြရသည်။ ထိုစဉ်က မင်းရွာမှာ ယနေ့မြင်တွေ့ကြရဘိသကဲ့သို့ ကျေးရွာကြီးတစ်ခုဖြစ်ရုံမျှမက တိုက်နယ်အဆင့်ပင် ရှိခဲ့ဟန် တူသည်။ အကြောင်းမူ အထက်ပုရပိုက်ပါ မြန်မာမဏိပူရ စစ်ပွဲ၌ မင်းရွာသူကြီးသား ဦးလွှမ်းနောင်က တပ်မှူးတစ်ဦးအဖြစ် ပါဝင် ချီတက်တိုက်ခိုက်ရကြောင်း ပုရပိုက်ပါ စစ်သည်တော်များစာရင်း

၌ တွေ့ရှိရသောကြောင့်ပင် ဖြစ်သည်။

ထို့အပြင် မြန်မာမဏ္ဍိုင်ပူရစစ်ပွဲအတွက် စစ်သည်တော်များ စုဆောင်းကြရာတွင် မင်းရွာမှစစ်သည်ပေါင်း ၄၅ ယောက် တပ်မှူးဦးလွမ်းနောင်ပါ စုစုပေါင်း ၄၆ ယောက်လိုက်ပါ ထမ်းရွက်ရသည့်စာရင်းကို ဂန့်ဂေါမှ သူကြီးတစ်ဦးသာ လိုက်ပါရသည့် စာရင်းနှင့်ယှဉ်ကြည့်လျှင် မင်းရွာမှာရွာကြီးဖြစ်၍ လူဦးရေများပြီး စည်ကားသောကြောင့်သာ ထိုမျှအထိ စစ်သည်တော်များ စုဆောင်းပေးရကြောင်း သိသာနိုင်ပါသည်။

## ဂန့်ဂေါ အမည်တွင်ပုံ

ပခုက္ကူခရိုင်ဂေဇက်တီးယားအတွဲ(က) (ကိုလ်မှူးအက်(ဖ်)ဒီအိုဝင်ရေး၍ ၁၉၁၃ ခု၊ ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်) စာမျက်နှာ ၁၂၄ တွင် မြန်မာမင်းများလက်ထက်က ပုံညာတောင်တန်း၏တောင်ဘက်သို့ ကျရောက်သော ဂန့်ဂေါနယ်သည် ကျေးရွာ ခုနစ်ရွာအုပ်စုတွင် အပါအဝင် ဖြစ်သည်ဟု သိရသည်။ ထိုကျေးရွာများကို သူကြီးများ အုပ်ချုပ်ကြသည်။ ယင်းသူကြီးများက မင်းရွာသူကြီးကို ယင်းတို့၏ အကြီးအကဲအဖြစ် မှတ်ယူကိုးစားကြသည်။ မြန်မာမင်းများလက်ထက် နောက်ပိုင်းကာလတွင် ဂန့်ဂေါကို ယောလေးမြို့တွင် ထည့်သွင်း ဖွဲ့စည်း အုပ်ချုပ်ခဲ့ကြ၏။ ထိုသို့ ဖွဲ့စည်းခဲ့သောနှစ်မှာ မြန်မာသက္ကရာဇ် ၁၂၀၂ ခု ဖြစ်၏။

ကနဦးကမူ ဂန့်ဂေါဟုအမည်မတွင်သေးဘဲ အထက်ပါခုနှစ်ရောက်မှ လက်ရှိဂန့်ဂေါအမည်သို့ ပြောင်းလဲမှည့်ခေါ်ခဲ့သည်ဟု ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ်က မှတ်တမ်းတင်ထားသည်။



ဆရာကြီးဦးကြာညွန့်ရေး၍ အမျိုးသားစာပေဆုချီးမြှင့်ခြင်းခံရသော "ယော"စာအုပ် (မန္တလေးကြီးပွားရေး ပုံနှိပ်တိုက် ၁၉၇၁ ခုနှစ်ထုတ်)စာမျက်နှာ ၃၈ တွင် ဤသို့ပါရှိသည်။

" သက္ကရာဇ် ၉၇၇ ခု၊ တပို့တွဲလဆန်း(၁၀)ရက် ၃ ဂါနေ့ ကုန်းရွာ တည်သည်။ (ပဌမ)"

" ၉၈၇ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၅ တေးနေ့ နေတက် ၄ ဖဝါးအချိန်တွင် အဝှမ်းရွာ တည်သည်။ (ဒုတိယ)၊ (ယင်းအမှတ်အသားများမှာ ဂန့်ဂေါမြို့နယ်၊ တောဖို့ရွာ၊ သူကြီးဟောင်း ဦးကျော်မိုး၏နေအိမ်တွင် တွေ့ရှိရသော ပုရပိုက်ဟောင်းမှ ကောက်နုတ်ချက်ဖြစ်၏။)။

ဂန့်ဂေါရွာကို စတင်တည်ထောင်စဉ်အခါက တောင်ကုန်းပေါ်၌ ဖြစ်သည်။ ယနေ့တိုင်အောင် တောင်ကုန်း တိုက် (တောင်ကုန်းရပ်)အဝှမ်းရပ်ဟု ခေါ်ဆိုနေကြပေသည်ဟု ဖော်ပြပါရှိသည်။ သို့သော် ဦးကျော်မိုးအိမ်တွင် တွေ့ရသည့်ဆိုသော အထက်ပါပုရပိုက်ကို မည်သည့်ခုနှစ်က ရေးကူးကြောင်း ဖော်ပြပါရှိခြင်း မတွေ့ရချေ။

ဂန့်ဂေါနှင့်ပတ်သက်၍ နောက်ထပ် အထောက်အထားတစ်ခုကို အောက်ပါအတိုင်း တွေ့ရပါသည်။ စာရေး ဆရာမောင်အောင်စည် (ရှေးဟောင်းသုတေသနဌာနနှင့် နိုင်ငံသမိုင်း

သုတေသနဌာနတို့တွင် နှစ်ပေါင်းများစွာ ခတ်ပုံဆရာအဖြစ် အမှုထမ်းခဲ့သူ၊ ထီးလင်းမြို့နယ်ဇာတိ ဦးခင်မောင်)က -

"ယောနကတိုင်း၏သမိုင်း"ဆောင်းပါး (ပြည်ထောင်စုယဉ်ကျေးမှုစာစောင်၊ အတွဲ ၂၊ အမှတ် ၄၊ ၁၉၅၆ ဩဂုတ်လ စာမျက်နှာ ၆၃)တွင် -

"ယခု လူသိများ၍ ထင်ရှားသောဂန့်ဂေါမြို့နယ်မှာ ရှေးအခါက မြို့မဟုတ်ချေ။ ရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ တိုက်ဖွဲ့ရာ ချန်၍ ကျန်သောတိုက်ကျန် ခုနစ်ရွာအပါအဝင် ဖြစ်လေသည်။ ဂန့်ဂေါသည် မှန်နန်းရာဇဝင် တတိယတွဲ၌ ကန့်ကော်ဟု တွေ့ရှိရ၏။ ၎င်းကန့်ကော်သည် နိုင်ငံတော်အနောက်မျက်နှာအတွင်း ရှဲလေးစိုအပိုင် တိုက်ကျန် ခုနစ်ရွာအပါအဝင် ဂန့်ဂေါပင်ဖြစ်လေသည်။ ၎င်းကန့်ကော်သည် မင်းတုန်းမင်းလက်ထက် သစ်ကောက်ရာ တံဆိပ်တုံး၌ပင် ကန့်ကော်ဟုတွေ့ရှိရသည်။ အင်္ဂလိပ်အစိုးရမင်းတို့လက်ထက် ၁၂၅၀ ပြည့်နှစ်တွင် ဂန့်ဂေါဟု ပြောင်းလဲခေါ်တွင် လာခဲ့ကြောင်းနှင့် ဂန့်ဂေါမြို့ နိုင်ငံတော်အစိုးရအထက်တန်းကျောင်း မြန်မာဘာသာကထိက ဆရာကြီး ဦးအုံ့ ရေးသားသော ဂန့်ဂေါစွယ်တော်ရှင်သမိုင်းတွင် တွေ့ရှိရသည်။

မည်သို့ပင်ဆိုစေ စာရေးသူတွေ့ရှိသမျှ ဂန့်ဂေါ အတိတ်နှင့်စပ်လျဉ်းသည့် အထောက်အထားများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်းမရှိကြ။ ထောက်ကူခြင်းသာ ရှိကြကြောင်း သတိပြုမိပါသည်။ ဂန့်ဂေါနှင့်စပ်လျဉ်း၍ မည်သည့် စစ်တမ်းမျှ



ရှာဖွေတွေ့ရှိရခြင်း မရှိသေးမီ ဂန့်ဂေါ အတိတ်အကြောင်းကို တစေ့တစောင်းသာ ရှုမြင်သုံးသပ်နိုင်ပါဦးမည်။ ပြည့်ပြည့်ဝဝ သမိုင်းစာ တစ်စောင်တစ်ဖွဲ့ဖြစ်အောင် ဂန့်ဂေါနယ်သားများ ကိုယ်တိုင် ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြရမည် ထင်ပါသည်။

ဆောင်းပါးကို နိဂုံးမချုပ်မီ ၁၉၇၃ ခုနှစ် စာရေးသူတို့ ရောက်ရှိခဲ့သော ဂန့်ဂေါမြို့ တောင်ပြင်ရွာအနီး တောင်ကုန်း တစ်ခုပေါ်၌ စုဆောင်းထားရှိ၍ အချို့ကို ရွှေချထားသော ကျောရိုးရှိ သတ္တဝါကြီးများ၏ အရိုးတို့ကို တွေ့ရှိ မှတ်တမ်းတင်ခဲ့ရသောအချက်ကို ဆောင်းပါးတွင် အလျဉ်းသင့်၍ ထည့်သွင်းဖော်ပြလိုပါသည်။ အရိုးများမှာ ကျောက်ဖြစ်နေကြပြီ ဖြစ်သည်။ ထို့ကြောင့် ကျောက်ဖြစ်ရုပ်ကြွင်းများဟု ခေါ်ဝေါ်နိုင်ပါသည်။ ယင်းအရိုးများကို စုဆောင်း၍ကိုးကွယ်ထားခြင်းဖြင့် မိုးလေဝသကောင်းမွန်ကာ သီးနှံများ ဖွံ့ဖြိုးသည်ဟု ဒေသခံများက ယုံကြည်နေသည့်အချက်ကို မေးမြန်းသိရှိခဲ့ရပါသည်။

(မြစ်သာမဂ္ဂဇင်း၊ ၁၉၈၀ပြည့်နှစ်၊ ဒီဇင်ဘာလ၊
ဂန့်ဂေါမြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးအထိမ်းအမှတ်မဂ္ဂဇင်း)

□ □ □